နောက်ဆက်တွဲ- ၁

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
# ပြည်ထောင်စုဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်၊
# လုပ်ငန်းစဉ်နှင့် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ

၂၀၁၇ ခုနှစ်၊ မတ်လ

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း


| စဉ် | | မာတိကာ | စာမျက်နှာ |
|---|---|---|---|
| | ၁ | **နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်** | ၁ |
| | ၂ | **နိုင်ငံတော်၏ ရည်မှန်းချက်များ** | ၁ |
| | ၃ | **နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ** | ၂ |
| | ၄ | **စီးပွားရေးမူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆိုပြု လုပ်ငန်းစဉ်များ** | ၄ |
| | ၅ | **နိုင်ငံခြားရေးဝန်ကြီးဌာန**<br>မူဝါဒ<br>ရည်မှန်းချက်<br>လုပ်ငန်းစဉ်<br>၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | ၁၆ |
| | ၆ | **ပြည်ထဲရေးဝန်ကြီးဌာန**<br>မူဝါဒ<br>ရည်မှန်းချက်<br>လုပ်ငန်းစဉ်<br>၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | ၂၀ |
| | ၇ | **ကာကွယ်ရေးဝန်ကြီးဌာန**<br>မူဝါဒ<br>ရည်မှန်းချက်<br>လုပ်ငန်းစဉ်<br>၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | ၂၈ |
| | ၈ | **နယ်စပ်ရေးရာဝန်ကြီးဌာန**<br>မူဝါဒ<br>ရည်မှန်းချက်<br>လုပ်ငန်းစဉ်<br>၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | ၃၃ |
| | ၉ | **နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**<br>မူဝါဒ<br>ရည်မှန်းချက်<br>လုပ်ငန်းစဉ်<br>၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | ၃၈ |

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း


| စဉ် | | မာတိကာ | စာမျက်နှာ |
|---|---|---|---|
| | ၁၀ | **ပြန်ကြားရေးဝန်ကြီးဌာန** | ၄၀ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| | ၁၁ | **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** | ၅၃ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| | ၁၂ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | ၅၉ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| | ၁၃ | **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** | ၉၆ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| | ၁၄ | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** | ၁၂၄ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| | ၁၅ | **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** | ၁၃၄ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း


| စဉ် | | မာတိကာ | စာမျက်နှာ |
|---|---|---|---|
| | ၁၆ | **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** | ၁၄၄ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| | ၁၇ | **စက်မှုဝန်ကြီးဌာန** | ၁၅၈ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| | ၁၈ | **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | ၁၆၂ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| | ၁၉ | **ပညာရေးဝန်ကြီးဌာန** | ၁၆၇ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| | ၂၀ | **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** | ၁၉၂ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| | ၂၁ | **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** | ၁၉၅ |
| | | မူဝါဒ | |
| | | ရည်မှန်းချက် | |
| | | လုပ်ငန်းစဉ် | |
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း


| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၂၂ | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | ၂၅၇ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| ၂၃ | **လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** | ၂၇၁ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| ၂၄ | **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန** | ၂၈၆ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |
| ၂၅ | **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန** | ၂၈၉ |
| | မူဝါဒ | |
| | ရည်မှန်းချက် | |
| | လုပ်ငန်းစဉ် | |
| | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ | |

# နိုင်ငံတော်၏ စီးပွားရေး မူဝါဒ (၁၂) ရပ်

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ပြည်ထောင်စု ဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေး မူဝါဒ မျှော်မှန်းချက်၊ နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် နိုင်ငံတော်၏ စီးပွားရေး မူဝါဒ ၁၂ ရပ် တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည် ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်နိုင်ရန် မျှော်မှန်းပါသည်။

**နိုင်ငံတော်၏ ရည်မှန်းချက်များ**

နိုင်ငံတော်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ် ဒီမိုကရက်တစ်ပြည်ထောင်စုကြီးဖြစ်တည်လာစေရေးကို အထောက်အပံ့ ဖြစ်စေသည့် မူဝါဒအဖြစ် ကျင့်သုံးရန်၊

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေး အခြေအနေကောင်းများ ရရှိရေးဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်အတွက် အဖက်ဖက်မှ စွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီပွားရေး မူဝါဒအဖြစ် ကျင့်သုံးရန်၊

(၄) နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး၊ တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်း အားထုတ်မှုများဖြင့် တိုးတက်မှုရလဒ်ကောင်းများကို အစဉ်အဆက် ရယူ ထိန်းသိမ်းနိုင်မည့် စီးပွားရေးစနစ်သစ်တစ်ခုအဖြစ် ထူထောင်ရန်၊

**နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပွင့်လင်းမြင်သာပြီးကောင်းမွန် တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန်ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

(၃) ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရန် ၊

(၄) လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

(၅) ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(၆) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

(၇) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်

ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြား ရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရေး အတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

(၈) အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ် ဖြင့် ဘဏ္ဍာ ရေး တည်ငြိမ်မှု ရရှိလာစေရေး ဆောင်ရွက်ရန်၊

(၉) သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဖြစ်စေမည့်မြို့ပြများ တည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအဆင့် မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

(၁၀) နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန် စနစ်ထူထောင်၍ ပြည်သူများ၏အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေ များ၊ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

(၁၁) တီထွင်ဖန်တီးမှု စွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ် ကြိုးပမ်းဖြစ်ပေါ်စေနိုင်သည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်း ဆောင်ရွက်ရန်၊

(၁၂) စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေ အနေများကို ဖော်ထုတ်၍ မိမိတို့၏စီးပွားရေးလုပ်ငန်းများကို အမြော်အမြင် ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

**စီးပွားရေး မူဝါဒများအား အကောင်အထည်ဖော် ဆောင်ရွက်မည့် အဆိုပြုလုပ်ငန်းစဉ်များ**

နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများအား မူဝါဒ တစ်ခုချင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြအပ်ပါသည်-

| | | |
|---|---|---|
| ၁။ | **ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှု စနစ်ဖြင့် ဘဏ္ဍာရေး အရင်းအမြစ် များ တိုးတက်ပွားများ လာအောင် ဆောင်ရွက်ရန်** | |
| | ၁ | ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု စနစ်ကို ဖော်ဆောင်မည်။ |
| | ၂ | နိုင်ငံတော်၏ အရ-အသုံးခန့်မှန်းခြေငွေစာရင်း လုပ်ငန်းစဉ်များအား ရှင်းလင်းပြတ်သားပြီး ပွင့်လင်းမြင်သာစွာဖြင့် လုပ်ငန်းလမ်းညွှန်မှုများ ချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ဆောင်ရွက်သွားမည်။ |
| | ၃ | နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် အခွန်အမျိုးအစားများ၊ အခွန်နှုန်းထားများ၊ အခွန်ကောက်ခံမှု စနစ်ကို ပွင့်လင်း မြင်သာစွာ ဆောင်ရွက် ခြင်းဖြင့် အခွန်ထမ်းများနှင့် ပြည်သူများပိုမိုသိရှိနားလည်ပြီးအခွန်ရငွေ တိုးတက်ရရှိရေး ဆောင်ရွက်မည်။ |
| | ၄ | အခွန်ကောက်ခံရာတွင် အခွန်ရုံးမှ စည်းကြပ်သည့်စနစ် (Official Assessment System - OAS) မှ အခွန်ထမ်း ကိုယ်တိုင် အခွန် စည်းကြပ်သည့် စနစ် (Self Assessment System - SAS) သို့ ကူးပြောင်းဆောင်ရွက်မှုကို ပီပြင်စွာ ဆောင်ရွက်သွားမည်။ |
| | ၅ | အကောက်ခွန်စနစ်ကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနည်းများအပေါ် အခြေခံ၍ လွယ်ကူ ရှင်းလင်းအောင် ပြုလုပ်မည်။ |
| | ၆ | ပြည်သူအတွက် အမှန်လိုအပ်သည့် ပြည်သူ့လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် နိုင်ငံတော်၏ ငွေကြေးအင်အားဖြင့် မလုံလောက်ပါက ပြည်ပချေးငွေ၊ ထောက်ပံ့ငွေများ ရရှိရေး ဆောင်ရွက်မည်။ |
| | ၇ | ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် ဘဏ္ဍာငွေအရင်းအမြစ် တိုးတက်ရရှိရန် ဆောင်ရွက်မည်။ |
| | ၈ | နိုင်ငံတော်၏ ဘဏ္ဍာငွေမှာ အကန့်အသတ်များ ရှိနေသဖြင့် ပြည်သူအတွက် အမှန်တကယ် အကျိုးရှိ၍ လိုအပ်သည့် စီမံကိန်းများ (Projects/ Works) ကို ဦးစားပေး စီမံကိန်းများအဖြစ် နိုင်ငံတော် ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည်။ ရင်းနှီးမြှုပ်နှံမှု ပမာဏ ကြီးမား၍ ပြည်သူ့အတွက် အကျိုးရှိသော်လည်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ရန်ခက်ခဲသည့် စီမံကိန်းကြီးများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်မည်။ |

| | | |
|---|---|---|
| ၁။ | ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှု စနစ်ဖြင့် ဘဏ္ဍာရေး အရင်းအမြစ် များ တိုးတက်ပွားများ လာအောင် ဆောင်ရွက်ရန် | |
| | ၉ | ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်ဖြင့် ဖြစ်စေ ဆောင်ရွက်ရန်အဆိုပြုလာသည့် စီမံကိန်းများ(Projects) ကို နိုင်ငံတော်၏ ချမှတ်ထားသော စီးပွားရေးရည်မှန်းချက်များ၊ မူဝါဒများနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ဆောင်ရွက်မည်။ ကိုက်ညီမှုရှိပါက စီးပွားရေး တွက်ခြေကိုက်မှု၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိမည့် အကျိုးအမြတ်တို့ကို စိစစ်၍ ခွင့်ပြုမည်။ ဆောင်ရွက်ခွင့်ရှိသော စီမံကိန်းများကို လစဉ်/သုံးလပတ် အစီရင်ခံတင်ပြရမည်။ |
| | ၁၀ | နိုင်ငံတော်ဘတ်ဂျက်တွင် စုစုပေါင်းအသုံးစရိတ်၏ ၇၀% ခန့်ရှိသော သာမန်အသုံးစရိတ် ကိုလည်း ဝန်ထမ်းအင်အား၊ ယာဉ်၊ စက်၊ ရုံးသုံး ကိရိယာများနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းရပ်များနှင့် နှိုင်းယှဉ်၍ ငွေစာရင်းခေါင်းစဉ် တစ်ခုချင်းအလိုက် အသေးစိတ် စိစစ်ခွင့်ပြုမည်။ |
| | ၁၁ | ပြည်သူများ လက်ခံယုံကြည်အားထားရသည့် ဘဏ်လုပ်ငန်းစနစ် ဖြစ်ပေါ်ရန်နှင့် ဘဏ်များနှင့် ငွေရေးကြေးရေး ကုမ္ပဏီများအား နိုင်ငံတကာ စံနှုန်းများနှင့် အညီ လုပ်ငန်း ဆောင်ရွက်နိုင်ရန် ဆောင်ရွက်မည်။ |
| | ၁၂ | မြန်မာ့ဘဏ်များနှင့်စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားငွေကြေးဈေးကွက်သို့ ဝင်ရောက်နိုင်စေရန် ငွေကြေးခဝါချမှု ၊ အကြမ်းဖက်သမားများကို ငွေကြေးထောက်ပံ့ခြင်းများပြုလုပ်မှု တို့ကို တားဆီးနိုင်မည့် အစီအမံများ ဆောင်ရွက်မည်။ |
| | ၁၃ | နှုန်းရှင်ငွေလဲလှယ်နှုန်းကို ကျင့်သုံးခြင်း နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေး တို့ကို ဆောင်ရွက်မည်။ |
| | ၁၄ | နိုင်ငံတော်၏ အရံငွေကြေး တိုးပွားလာရေး ရည်မှန်းချက်ချမှတ် ဆောင်ရွက်မည်။ |
| | ၁၅ | Sovereign Credit Rating ကို လက်ခံကျင့်သုံးမည်။ |
| | ၁၆ | မိုဘိုင်းဖုန်းမှတဆင့် အသုံးပြုနိုင်သည့် ငွေရေးကြေးရေး ဝန်ဆောင်မှုများ တိုးချဲ့မှုကို အားပေးမည်။ |
| | ၁၇ | Stock Exchange လုပ်ငန်း ပိုမိုဖွံ့ဖြိုးရေး ဆောင်ရွက်မည်။ |
| | ၁၈ | အာမခံဈေးကွက် ပိုမို ဖြစ်ထွန်းရေးနှင့် နိုင်ငံတကာ အဆင့်မီ ဖြစ်ရေး ဆောင်ရွက်မည်။ |
| | ၁၉ | နိုင်ငံခြားအာမခံကုမ္ပဏီများကို မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက် လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုမည်။ |

| | | |
|---|---|---|
| ၁။ | ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှု စနစ်ဖြင့် ဘဏ္ဍာရေး အရင်းအမြစ် များ တိုးတက်ပွားများ လာအောင် ဆောင်ရွက်ရန် | |
| | ၂၀ | ပရီမီယံနှင့် ဝန်ဆောင်မှုများအတွက် အာမခံကုမ္ပဏီများအကြား ပြိုင်ဆိုင်မှုများ အပေါ်တွင် ထားရှိသည့် ကန့်သတ်ချက်များကို ဈေးကွက်လိုအပ်ချက်နှင့် အညီ ဖယ်ရှားမည်။ |
| | ၂၁ | သဘာဝသယံဇာတ အရင်းအမြစ်များ ဖော်ထုတ်ရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး အဖွဲ့ (Extractive Industries Transparency Initiative - EITI) ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည် အထိ ဆက်လက် လုပ်ဆောင်မည်။ |

| | | |
|---|---|---|
| ၂။ | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်း တို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို ပံ့ပိုးကူညီပေးရန် ၊ | |
| | ၁ | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ ကို ပြည်သူသို့ ထုတ်ပြန် မည်။ |
| | ၂ | နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို စီးပွားရေးတွက်ခြေကိုက်မှုရှိစေရန်၊ နည်းပညာ၊ ကုန်ကြမ်း နှင့် သွင်းအားစုများရရှိစေရန်နှင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း ရှိသည့် အရည်အသွေးမီ ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် အတွက် ပြန်လည် စုဖွဲ့ ဆောင်ရွက်မည်။ |
| | ၃ | နိုင်ငံတော်မှဆောင်ရွက်မှုထက် ပုဂ္ဂလိကမှ ဆောင်ရွက်ပါက ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်သည့် ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော စက်ရုံ အလုပ်ရုံများ၊ လုပ်ငန်းများကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (အကျိုးတူ၊ ဖက်စပ်၊ ငှားရမ်း)၊ Corporatization ပုံစံဖြင့် ပြောင်းလဲ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်း တို့အား လိုအပ်ချက်နှင့် အညီ ဆောင်ရွက်ခွင့်ပြုမည်။ |
| | ၄ | အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အတွက် လိုအပ်မည့် နည်းပညာ၊ အရင်းအနှီး၊ ကျွမ်းကျင်လုပ်သား၊ ကုန်ကြမ်း၊ စွမ်းအင်နှင့် ဈေးကွက် စသည်တို့ ရရှိရေးအတွက် ပံ့ပိုးကူညီပေးရေး ဆောင်ရွက်မည်။ |
| | ၅ | အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လိုအပ်မည့် ဥပဒေ၊ နည်းဥပဒေ နှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲ ဆောင်ရွက်မည်။ |

| | | |
|---|---|---|
| ၂။ | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်း တို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို ပံ့ပိုးကူညီပေးရန် ၊ | |
| | ၆ | လုပ်သားအခြေပြု စက်မှုလုပ်ငန်းများဖြင့် ပြည်တွင်းဈေးကွက်ကို ချဲ့ထွင်ခြင်းမှတဆင့် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများ အဖြစ် လုပ်သားအခြေပြု စက်မှုလုပ်ငန်းများကို တိုးမြှင့်၍ ကမ္ဘာ့ထုတ်လုပ်မှု ကွန်ယက်သို့ ချိတ်ဆက် ဆောင်ရွက်မည်။ |
| | ၇ | စက်မှုလုပ်ငန်းများနှင့် စီးပွားရေး အဆောက်အအုံများတွင် စွမ်းအင် အကျိုးရှိ ထိရောက်စွာသုံးစွဲနိုင်ရေး အတွက် သင်တန်းများပေးခြင်း၊ မူဝါဒများ ရေးဆွဲအကောင်အထည် ဖော်ခြင်း၊ ဥပဒေဖြင့် ထိန်းကြောင်းပေးခြင်းတို့ကို ဆောင်ရွက်သွားမည်။ |

| | | |
|---|---|---|
| ၃။ | ခေတ်မီဖွံ့ဖြိုးသောစီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ် ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ သက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ၊ | |
| | ၁ | တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်၍ မူကြိုနှင့် အခြေခံပညာ မူလတန်းအဆင့်မှစ၍ လေ့ကျင့်သင်ကြားပေးမည်၊ သတင်းနှင့် ပြန်ကြားရေး အစီအစဉ်များတွင် သက်မွေးပညာ သင်ခန်းစာများ၊ ကိုယ်ရည်ကိုယ်သွေး တိုးတက်စေမည့် ဟောပြောချက်များ၊ ဆွေးနွေးပွဲများကို ဖော်ပြဆောင်ရွက်မည်။ |
| | ၂ | နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးမှုအတွက် လုပ်ငန်းကဏ္ဍအလိုက်၊ ဘာသာရပ်အလိုက်နှင့် ဒေသအလိုက် လိုအပ်မည့် အတတ်ပညာရှင်၊ အသိပညာရှင်များနှင့် ကျွမ်းကျင်သူများကို စနစ်တကျ မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်မည်။ |
| | ၃ | ပညာရပ်ပိုင်းဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။ |
| | ၄ | သင်ကြားရေးတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီ သင်ကြားနိုင်ရန်အတွက် သင်ထောက်ကူ ပစ္စည်းများ ဖြည့်ဆည်း ဆောင်ရွက်မည်။ |
| | ၅ | ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာတတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင် ၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပျိုးထောင်ပေးမည်။ |

| | | |
|---|---|---|
| ၃။ | **ခေတ်မီဖွံ့ဖြိုးသောစီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ် ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ သက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ၊** | |
| | ၆ | နိုင်ငံတော်အတွက် လိုအပ်သည့် အရည်အသွေးပြည့်ဝသော ပြည်သူများ အားထားရသည့် ဆရာဝန်ကောင်းများ၊ သူနာပြုကောင်းများနှင့် ကျန်းမာရေး ပညာရှင်ကောင်းများ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အပြည့်အဝ လေ့ကျင့် မွေးထုတ်ပေးမည်။ |

| | | |
|---|---|---|
| ၄။ | **လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေးအဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေရေးကို ဦးစားပေး ဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်** | |
| | ၁ | လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ခြင်းနှင့် ပို့လွှတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် သက်ရောက်မှုအနည်းဆုံး ဖြစ်စေရေး အတွက် EIA/SIA သုံးသပ်မှုများ ပြုလုပ်မည်။ |
| | ၂ | တိုးတက်သုံးစွဲလာသော ဓာတ်အားပမာဏကို လုံလောက်စွာ ဖြည့်ဆည်း ပေးနိုင်ရေး အတွက် ရေအား၊ လေစွမ်းအင်၊ နေစွမ်းအင် အပူစွမ်းအင် နှင့် အခြားစွမ်းအင် အရင်းအမြစ်များ အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ဆောင်ရွက်မည်။ |
| | ၃ | ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အခြေခံဝန်အား (Base Load) အဖြစ် သတ်မှတ်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်မည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာသည့် အခြားစွမ်းအင်အရင်းအမြစ်များ ကိုလည်း ပေါင်းစပ် ဆောင်ရွက်မည်။ |
| | ၄ | ပြည်ထောင်စု လမ်းမကြီးများအပြင် ဒေသအချင်းချင်း ချိတ်ဆက်နေသည့် လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများအဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်မည်။ |
| | ၅ | တည်ဆောက်ပြီး တံတားများ ကြံ့ခိုင်ရေးနှင့် တံတားများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်မည်။ |
| | ၆ | ရေနက်ဆိပ်ကမ်းများ၊ အဝေးပြေးလမ်းများ၊ နယ်စပ်ဒေသတစ်လျှောက်ရှိ ဝင်ပေါက်များ၊ အချက်အချာနေရာများတွင် စီးပွားရေးဇုန်များ ဖော်ဆောင် ဆောင်ရွက်မည်။ |
| | ၇ | (Deep Sea Ports/ Sea Ports) ဆိပ်ကမ်းများနှင့် (Dry Ports) ပြည်တွင်းဆိပ်ခံတံတားများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်။ |
| | ၈ | နိုင်ငံတွင် အခြေခံအဆောက်အအုံများ အရည်အသွေး ကောင်းမွန်ရေးနှင့် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးဆောင်ရွက်မည်။ |

| | | |
|---|---|---|
| ၄။ | လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေးအဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေရေးကို ဦးစားပေး ဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန် | |
| | ၉ | ပြည်သူများလုပ်ငန်းများလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊နိုင်ငံတကာနှင့်ချိတ်ဆက် ဆောင်ရွက်နိုင်ရေး အတွက်Electronic စနစ်ဖြင့် ဆောင်ရွက်ခြင်း နှင့် ICT System များ တိုးမြှင့် ဆောင်ရွက်မည်။ |
| | ၁၀ | Data ID Card System ၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်နိုင်ရေး ဆောင်ရွက်မည်။ |

| | | |
|---|---|---|
| ၅။ | ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာမည့် မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတို အတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန် ၊ | |
| | ၁ | လုပ်သားအခြေပြု စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးရေးကို အားပေး ဆောင်ရွက် မည်။ |
| | ၂ | လယ်ယာလုပ်ငန်းမှ ပိုလျှံသည့် လုပ်သားများနှင့် လယ်သမားမိသားစုများ အတွက် ဒေသထွက်ကုန် အခြေပြုသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖြစ်ထွန်းရေး အားပေး ဆောင်ရွက်မည်။ |
| | ၃ | လုပ်သားများ ပြည်တွင်း/ပြည်ပ ရွှေ့ပြောင်း လုပ်ကိုင်ခြင်းအား စနစ်တကျ ဖြစ်စေရေး ဆောင်ရွက်မည်။ |
| | ၄ | ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း ဖြင့် ခေတ်မီနည်းပညာများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာရန် ဖန်တီးဆောင်ရွက်မည်။ |
| | ၅ | လုပ်သားများအတွက် ရပိုင်ခွင့်နှင့် တာဝန်များကို ရှင်းလင်းတိကျစွာ သတ်မှတ်ပြဋ္ဌာန်းစေ၍ ဥပဒေ၊ နည်းဥပဒေများဖြင့် ဆောင်ရွက် မည်။ |
| | ၆ | မြန်မာနိုင်ငံတွင်ရှိသော ဟိုတယ်များကို နိုင်ငံတကာအဆင့်မီစေရန် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းတိုးမြှင့်ခြင်း၊ ပို့ဆောင်ထောက်ပို့ရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေခြင်း၊ ပုဂ္ဂလိကမှလုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေးကုမ္ပဏီများအား လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းဖြင့် ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည်။ |

| | | |
|---|---|---|
| ၆။ | **ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ၊ စားနပ်ရိက္ခာဖူလုံစေရေး နှင့် ပို့ကုန် မြှင့်တင် နိုင်ရေးတို့ အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့်လယ်ယာ စက်မှုကဏ္ဍ ချိန်ခွင်လျှာညီ သည့် စီးပွားရေး ပုံစံဖော်ထုတ်ရန်** | |
| | ၁ | လယ်ယာကဏ္ဍတွင် ပြည်တွင်းစားသုံးမှုဖူလုံရေး၊ စက်မှုကုန်ကြမ်းများ ထုတ်လုပ်ရေးနှင့် ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်ရေးအတွက် တောင်သူလယ်သမားများအား ဒေသနှင့် ကိုက်ညီသည့် မျိုးများ၊ လိုအပ်မည့် အရင်းအနှီးများနှင့် နည်းပညာပံ့ပိုးပေးရေး၊ ဈေးကွက်ရရှိရေး ဆောင်ရွက်မည်။ |
| | ၂ | မွေးမြူရေးကဏ္ဍတွင် ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းရေးနှင့် လိုအပ်မည့်မျိုး၊ နည်းပညာ၊ အရင်းအနှီးနှင့် ဈေးကွက် ရရှိရေး ဆောင်ရွက်မည်။ |
| | ၃ | သားငါး ကဏ္ဍတွင် အအေးခန်းများနှင့် စည်သွပ်ဗူးစက်ရုံများ ကဲ့သို့သော ထပ်ဆင့်တိုးတန်ဖိုး ရရှိစေသည့် စက်ရုံများ တည်ဆောက်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက် ရရှိရန်နှင့် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိရန် ဆောင်ရွက်မည်။ |
| | ၄ | လယ်ယာကဏ္ဍ ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ အေဂျင်စီများထံမှ နည်းပညာနှင့် ဘဏ္ဍာရေးအကူအညီများ ရရှိရေး ဆောင်ရွက်မည့် အပြင် ပြည်ပဈေးကွက် ရရှိရေး အတွက် ပူးပေါင်းဆောင်ရွက်မည်။ |
| | ၅ | စိုက်ပျိုးရေးအခြေခံတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက်ပြီး ပြည်တွင်း ဈေးကွက်ချဲ့ထွင်နိုင်ခြင်းမှတစ်ဆင့် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများဖြစ်ပေါ် လာစေရန် တိုးမြှင့်ဆောင်ရွက်မည်။ |
| | ၆ | လယ်ယာနှင့် သားငါး အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာ စံနှုန်း သတ်မှတ်ချက်နှင့်ညီညွတ်သည့် အရည်အသွေးပြည့်ဝသော ထုတ်ကုန်များ ဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်နိုင်ရေး ဆောင်ရွက်မည်။ |
| | ၇ | မြေယာလုပ်ပိုင်ခွင့်များ အာမခံချက်ရရှိရေးအတွက် လက်ရှိမြေယာဥပဒေများနှင့် မူဝါဒများကို ပြန်လည်သုံးသပ်မည်။ |
| | ၈ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား ဖွဲ့စည်းထားသည့် ရည်ရွယ်ချက်များ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဖွဲ့စည်းမည်။ |
| | ၉ | ကျေးလက်ဒေသများရှိ ပုဂ္ဂလိကကဏ္ဍ ဘဏ္ဍာရေးဝန်ဆောင်မှုများ တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ် ပြဋ္ဌာန်းဆောင်ရွက်မည်။ |

| | | |
|---|---|---|
| ၇။ | ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေး လုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန် ။ | |
| | ၁ | တောင်သူလယ်သမားများအား လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းချခွင့်ပြုမည်။ |
| | ၂ | စီးပွားရေး လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရေး ဆောင်ရွက်မည်။ |
| | ၃ | ပြည်ပမှအရင်းအနှီးများနှင့် နည်းပညာများ စီးဝင်လာစေရေး အတွက် မူဝါဒများ သီးခြား ရေးဆွဲဆောင်ရွက်မည်။ |
| | ၄ | စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များ၊ စွန့်ဦးတီထွင်ဖန်တီးနိုင်မှုများ အတွက် မူပိုင်ခွင့်ကို ဥပဒေ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်မည်။ |
| | ၅ | ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘဏ်စနစ် ပိုမိုအားကောင်းအောင် ဆောင်ရွက်ရေးနှင့် ပြည်တွင်း၊ ပြင်ပ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ လုပ်ငန်းလုပ်ကိုင်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ခိုင်မာမှုရှိစေရေးနှင့် လုပ်ငန်းစဉ်များ ရှင်းလင်းလွယ်ကူစေရေး ဆောင်ရွက်မည်။ |
| | ၆ | ဒေသထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်ပခရီးသွားများ ပိုမိုစီးဝင်လာစေရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ပိုမိုဖြစ်ထွန်းရေး အားပေးဆောင်ရွက်မည်။ |
| | ၇ | နိုင်ငံ၏ တည်နေရာအနေအထားအားသာချက်ကို ထိရောက်စွာအသုံးချပြီး အိမ်နီးချင်းနိုင်ငံများ နှင့် နိုင်းယှဉ်အကျိုးကျေးဇူးရှိမည့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်မည်။ |
| | ၈ | သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရန် ပုဂ္ဂလိက ကျွန်းနှင့်သစ်မာ သစ်တော စိုက်ခင်းများ တည်ထောင်ခြင်းနှင့် အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် သစ်တောမြေများအား ငှားရမ်း၍ စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည်။ |
| | ၉ | ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်သူများ ပူးပေါင်းပါဝင်သော သစ်တောစီမံအုပ်ချုပ်မှုစနစ်ကို မြှင့်တင်နိုင်ရန်အတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်မည်။ |
| | ၁၀ | ရေရှည် ကုန်ကြမ်းရရှိနိုင်ရေး အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အကျိုးထိခိုက်မှု မရှိပါက ပုဂ္ဂလိက သစ်တောစိုက်ခင်း များတည်ထောင်၍ သစ်အခြေခံစက်မှုလုပ်ငန်းများ ဆောင်ရွက် ခြင်းကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအဖြစ် အကျိုးတူ ပူးပေါင်း၍ဖြစ်စေ၊ ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်စေ ဆောင်ရွက်မည်။ |

| | | |
|---|---|---|
| **၈။** | **အိမ်ထောင်စုများ၊ တောင်သူ လယ်သမားများ နှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေး စနစ်ဖြင့် ဘဏ္ဍာရေး တည်ငြိမ်မှု ရရှိလာစေရေး ဆောင်ရွက်ရန် ၊** | |
| | ၁ | ကျေးလက်နေပြည်သူများနှင့် တောင်သူလယ်သမားများ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုနားလည်လာစေရန်နှင့် ယုံကြည်ကိုးစားမှုရှိစေရေးအတွက် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်မည်။ |
| | ၂ | ကျေးလက်နေပြည်သူများနှင့် တောင်သူလယ်သမားများအတွက် လိုအပ်သည့် အာမခံစနစ် ရယူနိုင်ရေး ဆောင်ရွက်ပေးမည်။ |
| | ၃ | ကျေးလက် ဘဏ္ဍာရေး အဖွဲ့အစည်းများ အားကောင်းလာစေရန်နှင့် တောင်သူလယ်သမားတိုင်း စိုက်ပျိုးစရိတ်ချေးငွေ လက်လှမ်းမီရရှိရေး ဆောင်ရွက်မည်။ (အစိုးရကြွေးမြီ၊ ပြင်ပကြွေးမြီ) |
| | ၄ | စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အိမ်တွင်းလက်မှုလုပ်ငန်းများနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် အရင်းအနှီးများရရှိစေရေး အတွက် အသေးစားငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်မည်။ |
| | ၅ | ချေးငှားပေးသည့် အချိန်ကာလအကန့်အသတ်နှင့် အပေါင်/အာမခံပစ္စည်း လိုအပ်ချက်များကို ပြန်လည်စိစစ်၍ လက်ရှိအတိုးနှုန်းထား သတ်မှတ်ချက်များကို ပြန်လည်သုံးသပ်မည်။ |

| | | |
|---|---|---|
| **၉။** | **သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန် အတွက် လိုက်လျောညီထွေ ဖြစ်စေမည့် မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ပိုမိုစောင့်ရှောက် ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန် ၊** | |
| | ၁ | မြို့ပြဖြစ်ထွန်းမှု လုပ်ငန်းများနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကို ထည့်သွင်း စဉ်းစား ဆောင်ရွက်မည်။ |
| | ၂ | မြို့ပြများတည်ဆောက်ခြင်း၊ ချဲ့ထွင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ(ပန်းခြံ၊ အားကစားကွင်း၊ ကျောင်း၊ ဆေးရုံ) စသည်တို့ကို ထည့်သွင်း ဖော်ထုတ်မည်။ |
| | ၃ | ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန် ထိန်းသိမ်းစောင့်ရှောက်မည်။ |

| | | |
|---|---|---|
| ၉။ | သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန် အတွက် လိုက်လျောညီထွေ ဖြစ်စေမည့် မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ပိုမိုစောင့်ရှောက် ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန် ။ | |
| | ၄ | မြို့ပြများ၊ လမ်းတံတား ဆိပ်ကမ်းနှင့် ဆည်မြောင်း တာတမံ၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံများနှင့် မဟာဓာတ်အားလိုင်းကြီးများ စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် သတ္တုနှင့်တွင်းထွက်များ တူးဖော်ခြင်းတို့တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကို လျော့နည်းစေရေး အလေးထားဆောင်ရွက်မည်။ |
| | ၅ | ရေကြီးရေလျှံမှု၊ မြစ်ကမ်းပါးပြိုမှုများ ဖြစ်ပေါ်မှု လျော့နည်းရေးအတွက် မြစ်ကြောင်းတူးဖော်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်။ |
| | ၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်၊ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများ ပိုမို စောင့်ရှောက်ထိန်းသိမ်းရေး ဆောင်ရွက်မည်။ |

| | | |
|---|---|---|
| ၁၀။ | နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန် ။ | |
| | ၁ | ရသင့်ရထိုက်သော အခွန်များ အပြည့်အဝ ရရှိရေးနှင့် ထိရောက်သော ခွဲဝေမှုဆိုင်ရာ ကိစ္စရပ်များ (Government Revenue Administration and Allocation) အတွက် ဆောင်ရွက်မည်။ |
| | ၂ | အခွန်ကောက်ခံရာတွင် အကျိုးရှိမှု (Benefit) ပေးနိုင်စွမ်းရှိမှု(Ability to Pay) ပေါ် အခြေခံ၍ အခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ခွင့်ပြုပေးခြင်းတို့ဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေရရှိအောင် ဆောင်ရွက်မည်။ |
| | ၃ | အခွန်နှုန်းထားများကို ပြဋ္ဌာန်းသတ်မှတ်ရာတွင် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုရေး၊ စီးပွားရေးတည်ငြိမ်မှုရှိရေးနှင့် မျှတမှုရှိရေးတို့အပေါ် အခြေခံ၍ ဆောင်ရွက်မည်။ |
| | ၄ | အခွန်ကောက်ခံမှုနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝရရှိစေမည့် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် အခွန်စနစ်ဖြစ်လာစေရန် ဆောင်ရွက်ပြီး အခွန်တိုးမြင့် ရရှိအောင် ဆောင်ရွက်မည်။ |
| | ၅ | အခွန်ထမ်းများအားပေးသော ဝန်ဆောင်မှုများ ချဲ့ထွင်ခြင်း၊ ပြည့်စုံတိကျသော အခွန်ကောက်ခံမှု လုပ်ငန်းစဉ်များ ပြုလုပ်ချမှတ်ခြင်း၊ လိုက်နာမှုမရှိသော ကိစ္စရပ်များကို ဖော်ထုတ်ရန် ရှင်းလင်းပြတ်သားသော လုပ်ထုံးလုပ်နည်းများဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်မည်။ |

| | | |
|---|---|---|
| ၁၁။ | **တီထွင်ဖန်တီးမှု စွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်း ဖြစ်ပေါ်စေနိုင်သည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ် များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန် ၊** | |
| | ၁ | တီထွင်ဖန်တီးမှုစွမ်းရည်နှင့် အဆင့်မြင့်နည်းပညာများတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်မှု များကို အားပေးနိုင်ရန်အတွက် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် (Innovation Centre) ဖွင့်လှစ်နိုင်အောင် စီစဉ်ဆောင်ရွက်မည်။ |
| | ၂ | အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံး လုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်မည်။ |
| | ၃ | အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ စံချိန်စံညွှန်းများ ရေးဆွဲဆောင်ရွက်မည်။ |

| | | |
|---|---|---|
| ၁၂။ | **စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း သာမက အခြားဒေသများ အတွင်း၌လည်း တိုးတက် ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကိုဖော်ထုတ်၍ မိမိတို့၏ စီးပွားရေး လုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်၊** | |
| | ၁ | စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အာဆီယံ ဒေသတွင်းနှင့် အခြားဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တိုးတက်ပြောင်းလဲမှု အခြေအနေများအပေါ် သုံးသပ်၍ စနစ်တကျ ဆောင်ရွက်သွားမည်။ |
| | ၂ | ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်၊ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်များမှ တစ်ဆင့် အကျိုးဖြစ်ထွန်းနိုင်သည့် ပို့ကုန်အလားအလာများကို ပံ့ပိုးပေးနိုင်သည့် ထုတ်ကုန် လုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်မည်။ |
| | ၃ | သဘာဝ အရင်းအမြစ်ကို အခြေခံသော ပို့ကုန်များကိုသာ တင်ပို့နေရခြင်းမှ တန်ဖိုးမြင့် ထုတ်ကုန်များ တိုးမြှင့်တင်ပို့ရန်နှင့် ပို့ကုန်တိုးတက်ရန်အတွက် ကုန်စည်တင်ပို့မှုစနစ်တွင် ကုန်ပစ္စည်းအမယ်စုံ တင်ပို့ရန် ဆောင်ရွက်မည်။ |
| | ၄ | ပို့ကုန်များကို နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်နှင့်အညီ အရည်အသွေး ပြည့်ဝစွာဖြင့် ဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်နိုင်အောင် ဆောင်ရွက်မည်။ |
| | ၅ | မြန်မာနိုင်ငံ၏ Openness ဖြစ်ပေါ်လာမှု အနေအထား၊ ကမ္ဘာကြီး၏ Gobal Community သို့ ရှေ့ရှုမှုတို့မှတဆင့် ပို့ကုန်ဦးတည်သော အသေးစား၊ အလတ်စားလုပ်ငန်းများ ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ဦးတည်ဆောင်ရွက်မည်။ |

| | | |
|---|---|---|
| ၁၂။ | **စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း သာမက အခြားဒေသများ အတွင်း၌လည်း တိုးတက် ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကိုဖော်ထုတ်၍ မိမိတို့၏ စီးပွားရေး လုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်၊** | |
| | ၆ | အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ အထူးစီးပွားရေးဇုန်များနှင့် ချိတ်ဆက်၍ ထိရောက်အောင် ဆောင်ရွက်မည်။ |
| | ၇ | ၂၀၁၄ ခုနှစ်တွင် WTO က ဖော်ထုတ်ခဲ့သည့် ကုန်သွယ်မှုဆိုင်ရာ အဟန့်အတားများအားလုံးကို ကျော်ဖြတ်ခြင်းနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)နှင့် သဟဇာတဖြစ်စေရန် (၂၀၁၈) ခုနှစ် အတွင်း ဆောင်ရွက်မည်။ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်လျက် ရှိသည့် စီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်ထောင်စု ဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို တင်ပြအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

## နိုင်ငံခြားရေးဝန်ကြီးဌာန

### မူဝါဒ

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒနှင့်အညီ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေ့ရှုပြီး ဒေသတွင်းနှင့် အခြားနိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန်နှင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ပြီး နိုင်ငံတော် အကျိုးစီးပွား ဖြစ်ထွန်းစေရေး၊

(ခ) ပြည်ပနိုင်ငံများနှင့် သော်လည်းကောင်း၊ ဒေသတွင်း အာဆီယံနိုင်ငံများနှင့် သော်လည်းကောင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက် နိုင်ငံတော်၏အကျိုးစီးပွားကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် သံတမန်နည်းလမ်းဖြင့် ညှိနှိုင်းဆောင်ရွက်ရေး၊

(ဂ) ၂၀၁၇ ခုနှစ်တွင် ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်၏ ဘဏ္ဍာငွေကို စနစ်တကျ အကျိုးရှိစွာ ခြိုးခြံချွေတာ သုံးစွဲရေး၊

(င) အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာနေထိုင်ရေး နယ်နိမိတ်သတ်မှတ်ခြင်းများအား ဆောင်ရွက်ရန်နှင့် မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရေး။

### ရည်မှန်းချက်

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက်

ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) နိုင်ငံတကာမျက်နှာစာတွင် ပြည်ပနိုင်ငံများနှင့် သံတမန်ဆက်ဆံရေးကဏ္ဍ တိုးမြှင့်စေရေးအတွက် ပြည်ပနိုင်ငံများတွင် သံရုံးသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊

(ခ) ပြည်ပနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်းအာဆီယံ၊ ဘင်းမ်စတက်၊ ဂျီအမ်အက်စ်စသော အဖွဲ့ဝင်နိုင်ငံများနှင့်သော်လည်းကောင်း၊ ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအသီးသီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဂ) ပြည်ပနိုင်ငံများတွင် သံရုံးများအသစ်ဆောက်လုပ်ခြင်းနှင့် ရှိပြီးသော နိုင်ငံပိုင်အဆောက်အဦများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဃ) ပြည်ပရောက် မြန်မာနိုင်ငံသားများအကျိုးကို ကာကွယ်စောင့်ရှောက်ပေးရန်၊

(င) နိုင်ငံပိုင်နယ်နိမိတ်မှတ်တိုင်များ မွမ်းမံခြင်း၊ အသစ်တိုးချဲ့ စိုက်ထူခြင်းလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် မြန်မာ့ရေပိုင်နက် တိုးမြှင့်သတ်မှတ်နိုင်ရေးအတွက် တတ်ကျွမ်းသည့်ပညာရှင်များနှင့် ညှိနှိုင်းပြီး ပြေလည်စွာ ပူးပေါင်းလုပ်ဆောင်ရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညှိ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါ သည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ် နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှား ပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ဝန်ထမ်းအိမ်ရာများနှင့်အဆောက်များ ဆောက်လုပ်ခြင်း ဆောင်ရွက်မည်၊

(ခ) မြန်မာသံရုံး/ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးများတွင် သံရုံးအဆောက်အဦများနှင့် ဝန်ထမ်းနေအိမ်များ ဝယ်ယူ/ ဆောက်လုပ်ရန်နှင့် အကြီးစားပြုပြင် မွမ်းမံခြင်း ဆောင်ရွက်မည်၊

(ဂ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသော်လည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်သော အာဆီယံ၊ ဘင်းမ်စတက်၊ ဂျီအမ်အက်စ်စသော အဖွဲ့အစည်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ရရှိရေး တိုးမြှင့်ဆောင်ရွက်မည်၊

(ဃ) ပြည်ပနိုင်ငံများတွင် နိုင်ငံပိုင်အဆောက်အဦများ ဆောက်လုပ်/ ဝယ်ယူခြင်းဖြင့် ကြီးမြင့်လာသော ငှားရမ်းခစရိတ်များကို သက်သာစေခြင်းဖြင့် နိုင်ငံတော်၏ ဘဏ္ဍာကို ခြိုးခြံချွေတာနိုင်မည်၊

(င) ပြည်ပနိုင်ငံများတွင်ရှိပြီးသော နိုင်ငံပိုင်အဆောက်အဦများကိုလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် နှစ်စဉ် မွမ်းမံထိန်းသိမ်းမည်၊

(စ) သံရုံးတိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာပေးခြင်းတို့ဖြင့် မြန်မာကို နိုင်ငံတကာမှ သိရှိအောင် ဆောင်ရွက်မည်၊

(ဆ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်၏ ပိုင်နက်နယ်နိမိတ်မှတ်တိုင်များ မွမ်းမံခြင်း၊ အသစ်စိုက်ထူခြင်းတို့ကို အလေးထား ဆောင်ရွက်မည်၊

(ဇ) ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော ပြည်ပရောက် မြန်မာနိုင်ငံသားများအား လိုအပ်သည့် အကူအညီများ ထိရောက်စွာပေးမည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ**

နိုင်ငံခြားရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အာဆီယံ၊ ဘင်းမ်စတက်၊ ဂျီအမ်အက်စ်စသော အဖွဲ့အစည်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ရရှိရေး တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ခ) သံရုံးတိုးချဲ့ ဖွင့်လှစ်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာပေးခြင်းကြောင့် မြန်မာကို နိုင်ငံတကာမှ သိရှိအောင် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော ပြည်ပရောက် မြန်မာနိုင်ငံသားများအား လိုအပ်သည့် အကူအညီများ ထိရောက်စွာ ဆောင်ရွက်ပေးခြင်း။

ပြည်ထဲရေးဝန်ကြီးဌာန

## ပြည်ထဲရေးဝန်ကြီးဌာန

### မူဝါဒ

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်းရေးဆွဲဖော်ပြအပ်ပါသည်-

(က) နိုင်ငံတော်လုံခြုံမှုရှိစေရန် တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ရေး၊

(ခ) တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိရန် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ ဆောင်ရွက်ရေး၊

(ဂ) တရားဥပဒေစိုးမိုးမှုရှိရန် အုပ်ချုပ်ရေးအာဏာ သက်ရောက်မှုရှိရေး၊

(ဃ) အုပ်ချုပ်ရေးအာဏာ သက်ရောက်မှုရှိရန် ခိုင်မာကောင်းမွန်သော အုပ်ချုပ်မှုစနစ် တည်ဆောက်ရေး။

### ရည်မှန်းချက်

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက်ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) နိုင်ငံတော်လုံခြုံရန်၊

(ခ) တရားဥပဒေစိုးမိုးရန်၊

(ဂ) ရပ်ရွာအေးချမ်းသာယာရန်၊

(ဃ) ပြည်သူ့အကျိုးပြုဆောင်ရွက်ရန်။

### လုပ်ငန်းစဉ်

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညှိ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ်ဖြစ်ပေါ်

နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှား ပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) လုံခြုံရေးကိစ္စရပ်များ တိုးတက်ကောင်းမွန်ရေးဆောင်ရွက်မည်-

- မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေးဆောင်ရွက်ခြင်း၊ နိုင်ငံတော် ကာကွယ်ရေး အရန်အင်အားစုအဖြစ် လုံခြုံရေးတာဝန်ထမ်းဆောင်ခြင်း၊ မူးယစ်ဆေးဝါးချုပ်ငြိမ်းရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ပြည်သူ့စွမ်းအားစုပါဝင်သည့် နိုင်ငံတော်ကာကွယ်ရေး အရန် အင်အားစု တည်ဆောက်ခြင်းများ ဆောင်ရွက်မည်၊
- တရားဥပဒေစိုးမိုးရေးအတွက်မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲများ၊ ဝတ္ထု၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို စာသင်ကျောင်းများ၊ နယ်မြေများအတွင်း ပိုမို ကျယ်ပြန့်စွာ လှုပ်ရှားဆောင်ရွက်၍ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်း ရေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောမှုများကို လူထုအတွင်း တိုးမြှင့်ဆောင်ရွက်မည်၊
- မြို့နယ်များအတွင်း လုံခြုံရေး၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး လုပ်ငန်းကော်မတီများနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ် များအထိ သိရှိအောင် ရေတို/ရေရှည်အစီအမံများ ပြုလုပ်ရေးဆွဲထားရှိ ဆောင်ရွက်မည်၊
- ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြစ်မှုကြိုတင်ကာကွယ်ရေး ဆောင်ရွက် ခြင်း၊ ပြစ်မှုစုံစမ်း ဖော်ထုတ်ရေးဆောင်ရွက်ခြင်း၊ ပြစ်မှုတရားစွဲတင်ရေး ဆောင်ရွက်ခြင်း၊ အမှုလက်ကျန်များ လျော့နည်းပပျောက်ရေးကို အလေးထား ဆောင်ရွက်ခြင်း၊ ရဲလုပ်ငန်းများနှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်မှ ပုံမှန် စစ်ဆေးကြပ်မတ်ခြင်းများ ကို ဆောင်ရွက်သွားမည်၊
- မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ဒီမိုကရေစီရဲလုပ်ငန်း စနစ်နှင့် ပြည်သူလူထုအတွက် ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့ဘဝ လုံခြုံဘေးကင်းစေရေး

အတွက် မှုခင်းများကိုဖြစ်လာမှ တုန့်ပြန်ခြင်းဆိုသည် (Reactive Response) ထက်မဖြစ်ခင် ကတည်းက ကြိုတင်ကာကွယ်မှုများပြုလုပ်ခြင်း (Proactive Crime Prevention) ကို ဦးတည်ဆောင်ရွက်မည်၊

- နယ်စပ်ဒေသများမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင် ကုန်ပစ္စည်းများ သယ်ဆောင်ခြင်း၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းတို့ ပပျောက်စေရန် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရွေ့လျားစစ်ဆေးရေးအဖွဲ့ (Mobile Team) စသည်တို့ဖြင့် ပေါင်းစပ်၍ ပူးပေါင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်သွားမည်၊
- အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာနသည် လုံခြုံရေးကိစ္စများ တိုးတက်ကောင်းမွန်ရေးလုပ်ငန်းစဉ်အတွက် လေယာဉ်အပိုင်စီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းတို့မှ ကာကွယ်ရန်၊ ဥပဒေအရ တားဆီးထားသည့်ပစ္စည်းများကို နိုးဝှက်သယ်ယူမှု မပြုနိုင်ရန်အတွက် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာကွယ်ခြင်းများ ဆောင်ရွက်ပါမည်၊
- အကျည်းထောင်စခန်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ လုံခြုံရေးအထောက်အကူပြုနည်းပညာနှင့် ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းများဆောင်ရွက်မည်၊
- မီးသတ်ဦးစီးဌာနသည် လုံခြုံရေးကိစ္စများတိုးတက် ကောင်းမွန်ရေးအတွက် မီးဘေး သတိမူရေးလုပ်ငန်းများ၊ မီးဘေးကြိုတင် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်မည်၊
- မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲဆောင်ရွက်မည်။

(ခ) အုပ်ချုပ်မှုစနစ်မှန်ကန်ရေးဆောင်ရွက်မည်-

- လုံခြုံရေးတပ်ဖွဲ့ခွဲများ၊ ရထားရဲတပ်ဖွဲ့ခွဲများ၊ ရဲတပ်ဖွဲ့ဆေးရုံ၊ ရဲဆက်သွယ်ရေးဌာနစုများ၊ ရဲစခန်းများ နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များ အသစ်တိုးချဲ့ ဖွဲ့စည်းခြင်းများနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ဆောင်ရွက်ခြင်း ကျန်လုပ်ငန်းများ၊ ရဲနှင့်နိုင်ငံလူဦးရေ အချိုးပေါ်မူတည်၍ လိုအပ်သော ရဲတပ်ဖွဲ့ဝင်အင်အားနှင့် လက်နက်တပ်ဆင်မှုများ ဖြည့်တင်း ဆောင်ရွက်မည်၊

- နယ်စပ်ဒေသ ပုံမှန်အုပ်ချုပ်ရေးစနစ် ထူထောင်ရန် မြို့နယ်ခွဲများ ဖွဲ့စည်းခြင်းနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ခေတ်ကာလနှင့် ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲ သွားပါမည်၊
- နိုင်ငံခြားသို့ သွားရောက်မည့်သူများ၏ နောက်ကြောင်းစိစစ်ခြင်း၊ အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားမည့် ပုဂ္ဂိုလ်များနောက်ကြောင်းစိစစ်ခြင်း၊ စာပေပုံနှိပ်ထုတ်ဝေခွင့် လျှောက်ထားသူများ၏ နောက်ကြောင်းစိစစ်ခြင်း၊ သံဃာတော်များ ဘွဲ့တံဆိပ်တော် ဆက်ကပ်ရေး၊ လူပုဂ္ဂိုလ်များ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်အပ်နှင်းရေး၊ စိစစ်ခြင်းကိစ္စများကို ဆောင်ရွက်ခြင်း၊ ငွေကြေးလဲလှယ်နှုန်းနှင့် စက်သုံးဆီနေ့စဉ်ပေါက်ဈေးနှုန်းများကို လေ့လာစုံစမ်းခြင်း၊ ငွေကြေးမသမာမှုများ၊ ငွေကြေးခဝါချမှုများ စုံစမ်းဖော်ထုတ်ခြင်း၊ ငွေရေးကြေးရေးနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပတရားမဝင် ငွေလွှဲလုပ်ငန်းများဆောင်ရွက်ခြင်းကို ငွေရေးကြေးရေး အက်ဥပဒေအရ အရေးယူခြင်းများ၊ ပြည်တွင်းသုံးငွေနှင့် ပြည်ပငွေကြေးများ အတုပြုခြင်း၊ လက်ဝယ်ထားခြင်းကို တည်ဆဲဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ခြင်း၊ ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေကို ခေတ်နှင့်အညီ စကားရပ်များ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားပါမည်၊
- ဗဟိုမီးသတ်သင်တန်းကျောင်းဖွဲ့စည်းပုံ၊ တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးရုံးများ ဖွဲ့စည်းပုံများပြင်ဆင်ရေးဆွဲခြင်း၊ ဗဟိုမီးသတ်စခန်း၊ တိုင်းဒေသကြီး/ပြည်နယ်မီးသတ်စခန်း နှင့် နယ်မြေမီးသတ်စခန်းများ တိုးချဲ့ဖွဲ့စည်းခြင်းများ ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစွမ်းရည်တိုးတက်မြင့်မားရေးဆောင်ရွက်မည်-

- ခေတ်မီအီလက်ထရောနစ် နည်းပညာပစ္စည်းများ တပ်ဆင်သုံးစွဲရေး၊ မှုခင်းကျဆင်းရေးအတွက် တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပြည်သူလူထုကို ပညာပေးစည်းရုံးခြင်းများ၊ ဌာနပေါင်းစုံပါဝင်သော ရဲလုပ်ငန်းအထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲများကို တပ်ဖွဲ့၊ ဌာနများအလိုက်

ကျယ်ပြန့်စွာပြုလုပ်ခြင်း၊ ကျွမ်းကျင်မှုနှင့်အရည်အသွေး မြင့်မားလာစေရန် ဌာနတွင်း/ပြင်ပ၌ သင်တန်းများစေလွှတ်တက်ရောက်စေခြင်း ဆောင်ရွက်မည်၊

(ဃ) စိတ်ဓါတ်ကောင်းမွန် တိုးတက်မြင့်မားရေး ဆောင်ရွက်မည်၊

- ရဲနှင့်ပြည်သူ ခိုင်မာစွာပေါင်းစည်း၍ နိုင်ငံတော်ကာကွယ်ရေးအတွက် ကြီးမားသော အင်အားထုတစ်ရပ် ဖြစ်ပေါ်လာရေး ဆောင်ရွက်မည်၊
- ဥပဒေချိုးဖေါက်မှု မရှိစေရေး အသိပညာပေးရန်၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန် ဆောင်ရွက်မည်၊
- မိသားစုစည်းကမ်းထိန်းသိမ်းရေး ဆွေးနွေးပွဲများပုံမှန်ကျင်းပမည်၊
- ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုအပေါ် အသိအမှတ်ပြု၍ ဆုပေး၊ ဒဏ်ပေး စနစ်ကျင့်သုံး ဆောင်ရွက်မည်၊
- အကျဉ်းသားများ၏ စိတ်ဓါတ်ကောင်းမွန်ရေးအတွက် အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ခြင်း၊ သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရန်ဆောင်ရွက်ပေးခြင်း၊ ဘာသာရေးဆိုင်ရာ တရားပွဲများ၊ နှစ်သိမ့်ဆွေးနွေးမှုများ၊ ပညာပေးဟောပြောမှုများပြုလုပ်ပေးခြင်း၊ ဆေးဝါးများဖြည့်ဆည်းပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာနှင့် စာပေပညာများ သင်ကြားပေးခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်မည်၊
- မီးသတ်ဦးစီးဌာနသည် စိတ်ဓါတ်ကောင်းမွန်တိုးတက် မြင့်မားရေးအတွက်ရုံး/ဌာနများနှင့်ဝန်ထမ်းအိမ်ရာ အဆောက်အဦများ ဌာနပိုင်မြေအမည်ပေါက်ရေး ဆောင်ရွက်ခြင်း၊ ယူနစ်အလိုက် မီးသတ်စခန်းများ၊ ဝန်ထမ်းနေအိမ်နှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် မီးသတ်ယာဉ်/စက်များအား နိုင်ငံတော်၏ခွင့်ပြုဘဏ္ဍာရန်ပုံငွေမှလည်းကောင်း၊ ပြည်တွင်း/ပြည်ပ အလှူရှင်များထံမှလည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး နည်းလမ်းဖြင့်လည်းကောင်း၊ ဒေသအာဏာပိုင်အဖွဲ့များ၏ စည်းရုံးဆောင်ရွက်မှုဖြင့်လည်းကောင်း၊ မီးသတ်ဦးစီးဌာနမှတီထွင်ထုတ်လုပ်ခြင်းစသည့် နည်းလမ်း(၅)သွယ်ဖြင့် ဖြည့်ဆည်းခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်း

ကိရိယာများ ဖြည့်ဆည်းခြင်း၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး နှင့် အသက်ကယ် ပစ္စည်းများ ဖြည့်ဆည်းခြင်း စသည်များ ဆောင်ရွက်မည်၊

(င) လေ့ကျင့်မှုမပြတ်ဆောင်ရွက်မည်-

- စီမံခန့်ခွဲမှုသင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ အရည်အချင်းမြင့်မားရေး၊ ရဲလုပ်ငန်းများ ကျွမ်းကျင်နားလည်ရေး တို့အတွက် လေ့ကျင့်ရေးကျောင်းများ၊ တိုင်းဒေသကြီး/ပြည်နယ် တပ်ဖွဲ့များတွင် ဖွင့်လှစ်လျက်ရှိသော မွမ်းမံသင်တန်းများအပြင် တပ်ရင်းတပ်ဖွဲ့များ တိုင်းဒေသကြီး/ပြည်နယ်များ၌ On the Job Training ဖြင့် လုပ်ငန်းစွမ်းရည် မြင့်မားရေး လေ့ကျင့်သင်ကြားပေးမည်၊
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် လေ့ကျင့်မှုမပြတ် ဆောင်ရွက်ရေး လုပ်ငန်းစဉ်အတွက် စီမံ(၁) လုပ်ငန်းခွင်ဝင်သင်တန်း၊ စီမံ(၂) သင်တန်း၊ စီမံ(၂) မွမ်းမံသင်တန်း၊ စီမံ(၄) သင်တန်းများ ဖွင့်လှစ်ပါမည်၊
- အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အရာထမ်းငယ်အခြေခံ သင်တန်း၊ အရာထမ်းလောင်းသင်တန်း၊ အရာထမ်းသင်တန်းများဖွင့်လှစ် ပါ မည်၊
- စာရေးဝန်ထမ်း အခြေခံသင်တန်း၊ စာရေးဝန်ထမ်း ကြီးကြပ်မှုတန်းမြင့် သင်တန်းပြည်တွင်းအလုပ်ရုံ ဆွေးနွေးပွဲနှင့်အခြားဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းများ၊ ပြည်ပနိုင်ငံသင်တန်း၊ ဆွေးနွေးပွဲ၊ လေ့လာရေးများ စေလွှတ် ပါမည်၊
- ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး စီမံ(၄)သင်တန်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး စီမံ(၂)သင်တန်း၊ နည်းပြသင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်း၊ ကွန်ပျူတာ အခြေခံသင်တန်း၊ အစိုးရဌာနအချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှ ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းများ ဆောင်ရွက်သွားပါမည်၊
- အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် လေ့ကျင့်မှုမပြတ် ဆောင်ရွက်ရေး လုပ်ငန်းစဉ်အတွက် အဆင်မြင့်အရာရှိကြီးများစီမံခန့်ခွဲမှုသင်တန်း၊ အလယ် အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ဒုရဲအုပ်လောင်း၊ စုံထောက် အရာရှိသင်တန်း၊ ရဲအရာရှိမွမ်းမံသင်တန်း၊ ဌာနတွင်းအမှုဆောင်ဝန်ထမ်းများ

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်း၊ အမှုဆောင်ဝန်ထမ်းများ လုပ်ငန်းခွင်ဝင်သင်တန်း၊ ရုံးဝန်ထမ်းများ လုပ်ငန်းခွင်ဝင် သင်တန်း၊ တိုက်ပွဲဝင်စည်းရုံးရေး အရာရှိသင်တန်း၊ တိုက်ပွဲဝင်စည်းရုံးရေး အရာခံ/ အကြပ်ကြီး သင်တန်းတို့ကို တက်ရောက်စေပါမည်၊

(စ) ပြည်သူ့အကျိုးပြုဆောင်ရွက်မည်-

- မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးလုပ်ငန်းစဉ်အတွက် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံအောင် ကာကွယ်ဆောင်ရွက်ခြင်း၊ မြို့၊ ရပ်ကွက်များအတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မည်၊
- ပြည်သူလူထုနှင့် ပူးပေါင်း၍ ရဲလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုအတွင်း မှုခင်းနှင့် ဥပဒေဗဟုသုတများ ကျယ်ပြန့်စွာရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်မည်၊
- ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ပီပြင်စွာ ဖြစ်ပေါ်လာစေရေး၊ ကျယ်ပြန့်စွာ အောင်မြင်ရေးအတွက် နယ်မြေရဲစခန်းအလိုက် ရဲနှင့်ပြည်သူဆက်ဆံမှု ပိုမိုကောင်းမွန်စေရေးအတွက် ရပ်မိရပ်ဖများအား ရဲစခန်းတာဝန်ရှိသူများမှ ပိုမိုတွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်မည်၊
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အခြေခံ၍ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ပြည်သူများအတွက် အဓိကလိုအပ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရွေးချယ်၍ တင်ပြဆောင်ရွက်သွားမည်၊
- အကျဉ်းထောင်စခန်းများ တည်ရှိရာမြို့နယ်၊ ရပ်ကွက်ကျေးရွာများ၏ တည်ဆောက်ပြုပြင်ရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်သွားမည်၊
- မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် နိုင်ငံတော်အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်မည်၊

- မီးဘေးလုံခြုံရေးဆောင်ရွက်ခြင်း၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုလျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ရေး၊ အလျင်အမြန်တုံ့ပြန် ဆောင်ရွက်ရေး၊ မူလအခြေအနေကို ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်၏မူဝါဒနှင့်အညီ ဒီမိုကရေစီရဲလုပ်ငန်းစနစ်နှင့် ပြည်သူလူထုအတွက် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) တရားမဝင် ကုန်ပစ္စည်းများ သယ်ဆောင်ခြင်း၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းတို့ ပပျောက်စေရန် ရွေ့လျားစစ်ဆေးရေးအဖွဲ့ (Mobile Team) တို့ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) အကျဉ်းထောင်စခန်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ လုံခြုံရေး အထောက်အကူပြုနည်းပညာနှင့် ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းများ ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုလျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ရေး၊ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

# ကာကွယ်ရေးဝန်ကြီးဌာန

## ကာကွယ်ရေးဝန်ကြီးဌာန

### မူဝါဒ

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့်တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိရေး၊

(ခ) နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်နိုင်ရေးအတွက်စီမံဆောင်ရွက်ရေး။

### ရည်မှန်းချက်

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက်ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) တပ်မတော်သည် (ကြည်း/ ရေ/ လေ) တပ်ဖွဲ့များကို စံကိုက်တပ်မတော် ဖြစ်လာစေရန်အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် မျိုးချစ်ပြည်ထောင်စု တပ်မတော်ဖြစ်ရေးတို့ကို ဆောင်ရွက်သွားရန်၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) နိုင်ငံတော်၏ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရာတွင် ပြည်သူတစ်ရပ်လုံးက တပ်မတော်ကို မဏ္ဍိုင်ပြု၍ နိုင်ငံတော်တည်ဆောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်သွားစေရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညှိ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) ကာကွယ်ရေးရငွေများ စနစ်တကျ ရရှိပေးသွင်းခြင်းနှင့် အသုံးစရိတ်များကို အလေအလွင့်မရှိ အကျိုးရှိစွာ အသုံးချရေး၊ လိုအပ်ချက်အရ သုံးစွဲခဲ့သော ကြွေးမြီများအပေါ် စာချုပ်ပါကတိအတိုင်း အရင်းနှင့်အတိုး ပေးဆပ်မည်၊

(ခ) တပ်မတော် (ကြည်း၊ ရေ၊ လေ) တစ်ရပ်လုံးအတွက် လစာနှင့် စရိတ်များအား သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျခံဆောင်ရွက်မည်၊

(ဂ) တပ်မတော်အတွက် လိုအပ်သော ရိက္ခာ၊ စက်သုံးဆီစသော ထောက်ပံ့ရေး၊ ဖြည့်တင်းရေး၊ ပစ္စည်းများ ဝယ်ယူဖြည့်တင်း ထုတ်ပေးမည်၊

(ဃ) စစ်မှုထမ်းပို့ဆောင်ရေး၊ စစ်ပစ္စည်းပို့ဆောင်ရေး ကိစ္စများအတွက် ဆောင်ရွက်မည်၊

(င) စစ်အင်ဂျင်နီယာဆိုင်ရာ ကိစ္စရပ်များအတွက် ထိန်းသိမ်းရေးနှင့် ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်မည်၊ ပစ္စည်းအသုံးအဆောင်များ (လေယာဉ်များ၊ သင်္ဘောများ၊ မော်တော်ယာဉ်များ) ပြုပြင် ထိန်းသိမ်းမည်၊

(စ) တပ်မတော်ရှိ တက္ကသိုလ်များ၊ စစ်ကျောင်းကြီးများအတွက် လေ့ကျင့်ရေးဆိုင်ရာကိစ္စများဆောင်ရွက်ခြင်း၊ ပြည်ပသင်တန်းများသို့ ထူးချွန်သည့် အရာရှိ၊ စစ်သည်များစေလွှတ်မည်၊

(ဆ) ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကွပ်ကဲမှုအောက်ရှိ ကာကွယ်ရေးပစ္စည်း စက်ရုံ၊ အလုပ်ရုံများအားခေတ်နှင့် လျော်ညီစွာ တည်ဆောက်ရေး၊

အုပ်ချုပ်မှု၊ လူနေအဆောက်အဦများပါ ဆောက်လုပ်ပေးရေး၊ စက်ပစ္စည်းများ တပ်ဆင်ဖြည့်ဆည်း ထုတ်လုပ်ရေး ဆောင်ရွက်မည်၊

(ဓ) စွမ်းရည်အဆင့် မြှင့်တင်ရေးအတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာ လိုအပ်ချက်များအား နိုင်ငံတကာ တပ်မတော်များနှင့် ပူးပေါင်း ဆောင်ရွက် လေ့ကျင့်မည်၊

(ဈ) တပ်မတော် (ကြည်း၊ ရေ၊ လေ) ၌ လိုအပ်နေသော အုပ်ချုပ်မှု၊ လူနေမှုနှင့် နည်းပညာဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ တပ်တွင်းလမ်းများ ဖောက်လုပ်ခြင်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်မည်၊

(ည) စစ်ဆင်ရေးလမ်း၊ တံတားများ ပြုပြင် ထိန်းသိမ်းမည်၊

(ဋ) နိုင်ငံခြားရှိ တပ်မတော်ပိုင် မြန်မာ (ကြည်း၊ရေ၊ လေ) စစ်သံရုံး အဆောက်အဦများ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆောက်အဦအသစ် ဆောက်လုပ်ခြင်း၊ စစ်သံရုံးအသစ် ဖွင့်လှစ်ခြင်းများ ဆောင်ရွက်မည်၊

(ဌ) တပ်မတော်မှ သိမ်းယူထားသည့်မြေများအတွက် နစ်နာသူများအား လျော်ကြေးများပေးချေရေး ဆောင်ရွက်ခြင်း၊ လယ်ယာမြေ/အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရန်အတွက် အလေးထား ဖြေရှင်းဆောင်ရွက်ပေးမည်၊

(ဍ) စစ်ဝတ်၊ရိက္ခာနှင့်ဆေးဝါးများသာ ထုတ်လုပ်သောတပ်မတော်စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်မည့်စက်ရုံအဆောက်အဦ၊ လူနေအဆောက်အဦ၊ အုပ်ချုပ်မှုအဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် စက်ကိရိယာနှင့်ပရိဘောဂများ တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်မည်၊

(ဎ) တပ်မတော် (ကြည်း၊ရေ၊လေ)အတွက် လိုအပ်သော ရေယာဉ်၊ လေယာဉ်အပါအဝင် စစ်အသုံးအဆောင် ယန္တရားပစ္စည်းများ၊ လက်နက်ခဲယမ်းများ ဖြည့်တင်းဆောင်ရွက်မည်၊

(ဏ) စစ်အင်ဂျင်နီယာဆိုင်ရာယာဉ်များ၊ ယန္တရားများနှင့် အင်ဂျင်နီယာဆိုင်ရာပစ္စည်းများ ဖြည့်တင်းဆောင်ရွက်မည်၊

(တ) ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူဖြည့်တင်းထုတ်ပေးမည်၊

(ထ) စစ်သည်နှင့် မိသားစုများအား ဆေးဝန်ထမ်းတပ်ဖွဲ့ဖြင့် လုံလောက်သော ဆေးအကာအကွယ်ပေး၍ ကုသပေးမည်၊

(ဒ) စစ်သည်နှင့်မိသားစုများအား အနည်းဆုံး အခြေခံပညာအထက်တန်းအောင်မြင်သည်အထိ ပညာရေး ပံ့ပိုးမှုပေးမည်၊

(ဓ) စစ်သည်နှင့်မိသားစုများအား တစ်ဦးချင်း ကျန်းမာ၊ ကြံ့ခိုင်ရန်နှင့် တပ်ဖွဲ့စိတ်များ ကိန်းအောင်းလာစေရန်၊ အားကစားနည်းမျိုးစုံကို ချီးမြှင့်အားပေးမည်၊

(န) စစ်သည်မိသားစုများအား တပ်မတော်သားဘဝကို ဂုဏ်ယူလိုစိတ်၊ မျိုးချစ်စိတ်ထက်သန်ရေး၊ ရေဒီယို၊ ရုပ်/သံ၊ စာနယ်ဇင်း၊ မီဒီယာ ပံ့ပိုးစီစဉ်ပေးခြင်းများ ဆောင်ရွက်မည်၊

(ပ) တပ်မြို့ စည်ပင်သာယာရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ ကြီးကြပ်အကောင်အထည်ဖော်မည်၊

(ဖ) နိုင်ငံတော်ကာကွယ်ရေး တာဝန်ကြောင့် မသန်မစွမ်း ဖြစ်သွားသော တပ်မတော်သားများနှင့် ကျဆုံးသေဆုံးသွားသော တပ်မတော်သားများ၏ မိသားစုဝင်များအား ဥပဒေအရ ထောက်ပံ့စောင့်ရှောက်မည်၊

(ဗ) သဘာဝဘေးဒဏ် ကျရောက်ပါက တတ်စွမ်းသရွေ့ကူညီစောင့်ရှောက်ခြင်း၊ မီးဘေး၊ ရေဘေး၊ လေဘေး၊ သောက်သုံးရေ ရှားပါးမှုဘေး၊ ရောဂါဘေး၊ သဘာဝဘေးအန္တရာယ်ထိခိုက်မှုများ လျော့ပါးစေရန်နှင့် လျင်မြန်စွာ ပြန်လည် ထူထောင်နိုင်ရေး လုပ်ငန်းများကို ဆောင်ရွက်မည်၊

(ဘ) နယ်မြေဒေသအခက်အခဲကြောင့် ကျန်းမာရေး စောင့်ရှောက်မှု နည်းပါးခြင်းကို ဖြည့်ဆည်းပေးရန်အတွက် ဝေးလံသောဒေသများတွင် တပ်မတော်နယ်လှည့်ဆေးကုသမှုအဖွဲ့များဖြင့် လှည့်လည်ကုသခြင်းများကို ဆောင်ရွက်ပေးမည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

ကာကွယ်ရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တပ်မတော်ရှိ တက္ကသိုလ်များ၊ စစ်ကျောင်းကြီးများအတွက် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စများဆောင်ရွက်ခြင်း နှင့် ပြည်ပသင်တန်းများသို့ စေလွှတ်ခြင်း၊

(ခ) စွမ်းရည်အဆင့် မြှင့်တင်ရေးအတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာ လိုအပ်ချက်များအား နိုင်ငံတကာ တပ်မတော်များနှင့် ပူးပေါင်း ဆောင်ရွက်လေ့ကျင့်ခြင်း၊

(ဂ) လယ်ယာမြေ/ အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရန်အတွက် အလေးထား ဖြေရှင်းဆောင်ရွက်ပေးခြင်း၊

(ဃ) မသန်မစွမ်းတပ်မတော်သားများနှင့် ကျဆုံးသေဆုံးသွားသော တပ်မတော်သားများ၏ မိသားစုဝင်များအား ဥပဒေအရ ထောက်ပံ့စောင့်ရှောက်ခြင်း၊

(င) သဘာဝဘေးဒဏ် ကျရောက်ပါက တတ်စွမ်းသရွေ့ကူညီ စောင့်ရှောက်ခြင်း၊ သဘာဝဘေးအန္တရာယ်ထိခိုက်မှုများ လျော့ပါးစေရန်နှင့် လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(စ) ဝေးလံသောဒေသများတွင် တပ်မတော်နယ်လှည့် ဆေးကုသမှုအဖွဲ့များဖြင့် လှည့်လည်ကုသခြင်းများကို ဆောင်ရွက်ပေးခြင်း။

နယ်စပ်ရေးရာဝန်ကြီးဌာန

# နယ်စပ်ရေးရာဝန်ကြီးဌာန

## မူဝါဒ

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ် ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊

(ခ) နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊

(ဂ) နယ်စပ်ဒေသတွင် နေထိုင်သောပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေး၊

(ဃ) နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရေး။

## ရည်မှန်းချက်

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) နယ်စပ်ဒေသ၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်၊

(ခ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(ဂ) နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများတည် ဆောက်ပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊

(င) နယ်စပ်ဒေသများတွင် ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားစေရန်၊

(စ) တိုင်းရင်းသားလူငယ်များ၏ ဘဝနောင်ရေးအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကြောင်းပညာရပ်များ သင်ကြားပေးရန်၊

(ဆ) တိုင်းရင်းသားလူငယ်များ မိမိဒေသ၏ ဖွံ့ဖြိုးရေးတာဝန်များကို အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်စေရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သောလုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ -

(က) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသများ သတ်မှတ်ဆောင်ရွက်မည်၊

(ခ) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တိုနှစ်ရှည် စီမံကိန်းများ ရေးဆွဲ ဆောင်ရွက်မည်၊

(ဂ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ အတည်ပြုချမှတ်ပေးထားသော နှစ်တိုနှစ်ရှည်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(ဃ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက လတ်တလောဆောင်ရွက်ရန် ချမှတ်ပေးသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(င) နယ်စပ်ဒေသများ၏ လူမှုစီးပွားဘဝအခြေခံ အဆောက်အအုံများကို နှစ်အလိုက်စီမံကိန်းများဖြင့် တည်ထောင်ပေးမည်-

(၁) လမ်း/တံတားလုပ်ငန်း

(၂) ရေရရှိရေးလုပ်ငန်း

- စိုက်ပျိုးရေ ရရှိရေး
- သောက်သုံးရေ ရရှိရေး

(၃) လျှပ်စစ်ဓာတ်အားလုပ်ငန်း

- ရေအားလျှပ်စစ်

- ဆိုလာစွမ်းအင်စနစ်

(၄) သာသနာရေးလုပ်ငန်း

(၅) ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်း

- လမ်း/တံတားလုပ်ငန်း
- ပညာရေးလုပ်ငန်း
- ကျန်းမာရေးလုပ်ငန်း
- အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း

(စ) နယ်စပ်ဒေသအသီးသီးတွင် နေထိုင်သော တိုင်းရင်းသားလူငယ်များကို အခြေခံပညာအလယ်တန်းမှ အထက်တန်းအထိ အခမဲ့ ပညာသင်ကြားပေးခြင်းများ ဆောင်ရွက်မည်၊

(ဆ) အခြေခံပညာ အထက်တန်းအောင်မြင်သည့် တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များတွင် အဆင့်မြင့်ပညာများ သင်ကြားပေးခြင်းများ ဆောင်ရွက်မည်၊

(ဇ) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ အတူတကွနေထိုင် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ရင်းနှီး ချစ်ကြည်စေပြီး ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲလာစေရန် ပြုစုပျိုးထောင်ပေးခြင်းများ ဆောင်ရွက်မည်၊

(ဈ) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အသိစိတ်ဓာတ်များ ကိန်းအောင်းစေရန် ပျိုးထောင်ပေးခြင်းများ ဆောင်ရွက်မည်၊

(ည) အဆင့်မြင့်ပညာရပ်များ တတ်မြောက်ပြီးချိန်တွင် ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ခန့်အပ်၍ မိမိဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်စေမည်၊

(ဋ) နယ်စပ်ဒေသရှိတိုင်းရင်းသူများကို အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာရပ်များ သင်ကြားပေးခြင်းနှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကြောင်း

ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေး ထူထောင်နိုင်သည်အထိ ပံ့ပိုးဆောင်ရွက်ပေးမည်၊

(ဌ) နယ်စပ်ဒေသရှိ တိုင်းရင်းသားများကို စက်မှုလက်မှုပညာရပ်များ သင်ကြားပေးခြင်းဖြင့် ဒေသတွင်း ကျွမ်းကျင်လုပ်သားများ ဖြစ်ထွန်းလာစေပြီး အသေးစား ကုန်ထုတ်လုပ်ငန်းများနှင့် အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးမည်၊

(ဍ) ဖွံ့ဖြိုးရေးဒေသရှိ တိုင်းရင်းသားလူမျိုးများ ဗဟုသုတပွားများစေရေး ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များချမှတ်ပေးခြင်းများ ဆောင်ရွက်မည်၊

(ဎ) တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသား လူမျိုးရေးရာ ကိစ္စရပ်များကို အလေးထား ဆောင်ရွက်မည်၊

(ဏ) နယ်စပ်ဒေသများတွင် ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(တ) ဘိန်းစိုက်ပျိုးခြင်းအစား စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ထူထောင်ပေးခြင်းများ ဆောင်ရွက်မည်၊

(ထ) နယ်ခြားနယ်နိမိတ် ကျောက်တိုင်များ၊ အထိမ်းအမှတ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်မည်၊

(ဒ) နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်မည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လူမှုစီးပွားဘဝ အခြေခံအဆောက်အဦများဖြစ်သည့် လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လျှပ်စစ်ဓါတ်အားရရှိရေး၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ခြင်း၊

(ခ) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်းများ တည်ဆောက်ခြင်း။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

## နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

### မူဝါဒ

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊

(ဂ) ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး၊

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး။

### ရည်မှန်းချက်

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရန်၊

(ခ) ပြည်သူအများ လိုလားတောင့်တနေကြသော စစ်မှန်သည့် ဒီမိုကရေစီ ဖယ်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကို ခိုင်မာစွာ တည်ဆောက်နိုင်ရန်။

### လုပ်ငန်းစဉ်

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညှိ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစု တင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊

အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှား ပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုအကြို ပင်လုံအောင်မြင်စွာ ကျင်းပရေး ဆောင်ရွက်မည်၊

(ခ) နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ကြား လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးမည်၊

(ဂ) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးသော အခြားလုပ်ငန်း တာဝန်များကို ဆောင်ရွက်ပေးမည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့်လုပ်ငန်းများ**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ- ၂၁ ရာစုအကြို ပင်လုံ အောင်မြင်စွာ ကျင်းပရေး ဆောင်ရွက်ခြင်း။

# ပြန်ကြားရေးဝန်ကြီးဌာန

## ပြန်ကြားရေးဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တသည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် မူဝါဒများနှင့်ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) ဥပဒေပြုရေးမဏ္ဍိုင်၊အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆီလျော်ညီညွတ်စွာ ပြန်ကြားပေးရေး၊

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ အကျိုးစီးပွားနှင့် သက်ဆိုင်သည့်အကြောင်းအရာများနှင့် အရေးကြီးသည့် အသိပေးကြေညာချက်များကို ပြန်ကြားပေးရေးနှင့် အသိပညာပေးရေး၊

(ဂ) အများပြည်သူအား ဝန်ဆောင်မှု၊ ဖျော်ဖြေမှု၊ အသိဉာဏ်ပညာနှင့် သတင်းအချက်အလက်ပေးမည့် အစီအစဉ်များကို ပြည့်စုံစွာဖော်ပြခြင်း၊ ပုဂ္ဂလိကမီဒီယာများမှအများပြည်သူအကျိုးငှာ ဖော်ပြနိုင်ခြင်းမရှိသည့် အစီအစဉ်များကို ဖြည့်စွက်ပေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်နှင့်အကျိုးစီးပွားများအား ဖြည့်ဆည်းပေးရေး၊

(ဃ) လူတစ်ဦးချင်းအတွက်ဖြစ်စေ၊ အစုအဖွဲ့အတွက်ဖြစ်စေ အားလပ်ချိန်နှင့် အပန်းဖြေမှုအပါအဝင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ လိုအပ်ချက်များကို လူမှုအခြေပြုဌာန (Community Center) နှင့် လူမှုအခြေပြု စာကြည့်တိုက် (Community Library) များထူထောင်၍ ဖြည့်ဆည်းပေးရေး၊

(င) အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး၊ ကျား/ မ မရွေး၊ ဘာသာစကားသို့မဟုတ် လူမှုအဆင့်အတန်းမရွေး တူညီသောအခြေခံဖြင့် ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ကျေးလက်နှင့်မြို့ပြဒေသများရှိ လူထု၏ ကွဲပြားခြားနားသော လိုအပ်ချက်များနှင့် လိုက်လျောညီထွေဆောင်ရွက်ပေးရေး။

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေး ကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းလုပ်ငန်းအဖြစ် ကြိုတင်ပြင်ဆင် ပြောင်းလဲဖွဲ့စည်းသင့်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရန်၊

(ခ) အများပြည်သူဝန်ဆောင်မှုရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း အခြေခံမူများနှင့်အညီ အစီအစဉ်ထုတ်လုပ်မှု၊ ထုတ်လွှင့်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဂ) ပြောင်းလဲတိုးတက်နေသည့် သတင်းအချက်အလက် နည်းပညာများနှင့်အညီ သမားရိုးကျ မီဒီယာထုတ်လွှင့်မှု (Traditional media) နှင့် မီဒီယာပုံစံအသစ် (New Media) တို့ကိုပေါင်းစည်းပြီး ရေရှည်ရပ်တည်ဖွံ့ဖြိုးနိုင်ရေးဆောင်ရွက်ရန်၊

(ဃ) ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်ခြင်းများကို ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲနိုင်ရေးနှင့် High Definition Stereo စနစ်သို့ ပြောင်းလဲထုတ်လွှင့်ရေး ဆောင်ရွက်ရန်၊

(င) ဒေသတွင်းနှင့် နိုင်ငံတကာရှိ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း အဖွဲ့အစည်းများ၏ လေ့လာသုတေသနပြုတွေ့ရှိသည့် နည်းပညာပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်လာမှုများနှင့် စံသတ်မှတ်ချက်များအပေါ် လိုက်လျောညီထွေစွာ ပြောင်းလဲဆောင်ရွက်ရန်၊

(စ) ပြည်တွင်းရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် အခြေခံအဆောက်အဦများ တိုးချဲ့တည်ဆောက်ရန်၊

(ဆ) ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်သော ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်း လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေး ဆောင်ရွက်ရန်၊

(ဓ) ခရိုင်နှင့်မြို့နယ်ရုံး စာကြည့်တိုက်များကို ပြည်သူများအမှန်တကယ် အားကိုးအားထားပြုနိုင်သည့် လူမှုအခြေပြုဌာန (Community Center) နှင့် လူမှုအခြေပြု စာကြည့်တိုက် (Community Library)များအဖြစ် တည်ထောင်ဖွင့်လှစ်ရန်၊

(ဈ) ရုပ်ရှင်ဥပဒေ ပေါ်ပေါက်လာရေးနှင့် ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးမြှင့်တင်ရန်၊

(ည) ပြည်သူများအား သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတများ ဖြန့်ဖြူးရာတွင် သမားရိုးကျနည်း (Traditional Method) များဖြင့်သာမက ခေတ်မီဒီဂျစ်တယ်(Digital) နည်းပညာရပ်များ၊ သတင်းအချက်အလက် နည်းပညာရပ်များ(Information Technology) ဖြင့်ပါ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ(Infrastructures)များနှင့် နည်းပညာဆိုင်ရာဝန်ဆောင်မှုများကို ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးမှုအစီအစဉ် (Development Programme) များ တိုးမြှင့်ဆောင်ရွက်ရန်၊

(ဋ) ဝန်ထမ်းများအား အသိပညာဖြန့်ဝေပေးသူ (Knowledge Provider)၊ သတင်းအချက်အလက် ဖြန့်ဝေပေးသူ (Information Provider) အဖြစ် လေ့ကျင့်ပြုစုပျိုးထောင်ပေးရေးအတွက် လိုအပ်သည့်သင်တန်းများ ဖွင့်လှစ် သင်ကြားပေးရန်၊

(ဌ) ကောင်းမွန်သည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်၍ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာန၏ ပုံရိပ်မြှင့်တင် ဆောင်ရွက်ရန်၊

(ဍ) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် အကျိုးသက်ရောက်မှုများအပေါ် ရှုထောင့်စုံမှ သုံးသပ်ဆောင်ရွက်နိုင်ရေးအတွက် သုတေသန စာတမ်းများ ရေးသားခြင်းနှင့် စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ သုတေသန တွေ့ရှိချက်များအား ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဎ) ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများအား ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းများ ဆောင်ရွက်၍ စာနယ်ဇင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်ရန်၊

(ဏ) မြန်မာစာပေ၊ တိုင်းရင်းသားစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတမ်းဖတ်ပွဲများ၊ စာအုပ်ဈေးရောင်း ပွဲတော်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပပြုလုပ်

၍ ပြည်သူများအား စာဖတ်သည့် အလေ့အထကောင်းများ ပေါ်ပေါက်လာရေး အတွက် နှိုးဆော်ဆောင်ရွက်ရန်၊

(တ) ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် သုတ၊ ရသ စာအုပ်များ ပြန်လည် ထုတ်ဝေနိုင်ရေး ဆောင်ရွက်ရန်၊

(ထ) e-Government၊ Digital နည်းပညာများဖြင့် လုံခြုံရေးနှင့်သက်ဆိုင်သော လုပ်ငန်းများ၊ စီးပွားရေးနှင့်သက်ဆိုင်သော လုပ်ငန်းများနှင့် စက်မှုနှင့် သက်ဆိုင် သော ပုံနှိပ်လုပ်ငန်းများကို တစ်နေရာတည်း ဆောင်ရွက်နိုင်သည့် ပုံနှိပ်လုပ်ငန်း ဆိုင်ရာ စီးပွားရေးဇုန်(Press Industrial Zone) ထူထောင် ဆောင်ရွက်ရန်၊

(ဒ) အစိုးရဝန်ကြီးဌာန အသီးသီးမှ ဆောင်ရွက်နေသည့် ပုံနှိပ်လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရန်၊

(ဓ) အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံအား Public Private Partnership ဆောင်ရွက်ရန်၊

(န) ဗဟိုပုံနှိပ်စက်ရုံနှင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတို့ကို စက်ရုံတစ်ရုံတည်း ပေါင်းစည်း၍ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနကို ရုံးချုပ်၊ စာပေဌာနခွဲ (စာပေဗိမာန်)၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ နေပြည်တော်ပုံနှိပ်စက်ရုံတို့ဖြင့် ကျစ်လစ်အောင် ပြန်လည် ဖွဲ့စည်း ဆောင်ရွက်ရန်၊

(ပ) စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ (ရန်ကုန်) တွင် ပြည်တွင်း/ပြည်ပထုတ် သုတ၊ ရသစာစောင်များ စုံလင်စွာရောင်းချနိုင်ရေး၊ စာအုပ်ရောင်းချ/ လက်ကျန် အခြေအနေကို အချိန်နှင့်တစ်ပြေးညီ Online မှ ကြည့်ရှုနိုင်ရေး ဆောင်ရွက်ရန်၊

(ဖ) မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများအား ပြည်သူများဖတ်ရှုသည့် အဓိကသတင်းစာ(၂)စောင်အဖြစ် ဆက်လက်ရပ်တည်နိုင်ရေး ဆောင်ရွက်ရန်၊

(ဗ) ပုဂ္ဂလိကနှင့် ဖက်စပ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနေသော GNLM သတင်းစာအား မြန်မာနိုင်ငံ၏ အခြေအနေကို ထင်ဟပ်ပေါ်လွင်စေသည့် နိုင်ငံတကာ အဆင့်အတန်းမီ သတင်းစာတစ်စောင်အဖြစ် ရပ်တည်နိုင်ရေး ဆောင်ရွက်သွားရန်၊

(ဘ) လက်ရှိထုတ်ဝေနေသော မြန်မာနှင့်အင်္ဂလိပ် သတင်းစာများကို Digital သတင်းစာအဖြစ်ပါ ပြောင်းလဲနိုင်ရေး ဆောင်ရွက်ရန်၊

(မ) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကိုယ်ပွားသတင်းစာတိုက်များတွင် ရောင်စုံ သတင်းစာ ပုံနှိပ်ထုတ်ဝေနိုင်ရေးနှင့် တိုင်းရင်းသားဘာသာဖြင့်ပါ ပုံနှိပ်ထုတ်ဝေ နိုင်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ တိုင်းရင်းသားစာပေ ပညာရှင် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်၊

(ယ) ကျေးလက်နေပြည်သူများကို သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ ရရှိ စေရန်၊ အသိပညာဝန်ဆောင်မှု ပေးနိုင်ရန်အတွက် ကျေးလက်ဒေသအထိ သတင်းစာများ ရောက်ရှိအောင် ဖြန့်ချိနိုင်ရေး ဆောင်ရွက်ရန်၊

(ရ) e-Government လုပ်ငန်းများကို အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှား ပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) **ဝန်ကြီးရုံး**

(၁) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (HRD) သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဝန်ကြီးဌာန၏ဥပဒေ၊ နည်းဥပဒေ၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြည်တွင်း/ပြည်ပသင်တန်းများ စီစဉ်ဆောင်ရွက် မည်။

(ခ) **မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာန**

(၁) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Multi Channel Playout System တွင် ရုပ်သံလိုင်းထည့်သွင်း ထုတ်လွှင့်ခြင်းလုပ်ငန်း (Content Provider) များအဖြစ် ဆောင်ရွက်လိုသူများအား ရုပ်သံလိုင်း (၅) လိုင်းကို ခွဲဝေ လုပ်ကိုင်ခွင့်ပေးခြင်း ဆောင်ရွက်မည်၊

(၂) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ပြင်ဆင်သည့် ဥပဒေ၊ နည်းဥပဒေနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူ ဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းအဖြစ်သို့ ပြောင်းလဲမည့် ဥပဒေများရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးကိစ္စများ ဆောင်ရွက်မည်၊

(၃) ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ အသစ်များတိုးချဲ့ဆောက်လုပ်ခြင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်မည်၊

(၄) Analogue Switch Off လုပ်ငန်းစဉ်အတွက် တပ်ဆင်ရန် လိုအပ်သည့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (၂၅) ရုံတွင် Digital DVB-T2 ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်များ ဝယ်ယူတပ်ဆင်မည်၊

(၅) ရေဒီယိုထုတ်လွှင့်မှု ပိုမိုပျံ့နှံ့စေရန် FM Radio လွှင့်စက်များကို ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (၁၃) ရုံတွင် တိုးချဲ့ တပ်ဆင်မည်၊

(၆) လွှတ်တော် Channel ထုတ်လွှင့်ရန်အတွက် လွှတ်တော်ဝင်းအတွင်း Flyaway System (၁) ခု တည်ဆောက်မည်၊

(၇) နေပြည်တော်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရုံးချုပ်) ရှိ ရေဒီယို ထုတ်လွှင့်နေသော လက်ရှိရေဒီယိုစနစ်အား Upgrade ပြုလုပ်မည်၊

(၈) နိုင်ငံတကာသတင်းဌာနများမှ သတင်းအချက်အလက်များဝယ်ယူခြင်းနှင့် ပြောင်းလဲလာသည့် နည်းပညာများအသုံးပြု၍ သတင်းများရယူထုတ်လွှင့်ခြင်း၊ ဒေသတွင်းနှင့်နိုင်ငံတကာအစည်းအဝေးပွဲများ၊ အားကစားပွဲများ၊ ညီလာခံများသို့ သွားရောက် သတင်းရယူမည်၊

(၉) ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ဖိတ်ခေါ်ဆွေးနွေးပွဲများ၊ နိုင်ငံတကာနှင့် ဒေသတွင်း အဆင့်မြင့် အလုပ်ရုံဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဆောင်ရွက်မည်၊

(၁၀) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်း/ပြည်ပ သို့သင်တန်းများ စေလွှတ်ခြင်းနှင့် နိုင်ငံတကာနှင့် ဒေသတွင်းမှ ပညာရှင်များ ဖိတ်ကြား၍ လေ့ကျင့်သင်ကြားပေးမှုများ ဆောင်ရွက်မည်၊

(၁၁) လူမှုအသိုက်အဝန်းအတွက် လိုအပ်သော သတင်းအချက်အလက်များ ဖြန့်ဝေပေးရန် ရည်ရွယ်၍ ပြည်သူ့အခြေပြု အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းတည်ထောင်ပြီး စီမံခန့်ခွဲအုပ်ချုပ်သော အကျိုးအမြတ်ကို ရှေ့ရှုခြင်း မရှိသည့် Community Radio များတည်ထောင်နိုင်ရန် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၁၂) e-Government လုပ်ငန်းများ အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဂ) **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

(၁) တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ခရိုင်ရုံး၊ မြို့နယ်/မြို့ရုံး၊ ဒက္ခိဏခရိုင်တွင် သင်တန်းကျောင်းနှင့် စတူဒီယိုအဆောက်အဦ တည်ဆောက်ခြင်း၊ မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်မည်၊

(၂) တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရိုင်/ မြို့နယ်ရုံး(၆)ရုံးတွင် စာကြည့်တိုက်များအား Community Center နှင့်Community Library များ အဖြစ် ဆောင်ရွက်မည်၊

(၃) ရုံးပေါင်း (၈၆) ရုံးကို Modem စက် အသုံးပြု၍ ADSL အင်တာနက်လိုင်း ရရှိရေး ဆောင်ရွက်မည်၊

(၄) ခရိုင်နှင့်မြို့နယ်ရုံး စာကြည့်တိုက်များ၏ ဥပမိရုပ်နှင့်စာကြည့်တိုက် အခင်းအကျင်းပုံစံများ ပြောင်းလဲရေး၊ စာကြည့်တိုက်လုပ်ငန်း စနစ်များအား သမားရိုးကျနည်း(Traditional Method) မှ ဒစ်ဂျစ်တယ် အသုံးပြုနည်းလမ်း (Digital Method) သို့ကူးပြောင်းရေး၊ စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးတို့အတွက် ပထမအဆင့်အဖြစ် "က" အဆင့် ရုံး(၃၀) ရုံးကို အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၅) ပြည်သူများအား စာပေဖတ်ရှုလေ့လာစေရေး၊ လူ့ကျင့်ဝတ်၊လူ့သိက္ခာနှင့် ပြည်သူ့နီတိကျင့်ဝတ်များပါ Civic Duty နှင့်ပတ်သက်သည့် ဗဟုသုတများကို ဗီဒီယိုဇာတ်လမ်းများ ရိုက်ကူး၍ ထုတ်လွှင့်ပြသခြင်း ဆောင်ရွက်မည်၊

(၆) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူစည်ကားရာ ဖြစ်သောကားဂိတ်၊ လေဆိပ်၊ သင်္ဘောဆိပ်များတွင် စာပေရေချမ်းစင် (Book corner) (၇၂)ခု ဖွင့်လှစ်၍ ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုနိုင်ရန် ဆောင်ရွက်မည်၊

(၇) ပြည်တွင်းသတင်းများ၊ မိုးလေဝသသတင်းများနှင့် ထူးခြားဖြစ်စဉ်များကို ပြည်သူများ အချိန်ကိုက် သိရှိစေရန် Call Center တစ်ခုကို Blue Ocean ကုမ္ပဏီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၈) နေ့ကြီးရက်ကြီးများနှင့် နိုင်ငံတော်နေ့ထူးနေ့မြတ် အခါသမယများတွင် ပြပွဲ/ ပြခန်းများ ခင်းကျင်းပြသခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ လက်ကမ်း စာစောင်၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသ ဖြန့်ဝေခြင်း ဆောင်ရွက်မည်၊

(၉) ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများဖြစ်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေး၊ HIV၊ AIDS ရောဂါများ ကာကွယ်ရေးတို့နှင့် ပတ်သက်သည့် အကြောင်းအရာများအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပညာပေးဆောင်ရွက်မည်၊

(၁၀) နံရံကပ် စာပေရေချမ်းစင် (၅,၈၂၀)တွင် ဘာသာရပ်(၁၃)မျိုးအား တစ်ကြိမ်လျှင် စာစဉ် (၄၅၀,၀၀၀) အုပ်ခန့် ပုံနှိပ်ထုတ်ဝေ၍ ပြည်သူလူထုအား အသိပညာမြင့်မားရေးနှင့် ဒို့ကျေးရွာဂျာနယ်ကို တစ်ကြိမ်လျှင် အစောင်ရေ ၄၀,၀၀၀ ခန့်ဖြင့် တစ်နှစ်လျှင် (၂၄) ကြိမ် ထုတ်ဝေခြင်း ဆောင်ရွက်မည်၊

(၁၁ ) ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက်များတွင် လစဉ်သုတ/ ရသစာအုပ်များ ပိုမို ဝယ်ယူဖြည့်တင်းပေးနိုင်ရေးအတွက် ရန်ပုံငွေများ ပိုမိုဖြည့်တင်း

ဆောင်ရွက်ပေးခြင်းနှင့် စာအုပ်စာစောင်များပိုမို ဝယ်ယူဖြည့်တင်းပေးခြင်း ဆောင်ရွက်မည်၊

(၁၂) ပြည်သူများ အသိပညာမြင့်မားရေးဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖြစ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းစသည့် ပြည်တွင်း မိတ်ဖက်အဖွဲ့အစည်းများ သာမက ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့၊ Beyond Access စသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်း ဆောင်ရွက်မည်၊

(၁၃) MOI Web Portal တွင် သတင်းအချက်အလက်များ Online မှ အလွယ်တကူ ရှာဖွေရယူနိုင်ရန်အတွက် e-Service ဆောင်ရွက်ပေးခြင်း၊ English Version Webpage ဖြင့် နိုင်ငံတကာမှ ကြည့်ရှုနိုင်ရန် ဆောင်ရွက်မည်၊

(၁၄) ပြည်သူများစာဖတ်ရှုနိုင်မြင့်တက်စေရေးနှင့် ကျောင်းသား/ကျောင်းသူများ စာဖတ်ရှုနိုင်မြင့်မားလာရေးအတွက် စာဖတ်ရှုနိုင်မြှင့်တင်ရေး ပွဲတော်များကို တိုင်းဒေသ ကြီး/ ပြည်နယ်များတွင် ကျင်းပဆောင်ရွက်မည်၊

(၁၅) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် အကျိုးသက်ရောက်မှုများအပေါ် ရှုထောင့်စုံမှ သုံးသပ်ဆောင်ရွက်နိုင်ရေး အတွက်သုတေသနစာတမ်းများ ရေးသားပြုစုဆောင်ရွက်ခြင်း၊ သုတေသနဆိုင်ရာစာတမ်းဖတ်ပွဲများ၊ သင်တန်းများကျင်းပခြင်း၊ သုတေသနပြုလုပ်ချက်များ ထွက်ပေါ်လာသည့် သတင်းအချက်အလက်များကို စနစ်တကျ ထိန်းသိမ်းခြင်း/ဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်မည်၊

(၁၆) ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်း၍ တစ်လလျှင် ဆွေးနွေးပွဲ (၄)ကြိမ် ကျင်းပပြုလုပ်ခြင်း ဆောင်ရွက်မည်၊

(၁၇) ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေပါ ပြဋ္ဌာန်းချက်အချို့အား ပြင်ဆင် ပြဋ္ဌာန်းဆောင်ရွက်မည်၊

(၁၈) ရုပ်ရှင်ဥပဒေ ရေးဆွဲ ပြဋ္ဌာန်း ဆောင်ရွက်မည်၊

(၁၉) ရန်ကုန်မြို့၊ ဝဇီရာရုပ်ရှင်ရုံအား ပြည်ပအကူအညီဖြင့် နိုင်ငံတကာ အဆင့်မီ Red Carpet Cinema အဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်မည်၊

(၂၀) ရုပ်ရှင်ဇာတ်ကားအဟောင်းများကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်းနှင့် ဖလင်ပိုင်ဆိုင်မှုကတ်တိုက်အား အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်မည်၊

(၂၁) e-Government လုပ်ငန်းနှင့် Web portal လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် GIS လုပ်ငန်းများ၊ e - Library လုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်မည်။

(ဃ) **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

(၁) ပုံနှိပ်လုပ်ငန်း အရည်အသွေးမြှင့်တင်နိုင်ရန်အတွက် စက်အသစ်များ လဲလှယ်ဖြည့်တင်းခြင်း၊ စက်ရုံများ၊ ဂိုဒေါင်များ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်၊

(၂) စာပေဗိမာန် အဆောက်အဦ ဥပမိရပ် ကောင်းမွန်စေရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပရိဘောဂများ ဖြည့်တင်းခြင်းများ ဆောင်ရွက်မည်၊

(၃) စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် (ရန်ကုန်နှင့်မန္တလေး) တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်၊

(၄) ရုံးလုပ်ငန်းများတွင် လိုအပ်သော ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများ ဝယ်ယူခြင်း၊ မော်တော်ယာဉ်အသစ်များ ဝယ်ယူခြင်းနှင့် အကြီးစားပြင်ဆင်ခြင်း တို့ကို ဆောင်ရွက်မည်၊

(၅) ပညာရေးဝန်ကြီးဌာနအတွက် လိုအပ်သော ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ထုတ်လုပ်ခြင်း ဆောင်ရွက်မည်၊

(၆) ဘာသာပြန်ဌာနစုမှ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်(၁၅)အုပ် ဝယ်ယူခြင်း၊ စာအုပ်(၁၁)အုပ်ကို ဘာသာပြန်ဆိုခြင်း၊ ဘာသာပြန်ဆိုပြီး စာအုပ်များ ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်၊

(၇) စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲပူးတွဲလျက် (၃) ကြိမ် ကျင်းပခြင်း၊ Week-end စာအုပ်ဈေးတန်း ဖွင့်လှစ်ရေးဆောင်ရွက်မည်၊

(၈) မြန်မာလူငယ်များ တိုးတက်ကြီးပွားရန် ဖတ်ရှုသင့်သည့် စာအုပ်(၁၀၀) ရွေးချယ်၍ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ တစ်လလျှင် (၂) အုပ်နှုန်းဖြင့် ပြန်လည်ထုတ်ဝေဖြန့်ချိခြင်းနှင့် မြန်မာတို့၏ စရိုက်လက္ခဏာများ၊ ယဉ်ကျေးမှု အဆင့်အတန်းကို စာအုပ်(၁) အုပ်တည်း ဖတ်ရှုရုံဖြင့် သိနိုင်သည့် စာအုပ်ပြုစု ထုတ်ဝေရေး ဆောင်ရွက်မည်၊

(၉) အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံအား ပုဂ္ဂလိကနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (သို့မဟုတ်) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသို့ လွှဲပြောင်းပေး အပ်ခြင်း ဆောင်ရွက်မည်၊

(၁၀) စာပေဗိမာန် ပုံနှိပ်စက်ရုံနှင့် အောင်ဆန်း ပုံနှိပ်စက်ရုံတို့ကို ပေါင်းစည်း၍ ပုဂ္ဂလိ ကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်၊

(၁၁) ဗဟိုပုံနှိပ်စက်ရုံနှင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတို့ကို စက်ရုံတစ်ရုံတည်းအဖြစ် ပေါင်းစည်းခြင်း နှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနကို ရုံးချုပ်၊ စာပေဌာနခွဲ (စာပေဗိမာန်)၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ နေပြည်တော်ပုံနှိပ်စက်ရုံတို့ဖြင့် ကျစ်လျစ်အောင် ဖွဲ့စည်းဆောင်ရွက်မည်၊

(၁၂) မြန်မာ့စွယ်စုံကျမ်းစာအုပ် ပြုစုထုတ်ဝေရေး ဆောင်ရွက်မည်၊

(၁၃) အပတ်စဉ်ထုတ်ဝေနေသော ရွှေသွေးဂျာနယ်ကို အဆင့်မြှင့်တင် ထုတ်ဝေရေးဆောင်ရွက်မည်၊

(၁၄) စာပေဗိမာန်၏ စာပေဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် လိုအပ်သော အရာထမ်းများ ဖြည့်တင်း ခန့်ထားနိုင်ရေး ဆောင်ရွက်မည်။

(င) **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

(၁) သတင်းစာတိုက်များတွင် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းများ ဝယ်ယူခြင်း ဆောင်ရွက်မည်၊

(၂) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသော Digital Newspaper လုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင် ဆက်လက် ဆောင်ရွက်မည်၊

(၃) ရန်ကုန်မြို့၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် (၁၆)မျက်နှာ ရောင်စုံ ပုံနှိပ်နိုင်သော ပုံနှိပ်စက်အား (၃၂) မျက်နှာရောင်စုံပုံနှိပ်နိုင်သော ပုံနှိပ်စက် အဖြစ် အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်မည်၊

(၄) ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင် (၁၆)မျက်နှာ ရောင်စုံပုံနှိပ်နိုင် သော ပုံနှိပ်စက်အား (၃၂)မျက်နှာရောင်စုံ ပုံနှိပ်နိုင်သော ပုံနှိပ်စက်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် လိုအပ်သောစက်ပစ္စည်းများ ဝယ်ယူ ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်မည်၊

(၅) The Global New Light of Myanmar သတင်းစာအား နိုင်ငံ၏ အဓိကအင်္ဂလိပ်သတင်းစာအဖြစ် ရပ်တည်နိုင်ရေး ပြင်ဆင် ဆောင်ရွက် မည်၊

(၆) ပြည်နယ်ကိုယ်ပွားသတင်းစာတိုက်များမှ ထုတ်ဝေသည့် နေ့စဉ်ထုတ် သတင်းစာ (၂)စောင်ကို ကျေးလက်ဒေသအထိ ရောက်ရှိရေးအတွက် တိုင်း ဒေသကြီး/ ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း ဆောင်ရွက်မည်။

**၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ**

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Multi Channel Playout System တွင် ရုပ်သံလိုင်းထည့်သွင်း ထုတ်လွှင့်ခြင်းလုပ်ငန်း (Content Provider) များ အဖြစ် ဆောင်ရွက်လိုသူများအား ရုပ်သံလိုင်း (၅) လိုင်းကို ခွဲဝေလုပ်ကိုင်ခွင့် ပေးခြင်း၊

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ပြင်ဆင်သည့် ဥပဒေ၊ နည်းဥပဒေနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းအဖြစ်သို့ ပြောင်းလဲမည့်ဥပဒေ များရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးကိစ္စများ ဆောင်ရွက်ခြင်း၊

(ဂ) ADSL အင်တာနက်လိုင်း တပ်ဆင်ရန် ကျန်ရှိသောခရိုင်နှင့်မြို့နယ် (၂၂၆) ရုံးအနက် ရုံးပေါင်း (၈၆) ရုံးကို Modem စက် အသုံးပြု၍ အင်တာနက်လိုင်း ရရှိရေး ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းသတင်းများ၊ မိုးလေဝသသတင်းများနှင့် ထူးခြားဖြစ်စဉ်များကို ပြည်သူများ အချိန်ကိုက်သိရှိစေရန် Call Center တစ်ခုကို Blue Ocean ကုမ္ပဏီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေပါ ပြဋ္ဌာန်းချက်အချို့အား ပြင်ဆင်ပြဋ္ဌာန်းခြင်း၊

(စ) ရုပ်ရှင်ဥပဒေ ရေးဆွဲ ပြဋ္ဌာန်းခြင်း၊

(ဆ) MOI Web Portal တွင် သတင်းအချက်အလက်များ Online မှ အလွယ်တကူ ရှာဖွေရယူနိုင်ရန်အတွက် e-Service ဆောင်ရွက်ပေးခြင်း၊ English Version Webpage ဖြင့် နိုင်ငံတကာမှ ကြည့်ရှုနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဇ) ရန်ကုန်မြို့၊ ဝဇီရာရုပ်ရှင်ရုံအား ပြည်ပအကူအညီဖြင့် နိုင်ငံတကာအဆင့်မီ Red Carpet Cinema အဖြစ် အဆင့်မြှင့်တင်ခြင်း၊

(ဈ) စာပေဗိမာန်ပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့ကို ပေါင်းစည်း၍ ပုဂ္ဂလိကနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) မြန်မာ့စွယ်စုံကျမ်းစာအုပ် ပြုစုထုတ်ဝေရေး ဆောင်ရွက်ခြင်း၊

(ဋ) The Global New Light of Myanmar သတင်းစာအား နိုင်ငံ၏ အဓိက အင်္ဂလိပ်သတင်းစာအဖြစ် ရပ်တည်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဌ) ပြည်နယ်ကိုယ်ပွားသတင်းစာတိုက်များမှ ထုတ်ဝေသည့် နေ့စဉ်ထုတ် သတင်းစာ (၂)စောင်ကို ကျေးလက်ဒေသအထိ ရောက်ရှိရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားတိုင်း ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပြုရေး၊ ဘာသာဝင်များအချင်းချင်း ချစ်ကြည်ရင်းနှီးစွာနေထိုင်ရေးနှင့် ကူညီ စောင့်ရှောက်ရေး၊

(ခ) ဗုဒ္ဓဘာသာသာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားစေရေး၊ ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်ရေးနှင့် ထောက်ပံ့ကူညီ ဆောင်ရွက်ပေးရေး၊

(ဂ) ကိုယ်ကျင့်တရား ကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရန် စီမံဆောင်ရွက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ သာသနာရေးဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊

(ဃ) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရန် ဆောင်ရွက်ရေး၊

(င) သမိုင်းဝင် ရှေးဟောင်းဒေသများ၊ အဆောက်အအုံများနှင့် ပစ္စည်းများစသည့် ရှေးဟောင်းအမွေအနှစ်များ ရှာဖွေ/ ဖော်ထုတ်/ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး၊

(စ) ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ရေးနှင့် တစ်ဆက်တစ်စပ်တည်းသော ခိုင်မာသည့် မြန်မာ့သမိုင်းစဉ်ဖော်ထုတ်ရေးအတွက် အထောက်အကူ ဖြစ်စေရေး၊

(ဆ) ပြည်တွင်း/ပြည်ပ ယဉ်ကျေးမှု အမွေအနှစ်များ၊ စာပေအမွေအနှစ်များ၊ အထောက်အထား အချက်အလက်များ စုဆောင်းထိန်းသိမ်း ဝန်ဆောင်မှုပေးရာ ပြတိုက်နှင့်

စာကြည့်တိုက်များကို ဗဟိုဌာနအဖြစ် ရပ်တည်၍ သတင်းအချက်အလက်များအား ဝန်ဆောင်မှုပေးရေး၊

(ဓ) ယဉ်ကျေးမှုဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ မွေးထုတ်ပေးရေး။

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစားပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အသိအမှတ်ပြုထားသော ဘာသာအသီးသီးအား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရရှိရေး ကူညီဆောင်ရွက်ရန်၊

(ခ) ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး၊ ဘာသာအသီးသီး၏ နေ့ထူးနေ့မြတ်များ သတ်မှတ်ရေး နှင့် အခမ်းအနားများ ကျင်းပရေး ကူညီဆောင်ရွက်ရန်၊

(ဂ) နယ်စပ်တောင်တန်းဒေသနှင့် ဝေးလံခေါင်သီသောဒေသများရှိ သာသနာပြုလုပ်ငန်းများအား ထောက်ပံ့ကူညီစောင့်ရှောက်ရန်၊

(ဃ) ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဆုံးဖြတ်ချက်များကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် သာသနာရေးဆိုင်ရာ မှုခင်းများ လျော့နည်းကျဆင်းစေရေး စီမံဆောင်ရွက်ရန်၊

(င) ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားစေရေးအတွက် ပရိယတ္တိစာမေးပွဲများ စနစ်တကျ ကျင်းပရန်နှင့် သာသနာ့တက္ကသိုလ်များ၊ ပရိယတ္တိစာသင်တိုက်များ၊ ကမ္မဋ္ဌာန်းရိပ်သာများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ရန်၊

(စ) ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ဒေသအသီးသီးတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဆ) သမိုင်းဝင်ထင်ရှားသည့် သာသနိက အဆောက်အဦများ၊ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အဦများ၊ ရှေးဟောင်းပစ္စည်းများ အပါအဝင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်း မွမ်းမံ စောင့်ရှောက်ရန်၊

(ဇ) အနုပညာအထက်တန်းကျောင်းများမှအနုပညာရှင်မျိုးဆက်သစ်များကို အဆင့်မြင့် လေ့ကျင့်မွေးထုတ်ပေးရန် နှင့် နိုင်ငံအချင်းချင်း ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(ဈ) ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ရာတွင် ကွင်းဆင်းလေ့လာရန်၊ မှတ်တမ်းတင် သုတေသနပြုရန်နှင့် အမွေအနှစ်ဇုန်နယ်မြေများ သတ်မှတ် ကာကွယ် စောင့်ရှောက်ရန်၊

(ည) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ တင်သွင်းရေးနှင့် အမျိုးသားအဆင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ရန်၊

(ဋ) တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်၊ လက္ခဏာများ မှတ်တမ်းတင် သုတေသန ပြုရန်၊

(ဌ) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန်နှင့် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်း ဆောင်ရွက် ရန်၊

(ဍ) e-Government နှင့် e-Library လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် ရန်။

## လုပ်ငန်းစဉ်

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရ အသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါ သည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှား ပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာသာသနာများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့များအား တတ်နိုင်သမျှ ကူညီ စောင့်ရှောက်မည်၊

(ခ) ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းရေးနှင့် ဆွေးနွေးပွဲ (Interfaith Dialogue) များကို အားပေးကူညီမည်၊

(ဂ) နယ်စပ်တောင်တန်းဒေသနှင့် ဝေးလံခေါင်သီဒေသများရှိ သာသနာပြုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေး ကူညီစောင့်ရှောက်မည်၊

(ဃ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ပုံမှန်သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ တိပိဋကဓရ တိပိဋကကောဝိဒ၊ ဓမ္မာစရိယ၊ ပထမပြန်၊ နိကယ်ငါးရပ်၊ အဘိဓမ္မာ နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများ၊ ဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပနိုင်ရေး စီစဉ် ဆောင်ရွက်မည်၊

(င) သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်နိုင်ရေး စီစဉ်ဆောင်ရွက်မည်၊

(စ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဆရာ/ ဆရာမများအရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ကူညီထောက်ပံ့ဆောင်ရွက်မည်၊

(ဆ) ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ဒေသအသီးသီးတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံ ဆောင်ရွက်မည်၊

(ဇ) သာသနာရေးဆိုင်ရာမှုခင်းများ လျော့နည်း ကျဆင်းစေရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် သာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ များအား ထောက်ပံ့ကူညီမည်၊

(ဈ) သမိုင်းဝင်ထင်ရှားသည့် သာသနိကအဆောက်အဦများ၊ ရှေးဟောင်းအဆောက် အဦများ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဂေါပက အဖွဲ့များ စနစ်တကျရှိစေရေး ကူညီဆောင်ရွက်မည်၊

(ည) အုပ်ချုပ်ရေးယန္တရားများ လျင်မြန်သွက်လက်စေရေး အတွက် e-Government စနစ် နှင့် e-Library လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(ဋ) နိုင်ငံတော်အဆင့် အခမ်းအနားများနှင့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်သည့် ဧည့်သည်တော်များအား မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်မည်၊

(ဌ) အာဆီယံနိုင်ငံများနှင့် အခြားနိုင်ငံများသို့ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကတို့ဖြင့် ဖျော်ဖြေတင်ဆက်မည်၊

(ဍ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းသောအားဖြင့် ဇာတ်တော်ကြီးများကို ဖော်ထုတ် တင်ဆက်မည်၊

(ဎ) တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နယ်လှည့်ဖျော်ဖြေ တင်ဆက်နိုင်ရေးနှင့် အခြေခံကဗျာလွတ်အကသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်မည်၊

(ဏ) ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အနုပညာအထက်တန်းကျောင်းများတွင် ပန်းတျာ နှင့်ပန်းချီ၊ ပန်းပု(၃)နှစ်သင်တန်းများ၊ နွေရာသီသင်တန်းများ ဆက်လက်ဖွင့်လှစ် ရန် ဆောင်ရွက်မည်၊

(တ) ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများရှိ အမျိုးသားကဇာတ်ရုံများအား နိုင်ငံတကာ အဆင့်မီဇာတ်ရုံများ ဖြစ်စေရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေဖြင့် လည်းကောင်း၊ ပြည်ပအကူအညီဖြင့်လည်းကောင်း ဆောင်ရွက်မည်၊

(ထ) မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟို) အဆင့်ပြိုင်ပွဲများကို ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်၊

(ဒ) အမျိုးသားဇာတ်ရုံ(ရန်ကုန်)၊ (မန္တလေး)နှင့် ကမ္ဘောဇရိပ်သာ ပင်မအဆောက်အဦ တို့ကို အထွေထွေ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်မည်၊

(ဓ) ပုဂံ၊ မြောက်ဦးစသည့် ထူးခြားထင်ရှားသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဒေသများအား ရေရှည်ကာကွယ်စောင့်ရှောက်ရင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်စေရေး ဆောင်ရွက်မည်၊

(န) ရှေးမြို့ဟောင်းများနှင့် ရှေးဟောင်း နေရာများအား ကွင်းဆင်းတူးဖော် သုတေ သနပြု ထိန်းသိမ်းရန်နှင့် ဒေသအသီးသီးရှိ ရှေးဟောင်း အဆောက်အဦများ၊ ရှေးဟောင်းနေရာများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်၊

(ပ) ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်း (၃) မြို့ (ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း) အား ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မည်၊

(ဖ) အမျိုးသားပြတိုက်များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ပြတိုက်များ အဆင့် မြှင့်တင် မွမ်းမံဆောင်ရွက်မည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဗုဒ္ဓစာပေများကို နေရာဒေသမရွေး ဖတ်ရှုလေ့လာနိုင်ရန်အတွက် e-Government နှင့် e-Library လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်း၊

(ခ) သမိုင်းဝင်ရှေးဟောင်းဒေသများရှိ အဆောက်အအုံများနှင့် အမွေအနှစ်ပစ္စည်းများ ရှာဖွေ/ ဖော်ထုတ်/ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) ယဉ်ကျေးမှုဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ မွေးထုတ်ခြင်း။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်းရေးဆွဲ ဖော်ပြအပ်ပါသည်-

(က) **မြေယာအသုံးချမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ**

(၁) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သော တောင်သူလယ်သမားတိုင်း တည်ဆဲလယ်ယာမြေဆိုင်ရာ ဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်း၊ အမွေဆက်ခံခွင့်များ ရရှိစေရေး၊

(၂) ဥပဒေများနှင့်အညီ ရေချိုရေငန် ငါးဖမ်းဆီး ထုတ်လုပ်မှုများ စနစ်တကျရှိစေရေး၊

(၃) လယ်ယာ၊ သားငါးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေး အထူးဇုန်များ တည်ထောင်ရေး၊

(၄) တောင်သူလယ်သမားများလုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ရရှိထားသောမြေယာတွင် ၎င်းတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ရွေးချယ်လုပ်ကိုင်ခွင့် ရရှိစေရေး၊

(၅) တောင်သူလယ်သမားအစုအဖွဲ့များ၊ မွေးမြူသူအစုအဖွဲ့များ၊ ရေရယူအသုံးချသူအစုအဖွဲ့များနှင့် သမဝါယမအသင်းများ ဖွဲ့စည်းတည်ထောင်ပြီး မြေယာများကိုစနစ်တကျ ဖော်ထုတ်အသုံးချခြင်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ (Land Consolidation and Land Use Management) ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊

(၆) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများ၊ အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့ယာမဲ့ဖြစ်ပြီး အရင်းအနှီးချို့တဲ့သည့် လယ်ယာ

လုပ်သားများအတွက် မြေယာလုပ်ပိုင်ခွင့်ရရှိရန် မြေယာသစ်များ ဖော်ထုတ်ပြီး ကူညီဆောင်ရွက်ရေး၊

(၇) လယ်ယာမြေများဖော်ထုတ်လုပ်ကိုင်ခြင်းကို အမျိုးသားမြေအသုံးချမှု မူဝါဒ နှင့်အညီ ဆောင်ရွက်ရေး။

(ခ) **ရေအရင်းအမြစ် အသုံးချမှု နှင့် စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ**

(၁) တည်ဆောက်ပြီးဆည်များ၊ မြောင်းများနှင့် မြစ်ရေတင်လုပ်ငန်းများတွင် ဆည်ရေပေးစနစ်များ (Irrigation System) ပြီးမြောက်အောင် ဆောင်ရွက်ခြင်းနှင့်ရေသွင်းရေထုတ်စနစ်များ (Water Management)ကို ရေအသုံးပြုသူတောင်သူလယ်သမားများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သော စနစ် (Water User Participatory Approach) ကို အသုံးပြု၍ ပိုမို ထိရောက်စွာ အကျိုးပြုစေရေး၊

(၂) ဒေသအလိုက်အကျိုးရှိမည့် ရေရရှိရေးစီမံကိန်းများကို အကောင်အထည် ဖော် ဆောင်ရွက်ရေး၊

(၃) သဘာဝပတ်ဝန်းကျင်နှင့်ရေအရင်းအမြစ်ကို ထိခိုက်မှုမရှိစေဘဲ မြေအောက် ရေဖော်ထုတ် သုံးစွဲခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးအတွက် ရေရရှိရေး၊ အဆင့်မြင့်ရေသွင်းနည်းစနစ်များ အသုံးပြုနိုင်ရေး၊

(၄) ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် ရေဘေးကာကွယ်ရေးတာများနှင့် ပင်လယ်ရေငန်ဝင်ရောက်သောဒေသများတွင် ရေငန်တားတာ (Sea Dike) များတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းများအား ဒေသအလိုက် ဦးစားပေးအစီအစဉ်များဖြင့် ဆောင်ရွက်ရေး၊

(၅) ဆည်ရေကို သီးနှံများစိုက်ပျိုးရာတွင် ရေလိုအပ်မှုများရှိပါက ထိရောက်စွာ ရယူသုံးစွဲနိုင်ရေး၊

(၆) ဒေသအလိုက်စိုက်ပျိုးရေကို အကျိုးရှိထိရောက်စွာ ရယူသုံးစွဲနိုင်ရန် "တောင်သူများ စိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့ "(Water User Group) များ ဖွဲ့စည်းဆောင်ရွက်ရေး၊

(၇) ဒေသရှိရင်းစွဲ ရေအရင်းအမြစ်များအပေါ်အခြေခံ၍ ကျေးလက်သောက်သုံး ရေရရှိရေး။

(ဂ) **ငွေကြေးအရင်းအနှီးဆိုင်ရာ မူဝါဒ**

(၁) စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ငွေကြေးအရင်းအနှီး၊ ချေးငွေ အထောက်အပံ့၊ ရင်းနှီးမြှုပ်နှံမှုနှင့် သွင်းအားစုများ ရရှိစေရေး၊

(၂) ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်သူဗဟိုပြုနည်းလမ်းဖြင့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ (Revolving Fund)၊ အသေးစားချေးငွေ (Microfinance)၊ လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေ (Block Grant)များ ထူထောင်ဆောင်ရွက်ရေး၊

(၃) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ပြုပြင်ပြောင်းလဲဖွဲ့စည်းခြင်းနှင့်ခေတ်မီတိုးတက်စေခြင်းဖြင့် ရာသီသီးနှံချေးငွေများသာမက အခြားလိုအပ်သော နှစ်တိုနှစ်ရှည်ချေးငွေများကိုပါ ဖြည့်ဆည်းပေးခြင်းနှင့် ရေရှည်တွင် ပြည်တွင်းရှိရန်ပုံငွေများကို ပြန်လည်စုဆောင်း သုံးစွဲနိုင်စေခြင်းဖြင့် ဖွံ့ဖြိုးရေးဘဏ်တစ်ခု၏ လုပ်ငန်းများကို အပြည့်အဝစွမ်းဆောင်နိုင်ရေး၊

(၄) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရင်းအနှီးများသာမက နည်းပညာများရရှိစေရန်နှင့် နိုင်ငံတကာဈေးကွက်သို့ထိုးဖောက်နိုင်စေရန် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment) များ တိုးတက်ရရှိလာစေရေး။

(ဃ) **စက်မှုလယ်ယာ နှင့် သွင်းအားစုများဆိုင်ရာမူဝါဒ**

(၁) မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီပြီး အရည်အသွေး ကောင်းမွန်သော လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေးနှင့် ခေတ်မီစက်မှုလယ်ယာစနစ်ကို အချိတ်အဆက်မိမိ ကူးပြောင်းဆောင်ရွက်နိုင်ရေး၊

(၂) အရည်အသွေးမြင့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ရိတ်သိမ်းချိန်လွန် အသုံးပြုစက်ကိရိယာများ၊ တန်ဖိုးမြင့်ထုတ်ကုန်

ထုတ်လုပ်သည့် စက်ကိရိယာများအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ဖော်ဆောင်ရေး၊

(၃) လယ်ယာအခြေခံစက်မှုလုပ်ငန်း (Agro-based Industry) များဖွံ့ဖြိုးတိုးတက်ရေးအတွက်စက်ရုံများ၊ ထုတ်လုပ်မှုနည်းပညာများအဆင့်မြှင့်တင်ရန်နှင့် ခေတ်မီစက်ကိရိယာများအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်များတိုးတက်ထုတ်လုပ်ပြီး ပြည်ပတင်ပို့နိုင်ရေး၊

(၄) နိုင်ငံတကာစံချိန်စံညွှန်းမီ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အခြားစိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာအသုံးအဆောင်များနှင့် ရောဂါကာကွယ်ဆေးများ၊ ဆေးဝါးများစနစ်တကျသုံးစွဲနိုင်ရေးအတွက် လိုအပ်သော ဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များပြဋ္ဌာန်းပေးခြင်းနှင့် ပြဋ္ဌာန်းထားသောဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး၊

(၅) နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များရရှိစေရန် လိုအပ်သောအခြေခံအဆောက်အအုံများထူထောင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရေး၊

(၆) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ထုတ်လုပ်မှုနှင့် အရည်အသွေးမြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့များနှင့် သားငါးမျိုးများ ရရှိအသုံးပြုနိုင်ရေး။

(င) **သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ**

(၁) လက်ရှိဆောင်ရွက်လျက်ရှိသည့် အသေးစားအရင်းအနှီး ချေးငွေ၊ လယ်ယာသုံး စက်ကိရိယာနှင့် သွင်းအားစုများ အရစ်ကျရောင်းချရေးလုပ်ငန်းများအပါအဝင် သမဝါယမလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးရေး၊

(၂) သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ သမဝါယမအသင်းများဖွဲ့စည်းခြင်း၊ ထိန်းကျောင်းတည့်မတ်ခြင်းနှင့် သမဝါယမပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၃) သမဝါယမအသင်းသား မိသားစုများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှု အဆင့်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေး၊

(၄) နိုင်ငံတကာ သမဝါယမအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ပူးပေါင်း ဆောင်ရွက်ရေး၊

(၅) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုဆိုင်ရာ သမဝါယမအသင်းများအား အဆင့်မြှင့်တင်ရေး၊

(၆) အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများနှင့် ပန်း(၁၀)မျိုးအပါအဝင် ရိုးရာလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ရေး။

(ဈ) **ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ**

(၁) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများ အပါအဝင် ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊

(၂) ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်အတွက် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး၊

(၃) ကျေးလက်ဒေသတွင် အခြားလူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုဗဟိုပြုချဉ်းကပ်မှုနည်းလမ်းဖြင့် ဆောင်ရွက်ရေး။

(ည) **သုတေသန၊ ဖွံ့ဖြိုးမှုနှင့် နည်းပညာ ဖြန့်ဖြူးခြင်းဆိုင်ရာ မူဝါဒ**

(၁) ကဏ္ဍအလိုက်သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး (Research and Development) နှင့် ခေတ်မီနည်းပညာများပြန့်ပွားရေး (Extension) ကို ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်း ပါဝင်လာစေရေး၊

(၂) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အပြန်အလှန်ဖလှယ်ရရှိနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၃) မျိုးဗီဇထိန်းသိမ်းခြင်း၊ ရာသီဥတုနှင့်ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိသည့် သီးနှံအထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ ငါး သယံဇာတထိန်းသိမ်းခြင်းနှင့် ရာသီဥတုနှင့် ရောဂါဒဏ်ခံနိုင်သောသားငါး တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ရေး၊

(၄) မျိုးဗီဇအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို သက်ဆိုင်ရာဌာန များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၅) တောင်သူလယ်သမားများ၊ မွေးမြူသူများနှင့် ရေလုပ်သားများအားပညာ ပေးလုပ်ငန်းများကို အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးမြှင့်ဆောင်ရွက်ရေး၊

(၆) အမျိုးသားအဆင့် စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနစနစ်တည်ထောင်ပြီး ကဏ္ဍအလိုက် သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး။

**(ဓ) ဈေးကွက်၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ခြင်းနှင့် ပြည်ပတင်ပို့ ရောင်းချခြင်း ဆိုင်ရာ မူဝါဒ**

(၁) စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေး စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များညှိနှိုင်းရေးဆွဲခြင်း၊ ဈေးနှုန်းနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များဖြန့်ဝေခြင်းတို့ တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(၂) စိုက်ပျိုးမွေးမြူသူများ ဝင်ငွေတိုးမြင့်ရေး၊ ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံး မှုများလျော့ပါးစေရေးတို့အတွက် ကုန်ကြမ်းများတင်ပို့မှုမှ တန်ဖိုးမြှင့် ကုန်ချောပစ္စည်းများ ထုတ်လုပ်တင်ပို့သည့်လုပ်ငန်းများကို အားပေး ဆောင်ရွက်ရေး၊

(၃) ကုန်သွယ်ဖက်နိုင်ငံ အစိုးရအချင်းချင်း သဘောတူညီမှုများရယူခြင်း၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းဖြန့်ဖြူးပေးခြင်း၊ လိုအပ်သည့်ထောက်ခံချက်များအား

ခေတ်မီဆက်သွယ်ရေး နည်းပညာများအသုံးပြု၍ ထုတ်ပေးခြင်းတို့ကို အားပေးဆောင်ရွက်ရေး။

(ဈ) **အုပ်ချုပ်မှု၊ အဖွဲ့အစည်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ မူဝါဒ**

(၁) မူဝါဒများရေးဆွဲခြင်းနှင့်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိုပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆင့်တို့တွင် ရှိသော ဌာနအချင်းချင်းသော်လည်းကောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် သော်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊

(၂) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ထိရောက်အောင်မြင်မှုရှိစေရန် လိုအပ်သည့်အဖွဲ့အစည်းများအသစ်ဖွဲ့စည်းခြင်း၊ ရှိပြီးအဖွဲ့အစည်းများကို ပြောင်းလဲဖွဲ့စည်းခြင်းနှင့် အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစွမ်းဆောင်ရည်များကို မြှင့်တင်ပေးခြင်းတို့ ဆောင်ရွက်ရေး၊

(၃) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီအဆင့်မြင့်ပညာရေး(Academic Education) နှင့်အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education) တို့အပြင် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်း (Pre-service and In-service training)များ တိုးမြှင့်ဆောင်ရွက်ရေး၊

(၄) စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ဝန်ဆောင်မှုကိုရှေးရှုသည့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုယန္တရား တိုးတက်ဖြစ်ပေါ်စေရေး၊

(၅) ကဏ္ဍအလိုက်ပညာရှင်များ မွေးထုတ်ကာ သက်ဆိုင်ရာလုပ်ငန်းများတွင် ထိရောက်စွာ တာဝန်ပေးရေး။

(ည) **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုတုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ မူဝါဒ**

(၁) သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးမွေးမြူရေးစနစ်များ ဆောင်ရွက်သွားနိုင်ရေးအတွက် လိုအပ်သောနည်းပညာရရှိရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးတို့ကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၂) ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက တောင်သူလယ်သမားများ၊ မွေးမြူသူများ၊ ရေလုပ်သားများ၏ လူမှုစီးပွားရေးဆိုင်ရာ တုံ့ပြန်နိုင်စွမ်းအား ကောင်းလာစေရေး၊

(၃) သဘာဝဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်း၍စဉ်ဆက် မပြတ်ရေရှည်သုံးစွဲနိုင်မှုမြှင့်တင်ရေး၊ မြေဆီလွှာဆုံးရှုံးမှု လျော့နည်းစေရေး၊ မြေဆီလွှာအရည်အသွေး ပြန်လည်ကောင်းမွန်လာစေရေးနှင့် ဇီဝမျိုးကွဲများဆုံးရှုံးမှု လျော့နည်းစေရေး။

## ရည်မှန်းချက်

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစားပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို ဖော်ပြအပ်ပါသည်-

(က) စားနပ်ရိက္ခာဖူလုံရေး၊အာဟာရပြည့်ဝရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး တိုးတက်လာစေရန်၊

(ခ) တောင်သူလယ်သမားများ၏ အခွင့်အရေးပြည့်ဝစွာ ရရှိခံစားနိုင်စေရန်နှင့် အကျိုးစီးပွားမြင့်မားလာစေရန်၊

(ဂ) လုပ်ကွက်ငယ် တောင်သူလယ်သမားများ၊ တစ်ပိုင်တစ်နိုင် မွေးမြူသူများနှင့် ရေလုပ်သားများကိုအခြေခံ၍ အစုအဖွဲ့များ၊ သမဝါယမအသင်းများ ဖွဲ့စည်းပြီး အတွေးသစ်အမြင်သစ်များဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် ယင်းလုပ်ငန်းများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ကိုပိုမိုမြှင့်တင်ရန်၊

(ဃ) လယ်ယာကုန်ထုတ်လမ်းများ၊ ကျေးရွာ အခြေခံအဆောက်အအုံများ၊ မြေယာ အသုံးချမှုအစီအမံများ ရေးဆွဲဆောင်ရွက်ခြင်းနှင့် အသေးစားစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများ တည်ထောင်ပေးခြင်းတို့ဖြင့် ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေပြီး တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက် မြင့်မားလာစေရန်၊

(င) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရန် လိုအပ်သောနည်းပညာနှင့် ငွေကြေးအရင်းအနှီးများအတွက် ပြည်တွင်း ပြည်ပမှအကူအညီ၊ အထောက်အပံ့နှင့်ချေးငွေများရရှိရေးကူညီဆောင်ရွက်ပေးရန်၊

(စ) လယ်ယာကဏ္ဍတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး အားပေး ဆောင်ရွက်ရန်၊

(ဆ) ပြည်ပဈေးကွက်ဝင် အရည်အသွေးမြင့် လယ်ယာ၊ သားငါးထုတ်ကုန်များ တိုးမြှင့် ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရန်၊

(ဇ) လယ်ယာအခြေခံစက်မှုလုပ်ငန်း (Agro-based Industry)များ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများ၊ ပန်း(၁၀) မျိုးအပါအဝင် ရိုးရာ လက်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ စေရေး အားပေးဆောင်ရွက်ရန်၊

(ဈ) သမဝါ ယမလုပ်ငန်းများနှင့် သမဝါယမစနစ် ပိုမိုအောင်မြင်စေရေး ဆောင်ရွက် ရန်၊

(ည) တန်ဖိုးကွင်းဆက် (Value Chain) တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် စားသုံးမှုကဏ္ဍများကို ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်သွားရန်၊

(ဍ) ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ရေရှည်တည်တံ့သော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အစိုးရအဖွဲ့အစည်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် သက်ဆိုင်သူများအားလုံး (Stakeholders) ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်။

## လုပ်ငန်းစဉ်

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးခန့်မှန်းခြေစာရင်းများနှင့် ကိုက်ညှိ၍ Plan to Budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သောလုပ်ငန်းစဉ်များမှာ ကာလတိုနှင့်ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) **မြေယာအသုံးချမှု နှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်**

(၁) လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရခြင်းအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်သွားမည်၊

(၂) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လယ်ယာမြေသစ်များ၊ မွေးမြူရေးဇုန်များအဖြစ် ဖော်ထုတ်လုပ်ကိုင်နိုင်ရေး အားပေးဆောင်ရွက်မည် ဖြစ်ပြီး လက်ရှိလုပ်ပိုင်ခွင့်ရပြီးသော စိုက်ပျိုးမြေများ၊ မွေးမြူရေးဇုန်များကို လက်တွေ့အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်မည်၊

(၃) လယ်ယာမြေများကို ခိုင်လုံသော အကြောင်းတစ်မျိုးမျိုးကြောင့် သိမ်းဆည်းခံရပါက လျော်ကြေး (သို့မဟုတ်) နစ်နာကြေး (သို့မဟုတ်) အစားထိုးမြေယာ ပြန်လည်ရရှိရေးတို့အတွက် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်မည်၊

(၄) ကျေးလက်ဒေသတွင်နေထိုင်၍ လယ်ယာလုပ်ငန်းကို လက်ရှိလုပ်ကိုင်နေသော်လည်း အရင်းအနှီးချို့တဲ့သူ လယ်မဲ့ယာမဲ့များ၊ လယ်ယာမြေချို့တဲ့သူ လယ်ယာလုပ်သားများအတွက် အလားအလာရှိသော ဒေသများတွင်

လယ်ယာမြေသစ်များ ဖော်ထုတ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိစေရန် ကူညီဆောင်ရွက်သွားမည်၊

(၅) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရယူထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုပါက တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်မှ ပြန်လည်သိမ်းယူနိုင်ရေး ဆောင်ရွက်သွားမည်၊

(၆) လယ်ယာမြေများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လုပ်မြေအဖြစ် ထားရှိခြင်းကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်၊

(၇) လယ်ယာမြေတွင် တောင်သူလယ်သမားများအတွက် အကျိုးရှိစေမည့် ရာသီသီးနှံများကို လွတ်လပ်စွာစိုက်ပျိုးနိုင်ရေး စိစစ်ဆောင်ရွက်သွားမည်၊

(၈) မြေကြီးမြေပုံမှန်ကန်ရေးကို အလေးထားဆောင်ရွက်မည့်အပြင် မြေမျိုးကြီးများခွဲခြားခြင်း၊ မြေအဆင့်အတန်းခွဲခြားခြင်းတို့ကို လက်ရှိသမားရိုးကျ မြေပုံစနစ်မှ ဒစ်ဂျစ်တယ်မြေပုံများသို့ ပြောင်းလဲခြင်းနှင့် ခေတ်မီနည်းပညာသစ်များအသုံးချခြင်းတို့ကို စနစ်တကျ စီမံဆောင်ရွက်မည်၊ တိုင်းတာခြင်း မပြုရသေးသောမြေများထဲမှ အကျိုးရှိစွာ အသုံးပြုနိုင်မည့်မြေများကို တိုင်းတာမှတ်တမ်းပြုစုရေး ဆက်လက်ဆောင်ရွက်သွားမည်၊

(၉) တောင်ပေါ်/ ကုန်းမြင့်ဒေသများ၌ အလှည့်ကျ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းတင်ခြင်း ဆောင်ရွက်သွားရန်နှင့် ရိုးရာအစဉ်အလာနှင့် တိုင်းရင်းသားလူမျိုးစု မြေယာအခွင့်အရေးများကို အလေးထားသည့်နည်းတူ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ခြင်းနှင့် တောင်စောင်းဒေသစိုက်ပျိုးနည်းစနစ် (Sloping Agricultural Land Technology - SALT) သုံးစွဲခြင်းတို့ကို နည်းပညာပေး ကူညီဆောင်ရွက်သွားမည်၊

(၁၀) တောင်သူလယ်သမားအစုအဖွဲ့၊ မွေးမြူသူများအစုအဖွဲ့နှင့် ရေလုပ်သားအစုအဖွဲ့များနှင့် ပြုပြင်ထုတ်လုပ်သည့် ကုမ္ပဏီများ ကန်ထရိုက် လယ်ယာစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများနှင့် ထုတ်လုပ်သူ

အစုအဖွဲ့များကြား မျှတသော အကျိုးခံစားခွင့်ရရှိစေမည့် စံလုပ်ငန်းစဉ် (Standard Operating Procedure) သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားမည်၊

(၁၁) ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ကွက်ငယ် လယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်၊ နည်းပညာနှင့် ဈေးကွက်ဝင်ရောက်ခွင့်တန်းတူ ရရှိစေရေးစသည့် လယ်ယာကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများအား အားပေးကူညီဆောင်ရွက်မည်၊

(၁၂) ရေချိုရေငန် ငါးမွေးမြူဖမ်းဆီးထုတ်လုပ်မှုတွင် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းနည်းစနစ်၊ ငါးဖမ်းကိရိယာအမျိုးအစားနှင့် ငါးဖမ်းကွက်များကို ငါးလုပ်ငန်းဥပဒေနှင့်အညီ စီမံကြီးကြပ် ဆောင်ရွက်သွားမည်။

(ခ) **ရေအရင်းအမြစ် အသုံးချမှု နှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်**

(၁) ရေလေလွင့်မှု နည်းပါးပြီး အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် လက်ရှိဆည်များ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေတူးဖော်ရေးလုပ်ငန်းများ၊ ရေပေးဝေမှုစနစ်နှင့် ရေသောက်စနစ်များကို ခေတ်မီအောင် ပြုပြင်တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်၊

(၂) ကျေးရွာပိုင်ဆည်များ၊ ရေကန်များ၊ ရေသွင်းရေထုတ်စနစ်များ၊ လယ်သမားတာ (Farmer-constructed Embankment) များတည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးကို ကူညီဆောင်ရွက်ပေးမည်၊

(၃) လိုအပ်သည့်ဒေသများတွင် သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကို ထိခိုက်မှုအနည်းဆုံးဖြင့် မြေအောက်ရေတူးဖော်သုံးစွဲနိုင်ရေးနှင့် အစက်ချရေပေးစနစ်၊ ရေဖျန်းစနစ်စသည့် အဆင့်မြင့်ရေသွင်း နည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်၊

(၄) ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် ရေဘေးကာကွယ်ရေးတာများနှင့် ပင်လယ်ရေငန်ဝင်ရောက်သောဒေသများတွင် ရေငန်တားတာ (Sea Dike) များတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေနုတ်မြောင်းများ

တူးဖော်ခြင်းလုပ်ငန်းများအား ရန်ပုံငွေရရှိမှုပေါ် မူတည်၍ ဒေသအလိုက် ဦးစားပေးအစီအစဉ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်၊

(၅) ဒေသရှိရင်းစွဲ အရင်းအမြစ်များနှင့် ဒေသ၏လိုအပ်ချက်အပေါ် မူတည်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသုံးရေ၊ သောက်သုံးရေဖူလုံစေရေးနှင့် ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ရေလှောင်တမံနှင့် ဆည်ငယ်၊ကန်ငယ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်၊

(၆) ဒေသအလိုက် စိုက်ပျိုးရေကို အကျိုးရှိထိရောက်စွာ ရယူသုံးစွဲနိုင်ရန် "တောင်သူများစိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့"(Water User Group) များ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် လိုအပ်သောနည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ ပြဋ္ဌာန်းခြင်းနှင့် ယင်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် လိုအပ်သောနည်းစနစ်များ လေ့ကျင့်သင်ကြား ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်၊

(၇) ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးနည်းပညာ နှင့် အသိပညာပေးရေး အစီအစဉ်များ ဆောင်ရွက်သွားမည်။

(ဂ) **ငွေကြေးအရင်းအနှီးဆိုင်ရာ လုပ်ငန်းစဉ်**

(၁) စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သမဝါယမကဏ္ဍနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးကဏ္ဍများ တိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပမှ အကူအညီများ၊ ချေးငွေများ၊ ရင်းနှီးမြှုပ်နှံမှုများ ရရှိရေးနှင့် ထိရောက်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်မည်၊

(၂) လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်း များ၊ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့် အရင်းအနှီးများရရှိစေရေး ကူညီ ဆောင်ရွက်မည်၊

(၃) စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းသုံး စက်ကိရိယာများအား လွယ်ကူစွာ ရယူသုံးစွဲနိုင်ရန် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ အစုအဖွဲ့များ၊ဘဏ် များ၊ သမဝါယမအသင်းများ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်၍ အရစ်ကျစနစ်

(Hire-purchase System) ဖြင့် ရောင်းချခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုချေးငွေများကို ရယူ၍ ထိရောက်စွာ အသုံးပြုနိုင်ရေး ကူညီဆောင်ရွက်သွားမည်၊

(၄) နှစ်ရှည်သီးနှံအပါအဝင် သီးနှံအားလုံးအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့်မွေးမြူရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုစရိတ်ကို အတော်အသင့်ကာမိစေသည့် စိုက်ပျိုးမွေးမြူရေးစရိတ်ချေးငွေများ ရရှိရေးနှင့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဘဏ် (Development Bank) များနှင့် ကုန်သွယ်စီးပွားဘဏ် (Commercial Bank)များမှ ငွေချေးမှုစနစ်များ ဖွံ့ဖြိုးစေရေး အားပေးကူညီဆောင်ရွက်မည်၊

(၅) သီးနှံများအာမခံစနစ် (Crop Insurance Scheme) နှင့် လယ်ယာကဏ္ဍချေးငွေများနှင့် သီးနှံသိုလှောင်မှုအပေါ် အာမခံပေးမှုစနစ် (Credit Guarantee and Warehouse Finance Guarantee Scheme) ပေါ်ထွန်းရေးကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်၊

(၆) ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်သူဗဟိုပြုနည်းလမ်းဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (Revolving Fund)၊ အသေးစားချေးငွေ (Microfinance)၊ လူထုသို့တိုက်ရိုက် ထောက်ပံ့ငွေ (Block Grant) များ ရရှိရေး ကူညီဆောင်ရွက်မည်။

(ဃ) **စက်မှုလယ်ယာ နှင့် သွင်းအားစုများဆိုင်ရာ လုပ်ငန်းစဉ်**

(၁) စက်မှုလယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီအဆင့်မြင့်ပညာရေး (Academic Education) နှင့် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education) တို့တွင် အသိအမှတ်ပြု လက်မှတ်ရသင်တန်းများတည်ထောင်ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည်၊

(၂) စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းသုံး စက်နှင့်စက်ပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်းများ သတ်မှတ်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးဆောင်ရွက်မည်၊

(၃) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူလယ်သမားများနှင့် တစ်ပိုင်တစ်နိုင် မွေးမြူသူများအား ဦးစားပေး၍ စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းသုံး အသေးစားစက်နှင့် စက်ပစ္စည်းကိရိယာများကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်သုံးစွဲနိုင်ရေး ပံ့ပိုးရန်နှင့် ခေတ်မီစက်မှုလယ်ယာစနစ်သို့ အဆင့်ဆင့်တိုးတက် ဖြစ်ပေါ်လာစေရန် ပုဂ္ဂလိကကဏ္ဍကို အားပေးကူညီမည်၊

(၄) တောင်သူလယ်သမားများနှင့် မွေးမြူသူများ လိုအပ်သည့် မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေးအစာ၊ ဆေးဝါးများနှင့် သွင်းအားစုများကို မှန်ကန်သော အရည်အသွေး၊ ဈေးနှုန်းဖြင့် ဝယ်ယူရရှိရေး ပေါင်းစပ်ကူညီပေးမည်၊

(၅) မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့၊ မျိုးသားပေါက်၊ မွေးမြူရေးအစားအစာနှင့်ဆေးဝါးများနှင့် သွင်းအားစုများကို အတုအပ မရှိရေး၊ စံချိန်စံညွှန်းကိုက်ညီရေး၊ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ မှန်ကန်စွာ ဝယ်ယူအသုံးပြုနိုင်ရေး တို့အတွက် ပညာပေးခြင်း၊ စစ်ဆေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းကြပ်မတ် ဆောင်ရွက်သွားမည်၊

(၆) သဘာဝမြေဩဇာ ကိုယ်တိုင်ထုတ်လုပ် သုံးစွဲနိုင်ရန် နည်းပညာပံ့ပိုးကူညီမှုကို တိုးမြှင့် ဆောင်ရွက်မည်၊

(၇) ရေမြေဒေသ သဘာဝနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များနှင့် နည်းပညာများကို တောင်သူလယ်သမားများအား ဖြန့်ဖြူးပေးနိုင်ရန် မျိုးစေ့ထုတ်စိုက်ကွင်းများ၊ မျိုးသန့်ဇုန်များ၊ တောင်သူပညာပေးစိုက်ကွင်းများ၊ မွေးမြူရေးဇုန်များ၊ ငါးလုပ်ငန်းစခန်းများကို အစိုးရအဖွဲ့အစည်းများနှင့်

ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုးချဲ့လုပ်ဆောင်သွားမည်။

(င) **သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်**

(၁) သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် သမဝါ ယမ သဘောတရား၊ ကျင့်ဝတ်၊ အနှစ်သာရနှင့် သမဝါယမအခြေခံမူများနှင့်အညီ ကူညီဆောင်ရွက်ပေးမည်၊

(၂) သမဝါယမအသင်းသစ်များအား သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ပေးခြင်း၊ ဖွဲ့စည်းထားရှိသည့် သမဝါ ယမအသင်းများအားလည်း ကျစ်လစ်ခိုင်မာစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးမည်၊

(၃) ကျေးလက်နေ ပြည်သူများနှင့် မြို့ပြနေ အခြေခံလူတန်းစားများ၏ ဝင်ငွေရလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား အရင်းအနှီးချေးငွေ (Micro Capital Loan) အစီအစဉ် ဆောင်ရွက်ပေးမည်၊

(၄) တောင်သူလယ်သမားများသို့ လယ်ယာသုံး၊ ရေလုပ်ငန်းသုံးစသည့် စက်ကိရိယာများနှင့် သွင်းအားစုများအား အရစ်ကျစနစ် (Hire-purchase System) ဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးမည်၊

(၅) စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်၍ လိုအပ်သည်များ ကူညီပေးခြင်း၊ ငွေကြေးပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်၊

(၆) သမဝါယမအသင်းများ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးခြင်းဖြင့် သမဝါယမအသင်းများအား စွမ်းဆောင်မှုအဆင့် မြှင့်တင်ပေးမည်၊

(၇) သမဝါယမအသင်းများအား သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများဖြင့်ထိန်းကျောင်းတည့်မတ်ပေးခြင်း၊ သမဝါယမကျင့်ဝတ်၊ အနှစ်သာရနှင့်အခြေခံမူတို့ကိုသိရှိနားလည်စေရန် ဦးစီးဌာနဝန်ထမ်းများနှင့် သမဝါ ယမ

အသင်းအဆင့်ဆင့်ရှိ အမှုဆောင်များ၊ ဝန်ထမ်းများအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မည်၊

(၈) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအရင်းအနှီးငွေကြေးများအား နိုင်ငံတကာမှ အကူအညီ၊ အထောက်အပံ့နှင့် ချေးငွေများ ရရှိအောင် ဆောင်ရွက်မည်၊

(၉) သမဝါယမအသင်းသား မိသားစုများ၏ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေးနှင့် လူနေမှုအဆင့်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်၊

(၁၀) အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများနှင့် ပန်း (၁၀) မျိုးအပါအဝင် ရိုးရာလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ရရှိရေး ကူညီဆောင်ရွက်ပေးမည်။

(စ) **ကျေးလက်အဆောက်အအုံ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းစဉ် (Rural Infrastructure Development Strategic Thrust)**

(၁) ၂၀၃၀ ခုနှစ်တွင် ကျေးရွာများအားလုံး၌ ရာသီမရွေးဆက်သွယ် သွားလာနိုင်မည့် အဓိကလမ်းမကြီး အနည်းဆုံးတစ်ခုဖြစ်ပေါ်ရေးနှင့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများဖွံ့ဖြိုးရေး မဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်၊

(၂) အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်နှင့်အညီ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်၊

(၃) ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်၊

(၄) ကျေးလက်မီးလင်းရေးကဏ္ဍတွင် အသေးစားဓာတ်အားလိုင်း (Mini-Grid) ဖွံ့ဖြိုးရေးအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းသွားမည်၊

(၅) အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် အိုးအိမ်ပျက်စီး ဆုံးရှုံးသွားသော ကျေးလက်နေ ပြည်သူများအတွက် ကျေးလက်အိမ်ရာများ၊ ကျေးလက်အိမ်သာများ ဆောက်လုပ်သွားမည်၊

(၆) ကျေးလက်ဒေသ၌ အခြားလူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုဗဟိုပြုချဉ်းကပ်မှု နည်းလမ်းဖြင့် ကူညီပံ့ပိုးဆောင်ရွက်သွားမည်။

(ဆ) **သုတေသန၊ ဖွံ့ဖြိုးမှုနှင့် နည်းပညာ ဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းစဉ်**

(၁) စိုက်ပျိုးမွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးအတွက် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင် တိုးချဲ့ တည်ထောင်ပြီး ခေတ်မီဓာတ်ခွဲခန်းသုံး ကိရိယာများ တိုးချဲ့တပ်ဆင် ဆောင်ရွက်သွားမည်၊

(၂) သုတေသနလုပ်ငန်းများ၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးမည့် ရေတို၊ ရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်၊

(၃) စိုက်ပျိုးမွေးမြူရေး ပညာပေးလုပ်ငန်းများတွင် ခေတ်မီသတင်းအချက်အလက်နည်းပညာများ အသုံးပြုခြင်းနှင့် စိုက်ပျိုးမွေးမြူရေး ပညာပေးနည်းစနစ်အသစ်များ တိုးမြှင့်သုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်၊

(၄) ရေ၊ မြေသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် စံချိန်စံညွှန်း စစ်ဆေးပြီးသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ၊ မွေးမြူရေးဆေးဝါးပစ္စည်းများနှင့် မြေသြဇာများကိုသာ သုံးစွဲရေးနှင့် စိုက်ပျိုးမွေးမြူရေး အလေ့အကျင့်ကောင်းများ လိုက်နာ ကျင့်သုံးနိုင်စေရန် တောင်သူလယ်သမားပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားမည်၊

(၅) ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိမည့် စိုက်ပျိုးမွေးမြူ ထုတ်လုပ်ရေးနှင့် မြေဆီလွှာနှင့် စိုက်ပျိုးရေ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားမည်၊

(၆) ဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီပြီး ရေ၊ မြေ၊ ဒေသအခြေအနေအလိုက် သင့်တော်ဖြစ်ထွန်းမှုရှိသည့် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း သီးနှံမျိုးများ မွေးမြူထုတ်လုပ်ခြင်းနှင့် ရာသီဥတုနှင့် ရောဂါဒဏ်ခံနိုင်သောသီးနှံမျိုးများ၊ သားငါးတိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ သုတေသနပြုထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်၊

(၇) စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းစဉ်များတွင် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်နှင့် အရည်အသွေးကောင်းမွန်စေရေးအတွက် လက်တွေ့အသုံးချနိုင်မည့် ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ပြုပြင်ထုတ်လုပ်သည့် နည်းပညာများကို သုတေသနပြုဖော်ထုတ်သွားမည်၊

(၈) အစိုးရအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများအားလုံး ပူးပေါင်းဆောင်ရွက်နိုင်သည့် နိုင်ငံတကာအဆင့်မီ သုတေသနအဖွဲ့အစည်း (Academy of Agricultural, Livestock and Fishery Research) နှင့် အမျိုးသားအဆင့်စိုက်ပျိုးရေး၊ သုတေသနနှင့်တိုးချဲ့ ပညာပေးရေးစနစ် (National Agricultural Research & Extension System) များထူထောင်၍ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်၊

(၉) စိုက်ပျိုးမွေးမြူရေးနှင့်ရေလုပ်ငန်းသုံး စက်နှင့် စက်ပစ္စည်းကိရိယာများ တီထွင်အသုံးပြုမှုဆိုင်ရာ သုတေသနနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(ဇ) **ဈေးကွက်၊ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ပြည်ပတင်ပို့ ရောင်းချခြင်း ဆိုင်ရာ လုပ်ငန်းစဉ်**

(၁) စိုက်ပျိုးမွေးမြူရေးနှင့်ရေလုပ်ငန်း ထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း ရှိစေရေးကို အားပေးကူညီ ဆောင်ရွက်မည်၊

(၂) တန်ဖိုးမြင့် ကုန်ထုတ်လုပ်ငန်းများ ပေါ်ပေါက်လာစေရန် နည်းပညာ ဖြန့်ဝေခြင်းနှင့် လိုအပ်သော အရင်းအနှီးများရရှိရေးတို့ကို ကူညီဆောင် ရွက်မည်၊

(၃) ပြည်တွင်းပြည်ပ ကုန်သွယ်မှု၊ ဈေးကွက်ဝယ်လိုအားနှင့် ရောင်းလိုအား၊ ဈေးနှုန်းနှင့် အခြားဈေးကွက် သတင်းအချက်အလက်များကို လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံး ကျယ်ကျယ်ပြန့်ပြန့် အချိန်မီသိရှိနိုင် စေရန် ဆက်စပ်ဆောင်ရွက်ပေးမည်၊

(၄) စိုက်ပျိုးမွေးမြူရေးနှင့် ရေထွက်ပစ္စည်း၊ ပြည်ပပို့ကုန်ပစ္စည်းများအတွက် အစားအစာ သန့်ရှင်းစင်ကြယ်ခြင်း၊ ပိုးမွှားရောဂါသန့်စင်စေခြင်း၊ ပိုးမွှား ရောဂါများပြန့်ပွားမှုကို ထိန်းချုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း (Sanitary, Phytosanitary, Quaratine, Quality Inspection and Supervision) နှင့် ယင်းလုပ်ငန်း ဆိုင်ရာလိုအပ်သည့် သတင်းထုတ်ပြန် ကြေညာခြင်းလုပ်ငန်းများအား ပြည်တွင်းပြည်ပမှ သိရှိနိုင်အောင် ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာနိုင်ငံ များ၏ပိုးမွှားရောဂါများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်ရေးကို ကူညီဆောင်ရွက်သွားမည်၊

(၅) မျိုးကောင်းမျိုးသန့် တိရစ္ဆာန်နှင့် အရည်အသွေးမီသော တိရစ္ဆာန်ထွက် ပစ္စည်းများတိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများနှင့် တိရစ္ဆာန်အာဟာရဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းတို့ကို ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်သွားမည်၊

(၆) လယ်ယာကဏ္ဍ စီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက်တစ်လျှောက် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများအားလုံး ပူးပေါင်း ဆောင်ရွက်မှုပုံစံ (Public Private Partnership - PPP) ဖြင့် အကျိုးအမြတ် မျှတစွာ ခွဲဝေရရှိရေး ဆောင်ရွက်သွားမည်၊

(၇) တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စတင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ် ရောက်ရှိသည်အထိ ကွင်းဆက်တစ်လျှောက် အစိုးရ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများအားလုံး ပူးပေါင်း ဆောင်ရွက်နိုင်သည့် ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးနိုင်ရေးနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးကိုဆောင်ရွက်သွားမည်၊

(၈) ဈေးကွက်ခိုင်မာရေး၊ ဈေးနှုန်းအာမခံချက် ရရှိရေးနှင့် ဈေးကွက်တွင် ကြားခံကုန်ကျစရိတ်များ လျှော့နည်းစေရေးတို့အတွက် လက်ကားဈေး (Wholesale Market) နှင့် ကုန်စည်ဒိုင်များ (Commodity Exchange) ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ပေးမည်၊

(၉) စိုက်ပျိုးမွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး အတွက် ပြည်တွင်းပြည်ပ၌ ပြုလုပ်သည့် ကုန်စည်ပြပွဲများ၊ စီးပွားရေး စကားဝိုင်း တွေ့ဆုံပွဲများတွင် ပါဝင်ပြသ၊ ဆွေးနွေးနိုင်ရေး ကူညီဆောင်ရွက်မည်၊

(၁၀) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အပြန်အလှန် ဖလှယ်ရရှိနိုင်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

**(ဈ) အုပ်ချုပ်မှု၊ အဖွဲ့အစည်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်**

(၁) လယ်ယာကဏ္ဍလုပ်ငန်းစီမံဆောင်ရွက်မှုများကို e-Government စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို (One Stop Service) ဖြင့် အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်၊

(၂) မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် သီးနှံမျိုးသစ်များ၏ မူပိုင်ခွင့်အား အကာအကွယ်ပေးသွားမည်၊ ဒေသမျိုးရင်း ငါး၊ တိရစ္ဆာန်မျိုးစိတ်များအား

မျိုးမြှင့်တင်ခြင်း၊ မျိုးစပ်မွေးမြူခြင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသမျိုးရင်း ငါး၊ တိရစ္ဆာန်မျိုးစိတ်များ ထိန်းသိမ်းကာကွယ် ခြင်းဆိုင်ရာ လိုအပ်သောဥပဒေများ ပြဋ္ဌာန်း၍ ကြီးကြပ်ဆောင်ရွက် သွားမည်၊

(၃) ချမှတ်ထားသော မူဝါဒနှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်ဆင့်တို့တွင်ရှိသော အစိုးရဌာနများနှင့် ပုဂ္ဂလိကများအပြင် အရပ် ဘက် လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းမှု ကောင်းမွန်ရေးကို ဆောင်ရွက်သွားမည်၊

(၄) ချမှတ်ထားသော မူဝါဒများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ရာတွင် ထိရောက်အောင်မြင်မှု ရှိစေရန် ဌာနများ၏ ဖွဲ့စည်းပုံ ပြင်ဆင်ခြင်း နှင့် လုပ်ငန်းစွမ်းဆောင်ရည်များကို မြှင့်တင်ပေးခြင်းများ ဆောင်ရွက် သွားမည်၊

(၅) ဌာနလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသော ပုဂ္ဂလိကအဖွဲ့အစည်းများ၏ လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားလာစေရန် အားပေးကူညီသွားမည်၊

(၆) မြေနှင့်ရေသယံဇာတ အသုံးချစီမံခန့်ခွဲရေး၊ စက်မှုလယ်ယာစနစ် ကူး ပြောင်းရေး၊ ခေတ်မီဈေးကွက်စနစ်ထူထောင်ရေး အပါအဝင် ကဏ္ဍအလိုက် သက်ဆိုင်သောနည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင် ပညာရှင် များလေ့ကျင့်မွေးထုတ်ပေးမည့် အစီအမံများ စနစ်တကျချမှတ် ဆောင်ရွက် သွားမည်၊

(၇) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ပညာရပ်များအား ခေတ်မီအဆင့်မြင့်ပညာရေး (Academic Education) နှင့် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education) တို့အပြင် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်း (Pre-service and In-service Training) များကိုပါ တိုးမြှင့်ဖွင့်လှစ် ဆောင်ရွက်သွားမည်။

(ည) **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်**

(၁) ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖြစ်ပေါ်လာစေရန် ဂေဟာစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မည်၊

(၂) မျိုးဗီဇအရင်းအမြစ် (Genetic Resources) များကို ထိန်းသိမ်း ကာကွယ်ရန်နှင့် အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် နည်းပညာကော်မတီများ၊ ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မည်၊

(၃) ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံခန့်ခွဲမှု မူဘောင် (Environmental and Social Management Framework) နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်၊

(၄) တောင်ကုန်း၊ တောင်စောင်းဒေသများနှင့် ရေဝေရေလဲဒေသများတွင် မြေဆီလွှာပျက်စီးပြုန်းတီးမှု ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများအား ဆက်စပ်ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်၊ အပူပိုင်းဒေသများတွင် ရေလေတိုက်စားမှုကြောင့် မြေဆီလွှာပျက်စီး ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် ကာကွယ်ခြင်းနည်းပညာများ၊ အလေ့အကျင့်ကောင်းများဖြန့်ဝေရေးနှင့် မိုးရေကို အကျိုးရှိစွာ သိုလှောင်အသုံးပြုနိုင်စေရေးတို့ကို ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်၊

(၅) စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ မိုးလေဝသသတင်းများအချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်အသိပေး၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အထောက်အကူပြုနိုင်ရေး ဆောင်ရွက်မည်၊

(၆) ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးမွေးမြူရေး စနစ်များဖြစ်သော Conservation agriculture, Organic Agriculture, စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP, Biotic Abiotic

Stress tolerance varieties (heat tolerance, salt tolerance, drought tolerance, deep water tolerance), Good Animal Husbandry Practices-GAHP, Good Aquaculture Practices – GAqP ဖြင့် မွေးမြူထုတ်လုပ်ခြင်း၊ မြေအသုံးချမှုစီမံခန့်ခွဲနည်းစနစ်(Land Use Management)၊ သဘာဝမိုးရေကို စနစ်တကျ သိုလှောင်အသုံးချနည်းစနစ် (Green Water Management)များ ဆောင်ရွက်သွားမည်၊

(၇) ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေးနည်းပညာ (Integrated Pest Management–IPM)၊ မြေဆီလွှာတိုက်စားမှု လျော့ပါးစေသော စိုက်ပျိုးနည်းစနစ်များ၊ သီးနှံများအလှည့်ကျစိုက်ပျိုးခြင်း (Crop rotation) နှင့် သီးနှံအမယ်စုံစိုက်ပျိုးခြင်း (Crop Diversification) တို့ကို ဆောင်ရွက်သွားမည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဝန်ကြီးရုံး**

(၁) လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ကျေးလက်ပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုလုပ်ငန်းများ တွန်းအားပေးလမ်းညွှန်မှုပြုခြင်း။

(ခ) **စီမံကိန်းဦးစီးဌာန**

(၁) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သမဝါယမကဏ္ဍများ၏ မူဝါဒနှင့်အညီ ပြည်တွင်းပြည်ပစီမံကိန်းများ ညှိနှိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်မှုစာရင်းဇယားများ စိစစ်လေ့လာ သုံးသပ်ပြုစုတင်ပြခြင်းများ ဆောင်ရွက်ခြင်း။

(ဂ) **ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန**

(၁) ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်ရန် စီမံကိန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ဆည်မြောင်းနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းသစ်များ ဆောင်ရွက်ရန်အတွက် စူးစမ်းလေ့လာတိုင်းတာခြင်း၊ အိန္ဒိယချေးငွေ၊ ADB ချေးငွေ၊ AFD ချေးငွေနှင့် ကမ္ဘာ့ဘဏ်ချေးငွေတို့ဖြင့် ဆည်ရေသောက်စနစ်များ ပြုပြင်ခြင်း၊ ဂျပန် ODA ချေးငွေဖြင့် တူးမြောင်းများ အဆင့်မြှင့်တင် ပြုပြင်ခြင်း စီမံကိန်းများဆောင်ရွက်ခြင်း၊ IFAD ချေးငွေဖြင့် စနစ်တကျ လယ်ယာမြေများ ဖော်ထုတ်ဆောင်ရွက်၍ IFAD ထောက်ပံ့ငွေဖြင့် စီမံကိန်း အထောက်အကူပြုသင်တန်းများနှင့် ကျွမ်းကျင်သူများ ပံ့ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) ရေဘေးကာကွယ်မှုလုပ်ငန်းများဖြစ်သည့် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ် အတွင်းရှိ တာတမံများ တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေငန်တားတာတမံများ အခိုင်အမာပြုပြင်ခြင်း၊ ရေကြီးနစ်မြုပ်မှု လျော့ပါးစေရေး အတွက် ချောင်း၊ မြောင်းများ တူးဖော်ခြင်း လုပ်ငန်းနှင့် လျှပ်စစ် မြစ်ရေတင် လုပ်ငန်းများ၊ စိုက်ပျိုးရေ စက်ရေတွင်းတိမ် တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၃) စက်ယန္တရားကြီးများအတွက် စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း၊ လျှပ်စစ် ပိုင်းဆိုင်ရာပစ္စည်းများဝယ်ယူခြင်း၊ မြေအောက်ရေဌာနခွဲ ဘူမိရူပဗေဒ တိုင်းတာရေးပစ္စည်းများ ဝယ်ယူခြင်း၊ မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်း၊ စက်ကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း၊ မြေအောက်ရေအရင်း အမြစ်ရရှိရေးအတွက် တီထွင်စမ်းသပ်ခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ရန် စူးစမ်းလေ့လာ

တိုင်းတာရေးလုပ်ငန်းများ၊ AFD အထောက်အပံ့၊ LIFT အထောက်အပံ့တို့ဖြင့် ရေတင်လုပ်ငန်းများကို အကြီးစားပြင်ဆင်ခြင်းနှင့် World Bank အထောက်အပံ့ဖြင့် ရေကြီးနစ်မြုပ်သောဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်များ ဆောင်ရွက်ခြင်း။

(ဃ) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

(၁) မြေတိုင်းတာ၍ မြေပုံများပြည့်စုံစွာထားရှိရေးနှင့် မြေကြီး၊ မြေပုံ၊ မြေစာရင်းမှန်ကန်အောင် ဆောင်ရွက်ခြင်း၊ လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းအချက်အလက်များဖြစ်သည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု စာရင်းများနှင့်မြေယာအသုံးချမှုစာရင်းများကို ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ကောက်ယူ၊ ပြုစု၊ ထုတ်ပြန်ခြင်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများနှင့်အညီ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကြေးတိုင်လုပ်ငန်းများဆောင်ရွက်ခြင်း၊ လယ်ယာ စီးပွားစစ်တမ်းများ ကောက်ယူ၊ ပြုစုထုတ်ပြန်ခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင် ဥပဒေနှင့်အညီ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်း၊ ဌာနလုပ်ငန်းများအတွက် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်၊ ပြုစု၊ ပျိုးထောင်ခြင်း၊

(၂) ဌာနတွင်အသုံးပြုလျက်ရှိသည့် ကွင်းမြေပုံများအား ဒီဂျစ်တယ်မြေပုံများအဖြစ် ပြောင်းလဲနိုင်ရေးအတွက် မြေတိုင်းတာခြင်း၊ မြေပုံထုတ်လုပ်ခြင်းလုပ်ငန်းများကို နှစ်အလိုက် စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဌာနမှတိုင်းတာထားသည့်မြေပုံများ၊ လယ်ယာကဏ္ဍနှင့်မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အသုံးပြု၍ ခိုင်မာသော သတင်းအချက်အလက်စနစ် ထူထောင်နိုင်ရေးဆောင်ရွက်ခြင်း၊

(၃) လယ်ယာကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်း၊ သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ခြင်း။

(င) **စက်မှုလယ်ယာဦးစီးဌာန**

(၁) လယ်ယာဝန်ဆောင်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခြင်း၊

(၂) တောင်သူများအား လယ်ယာသုံး စက်ကိရိယာများ ပြင်ဆင်ရေးနှင့် ကိုင်တွယ်ထိန်းသိမ်းရေး သင်တန်းများဖွင့်လှစ် သင်ကြားပေးခြင်း၊

(၃) လယ်ယာသုံးစက်ကိရိယာများအရစ်ကျစနစ်ဖြင့်ဖြန့်ဖြူးရောင်းချပေးခြင်း၊

(၄) စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများဖော်ထုတ်ပေးခြင်း၊

(၅) ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊

(၆) လယ်ယာသုံးစက်ကိရိယာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(စ) **ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

(၁) အစဉ်ကောင်းမွန်တိုးတက်သော နည်းစနစ်များဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြင့်လာစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာ ဗဟုသုတများနှင့် လူသားအရင်းအမြစ်များ ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊

(၂) အသိပညာအတတ်ပညာပြည့်စုံ၍ အရည်အချင်းပြည့်ဝသော စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးရန်နှင့် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(၃) နိုင်ငံတော်၏ စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် စဉ်ဆက်မပြတ်ပါဝင် ဖြည့်ဆည်းပံ့ပိုးပေးခြင်း။

(ဆ) **စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

(၁) စပါး၊ ပြောင်း၊ ဂျုံ၊ မြေပဲ၊ နေကြာ၊ နှမ်း၊ ပန်းနှမ်း၊ ဂုန်လျှော်၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ပီလောပီနံ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုပ်၊ ကုလားပဲ၊ ပဲစင်းငုံနှင့်အခြားပဲများ၊ သစ်သီးဝလံ၊ နှစ်ရှည်သီးနှံ၊ ဟင်းသီးဟင်းရွက်သီးနှံများ၏ မိဘမျိုးစေ့ထုတ်သုတေသနပြုလုပ်ခြင်း၊ မျိုးကောင်းမျိုးသန့်မွေးမြူထုတ်လုပ်ခြင်း၊ စိုက်နည်းစနစ်သုတေသန ပြုလုပ်ခြင်းလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်မွေးမြူထုတ်လုပ်ရာတွင် အချိန်တိုအတွင်းပြီးစီး

နိုင်ရေးအတွက် ဇီဝနည်းပညာများ (Biotechnology) ကိုအသုံးပြု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရိတ်သိမ်းချိန်နှင့်ရိတ်သိမ်းပြီး နောက်ပိုင်းလုပ်ငန်းများ (Harvest and Post Harvest) တွင်သီးနှံ လေလွင့်ဆုံးရှုံးမှုများ လျှော့ချနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) သီးနှံစုံ၏ အပင်ရောဂါနှင့်ပိုးမွှားကာကွယ်နှိမ်နင်းရေး သုတေသနလုပ်ငန်းများ၊ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော သီးနှံဗီဇ အရင်းအမြစ်များ ထိန်းသိမ်းခြင်းလုပ်ငန်း (Seed Bank)၊ နှစ်စဉ်စပါးသီးနှံအထွက်နှုန်း ပြောင်းလဲလာမှုကို လေ့လာခြင်းများ၊ မြေဆီစစ်ဆေးမှုကိုအခြေခံ၍ မြေဩဇာနှုန်းထား သတ်မှတ်ထည့်သွင်းခြင်း အကျိုးသက်ရောက်မှုကို သုတေသန ပြုလုပ်ခြင်း၊

(၃) စိုက်ကွက်များရှိ ရေသွင်းမြောင်း/ရေထုတ်မြောင်းများမှ ရေအရည်အသွေး အား စဉ်ဆက်မပြတ် ဓာတ်ခွဲသုတေသနပြုလုပ်ခြင်း၊ စိုက်ပျိုးနည်းစနစ် အလိုက် ရေလိုအပ်ချက်ကို သုတေသနပြုလုပ်ခြင်း၊ လယ်ယာထွက်ကုန် တိုးတက်မြင့်မားလာစေရေးအတွက် အသေးစားလယ်ယာသုံးကိရိယာများ တိုးချဲ့အသုံးပြုခြင်းသည် အရေးကြီးသောအချက်ဖြစ်သဖြင့် လယ်ယာသုံး ကိရိယာများကို လေ့လာသုတေသနပြုလုပ်ခြင်း။

## (ဓ) စိုက်ပျိုးရေးဦးစီးဌာန

(၁) မျိုးကောင်းမျိုးသန့် အထွက်တိုးမျိုးစေ့ထုတ် လုပ်ငန်းများအား ဌာနပိုင်ခြံ များတွင် စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးစေ့၊ ပျိုးပင်များ ထုတ်လုပ်ရန် ပျိုးရုံ များတည်ဆောက်ခြင်း၊

(၂) လယ်ယာထွက်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှု ကောင်းမွန်အောင် အရည်အသွေး မြင့်တင်ရေးနှင့် ရောဂါပိုးမွှားများ ကင်းစင်ရေး၊ ပိုးသတ်ဆေးဓာတ်ကြွင်းမပါရှိစေရေး ဆောင်ရွက်ရန်နှင့် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ၏ အရည်အသွေးများ စစ်ဆေးရန် အတွက် အဆင့်မြင့်ဓာတ်ခွဲခန်းများ တိုးတက်ထူထောင်ခြင်း၊ ရိတ်သိမ်း

ချိန်လွန် နည်းပညာနှင့် ပစ္စည်းကိရိယာ အခြေခံလိုအပ်ချက်များ ဖြည့်တင်းနိုင်ရန် ဆောင်ရွက်ခြင်း၊

(၃) သီးနှံစုံ၏ အပင်ရောဂါနှင့်ပိုးမွှား ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေဆီလွှာနှင့် အပင်အာဟာရဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ မြေယာစီမံခန့်ခွဲခြင်းနှင့် မြေဆီအာဟာရမြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၄) စိုက်ပျိုးရေး သိပ္ပံကျောင်းများ၊ နည်းပညာ သင်တန်းကျောင်းများ၏ သင်ထောက်ကူပစ္စည်းများနှင့် ကိရိယာများ၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊

(၅) ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်မားရေးအတွက် ရုပ်ပတ်ဝန်းကျင်အပါအဝင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စီမံကိန်းဌာနခွဲအား စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း။

(ဈ) **ငါးလုပ်ငန်းဦးစီးဌာန**

(၁) ငါးကဏ္ဍဆိုင်ရာ စာရင်းအင်းကိန်းဂဏန်းများ ပိုမိုခိုင်မာမှန်ကန်စေရန်နှင့် မြေပြင်ရှိ ပကတိအခြေအနေ ကိန်းဂဏန်းအချက်အလက်များဖြစ်စေရေးအတွက် နည်းပညာများ၊ အကူအညီများရယူ၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၂) ငါးလုပ်ငန်းစခန်းများနှင့် ပုစွန်သားဖောက်စခန်းများမှ အရည်အသွေးကောင်းမွန်သော ငါး/ပုစွန်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်စွမ်းမြင့်မားလာစေရန် ငါး/ပုစွန်မျိုးဗီဇကောင်းများ ထိန်းသိမ်းမြှင့်တင်ပြီးကောင်းမွန်သော သားဖောက်ရုံကျင့်ရပ် (Good Hatchery Management Practice) အတိုင်း ဆောင်ရွက်ခြင်း၊

(၃) ငါးမွေးတောင်သူများအတွက် ငါးမွေးကန်ရေ/မြေ အရည်အသွေး တိုင်းတာစစ်ဆေးပေးခြင်းနှင့် ငါး/ပုစွန် ကျန်းမာမှုနှင့် ရောဂါထိန်းချုပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊

(၄) မွေးမြူရေးငါးထွက်ကုန်များ နိုင်ငံတကာဈေးကွက်လိုအပ်ချက်နှင့် ပြည့်မီစွာ မွေးမြူထုတ်လုပ်နိုင်ရန် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်ရပ် (Good Aquaculture Practices) များနှင့်အညီ မွေးမြူထုတ်လုပ် နိုင်ရန် တိုးချဲ့ပညာပေးခြင်းနှင့် သင်တန်းများပို့ချခြင်း၊

(၅) သဘာဝဘေးအန္တရာယ်ကြောင့် ငါး/ပုစွန်မွေးမြူရေးကန်များ ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ရသော လုပ်ကွက်ငယ်တောင်သူများအား အထူးဦးစားပေး ကူညီထောက်ပံ့ခြင်း၊

(၆) ငါး/ပုစွန်မွေးမြူရေး လုပ်ငန်းဆိုင်ရာ ဒေသ၊ ရေမြေသဘာဝနှင့် ကိုက်ညီသောခေတ်မီနည်းပညာများ ကူညီရေး၊ သုတေသနများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် သွင်းအားစုများပံ့ပိုးကူညီနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(၇) ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် အခြားသောဓာတုဆေးဝါးများ စံချိန်စံညွှန်းများ ကိုက်ညီစွာအသုံးပြုရေး၊ လိုအပ်ချက်အရ ပြည်ပမှတင်သွင်းမည့် ငါး/ပုစွန်သားပေါက်များအား ရောဂါကင်းရှင်းရေးနှင့် ငါးပုစွန်အစာနှင့်အစာကုန်ကြမ်းများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးရေး စိစစ်ကြပ်မတ် ဆောင်ရွက်ခြင်း၊

(၈) မျိုးသုဉ်းရှားပါး ရေနေသတ္တဝါများနှင့် ၄င်းတို့၏ နေထိုင်ကျက်စားရာပင်ရင်းဒေသများကိုလေ့လာခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၉) စီမံကိန်းဆောင်ရွက်မည့် Key person နှင့်တွေ့ဆုံ၍ ကနဦးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပကာ စီမံကိန်းလျာထားဧရိယာ သတ်မှတ်ခြင်း၊

(၁၀) စီမံကိန်းဧရိယာအတွင်းရှိ ဝင်ငွေနည်းငါးဖမ်းရေလုပ်သားများ ဦးဆောင်သည့်ဒေသတွင်း ပူးပေါင်းပါဝင်ဆောင်ရွက်သူများနှင့် တွေ့ဆုံ၍ လက်ရှိပြင်ပ အခြေအနေများအား လေ့လာခြင်း၊

(၁၁) ရေလုပ်သားများ၏ဝင်ငွေနှင့်ဆက်စပ်သည့် ကိန်းဂဏန်း အချက်အလက်များ အခြေခံစစ်တမ်းကောက်ယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း (လူမှုစီးပွားဘဝကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်း)၊

(၁၂) ရေလုပ်သားတို့၏ ဝင်ငွေတိုးတက်စေရေးလုပ်ငန်း စီမံချက်များဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ/ သင်တန်းများပေးခြင်း၊

(၁၃) ရေလုပ်သားတို့၏ ဝင်ငွေတိုးတက်စေရေး သင်တန်းများပေးခြင်းနှင့် key stakeholders များကို ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံများရှိ ရေထွက်ကုန်ပစ္စည်းများတန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းများအား သွားရောက်လေ့လာခြင်း၊

(၁၄) စီမံကိန်းဧရိယာအတွင်း စီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များအပေါ် နောက်ဆက်တွဲ ဆက်လက်ဆောင်ရွက်ခြင်း၊

(၁၅) နောက်နှစ်များတွင် ဆက်လက်ဆောင်ရွက်မည့် အခြားစီမံကိန်းဧရိယာများတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်ချက်ရလဒ်များနှင့် အစီရင်ခံစာများအား လေ့လာခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊

(၁၆) ကမ်းဦးရေတိမ်ပိုင်းနေ ကျူနာနှင့် ငါးမဲလုံးငါးမျိုးစိတ်များ၏ တည်ရှိမှုထုထည်ပမာဏ၊ မျိုးစိတ်များပျံ့နှံ့တည်ရှိမှုနှင့် ဂေဟစနစ်များအား မြန်မာ့ကမ်းရိုးတန်းရေပြင်များတွင် လေ့လာရေးလုပ်ငန်း လုပ်ဆောင်ခြင်း၊

(၁၇) ကမ်းရိုးတန်းတစ်လျှောက် ငါးမန်းနှင့်ငါးလိပ်ကျောက် ငါးမျိုးစိတ်များ တည်ရှိမှုအခြေအနေနှင့် ထိန်းသိမ်းစောင့်ကြည့်ရေးလုပ်ငန်း လုပ်ဆောင်ခြင်း၊

(၁၈) ရန်ကုန်တိုင်းဒေသကြီးရှိ ငါးတင်/ငါးချဆိပ်ကမ်း(၁၁)ခုတွင် ငါးမျိုးစိတ်ပါဝင်မှုဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက် ခြင်း၊

(၁၉) ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် Dr.Fridtjof Nansen သုတေသနရေယာဉ်နှင့် ရေသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ စောင့်ကြည့်လေ့လာရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂၀) ရေအောက်သယံဇာတများ လေ့လာထိန်းသိမ်းနိုင်ရေးအတွက် လက်တွေ့ ရေငုပ်သုတေသနဆောင်ရွက်နိုင်မည့် ရေငုပ်ကျွမ်းကျင်သင်တန်းပို့ချရန်နှင့် ပင်လယ်မြက်နှင့် သန္တာကျောက်တန်း/ ကျောက်ခက်များရှိသော ဧရာဝတီ တိုင်းဒေသကြီး၊ ပေတောမြို့နယ်နှင့် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်များတွင် ကွင်းဆင်း ဆောင်ရွက်ခြင်း၊

(၂၁) ရန်ကုန်မြို့ရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံတွင် ဒုတိယဦးစီးမှူးနှင့် ဦးစီးအရာရှိ မွမ်းမံသင်တန်းများဖွင့်လှစ်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)နေပြည်တော်တွင် မြို့နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးသင်တန်း များအား စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(၂၂) ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ရန်ကုန်၊ ဖျာပုံ) နှင့် ငါးလုပ်ငန်းသင်တန်း ကျောင်း (စစ်ကိုင်း၊ ဖျာပုံ)တို့တွင် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းသင်တန်း၊ ငါးဖမ်းကိရိယာပြုပြင်ထိန်းသိမ်း ခြင်းသင်တန်း၊ ပြည်တွင်းပြည်ပ ငါးဖမ်းသင်္ဘောသားများသင်တန်း၊ ဌာနတွင်း အခြေခံအင်္ဂလိပ်စကားပြောနှင့် အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံငါးမွေးမြူရေးသင်တန်း၊ ဌာနတွင်းလုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ ကျေးလက်ဒေသလူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု သင်တန်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပင်လယ်ပြင်ဘေးကင်း လုံခြုံရေးသင်တန်း၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း၊ စီးပွားဖြစ် ငါးမွေးမြူထုတ်လုပ်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊

(၂၃) တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး အတွက် Closed Season/ Closed Area သတ်မှတ်ဆောင်ရွက်ခြင်း၊

(၂၄) ဒေသခံများစီမံခန့်ခွဲသော အဏ္ဏဝါရေပြင်များ (Locally Manage Marine Area – LMMA) သတ်မှတ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၂၅) တားမြစ်ငါးလုပ်ငန်း ရေပြင်များအတွင်း ဝင်ရောက်ငါးဖမ်းဆီးခြင်းအား ထိရောက်စွာ ကြီးကြပ်အရေးယူခြင်း၊

(၂၆) ကမ်းဝေးငါးဖမ်းရေယာဉ်များအတွက် ငါးဖမ်းခွင့်ပြုရက်များ ပြင်ဆင်သတ်မှတ်နိုင်ရေး ဆန်းစစ်လေ့လာခြင်း၊

(၂၇) ပင်လယ်ပြင်တွင် ကုန်လွှဲပြောင်းခြင်းကို စည်းကမ်းသတ်မှတ် ဆောင်ရွက်ခြင်း၊

(၂၈) တရားမဝင် ငါးဖမ်းဆီးမှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားငါးလုပ်ငန်း စီမံချက် National Plan of Action for Combating Illegal Unreported Unregulated Fishing အား သတ်မှတ် ပြဋ္ဌာန်း နိုင်ရေး ဆောင်ရွက်ခြင်း၊

(၂၉) တရားမဝင် ငါးဖမ်းဆီးမှု တိုက်ဖျက်ရေးလုပ်ငန်းများအား နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ည) **မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

(၁) ရောဂါရှာဖွေ ထိန်းချုပ်ရေးအတွက် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း (Veterinary Diagnostic Laboratory) များ အဆင့်မြှင့်တင်ခြင်း၊

(၂) နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါ တားဆီးရေးအတွက် စစ်ဆေးရေးစခန်း (Quarantine Station) များ အဆင့်မြှင့်တင်ခြင်း၊

(၃) မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှု(Biosecurity) တိုးတက်ကောင်းမွန်စေရန်ဆောင်ရွက်ခြင်း၊

(၄) ဓာတ်ခွဲခန်းများ စီမံအုပ်ချုပ်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊

(၅) တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများထုတ်လုပ်ခြင်း၊

(၆) တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူခြင်း၊

(၇) မျိုးမြှင့်တင်ရေးလုပ်ငန်းများဖြစ်သည့်-

- ရန်ကုန်မြို့တွင် နိုက်ထရိုဂျင်အရည်ထုတ်စက်ရုံ အဆောက်အဦ တည်ဆောက်ခြင်း၊
- မျိုးမြှင့်တင်ရေး ဓာတ်ခွဲခန်းသုံးနှင့် မေထုံမဲ့သားစပ်လုပ်ငန်းသုံး နိုက်ထရိုဂျင်အရည်ထည့်အိုးများ ဝယ်ယူခြင်း၊
- နေပြည်တော်တွင် သင်တန်းသားအိပ်ဆောင် တည်ဆောက်ခြင်း၊

- မန္တလေးမြို့တွင်တိရစ္ဆာန်မျိုးမြှင့်တင်ရေးခာတ်ခွဲခန်းတည်ထောင်ခြင်း၊
- နွား၊ ဝက်နှင့် ဆိတ်တို့အတွက် မေထုံမဲ့သားစပ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊

(၈) စားကျက်ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၉) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် မြစိမ်းရောင်(အသားကဏ္ဍ၊ပျားကဏ္ဍ) စီမံကိန်းအကောင်အထည်ဖော်ခြင်း၊

(၁၀) ဘိန်းစိုက်ပျိုးမှု အစားထိုးအသက်မွေးဝမ်းကျောင်း အထောက်အကူပြု မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လာစေရေး စီမံချက်ချမှတ် ဆောင်ရွက်ခြင်း၊

(၁၁) ပျားလုပ်ငန်း ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊

(၁၂) တန်ဖိုးမြှင့်ပျားထွက်ပစ္စည်းများကို အဆင့်မြင့်စက်ကိရိယာသုံးစွဲ ထုတ်လုပ်ခြင်း၊

(၁၃) ဌာနပိုင်ခြံ၊ စက်ရုံများတွင် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လိုသူ လုပ်ငန်းရှင်ကုမ္ပဏီများကို တင်ဒါများ ပွင့်လင်းမြင်သာစွာ ခေါ်ယူဆောင်ရွက်ခြင်း။

**(ဃ) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

(၁) ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ကွင်းဆင်း ဆေးကုသရေးနှင့် ပတ်သက်သည့် အတွေ့အကြုံများရရှိစေရန်နှင့် လက်တွေ့ကျကျပိုမို တတ်ကျွမ်းနားလည်စေရန် ရည်ရွယ်၍ အင်္ဂလန်နိုင်ငံအခြေစိုက် လုပ်ငန်းခွင်သုံးတိရစ္ဆာန်များအား ကာကွယ်ရေးအဖွဲ့ကြီး SPANA (the Society for the Protection of Animals Abroad) ၏အကူအညီဖြင့် ၂၀၁၅-၂၀၁၆ မှစတင်ခဲ့သော ရွေ့လျားတိရစ္ဆာန်ကု ဆေးခန်း (Mobile Clinic)နှင့် ဆေးခန်းဆိုင်ရာကျွမ်းကျင်မှုစင်တာ (Clinical Skill Centre)အား ဆက်လက်ဆောင်ရွက်ခြင်း၊

(၂) အနာဂတ်တွင် ပိုမိုစွမ်းရည် ပြည့်ဝသောဘွဲ့ရများအား မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ အာဆီယံဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာရှိ မွေးမြူရေး

ဆေးတက္ကသိုလ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ နည်းပညာ အပြန်အလှန်ဖလှယ်ခြင်း၊ ပညာရပ်ဆိုင်ရာအတွေ့အကြုံများ ဖလှယ်ခြင်း၊ သုတေသနလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်ခြင်းများကို ဆက်လက်ဆောင်ရွက်ခြင်း၊

(၃) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော အနာဂတ် ဘွဲ့ရများအနေဖြင့် အပြည်ပြည်ဆိုင်ရာ နယ်ပယ်တွင် အလုပ်အကိုင် အခွင့် အလမ်းများ ပိုမိုရရှိစေရန်ရည်ရွယ်၍ အာဆီယံဒေသတွင်းနှင့် အပြည်ပြည် ဆိုင်ရာရှိ မွေးမြူရေးဆေးတက္ကသိုလ်များအတွင်း သင်ကြားရေးဝန်ထမ်း နှင့် ကျောင်းသား၊ ကျောင်းသူများ အပြန်အလှန်ဖလှယ်မှုများ (Student Exchange and Staff Exchange) ဆက်လက်ဆောင်ရွက်ခြင်း၊

(၄) နိုင်ငံတော်၏ မွေးမြူဆေးကုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်း စဉ်များတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍမှ ပါဝင်မည့် မွေးမြူဆေးကု ဆရာဝန်ကောင်းများ ပေါ်ထွက်လာစေရန် လေ့ကျင့်သင်ကြားပေးမည့် တက္ကသိုလ်မှ သင်ကြားရေးဆရာ၊ ဆရာမများ၏ စွမ်းရည်မြှင့်တင် (Capacity Enhancement) ပေးရန် ရည်ရွယ်၍ သင်ကြားရေး ဆရာ/ဆရာမများအား ဘာသာရပ်ဆိုင်ရာအထူးပြု လေ့ကျင့်သင်ကြား ပေးခြင်းများ (Training of Trainers) ကို ဆက်လက်ဆောင်ရွက် သွားခြင်း၊

(၅) ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းများကို အသုံးပြု၍ ရောဂါအဖြေရှာခြင်း၊ သုတေသနပြုလုပ်ခြင်းများ တိုးချဲ့လုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ ခေတ်မီ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် သင်ကြားရေးအထောက်အကူပြု ပစ္စည်းများ အား ရေရှည် စီမံကိန်းများချမှတ်ကာ တိုးချဲ့ထူထောင်ခြင်း၊

(၆) တိရစ္ဆာန်ဆေးပညာရပ်ဆိုင်ရာနှင့် မွေးမြူရေးပညာဆိုင်ရာ ဘာသာရပ် အလိုက် အထူးပြု ကျွမ်းကျင်သော ပညာရှင်များကို မွေးထုတ်ပေးရန် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ သီးခြားဖွင့်လှစ် သင်ကြားမည့်

တိရစ္ဆာန်ဆေးပညာဘွဲ့ (D.V.M.) (၆) နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (B.A.Sc.) (၄)နှစ် သင်တန်းများအတွက် လိုအပ်သော သင်ကြားရေးဌာနများကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခြင်း၊

(၇) ပြဿနာများ ဖြေရှင်းပေးနိုင်ရန်နှင့် တက္ကသိုလ်၏ သုတေသနလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ မွေးမြူရေးဆေးကုမ္ပဏီများ၊ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တက္ကသိုလ်တို့ ပူးပေါင်း၍ အကျိုးပြု သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၈) ဘာသာရပ်ဆိုင်ရာခေတ်မီနည်းပညာများနှင့် အသိပညာများ အမြဲ ဖွံ့ဖြိုးတိုးတက်နေစေရန် (Advancing knowledge and technology) ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာတက္ကသိုလ်များတို့နှင့်ပူးပေါင်း၍ ပညာရပ်ဆိုင်ရာစာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများသို့စေလွှတ်ခြင်း၊ အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခြင်း။

(ဠ) **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

(၁) ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၃) ကျေးလက်ကျန်းမာသန့်ရှင်းရေးလုပ်ငန်း များဆောင်ရွက်ခြင်း၊

(၄) ကျေးလက်မီးလင်းရေး အမျိုးသား လျှပ်စစ်စွမ်းအင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) ကျေးလက်အိမ်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) ရုံးနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ၊

(၇) ကျေးလက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၈) မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၉) လူထုဗဟိုပြုစီမံကိန်းများဆောင်ရွက်ခြင်း၊

(၁၀) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

**(ဍ) သမဝါယမဦးစီးဌာန**

(၁) သမဝါယမအသင်းသစ်များအား သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ပေးခြင်း၊ ဖွဲ့စည်းထားရှိသည့်သမဝါယမအသင်းများအားလည်း ကျစ်လစ်ခိုင်မာစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(၂) ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံလူတန်းစားများ၏ ဝင်ငွေရလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားအရင်းအနှီးချေးငွေ အစီအစဉ် ဆောင်ရွက်ခြင်း၊

(၃) တောင်သူလယ်သမားများသို့ လယ်ယာသုံး၊ ရေလုပ်ငန်းသုံးစသည့် စက်ကိရိယာများနှင့် သွင်းအားစုများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်း။

**(ဎ) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

(၁) လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့် အရင်းအနှီးများရရှိစေရေး ကူညီဆောင်ရွက်ခြင်း၊

(၂) အသေးစား စက်မှုလက်မှုလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများနှင့် ပန်း (၁၀) မျိုးအပါအဝင် ရိုးရာလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ရရှိရေးကူညီ ဆောင်ရွက်ခြင်း။

**(ဏ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

(၁) နှစ်ရှည်သီးနှံအပါအဝင် သီးနှံအားလုံးအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့်ရင်းနှီးမြှုပ်နှံမှုစရိတ်ကို အတော်အသင့်ကာမိစေသည့် စိုက်ပျိုးရေးစရိတ်ချေးငွေများရရှိရေးနှင့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးမှုစနစ်များ ဖွံ့ဖြိုးစေရေးအားပေး ကူညီဆောင်ရွက်ခြင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) **လေကြောင်းနှင့်ရေကြောင်းပို့ဆောင်ရေးကဏ္ဍ**

(၁) မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်ရှိကျင့်သုံးနေသော နိုင်ငံရေး၊ စီးပွားရေး စနစ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာ လေကြောင်း အဖွဲ့ချုပ်တို့၏ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက်နိုင်ငံခြားချေးငွေ၊ နိုင်ငံခြား အထောက်အပံ့များ ရယူ၍လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် J.V, BOT နှင့် PPP စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်သွားရေး။

(ခ) **ကုန်းလမ်းနှင့်ရထားပို့ဆောင်ရေးကဏ္ဍ**

(၁) နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိသည့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံတော်နှင့် ပြည်သူတို့အားထားနိုင်သည့် ရထားလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းတည်ဆောက်ရန်နှင့် ရထားမြေအပါအဝင် မိမိစွမ်းအားစုများကို အသုံးပြုပြီး ရထားဝင်ငွေပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊ တစ်ချိန် တည်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ပေါင်းစပ်၍ ရထားလမ်းတစ်လျှောက်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ

အပါအဝင် ကဏ္ဍစုံလုပ်ငန်းများဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြု သွားရေး၊

(၂) မော်တော်ယာဉ်များဖြင့် စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်သော လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် နိုင်ငံ၏စီးပွားရေး၊ လူမှုရေး အပါအဝင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများနှင့် လက်တွဲ၍ ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးနှင့် နိုင်ငံတကာအဆင့်မီ တိုးတက်ရေးဆောင်ရွက်ရန်၊ မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး (Road Safety) အတွက် သက်ဆိုင်သူအားလုံးနှင့် ပူးတွဲ၍ တိုးမြှင့်ဆောင်ရွက်သွားရေး။

(ဂ) **ဆက်သွယ်ရေးကဏ္ဍ**

(၁) ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏ စံသတ်မှတ်ချက်များနှင့်အညီ အခြေခံအဆောက်အအုံများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်၊ e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေး တိုးမြှင့်ဆောင်ရွက်ရန်၊ စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းကို ခေတ်မီစက်ကိရိယာများတပ်ဆင်၍ အရည်အသွေးပြည့်ဝပြီး ပြည်သူလူထု ယုံကြည်မှု အပြည့်အဝရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ရေး။

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစားပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **လေကြောင်းနှင့်ရေကြောင်းပို့ဆောင်ရေးကဏ္ဍ**

(၁) ရေကြောင်း/ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကိုဦးစားပေးလျက် ပို့ဆောင်မှု ပမာဏအား နိုင်ငံတော်မှ ချမှတ်သည့်နှစ်စဉ် GDP-Growth Rate ထက် ပိုမို ရရှိအောင် ဆောင်ရွက်သွားရန်၊

(၂) Efficient Transport Network System အား Demand and Supply Concept နှင့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေ ပြောင်းလဲမှုအပေါ် အခြေခံ၍ တည်ထောင်ဆောင်ရွက်သွားရန်၊

(၃) ရေကြောင်းနှင့်လေကြောင်းပို့ဆောင်ရေးကဏ္ဍများတွင် အများပိုင်၊ပုဂ္ဂလိကပိုင်နှင့် ဖက်စပ်လုပ်ငန်းစနစ်အား အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော အခြေအနေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရန်၊

(၄) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲတိုးတက်နေစေရန် လေ့ကျင့်ဆောင်ရွက်ပေးမည်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာစေရေး အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများ ဖြစ်အောင် လေ့ကျင့်မွေးထုတ်ရန်၊

(၅) လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန်၊ မိမိရှာဖွေသည့် ဘဏ္ဍာငွေဖြင့် ပြန်လည်၍ရင်းနှီးမြှုပ်နှံမှုအတွက် လုံလောက်မှုမရှိပါက ပြည်ထောင်စု အစိုးရအဖွဲ့ထံလိုအပ်သောဘဏ္ဍာငွေ တင်ပြ တောင်းခံဆောင်ရွက်ရန်၊

(၆) လေယာဉ်များ/ သင်္ဘောများဝယ်ယူ၊ တည်ဆောက်ဖြည့်တင်းခြင်းနှင့် ဆိပ်ကမ်း/လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန်၊

(၇) ခေတ်မီသတင်းနည်းပညာနှင့် အတွေးအခေါ်များအသုံးပြု၍ အရည်အချင်း ပြည့်ဝသောဝန်ထမ်းများဖြင့် အရည်အသွေးမီ စီမံခန့်ခွဲမှုစနစ် တည်ဆောက်ရန်၊

(၈) စဉ်ဆက်မပြတ် စောင့်ကြည့်သည့်စနစ်ဖြင့် အရည်အသွေးအာမခံ အကဲဖြတ်ခြင်းအား ဆောင်ရွက်သွားရန်၊

(၉) လေယာဉ်/ရေယာဉ် မောင်းနှင်သူများနှင့် ပြုပြင်ထိန်းသိမ်းသူများ၏ ကျွမ်းကျင်မှု အဆင့်အတန်းအား စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်သွားရန်၊

(၁၀) စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်သူများ၏ ပင်ကိုယ်အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရန်အတွက် မွမ်းမံသင်တန်းများ ပုံမှန်ဖွင့်လှစ်ပို့ချ လေ့ကျင့်သွားရန်၊

(၁၁) နိုင်ငံတကာသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သင့်လျော်သည့် နိုင်ငံသားများအား လိုအပ်သည့်အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင် တိုးမြှင့်ရရှိရေး ဆောင်ရွက်သွားရန်၊

(၁၂) နိုင်ငံတကာလေကြောင်းလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် နိုင်ငံသားများအား လေယာဉ်မောင်းသင်ကျောင်းများ တည်ထောင်ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးပြီး အလုပ်အကိုင် တိုးမြှင့်ရရှိရေး ဆောင်ရွက်သွားရန်။

(ခ) **ကုန်းလမ်းနှင့်ရထားပို့ဆောင်ရေးကဏ္ဍ**

(၁) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ဖြစ်ပေါ်လာမည့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကို အထိရောက်ဆုံးနှင့် စွမ်းဆောင်ရည်ရှိရှိ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး၊ မိမိလက်ဝယ်ရှိ စွမ်းအားစုများကို အထိရောက်ဆုံး သုံးစွဲနိုင်ရန်၊

(၂) အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မော်တော်ယာဉ်နှင့် ယာဉ်မောင်းများကို စစ်ဆေး၍ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်၊ မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်နှင့် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းစေရန်၊

(၃) မော်တော်ယာဉ်များဖြင့် စီးပွားရေးအလို့ငှာ ဆောင်ရွက်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား စနစ်တကျဖြစ်ပေါ်စေရန်၊

(၄) ဝန်ထမ်းများအနေဖြင့် ပြုပြင်ပြောင်းလဲလာသည့် ခေတ်စနစ် မူဝါဒ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာများကို ကောင်းစွာ နားလည်ကြေညက်ပြီး ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲ တိုးတက်နေစေရေး လေ့ကျင့်ပေးရန်၊

(၅) ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် အဆင့်ဆင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်၊

(၆) အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ဖက်စပ်လုပ်ငန်းစနစ်အား အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော အခြေအနေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊

(၇) လက်ဝယ်ရှိ လူ၊ ပစ္စည်းအစရှိသော စွမ်းအားစုများကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် အစဉ်တစိုက် စီမံဆောင်ရွက်၍ နိုင်ငံတော်နှင့် ပြည်သူတို့ အားထားနိုင်သည့် ရထားလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ရေး ဆောင်ရွက်ရန်၊

(၈) ရထားလမ်းတစ်လျှောက်ရှိ ရထားမြေများကိုအသုံးချ၍ နိုင်ငံတော်အတွက် ဝင်ငွေရရှိရေးဆောင်ရွက်လျက် တစ်ချိန်တည်းတွင် ရထားလမ်းဖြင့် ဆက်စပ်နေသော နေရာများပါ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်ရန်။

(ဂ) **ဆက်သွယ်ရေးကဏ္ဍ**

(၁) နိုင်ငံတကာစံနှုန်းများ၊ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအား ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများတွင် ပါဝင်ယှဉ်ပြိုင် ဆောင်ရွက်စေပြီး၊ ဘဏ္ဍာရေးအရင်းအမြစ်ဖြစ်သော အခွန်အခများ အပြည့်အဝကောက်ခံရရှိရေး ဆောင်ရွက်သွားရန်၊

(၂) e-Government လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံ အဆောက်အဦများ တည်ဆောက်ခြင်းနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊

(၃) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေး ကော်ပိုရေးရှင်း အသွင်ပြောင်းလဲနိုင်ရေး ဆောင်ရွက်သွားရန်၊

(၄) ဆက်သွယ်ရေးကွန်ရက်ကို မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ လူနေဧရိယာ၏ ၈၅% လွှမ်းခြုံဖြန့်ကျက်နိုင်ရေး ဆောင်ရွက်သွားရန်၊

(၅) ဒုတိယကာလတို (၅) နှစ်တွင် တယ်လီဖုန်းလုံးရေ (၇၅)သန်းထိ သုံးစွဲသွားနိုင်ရန်နှင့် တယ်လီဖုန်း သိပ်သည်းဆ (၁၂၅%) ထိ တိုးတက် ရရှိစေရန်၊

(၆) စာပို့တိုက်ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲသွားရန်၊

(၇) မြန်မာ့စာတိုက်လုပ်ငန်းအား နိုင်ငံတော်ဘတ်ဂျက်ကို ရယူသုံးစွဲပြီး၊ ခေတ်မီသည့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။

## လုပ်ငန်းစဉ်

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) **လေကြောင်းနှင့်ရေကြောင်းပို့ဆောင်ရေးကဏ္ဍ**

(၁) လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် မြန်မာနိုင်ငံအပေါ်မှ ဖြတ်ကျော်ပျံသန်း၊ ဆင်းသက်ရပ်နားသည့် ပြည်တွင်း၊ ပြည်ပလေယာဉ်များ ဘေးအန္တရာယ်ကင်းဝေးစွာ ပျံသန်းနိုင်ရေးနှင့်လိုရာခရီးသို့ လုံခြုံချောမွေ့စွာဖြင့် အချိန်မှန်သွားလာနိုင်ရေးကို အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိရာတွင် လေကြောင်းလိုင်းများ၊ လေဆိပ်များ၊

လေကြောင်းပျံသန်းမှု အထောက်အကူပြု ပစ္စည်းများအား နိုင်ငံတကာ အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(၂) လေကြောင်းလမ်းညွှန် ထိန်းသိမ်းမှု စစ်ဆေးရေးအနေဖြင့် တိုးတက်လာသော လေကြောင်း ထိန်းသိမ်းရေးစနစ်အား ခေတ်စနစ်နှင့်အမှီ လိုက်နိုင်ရေး၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်ကြီးမှ ချမှတ်ထားသော Global Air Navigation Plan နှင့် Asia-pacific ATM plan တို့အရ ဆောင်ရွက်မှုများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး အတွက် အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ် ဒေသခွဲ (ICAO Regional sub office-RSO) နှင့် လည်းကောင်း၊ ဂျပန်နိုင်ငံအစိုးရ JICAမှ နည်းပညာ အထောက်အပံ့ ရယူ၍လည်းကောင်း ဆက်လက်ပူးပေါင်း ဆောင်ရွက်မည်၊

(၃) မြစ်ကြီးနားလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဖလမ်းလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ လားရှိုး လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဟဲဟိုး လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ လွိုင်ကော် လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ညောင်ဦးလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ စစ်တွေလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း၊ မာန်အောင်လေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်း၊ လေကြောင်းပညာ သိပ္ပံဖွံ့ဖြိုးရေးလုပ်ငန်း၊ ထားဝယ် လေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လေယာဉ်ပြေးလမ်း၊ လေဆိပ် အဆောက်အဦ၊ ခြံစည်းရိုး၊ ဝန်ထမ်းအိမ်ရာ၊ လေယာဉ်ရပ်နားနေရာ၊ လေကြောင်း ထိန်းမျှော်စင် စသည့်လုပ်ငန်းများ ပြင်ဆင်ခြင်းကို ဆောင်ရွက်မည်။ လေယာဉ်ကွင်းများ၊ လေဆိပ်များ၊ လေဆိပ်အဆောက်အဦများ အရေးပေါ် မွမ်းမံခြင်းလုပ်ငန်းများအားလိုအပ်သည့်လေဆိပ်၊ လေယာဉ်ကွင်းများတွင် လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်မည်၊

(၄) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အောက်မြန်မာပြည် ရန်ကုန်တိုင်းဒေသကြီးရုံးတွင် သံကူ ကွန်ကရစ်လမ်းခင်းခြင်း၊ အုတ်ခြံစည်းရိုးများကာရံခြင်း၊ သိမ်ဖြူရုံး အစည်းအဝေးခန်း ပြုပြင်ခြင်း၊ ရေကြောင်းအင်ဂျင်နီယာဌာန Survey ဌာနစုရှိ အင်ဂျင်နီယာဌာန ရုံးအဆောက်အဦ တိုးချဲ့ပြုပြင်ခြင်း၊ ဘောလှေကားနှစ်ဘက်ရှိ အုတ်နံရံပြင်ဆင်ခြင်း၊ မျက်နှာကျက်များ ပြုပြင်ခြင်း၊ ရေနုတ်မြောင်းအသစ် ဆောက်လုပ်ခြင်း၊ ရေကြောင်း အင်ဂျင်နီယာဌာနတွင် အဆောက်အဦသစ် ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်၊

(၅) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဧရာဝတီမြစ် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းတွင် ဗန်းမော်-ထီးချိုင့် ရေလမ်းပိုင်းနှင့် မန္တလေး-ချောက်ရေလမ်းပိုင်း၊ ချင်းတွင်းမြစ်ရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်းတွင် သောင်တူးလုပ်ငန်းများ မျှောတိုင်တန်း ကျောက်ခင်းရေကာလုပ်ငန်း၊ ရေကာဟောင်းများ စွမ်းအားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်။ စီမံကိန်းဝင်မြစ်ကူး တံတားကြီးများ တိုင်းတာရေးလုပ်ငန်း၊ ရေအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း၊ သဲနုန်းသယ်ယူပို့ချမှု တိုင်းတာခြင်းလုပ်ငန်း၊ ဗန်းမော်ဆိပ်ကမ်း ရေလမ်းကောင်းမွန်ရေး လုပ်ငန်းအားဆောင်ရွက်မည်၊

(၆) ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုစီမံကိန်းလုပ်ငန်းကို ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း(၁၀၀)ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ စီမံကိန်းလုပ်ငန်းခွဲ(၃)ခုဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်။ လုပ်ငန်းသစ်များအနေဖြင့် တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအား ကိုရီးယားနိုင်ငံ ချေးငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဂျပန်နိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်မည်။ ရခိုင်ပြည်နယ်ရှိမြစ်များ ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ မတ္တရာမြို့နယ်

ဆင်ကျွန်းရေလမ်းကြောင်း ပြောင်းလဲခြင်းလုပ်ငန်း၊ ရှမ်းပြည်နယ်ရုံး၊ ပင်မရုံးလုပ်ငန်း အဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်မည်၊

(၇) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အနေဖြင့် မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်ဆိုင်ရာ ကြိုတင်သတိပေးချက်များ၊ ခန့်မှန်းချက်များ နှင့် အခြေအနေသတင်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်မှန်ကန်စွာ ထုတ်ပြန်နိုင်ရေးအတွက် အလိုအလျောက် တိုင်းထွာနိုင်သော ခေတ်မီ စက်ကိရိယာများကို တိုးမြှင့်တပ်ဆင်ရေး ဆောင်ရွက်မည်။ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းသင်တန်းများ ဖွင့်လှစ်ကျင်းပခြင်း၊ ပြည်ပသင်တန်းများသို့ စေလွှတ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင်ဆိုင်ရာ နိုင်ငံတကာ ဗဟိုဌာနများနှင့်လည်း စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ (၈)ကြိမ်မြောက် AWGCC (8th Meeting of the ASEAN Working Group on Climate Change) အစည်းအဝေးကို ၂၀၁၇ခုနှစ်၊ မေလတွင် မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်၊

(၈) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ခရီးသည်နှင့် ကုန်စည်တွဲလျှက်တင်ဆောင်သည့် သယ်ယူပို့ဆောင်ရေးရေယာဉ်များထဲမှ အမြတ်အစွန်းရရှိနေသော ခရီးလမ်း (Ferry အပါအဝင်) များကို လက်ရှိရေယာဉ်များဖြင့် ဆက်လက်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်မည်။ ဆိပ်ခံဇောမရှိသော မြို့နယ်များတွင်လည်း ဆိပ်ခံဇောများထားရှိရေး ဆက်လက်စီမံဆောင်ရွက်မည်။ ရခိုင်ဌာနခွဲတွင် ကမ်းရိုးတန်းဖြတ်ပြေးဆွဲမည့် ခရီးလမ်းအတွက် မြစ်တွင်းနှင့် ကမ်းရိုးတန်းနှစ်သွယ်သွား ခရီးသည်သီးသန့်တင် အမြန်ရေယာဉ်(၃)စီးဖြင့် စစ်တွေ-တောင်ကုတ် ခရီးလမ်းပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံမှ Grant ၊ Aid ဖြင့် ရရှိမည့်ခရီးသည်တင် ရေယာဉ် (၃)စီးအနက် ၂၀၁၇ ခုနှစ်၊ မတ်လတွင် (၁)စီး၊ ဇွန်လတွင် (၁)စီး၊ စုစုပေါင်း ဂျပန်နိုင်ငံမှ အသုံးပြုပြီး ရေယာဉ်(၂)စီးရရှိမည်ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် အသစ်

တည်ဆောက်မည့် ရခိုင်ဒေသခရီးလမ်းနှင့် ကိုက်ညီသည့်ခရီးသည် သီးသန့်အမြန်ရေယာဉ် (၁)စီးကိုလည်း ၂၀၁၈ ခုနှစ်အတွင်း အပြီး တည်ဆောက်၍ ရခိုင်ဒေသသို့ပေးပို့သွားနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ ဌာနရှိ တွန်းရေယာဉ်(၂)စီးအား စက်စွမ်းအားမြှင့်တင်ဆောင်ရွက်သွားရန်လျာထားခဲ့ရာ ဆင်ဟိုင်း-၆ရေယာဉ်အား စက်စွမ်းအားမြှင့်တင်၍ စမ်းသပ်ခုတ်မောင်းခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ဆင်ပြောင်ရေယာဉ်အား စက်စွမ်းအားမြှင့်တင်နိုင်ရေး စီမံဆောင်ရွက်မည်။ ဗညားလတ်ရေယာဉ်အား ဝန်ဆောင်မှုလုပ်ငန်းတွင် အသုံးပြုရန်အတွက် ပြင်ဆင်မွမ်းမံလျက်ရှိပြီး မြစ်တွင်းသွား အပျော်စီးရေယာဉ်အဖြစ် အသုံးပြုသွားမည်၊

(၉) ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် Economic and Social Development အား ဆောင်ရွက်မည်။ ပုဂ္ဂလိကရေယာဉ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဌာနပိုင်လွှန်းကျင်းများတွင် လက်ခံတည်ဆောက်သွားမည်။ ဌာနပိုင် လက်ရှိပြေးဆွဲနေသော ရေယာဉ်များကိုလည်း လွှန်းကျင်းလျာထားချက်များအတိုင်း ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်။ စက်ရှိ/စက်မဲ့ရေယာဉ်(၅၀)စီးခန့်ကို အကြီးစားပြင်ဆင်သွားမည်။ ဌာနပိုင်မြေနေရာနှင့် အဆောက်အဦများထဲမှ ဈေးကွက်ဝင်နေရာများအား ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ BOT စနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည်၊

(၁၀) ဌာနပိုင်ရေယာဉ်/တွဲယာဉ်များအား ဈေးကွက်အခြေအနေအပေါ်မူတည်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းများပြုလုပ်သွားမည်။ အသုံးမပြုလိုတော့သည့် ရေယာဉ်များအားလေလံထုခွဲရောင်းချသွားမည်။ ဌာနပိုင်လွှန်းကျင်းများအနက် နယ်ဌာနခွဲများရှိ လွှန်းကျင်းငယ်များအား စိတ်ပါဝင်စားသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း အဆင့်မြှင့်တင်၍ ဌာနဝင်ငွေရရှိရေး စီမံဆောင်ရွက်မည်၊

(၁၁) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အနေဖြင့် ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတွင် မြစ်ဝကျွန်းပေါ်ဌာနခွဲအနေဖြင့် ရတနာနဝရတ်ကုမ္ပဏီမှ "တေဇ"ရေယာဉ်ငှားရမ်း၍ ရန်ကုန်မြစ်တွင်း အပျော်စီးခရီးစဉ်အဖြစ်လည်းကောင်း၊ ဧရာဝတီဌာနခွဲတွင် Interconnection Travels Co.Ltd မှ "ပန်းတော်" ရေယာဉ်အား မန္တလေး-ညောင်ဦး-ပုဂံ ခရီးလမ်းတွင်လည်းကောင်း၊ ရွှေပြည်သစ်ဇက်ကူးတို့လုပ်ငန်းမှ သရက်-အောင်လံကူးတို့လမ်းတွင် "ဇက်-၁၁၃"ရေယာဉ်ကိုလည်းကောင်း၊Upland Travels & Tours Co.Ltd မှ စီစီဘီ-၆ ဆိပ်ခံတွဲကို ငှားရမ်း၍ လည်းကောင်း၊ Pretty Courier Co.Ltd မှ ရွှေကိန္နရီ ၁/၂/၃ ရေယာဉ်များငှားရမ်း၍ မန္တလေး-ပုဂံ-ညောင်ဦးခရီးလမ်းချင်းတွင်းဌာနခွဲအနေဖြင့် ရွှေလွန်းပျံ ဇက်ကူးတို့လုပ်ငန်းမှ "ဇက်-၁၀၈"ရေယာဉ်ကို မုံရွာ-ညောင်ပင်ကြီး ဇက်ကူးတို့လမ်းတွင်လည်းကောင်း၊ ရခိုင်ဌာနခွဲတွင် ရက္ခိတအားမာန်သစ်ကုမ္ပဏီမှ အောင်တံခွန်-၁/၂/၇ ရေယာဉ်များငှားရမ်း၍ စစ်တွေ-ဘူးသီးတောင်နှင့်စစ်တွေ-မြောက်ဦးခရီးလမ်းအဖြစ်လည်းကောင်း အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်၊

(၁၂) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းဖြစ်သော သီလဝါမြေကွက်အမှတ် (၂၅/၂၆) တွင် ဂျပန်နိုင်ငံ ODA Loan ဖြင့် ကုန်သေတ္တာနှင့် အထွေထွေကုန်စည် ဆိပ်ကမ်း ပထမအဆင့် (ဒုတိယပိုင်း)ကို တည်ဆောက်ခြင်း၊ ဖြည့်စွက်လုပ်ငန်းများဖြစ်သည့် ရန်ကုန်မြစ်အတွင်း နိုင်ငံခြားပင်လယ်ကူး သင်္ဘောကြီးများ ဝင်/ထွက်ရာတွင် လိုအပ်သော ရေအနက်ရရှိရေးအတွက် အပြင်စည်းခုံရေလမ်းကြောင်းနှင့် အတွင်းစည်းခုံရေလမ်းကြောင်းအား သောင်တူးခြင်းလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်။ ဆိပ်ကမ်းဆိုင်ရာအချက်အလက်များကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရန် Port EDI လုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်းများကို ပြည်တွင်းပြည်ပမှ ဝယ်ယူတပ်ဆင်ရန်နှင့် စက်တပ်ဆင်ခ၊ လုပ်ငန်း

လေ့ကျင့်ရေး၊ ကြီးကြပ်ခ၊ Soft Component များ ပေးချေရန်အတွက် ဂျပန်နိုင်ငံ၏ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(၁၃) ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက်သို့ ရေမိုင်(၂၀)ခန့်အကွာတွင် ရေကြောင်းပြစခန်းအဆောက်အအုံ (Fixed Pilot Station) အစားထိုးတည်ဆောက်ခြင်းလုပ်ငန်း၊ ရန်ကုန်ဆိပ်ကမ်း၏ တစ်ဖက်ကမ်းရှိ ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်းအား အထွေထွေမွမ်းမံခြင်း၊ သံလျှက်စွန်း၊ မီးပြတိုက်ဝင်းရှိ အရာထမ်းနေအိမ် သံကူကွန်ကရစ် (၃)ထပ် အဆောက်အဦ (၁)လုံးနှင့် အမှုထမ်းနေအိမ် သံကူကွန်ကရစ် (၅)ထပ် အဆောက်အဦ (၁)လုံး အစားထိုးဆောက်လုပ်ခြင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းမေတ္တာမွန်ဝင်းအတွင်းတွင် (၈)ခန်းတွဲ (၆)ထပ် အဆောက်အဦ (၄)လုံး အစားထိုးဆောက်လုပ်ခြင်း၊ ဒလမြို့နယ်၊ အုံ့ကြီးသင်္ဘောကျင်းဝင်းအတွင်းတွင် သံကူကွန်ကရစ်(၄)ထပ် အမှုထမ်းနေအိမ်အဆောက်အဦ(၂)လုံး ဆောက်လုပ်ခြင်း၊ သမ္မတကမ်းခြေ၊ စာရေးလိုင်းခန်းများနေရာတွင် (၂)ထပ် (၅)ခန်းတွဲ သံကူကွန်ကရစ်အဆောက်အဦ(၁)လုံး အစားထိုးဆောက်လုပ်ခြင်း၊ မြိတ်ဆိပ်ကမ်း၊ နောက်လယ်အမှတ် (၁) ဇောတံတားအတွက် ချဉ်းကပ်လမ်း(၁)ခု အစားထိုး ဆောက်လုပ်ခြင်းများအား ဆောင်ရွက်မည်၊

(၁၄) မြန်မာအမျိုးသားလေကြောင်း အနေဖြင့် ပြည်တွင်းပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းနိုင်ရေး၊ ATR လေယာဉ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (MRO) အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ အခြားဝင်ငွေရရှိနိုင်ရန် လေကြောင်းစီးပွားရေးနှင့် ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ခရီးသည်နှင့် ကုန်စည်များ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ATR 72 600 လေယာဉ်အသစ် (၆)စီးနှင့် လက်ရှိအသုံးပြုနေသော ATR 72 လေယာဉ် (၂) စီး စုစုပေါင်း လေယာဉ် (၈)စီးအား အသုံးပြု၍ ပြည်တွင်းခရီးစဉ်များ အပြင် ရန်ကုန်/ချင်းမိုင်၊ မန္တလေး/ဘန်ကောက်၊ ရန်ကုန်/ဗီယန်ရှင်းမြို့

များသို့ တိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်ထားရှိပါသည်။ Boeing 737 လေယာဉ် (၄)စီးဖြင့် ပြည်တွင်း/ပြည်ပ ခရီးစဉ်များ ပျံသန်းပြေးဆွဲမည်။ ATR လေယာဉ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မိမိကိုယ်တိုင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပတွင် ဆောင်ရွက်ခြင်းထက် အသုံးစရိတ် လျော့နည်းသက်သာပြီး၊ အခြားလေကြောင်းလိုင်းများ/လုပ်ငန်းများ၏ ATR လေယာဉ်များကိုပါ လက်ခံဆောင်ရွက်ပေးခြင်းအားဖြင့် ဝင်ငွေ တိုးတက်ရရှိမည်၊

(၁၅) မြန်မာအမျိုးသားလေကြောင်း၏ အခြားဝင်ငွေရရှိရေး လုပ်ငန်းအဖြစ် လေယာဉ်တင်စားသောက်ကုန်လုပ်ငန်းအတွက် စင်္ကာပူလေကြောင်းလိုင်း SATS Ltd. ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်း ထားရှိပါသည်။ လေယာဉ်တင် စားသောက်ကုန်စက်ရုံ တည်ဆောက်ပြီး ပါ က ၎င်း၏မိတ်ဖက်လေကြောင်းလိုင်းများ ရန်ကုန်၊ မန္တလေးမြို့များသို့ ဆင်းသက်သော လေကြောင်းလိုင်းများသို့ တင်ဆောင်ရန် ညှိနှိုင်းထား ရှိပြီးဖြစ်ပါသည်။ ခရီးသည်နှင့် ကုန်စည်များလုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းစွာ ပျံသန်းနိုင်ရေးအတွက် လေယာဉ်မှူး၊ လေယာဉ်သား၊ အင်ဂျင်နီယာ၊ စက်မှုကျွမ်းကျင်ဝန်ထမ်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်း ဝန်ထမ်းများအား အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များအတိုင်း လေ့ကျင့်သင်တန်းပေးခြင်းများ ဆောင်ရွက် မည်၊

(၁၆) မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအနေဖြင့် ရေယာဉ်များတည်ဆောက်ခြင်းနှင့် လွှန်းတင်ပြင်ဆင်မည့် ရေယာဉ်များကို သတ်မှတ်ချိန်အတွင်း အချိန်နှင့် တစ်ပြေးညီ ပြင်ဆင်ပေးနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ကိရိယာတန်ဆာပလာများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်၊

(၁၇) မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် နှစ်စဉ် ပုံမှန်ဖွင့်လှစ်မြဲဖြစ်သော ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းများနှင့် ပြင်ပမှ နိုင်ငံတကာ ကုန်သွယ်ရေယာဉ်များတွင် တာဝန်ထမ်းဆောင်မည့်သူများအတွက် ဖွင့်လှစ်ပေးလျက်ရှိသော အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO)၏သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားနေသောကောလိပ်ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော Engine Room Simulator အဆင့်မြှင့်တင်ခြင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒီဇင်ဘာလအတွင်း ပြီးစီးအောင် စနစ်တကျ ဆောင်ရွက်မည်။ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော နည်းပြခန့်အပ်အင်အားမှာ ရေကြောင်းဌာနၛ (၁)ဦး၊ အင်ဂျင်နီယာဌာနၛ (၃)ဦးနှင့် အလုပ်ရုံဌာနၛ (၂)ဦးသာရှိရာ လိုအပ်သော ရေကြောင်းနှင့် အင်ဂျင်နီယာနည်းပြများကို ပြင်ပမှ အချိန်ပိုင်းအဖြစ် ခေါ်ယူငှားရမ်းဆောင်ရွက်မည်။ ရေကြောင်းဆိုင်ရာ သင်တန်းများအား အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ သတ်မှတ်သင်ရိုးညွှန်းတမ်းများ အရည်အသွေးအာမခံချက်စနစ်၏ သတ်မှတ်ချက်များနှင့်အညီ သင်တန်းသားဦးရေ (၂,၈၆၅)အား သင်တန်းအမျိုးအစား(၁၅)ခုဖြင့် သင်တန်းများအား ဖွင့်လှစ်သင်ကြားမည်၊

(၁၈) မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု (HRD) သင်တန်းများဖြစ်သည့် အချိန်ပိုင်းသင်တန်း ဘွဲ့လွန်ဒီပလိုမာ အချိန်ပြည့်အချိန်ပိုင်း သင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများအား စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိပြီး ဘာသာရပ်များအလိုက် သုတေသနလုပ်ငန်းများကို တက္ကသိုလ်အစီအစဉ်ဖြင့်လည်းကောင်း၊ ပြည်ပနိုင်ငံများမှ တက္ကသိုလ်များနှင့်ပူးပေါင်း၍လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းသားများ ဘာသာရပ်အလိုက် စာတွေ့လက်တွေ့များကို သင်ကြားပို့ချနိုင်မည့် ကမ္ဘာ့အဆင့်မီ ရေကြောင်းပညာတက္ကသိုလ်(၁)ခုအဖြစ်

ပေါ်ထွန်းလာရေးအတွက် နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်လျက် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုနိုင်ရန် နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်မှုများဖြင့် ဆောင်ရွက်မည်။

(ခ) **ကုန်းလမ်းနှင့်ရထားပို့ဆောင်ရေးကဏ္ဍ**

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အသစ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ မော်တော်ယာဉ်နည်းဥပဒေ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နည်းဥပဒေများ ပြောင်းလဲရေးဆွဲ ဆောင်ရွက်သွားမည်။ Vehicle Inspection Sticker ကပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲများတိုးမြှင့်ဆောင်ရွက်ရန်၊ မော်တော်ဆိုင်ကယ်လိုင်စင်များ တိုးမြှင့်ထုတ်ပေးရန်၊ ပုဂ္ဂလိကယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်းလုပ်ကိုင်သူများအား ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စိစစ်အကဲဖြတ်လုပ်ငန်းစဉ် (Road Safety Audit) ကြိမ်ရေတိုးမြှင့်ဆောင်ရွက်ခြင်း၊ ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးဆောင်ရွက်ခြင်း၊ ယာဉ်စစ်ဆေးရေးလုပ်ငန်းအား နိုင်ငံတကာအဆင့်မီ ခေတ်မီစက်ကိရိယာများနှင့် စစ်ဆေးဆောင်ရွက်နိုင်ရန်အတွက် မိတ္ထီလာခရိုင်ရုံး၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးတို့တွင် ယာဉ်စစ်ဆေးရေး ကိရိယာများ တပ်ဆင်ထားသည့်ရုံများ တည်ဆောက်ခြင်းကို ဆောင်ရွက်မည်။ တွဲဘက်ပြည်နယ်ရုံး(လားရှိုး)၊ ရန်ကုန်တောင်ပိုင်းခရိုင်ရုံးနှင့် ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) တို့တွင် (၉၈'x၆၀') အမြင့်(၁၇') အတွင်းအပြင် ရေ၊ မီး၊ ဆေး၊ မြေကာနံရံ၊ မိလ္လာအပါအဝင်မော်တော်ယာဉ်များစစ်ဆေးသည့် Steel Structure နှင့် သံကူကွန်ကရစ်တည်ဆောက်ခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်းနှင့်ဓါတ်အားလိုင်းတည်ဆောက်ခြင်းတို့ကိုဆောင်ရွက်မည်၊

(၂) မော်တော်ယာဉ်များအား ခေတ်မီစက်ကိရိယာများ တပ်ဆင်စစ်ဆေးခြင်း၊ မီးခိုးထွက်နှုန်း တိုင်းတာသည့်ကိရိယာများနှင့် စစ်ဆေးဆောင်ရွက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ထိန်းသိမ်းရေးလုပ်ငန်းများအား ဆောင်ရွက်မည်။ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ခရိုင်ရုံး(ကသာ)အား တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်မည်။ မော်တော်ယာဉ် မှတ်ပုံတင်လုပ်ငန်းဆိုင်ရာ အချက်အလက်များအား RFID စနစ်ဖြင့် ဆောင်ရွက်ရန်ကိစ္စအား ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မည်။ ယာဉ်မှတ်ပုံတင်ခြင်း၊ ယာဉ်စစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်များအား e-Government စနစ်ဖြင့် အကောင်အထည်ဖော်ရန် လိုအပ်သည့် စက်ကိရိယာများဝယ်ယူခြင်း၊လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်မည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များတွင် ဝင်ရောက်သွားလာမှု အဆင်ပြေစေရေးအတွက် Operator Licence ထုတ်ပေးခြင်း၊ ခရီးသွားယာဉ်များအား မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းများဆောင်ရွက်မည်။ ရုံးအင်္ဂါရပ်နှင့်အညီ ရုံးခြံစည်းရိုးများ ကာရံခြင်းလုပ်ငန်းအား ဆောင်ရွက်မည်၊

(၃) ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သင်ကြားလေ့ကျင့်ရေး လုပ်ငန်းစဉ်အနေဖြင့် ကျောင်းရှိနည်းပြများ၊ ဝန်ထမ်းများနှင့် သင်တန်းသား/သင်တန်းသူများကို နည်းပညာနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု အရည်အသွေးတိုးတက်မြင့်မားရေး၊ စိတ်ဓါတ်၊ စည်းကမ်း၊ ခံယူချက် တည့်မတ်မှန်ကန်စေရေးအတွက် ဦးတည်ရည်မှန်း လေ့ကျင့်ပျိုးထောင်ပေးရာတွင် သင်တန်းအမျိုးအစား (၅၀)မျိုး၊ သင်တန်းသားဦးရေ (၁,၃၅၀) ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်မည်။ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် အထောက်အကူပြုနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်နိုင်ရေးအတွက် နောက်တွဲပါ ယာဉ် (၂၂ဘီးယာဉ်) များ မောင်းနှင်နိုင်မည့် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်

ပေးနိုင်ရေးအတွက် ပြင်ပယာဉ်ကြီးမောင်းအထူးသင်တန်းကို (၁)ပတ်လျှင် (၄၀) ဦးနှုန်းဖြင့်လည်းကောင်း၊ အလားတူအခြေခံ ယာဉ်မောင်းသင်တန်းအား လစဉ်သင်တန်းသား (၃၀၀) ဦးနှုန်း၊ ယာဉ်မောင်းစက်ပြင်သင်တန်းအား တစ်ကြိမ်လျှင် သင်တန်းသား (၂၅)ဦးစီဖြင့် တစ်နှစ်လျှင် (၅)ကြိမ်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကာလအတွင်း လစဉ် ဆက်လက်ဖွင့်လှစ်မည်။ ဝန်ကြီးဌာန(၃)ခုအား ပေါင်းစုလိုက်သည့်အတွက် တိုးလာသောဌာနများ၏ လိုအပ်ချက်များနှင့်အညီ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ တိုးမြှင့်ဖွင့်လှစ် သင်ကြားပေးမည်၊

(၄) ကျောင်းတွင် သင်တန်းသား(၃၀၀)ဦး တစ်ပြိုင်တည်း သင်ကြားပေးနိုင်ရန်မှ (၄၀၀)ဦး သင်ကြားပေးနိုင်သည့်အထိ အဆင့်မြှင့်တင်ပြီးဖြစ်ရာ ဆက်လက်၍ တစ်ပြိုင်နက်တည်း (၅၀၀) ဦး သင်ကြားနိုင်သည့်အထိ အိပ်ဆောင်၊ စားရိပ်သာ၊ သင်ကြားရေးနည်းပြ စသည့်လုပ်ငန်းရပ်များအတွက် လိုအပ်သော ဆက်စပ်ပစ္စည်းများအား ပြုပြင်တည်ဆောက်ဖြည့်ဆည်းရေး ဆောင်ရွက်မည်၊

(၅) မြန်မာ့မီးရထားအနေဖြင့် ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့် (၁) တွင် (Signal Communication) ရန်ကုန်-တောင်ငူလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း၊ Power Distribution and Level crossing တပ်ဆင်ခြင်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းတွင် Signal Power Distribution and Level crossing တပ်ဆင်ခြင်းများ ဆောင်ရွက်သွားမည်။ ကိုရီးယားသမ္မတနိုင်ငံချေးငွေဖြင့် မန္တလေး-မြစ်ကြီးနား ရထားလမ်း အဆင့်မြှင့်တင် ရေးစီမံကိန်း၏ ဂျိုးထောင်-မဲဇာလမ်းပိုင်း ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း၊ အချက်ပြနှင့် ဆက်သွယ်ရေး အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်မည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် စက်ခေါင်းသစ် တည်ဆောက်ရေး စက်ရုံနှင့် လူစီးတွဲ၊ ကုန်တွဲသစ်ဆောက်လုပ်ရေး စက်ရုံတို့ကို တည်ဆောက်ပြီး လူစီးတွဲများ

ထုတ်လုပ်မည်။ အိန္ဒိယနိုင်ငံချေးငွေဖြင့် ဒီဇယ်စက်ခေါင်းများ၊ စက်ပစ္စည်းများနှင့် သံလမ်းပြုပြင်ထိန်းသိမ်းရန် စက်ယန္တရားများနှင့် စက်ပစ္စည်းများ ဝယ်ယူခြင်း၊ ကိုရီးယားသမ္မတနိုင်ငံ ချေးငွေဖြင့် ပထမအကြိမ် လူစီးတွဲ(၁၀၀)တွဲဝယ်ယူခြင်း၊ ဂျာမနီနိုင်ငံ ချေးငွေဖြင့် ဒီဇယ်ဟိုက်ဒြောလစ်စက်ခေါင်း (၆)ခေါင်း စွမ်းအားမြှင့်တင် ခြင်းနှင့် ဂျာမနီနိုင်ငံအထောက်အပံ့ဖြင့် ရထားစက်မှုသင်တန်းကျောင်း (ရွာထောင်) အဆင့်မြှင့်တင်ခြင်း၊ ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် RBE (၅၀) စီး Rehabilitation ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်မည်။ ဂျပန်နိုင်ငံ အထောက်အပံ့(Grant)ဖြင့် ရန်ကုန်-ပြွန်တန်ဆာလမ်းပိုင်းတွင် Operation Control Center (OCC) နှင့် Safety Equipment တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်မည်၊

(၆) ရထားလမ်းသစ်များ ဖောက်လုပ်ပြီးဖြစ်သည့် ကြံခင်း-ပခုက္ကူ၊ ကသာ-ဗန်းမော်၊ ပျော်ဘွယ်-နတ်မောက်-မကွေး၊ မင်းဘူး-အမ်း-စစ်တွေနှင့် ပုသိမ်-ရန်ကုန်ရထားလမ်းပိုင်းများ ပြုပြင်မွမ်းမံခြင်းတို့ကို ဆောင်ရွက်မည်။ ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး-ထားဝယ်၊ ရန်ကုန်-ပြည် ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်။ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းရှိ ကားလမ်းကူး ခုံးကျော်တံတားသစ် (၁)စင်းကို တည်ဆောက်မည်။ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်း၊ တံတားသစ် (၂)စင်း တည်ဆောက်ခြင်း၊ တံတားကြီး/ငယ်များ ပြန်လည် တည်ဆောက်ခြင်း၊ ရေလမ်းထိန်းသိမ်းခြင်းနှင့် တံတားသုံးပစ္စည်းဝယ်ယူ ခြင်းများကို ဆောင်ရွက်မည်၊

(၇) နေပြည်တော်ဘူတာ တည်ဆောက်ရေးစီမံကိန်း၊ ရွာသာကြီးဘူတာ တည်ဆောက်ရေးစီမံကိန်း၊ မြစ်ငယ်ကုန်းတွင်းဆိပ် (Dry Port) တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်။ စီမံကိန်းအတွက် မြေယာလျော်ကြေးပေးချေခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်း၊ စက်ယန္တရား

များ ပြင်ဆင်ခြင်း၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများ အကြီးစားပြင်ဆင်ခြင်း၊ သံလမ်းလွှဲ/ကူးများနှင့် သံလမ်းလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း/ဝယ်ယူခြင်း၊ လမ်းခင်းသစ်သား ဇလီဖားဝယ်ယူခြင်း၊ လမ်းခင်းကျောက်ဖြည့်တင်းခြင်းများကို ဆောင်ရွက်မည်။ လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ယာဉ်တည်ဆောက်ခြင်း၊ ဒီဇယ်စက်ခေါင်း၊ တွဲပြင်ရုံများအတွက် စက်ပစ္စည်းများဝယ်ယူခြင်းတို့ကို ဆောင်ရွက်မည်၊

(၈) မော်ဘီ၊ ဝါးနက်ချောင်း၊ တိုက်ကြီး၊ ဆည်ချောင်း၊ ဖလုံ၊ ဥက္ကံ၊ အင်းရွာ၊ သုံးဆယ်၊ အုတ်မိုး၊ ကြီးကုန်း၊ သဲကုန်း၊ ပေါင်းတည်၊ နတ္တလင်း၊ ပုတီးကုန်း၊ မော်ဇာ၊ ဆင်မြီးတွဲ၊ ကြို့ပင်ကောက် ဘူတာ (၁၈) ဘူတာတွင် Winch အချက်ပြမှ Warner Lever အချက်ပြစနစ်သို့ ပြောင်းလဲတပ်ဆင်မည်။ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ရထားသွားလာရေး လုပ်ငန်းအတွက် ခေတ်မီ DMR (Digital Mobile Radio) ဆက်သွယ်ရေးစက်များနှင့် OFC ဆက်သွယ်ရေးစနစ် တပ်ဆင်ခြင်း၊ ကွန်ကရစ်ဇလီဖားစက်ရုံများမှ ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်ခြင်းကို ဆောင်ရွက်မည်၊

(၉) ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆမှုများ လျော့ပါးစေရန်အတွက် ရှေ့တန်းစခန်း(လားရှိုး)တွင် မော်တော်ယာဉ် အမောင်းသင်လေ့ကျင့်ကွင်းဆောက်လုပ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး)တွင် မော်တော်ယာဉ် အမောင်းသင်လေ့ကျင့်ကွင်း ဆောက်လုပ်ခြင်း၊ ယာဉ်ရပ်နားရန် ကားပါကင်ပြုလုပ်ခြင်း၊ ရန်ကုန်-မန္တလေး-နေပြည်တော် လေဆိပ်ကြို/ပို့ အငှားယာဉ်လုပ်ငန်းများ ဆောင်ရွက်ရန် Saloon (1500cc) ယာဉ်သစ် (၂၀) စီး ဝယ်ယူခြင်း၊ ဂျပန်နိုင်ငံမှ လှူဒါန်းယာဉ် (၁၇) စီးအတွက် သင်္ဘောတင်ခနှင့် ဆိပ်ကမ်းရှင်းလင်းခများ ပေးချေခြင်းတို့ကို ဆောင်ရွက်မည်။

(ဂ) **ဆက်သွယ်ရေးကဏ္ဍ**

(၁) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ရုံးခွဲများ၏ ဝန်ထမ်းအင်အား (၃)ပုံ (၁)ပုံနှင့် ပဲခူး(အရှေ့)၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်း(တောင်)ရုံးခွဲများ၏ ဖွဲ့စည်းပုံဝန်ထမ်းအင်အား (၅၀)ရာခိုင်နှုန်းဖြင့် ဖွင့်လှစ်ခန့်ထားဆောင်ရွက်မည်။ အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းများအား ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်။ အာဆီယံအိုင်စီတီရန်ပုံငွေသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒုတိယအရစ် အမေရိကန်ဒေါ်လာ (၁) သိန်း ပေးချေမည်ဖြစ်ပြီး၊ 1st ASEAN TELSOM – ATRC Leaders' Retreat Meeting အား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ဆွစ်ဇာလန်နိုင်ငံသို့ မြန်မာနိုင်ငံမှ နှစ်အလိုက် ဘဏ္ဍာနှစ်များတွင် ပေးချေရန်ရှိသည့် ထည့်ဝင်ကြေးငွေများ၊ ဘာသာပြန်ဆိုခများ၊ စာအုပ်ဖိုးငွေများနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ စာပို့တိုက်သမဂ္ဂသို့ မြန်မာနိုင်ငံမှ နှစ်စဉ်ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေများကို ပေးသွင်းမည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝန်ဆောင်မှုအရည်အသွေး မြင့်မားရေးနှင့် စာပို့တိုက်ကွန်ရက်စွမ်းဆောင်ရည် မြင့်မားရေးအတွက် စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ယူပီယူမှလာသော လုပ်ငန်းစစ်တမ်းမေးမြန်းလွှာများနှင့် လုပ်ငန်းဆိုင်ရာ လေ့လာချက်များကို မြန်မာ့စာတိုက်လုပ်ငန်းနှင့်ညှိနှိုင်း၍ ယူပီယူသို့ ပေးပို့ပါမည်။ နှစ်စဉ် ကျင်းပမြဲဖြစ်သော အောက်တိုဘာလ(၉)ရက် ကမ္ဘာ့စာပို့တိုက်နေ့တွင် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)ကို ကျင်းပပြုလုပ်မည်၊

(၂) မြန်မာနိုင်ငံဆက်သွယ်ရေး ကော်မရှင်ဥပဒေထုတ်ပြန်ခြင်း၊ နိုင်ငံတကာအပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက် ဝန်ဆောင်မှုလမ်းညွှန်ချက်ထုတ်ပြန်ခြင်း လိုင်စင်နှင့် စစ်ဆေးရေးဌာနမှ ရန်ကုန်တိုင်းဒေသကြီးနှင့်

မန္တလေးတိုင်းဒေသကြီးတို့တွင် ရုံးခွဲများတိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန Website အသစ်ပြုလုပ်ခြင်း၊ Universal Service Fund Pilot Project ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ 1800 MHz လှိုင်းနှုန်းစဉ်ကို အသုံးပြုနိုင်ရေးလေလံခေါ်ယူခြင်း၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၂၈ အရ ဆက်သွယ်ရေးစက်ပစ္စည်းများ၊ မိုဘိုင်ဖုန်း Handset များကို စံချိန်စံညွှန်းနှင့် ညီ/မညီစိစစ်၍ Type Approval ပြုလုပ်ပေးရန်အတွက် လိုအပ်သော Test & Measurement များ ပြုလုပ်နိုင်ရန် Testing Laboratory တစ်ခုကို တည်ဆောက်ခြင်း၊ ဝယ်ယူထားရှိပြီးဖြစ်သော Radio Frequency Spectrum Monitoriong စက်ပစ္စည်းများအား တိကျသော ချိန်ညှိတိုင်းတာမှုများ ဆောင်ရွက်နိုင်ရန် အတွက် ပြင်ပကျွမ်းကျင်သူများ ငှားရမ်း၍ Calibration နှင့် Maintenance လုပ်ငန်းများကို ဆောင်ရွက်မည်၊

(၃) သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန အနေဖြင့် e-Government လုပ်ငန်းများ အကျိုးရှိရှိ ထိရောက်အောင်မြင်စေရန် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များအား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲမှုနှင့် ICT နည်းပညာများကို သင်ကြားပို့ချပေးခြင်း၊ အမျိုးသား စီးပွားရေးမူဝါဒနှင့်အညီ မြန်မာနိုင်ငံ၏ Digital Government Strategy အား ချမှတ်၍ e-Government စနစ်များအား ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်မှုများ၊ ဆိုက်ဘာရာဇဝတ်မှုများကို တရားစွဲဆိုခြင်း၊ အပြစ်ဒဏ်ချခြင်း၊ အရေးယူခြင်းတို့ကို လုပ်ဆောင်နိုင်ရန် Cyber ဥပဒေစာအုပ်မူကြမ်း ထွက်ရှိရေးအတွက် ပဏာမဆောင်ရွက်ခြင်း၊ Policy, Legal Framework, Reinforcement Organization , Master Plan and Capacity Building ITCS ဌာနအားဖြည့်ဖွဲ့စည်းခြင်း၊ မူဝါဒချမှတ်ခြင်း၊ ဥပဒေရေးဆွဲခြင်း၊ ပင်မစီမံကိန်းများရေးဆွဲခြင်းနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပို့ချခြင်းနှင့် Data ID Card System ၊

Digital Government Strategy၊ e-Government စနစ်အား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်မည်၊

(၄) National Cyber Security Center သုတေသနပြုလုပ်ခြင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ Incident Handling System တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ Information Security and Digital Analysis Lab တည်ဆောက်ခြင်း၊ Information Security Management System တပ်ဆင်ခြင်း၊ Network Security and Analyzer တပ်ဆင်ခြင်း၊ တိုးတက်များပြားလာမည့် e-Government လုပ်ငန်းစဉ်များအား အမျိုးသားအဆင့်သို့ဟန်ချက်ညီစွာ ပေါင်းစပ်အဆင့် မြှင့်တင်ပေးနိုင်ရန်အတွက် အမျိုးသားအဆင့် သတင်းအချက်အလက် ဗဟိုဌာနကြီးဖြစ်သော (GIDC) Government Integrated Data Center အား တည်ဆောက်ခြင်း၊ အစိုးရဌာနများသို့ လက်ရှိဝန်ဆောင်မှုပေး နေသော ICT Infrastructure (Network, Data Centers, IACs, etc..)များနှင့် Common/Share Application များ (CSID, EDMS, GPMS, Video Conferencing, Email, Website, Portal,etc...) လုပ်ငန်းများ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် လိုအပ်သောစက်ကရိယာများ ဝယ်ယူခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်။ Myanmar Sat-2 ကို လွှတ်တင်၍ ဂြိုဟ်တုချန်နယ်များ ပိုမိုငှားရမ်းရရှိနိုင်ရန် ဆောင်ရွက်မည်။ Myanmar Sat Teleport ကို သန်လျင် ဂြိုဟ်တုစခန်းတွင် တည်ထောင်မည်။ e-Learning Centre ပင်မကွန်ရက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်မည်၊

(၅) မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက် လာသော နည်းပညာများအရ ICT ကဏ္ဍ၏ Bandwidth လိုအပ်ချက် ကြီးမားလာမှုများအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် GbE IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း၊ DWDM ဖိုင်ဘာ

ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်။ မြို့ကြီးများအကြား ပင်မဆက်ကြောင်းကြီးများအား မြန်နှုန်းမြင့် ဆက်ကြောင်းအဖြစ် တိုးမြှင့်ချိတ်ဆက်ခြင်း၊ မြို့တော်များ၏ ဖိုင်ဘာ ဆက်ကြောင်း လိုအပ်ချက်များအား ဖြည့်ဆည်းပေးခြင်း၊ အင်တာနက် ဆက်သွယ်မှုစနစ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ (Infrastructure) များ ဖြည့်ဆည်းပေးခြင်းအား ဆောင်ရွက်မည်၊

(၆) အိန္ဒိယသမ္မတနိုင်ငံချေးငွေဖြင့် GbE IP ဆက်ကြောင်း ရိဒ်-မင်းတပ် GbE IP မိုက္ကရိုဝေ့ဗ် ဆက်ကြောင်း (13 Hops)တည်ဆောက်ခြင်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Exim Bank Of Korea ချေးငွေဖြင့်ဗထူး-ကျိုင်းတုံ-တာချီလိတ် DWDM ဖိုင်ဘာဆက်ကြောင်း (11 Nodes)၊ မကွေး-အမ်း-စစ်တွေ DWDM ဖိုင်ဘာဆက်ကြောင်း (8 Nodes)၊ ထားဝယ်-မြိတ်-ကော့သောင်း DWDM ဖိုင်ဘာဆက်ကြောင်း(11 Nodes)၊ မန္တလေး-အင်းတော်-ကသာ DWDM ဖိုင်ဘာဆက်ကြောင်း (7 Nodes) တို့ ဆောင်ရွက်မည်။ ဂျပန်နိုင်ငံ ODA (Official Development Assistant) ချေးငွေဖြင့် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များကို ဆက်သွယ်ထားသော ပင်မဖိုင်ဘာဆက်ကြောင်းအတွက် စက်ပစ္စည်းများ တပ်ဆင်ခြင်း၊ ရန်ကုန်မြို့တွင်း ဆက်သွယ်ရေးကွန်ရက်အတွက် အခြေခံ အဆောက်အဦများ တည်ဆောက်ခြင်း၊ ရန်ကုန်မြို့တွင်း ဆက်သွယ်ရေး ကွန်ရက်အတွက် မြန်နှုန်းမြင့် ဖိုင်ဘာကေဘယ်နှင့် စက်ပစ္စည်းများ တပ်ဆင်ခြင်း၊ ရန်ကုန်နှင့် နေပြည်တော်တွင် National Gateway များ အဆင့်မြှင့်တင်ခြင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ဆက်သွယ်ရေး အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းတို့ ဆောင်ရွက်မည်။ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း ပေါင်း (အော်တို+မိုဘိုင်း) (၅၇) သန်း၊ မိုက္ကရိုဝေ့ဗ်စခန်း (၃၆၀)၊ မိုဘိုင်း တယ်လီဖုန်းတာဝါတိုင်ပေါင်း(၂၀,၆၈၅)ခု နှင့် Internet သုံးစွဲသူဦးရေ (၅၂) သန်းသို့ ရောက်ရှိအောင် ဆောင်ရွက်မည်၊

(၇) မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် အစည်းအဝေး၊ မွေးနေ့ဖိတ်စာများ၊ ကြော်ငြာများ ပေးဝေသည့် ဝန်ဆောင်မှုလုပ်ငန်း၊ နယ်မြေဒေသ အထိမ်းအမှတ်အလိုက် တံဆိပ်ခေါင်းများ ထုတ်ဝေရောင်းချလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်။ လူစည်ကားရာနေရာများတွင် Mobile Post Office တည်ထောင်ခြင်း၊ Delivery Monitoring System ၏ စာပို့လုလင်များအတွက် Hand free barcode scanner များ တိုးချဲ့ခြင်း၊ Motorbike Delivery Service လုပ်ငန်း၊ Postal Delivery Network Improvement၊ Collection and Delivery Improvement ၊ Works inside Post Office Improvement ၊ Mid-term and Long Term Business plan drafting ၊ Online Money Order System များဆောင်ရွက်မည်၊

(၈) ပြည်သူလူထုအား ကောင်းမွန်ပြည့်ဝသော ဝန်ဆောင်မှုများ ရွေးချယ်အသုံးပြုနိုင်စေရန် Public Private Partnership အသွင်ဖြင့် ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကို ပြည်တွင်းကုမ္ပဏီ (၄)ခု ဖြစ်သော Magnate Group Logistics Co.,Ltd ၊ United Courier Services ၊ Royal Express နှင့် SBS Co., Ltd တို့အား မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) စနစ်ဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်စေမည်။ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း (International Express Service) ကို ပြည်တွင်း/ပြည်ပကုမ္ပဏီ(၃)ခု ဖြစ်သော Magnate Group Logistics၊ Smart Logistics (Myanmar) Co.,Ltd ၊ Transmarine Logistics Asia Pte Ltd၊ United Courier Services Co.,Ltd၊ Myanmar USU Logistics Co., Ltd များမှ လုပ်ကိုင်ဆောင်ရွက်မည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

(၁) လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းတက်နိုင်ရန် နှင့် လေယာဉ်များ လုံခြုံစိတ်ချစွာ ရပ်နားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် ပြည်တွင်းလေဆိပ်များ ဖွံ့ဖြိုးတိုးတက်ရေး တိုးချဲ့ဆောင်ရွက်ခြင်း။

(ခ) **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

(၁) မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများအပါအဝင် မြစ်ချောင်းများ၏ ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဂ) **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

(၁) ကမ္ဘာ့အဆင့်မီရေကြောင်းဆိုင်ရာကောလိပ်နှင့် တက္ကသိုလ်များ ပေါ်ထွန်းလာရေးအတွက် နိုင်ငံတကာအဆင့်မီသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုသင်ကြားနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဃ) **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

(၁) တိုးတက်များပြားလာသော မော်တော်ယာဉ် အသုံးပြုမှုများ နှင့်အညီ ယာဉ်ကြောပိတ်ဆို့မှု လျော့ချနိုင်ရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC)၏ လုပ်ငန်းအစီအမံများ ဆောင်ရွက်ရာတွင် အရှိန်အဟုန်မြင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၂) ယာဉ်စစ်ဆေးရုံးများ တည်ဆောက်ခြင်း၊ ယာဉ်မောင်းစစ်ဆေးရေးကွင်းများတည်ဆောက်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရုံးများ တည်ဆောက်ခြင်း၊

(၃) လုပ်ငန်းလိုင်စင်များအား e-Government စနစ်ဖြင့် အကောင်အထည်ဖော်ရန် လိုအပ်သည့် စက်ကိရိယာများ ဝယ်ယူခြင်း။

(င) **ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း**

(၁) ဝန်ထမ်းများအား တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အညီ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လေ့ကျင့်သင်ကြားပေးခြင်း။

(စ) **မြန်မာ့မီးရထား**

(၁) ရထားသွားလာမှု ပုံမှန်တိုးမြှင့်လာမည့် ခရီးသည်၊ ကုန်စည်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ရထားစက်ခေါင်းများ၊ လူစီးတွဲ ဝယ်ယူခြင်း ၊ တိုးချဲ့တပ်ဆင်ခြင်းများ ဆောင်ရွက်ခြင်း၊

(၂) ဒီဇယ်စက်ခေါင်းများ၊ စက်ပစ္စည်းများ နှင့် သံလမ်း ပြုပြင်ထိန်းသိမ်းရေး၊ စက်ယန္တရားများ ဝယ်ယူခြင်း၊

(၃) ဆက်စပ်စီးပွားရေး လုပ်ငန်းများတိုးမြှင့် ဆောင်ရွက်ရန်နှင့် မတော်တဆမှုအရေအတွက် လျော့ကျရေးကို ဖွံ့ဖြိုးပြီးနိုင်ငံများ အဆင့်နည်းတူ အမြန်ဆုံးရောက်ရှိနိုင်စေရေးနှင့် မြန်နှုန်းမြင့်ရထားစနစ် ဆောလျင်စွာ အစပျိုးနိုင်ရေး ပြင်ဆင်ထားရှိ ဆောင်ရွက်ခြင်း။

(ဆ) **ကုန်းလမ်းပို့ဆောင်ရေး**

(၁) ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသည်ပို့ဆောင်ရေးဌာန ယာဉ်ရပ်နားစခန်း ဆောက်လုပ်ခြင်း၊

(ဓ) **ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

(၁) ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းစဉ်များ ဆောင်ရွက်သွားရန်နှင့် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဈ) **သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

(၁) မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော e-Government လုပ်ငန်းစဉ်များအား အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ခြင်း၊

(၂) ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်လျာထားသော သင်တန်းများ အဆင်ပြေ ချောမွေ့စေရန် e-Learning Center ပင်မကွန်ရက် အဆင့်မြှင့်ခြင်းနှင့် အဆင့်မြှင့်ကွန်ရက်တိုးချဲ့ခြင်းများ ဆောင်ရွက်ခြင်း၊

(၃) ပင်လယ်ရေကြောင်းသွား လူနှင့်သင်္ဘောတို့တွင် ဘေးကင်းလုံခြုံနိုင်ရေးအတွက် ခေတ်မီဆက်သွယ်ရေး စက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ခြင်း။

(ည) **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

(၁) SMW-3 စီမံကိန်းတွင် ပါဝင်သောလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊

(ဋ) **မြန်မာ့စာတိုက်လုပ်ငန်း**

(၁) စာပို့တိုက်လုပ်ငန်းကို ခေတ်မီစက်ကရိယာများတပ်ဆင်၍ အရည်အသွေးတိုးတက်ပြီးခေတ်မီသည့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ဆောင်ရွက်သွားရန် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(ဌ) **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

(၁) ပြည်တွင်းရေကြောင်းရေယာဉ်များ ပြေးဆွဲလျက်ရှိသော မြစ်ကြီးများတစ်လျှောက်ရှိ မြို့ကြီးများအကြား လူနှင့်ကုန်ပစ္စည်းများ ပို့ဆောင်ရေးအတွက် ကုန်တင်ရေယာဉ်များ တည်ဆောက်ခြင်း၊

(၂) ခရီးသည်နှင့် ကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းရေးတို့အတွက် လူစီးအမြန်ယာဉ်သစ် တည်ဆောက်ခြင်းနှင့် ရေယာဉ်ဟောင်းများ အကြီးစားမွမ်းမံခြင်း။

(၃) **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

(၁) ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရေနက်ဆိပ်ကမ်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊

(၂) ပြည်ပသင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်းသို့ လွယ်ကူချောမွေ့စွာ ဝင်/ထွက် သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်းတိုးချဲ့ထိန်းသိမ်းခြင်း၊ ဆိပ်ကမ်းနယ်မြေသာယာလှပရေး ဆောင်ရွက်ခြင်း။

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) **တွင်းထွက်နှင့်သတ္တုတူးဖော်ရေးလုပ်ငန်းများ**

(၁) ဓာတ်သတ္တုသယံဇာတ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် အမျိုးသားအကျိုးစီးပွား တိုးတက်ရေးကို ဖော်ဆောင်ရေး၊

(၂) နိုင်ငံတော်၏ ဓာတ်သတ္တုသယံဇာတများအား ခေတ်မီနည်းပညာများဖြင့် လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် ကုန်ချောအဆင့်အထိ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန် ဓာတ်သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့ရှုဆောင်ရွက်ရေး၊

(၃) ဓာတ်သတ္တုနှင့် သယံဇာတကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် ဖော်ဆောင်နိုင်မည့် ဥပဒေ၊ နည်းဥပဒေများအား ခေတ်စနစ်နှင့် လျော်ညီစေရေးအတွက် ပြင်ဆင်ဖြည့်စွက်ရေး၊

(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးကို ဘူမိဗေဒမြေပုံများ ရေးဆွဲပြုစုရန်နှင့် သားစဉ်မြေးဆက်စဉ်ဆက်မပြတ် သုံးစွဲနိုင်ရန်အတွက် အရန်သတ္တုသိုက်များ ရှာဖွေဖော်ထုတ် ကန့်သတ်သတ်မှတ်ရေး၊

(၅) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဒေသခံများ အလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ရေး၊

(၆) ဓာတ်သတ္တုသယံဇာတများကို တရားမဝင် တူးဖော်ထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှုများ လျှော့နည်းပပျောက်စေရေး၊

(၇) ဓာတ်သတ္တုသယံဇာတများ ထုတ်လုပ်မှုကြောင့် ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှု အနည်းဆုံးဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ ပျက်စီးသွားသည်များကို ပြန်လည်ထူထောင်ရေး

ဦးစားပေးဆောင်ရွက်ရန်နှင့် သတ္တုတွင်းလုပ်ငန်းများ လုပ်ကွက်ပိတ်သိမ်းပါ က အများပြည်သူ ပြန်လည် အသုံးပြုနေထိုင်နိုင်သည့် ပတ်ဝန်းကျင် အဖြစ် ပြန်လည်ထူထောင်ရေး၊

(၈) မြန်မာ့ပုလဲများကိုနိုင်ငံတကာဈေးကွက်ဝင်အရွယ်အစားနှင့် အရည်အသွေး ကောင်းမွန်စွာဖြင့် ပိုမိုမွေးမြူ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတကာ နည်းပညာနှင့် မွေးနည်းစနစ်များကို ဖြန့်ဝေပေးရန်နှင့် ပြည်ပသို့တိုးမြှင့် ရောင်းချနိုင်ရေးကို အားပေး မြှင့်တင်ဆောင်ရွက်ရေး။

(ခ) **သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

(၁) ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်း ကာကွယ်ရေး၊

(၂) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူ ပြုစေရေး၊

(၃) ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊

(၄) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှု တို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊

(၅) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲ နိုင်ရေးနှင့် ပြည်သူလူထုမှ နေအိမ်များဆောက်လုပ်ရာတွင် လိုအပ်လျက် ရှိသောသစ်များကို ဖြည့်ဆည်းရောင်းချပေးနိုင်ရေး၊

(၆) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာစေရေး၊

(၇) သစ်တောနှင့် ပတ်ဝန်းကျင်ကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊

(၈) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး၊

(၉) ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များကို ထည့်သွင်း ပေါင်းစပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုနှင့် ဟန်ချက်ညီညွတ်မျှတမှုကို ရရှိစေရေး၊

(၁၀) နိုင်ငံတော်မှ လိုအပ်သော မြေမျက်နှာပြင်ပြ မြေပုံများကို စကေးအမျိုးမျိုးဖြင့် တိကျမှန်ကန်စွာ တိုင်းတာရေးဆွဲ ထုတ်လုပ်ရေး၊

(၁၁) နိုင်ငံတော်၏ ပိုင်နက်နယ်နိမိတ်ကို တိကျမှန်ကန်စွာ တိုင်းတာ သတ်မှတ်ရေး။

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **တွင်းထွက်နှင့်သတ္တုတူးဖော်ရေးလုပ်ငန်းများ**

(၁) ဝန်ကြီးဌာန၏ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေ အဆင့်မြင့်သန့်စင် ထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ အမျိုးသားဝင်ငွေ တိုးတက်စေရေး အထောက်အကူပြု ဆောင်ရွက်ရန်၊

(၂) ဓာတ်သတ္တုကဏ္ဍဖွံ့ဖြိုးရန် အဆင့်မြင့်နည်းပညာနှင့် ခေတ်မီပစ္စည်းများ ပံ့ပိုးကူညီနိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) ဓာတ်သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ရေးနှင့်သုတေသန လုပ်ငန်းများကို စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန်၊

(၄) ဓာတ်သတ္တုဖြစ်ထွန်းမှုများကို ဖော်ပြသည့် ဘူမိဗေဒမြေပုံများကို စဉ်ဆက်မပြတ် ရေးဆွဲနိုင်ရေး စနစ်တကျ စီမံချက် ချမှတ်ဆောင်ရွက်ရန်၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှု အနည်းဆုံးဖြစ်စေရေး အလေးထား ထိန်းသိမ်းဆောင်ရွက်ရန်၊

(၆) ဓာတ်သတ္တုများ တရားမဝင်တူးဖော်ထုတ်လုပ် သယ်ဆောင်ရောင်းချမှု လျော့နည်း ပပျောက်စေရေး အလေးထား ဆောင်ရွက်ရန်၊

(၇) ကျောက်စိမ်း၊ ကျောက်မျက် အချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်း၌ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ရန်၊

(၈) ပုလဲထုတ်လုပ်မှု တိုးတက်စေရေးအတွက် ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် မွေးမြူရေးနည်းပညာ ပိုမိုတိုးတက်မြင့်မားစေရေး ဆောင်ရွက်ရန်။

(ခ) **သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

(၁) သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညှိ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) **တွင်းထွက်နှင့်သတ္တုတူးဖော်ရေးလုပ်ငန်းများ**

(၁) စွမ်းဆောင်ရည်ပြည့်ဝ၍ အမှန်တကယ် ဆောင်ရွက်နိုင်သည့် ကုမ္ပဏီများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်များ စိစစ်ထုတ်ပေးနိုင်ရန် ဆောင်ရွက်မည်၊

(၂) ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် နိုင်ငံတကာမှအတွေ့အကြုံနှင့် နည်းပညာများရယူ၍ သတ်မှတ်ထားသော လုပ်ထုံး၊လုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်မည်၊

(၃ ) ဓာတ်သတ္တု အရင်းအမြစ်များကို ဖော်ထုတ်ရာတွင် အခြေခံကျသော ဒေသန္တရဘူမိဗေဒ မြေပုံရေးဆွဲရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၊ သတ္တုသိုက်များ တိုးချဲ့ရှာဖွေခြင်း၊ သတ္တုသိုက်ပမာဏနှင့် အရည်အသွေးများကို တိုင်းတာတွက်ချက် ဖော်ထုတ်ခြင်း ဆောင်ရွက်မည်၊

(၄) တန်ဖိုးမြှင့် (Value Added) ဓာတ်သတ္တု ထုတ်လုပ်ရေးကို တွန်းအားပေး ဆောင်ရွက်မည်၊

(၅) အပြည်ပြည်ဆိုင်ရာနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်း၍ သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည်၊

(၆) EITI လုပ်ငန်းစဉ်များတွင် အောင်မြင်အောင် အကောင်အထည်ဖော် ပါဝင် ဆောင်ရွက်မည်၊

(၇) ခွင့်ပြုမိန့်ရရှိထားသော ပြည်တွင်းပြည်ပကုမ္ပဏီများမှ နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခနှင့် ဓာတ်သတ္တုများ အပြည့်အဝရရှိအောင် ဆောင်ရွက်မည်၊

(၈) သတ္တုတွင်း လုပ်ကွက်များတည်ရှိရာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်၊

(၉) နိုင်ငံတော်နှင့် ရင်းနှီးမြှုပ်နှံသူ နှစ်ဦးနှစ်ဖက် မျှမျှတတအကျိုးရှိစေမည့် (Win-Win System)ကို အခြေခံပြီး အကျိုးတူဆောင်ရွက်မည်၊

(၁၀) တိုင်းဒေသကြီး/ပြည်နယ်များတွင် သတ္တုတွင်းဦးစီးဌာနရုံးခွဲများ ဖွင့်လှစ်ပြီး သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း ဆောင်ရွက်မည်၊

(၁၁ ) သတ္တုတွင်းဆိုင်ရာ အသိပညာပေးမှုလုပ်ငန်းများအား ဆောင်ရွက်မည်၊

(၁၂) ကျောက်မျက်ရတနာပြပွဲများကို တစ်နှစ်လျှင် အနည်းဆုံး(၂)ကြိမ် ကျင်းပနိုင်ရန် ဆောင်ရွက်မည်၊

(၁၃) ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာဈေးကွက် တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်မည်၊

(၁၄) ပုလဲအရည်အသွေး ကောင်းမွန်ရေးနှင့် ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်မည်၊

(၁၅) ပြည်တွင်း/ပြည်ပ ပုလဲရောင်းချပွဲများ ကျင်းပပြုလုပ်ခြင်း ဆောင်ရွက်မည်။

(ခ) **သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်မည်၊

(၂) ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေး နယ်မြေများကို သစ်တောကဏ္ဍ ပင်မစီမံကိန်းပါ ရည်မှန်းချက်များနှင့်အညီ တိုးချဲ့ဖွဲ့စည်း သတ်မှတ်မည်၊

(၃) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား လျှော့ချနိုင်ရေးနှင့် အစားထိုးဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေး သစ်တောစိုက်ခင်းများ တည်ထောင်မည်၊

(၄) ကျေးလက်ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်တောထွက်ပစ္စည်း ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျေးရွာသုံးစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်မည်၊

(၅) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်း၊ တာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်မည်၊

(၆) လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးမည်၊

(၇) သစ်တော ထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်၊

(၈) အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင် ထိန်းသိမ်းမည်၊

(၉) အပူပိုင်းဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းမည်၊

(၁၀) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးနှင့် ထင်းအစားအခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊

လောင်စာတောင့်များနှင့် စွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးအတွက် ထိထိရောက်ရောက် စည်းရုံးဆောင်ရွက်မည်၊

(၁၁) အပူပိုင်းဒေသတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်း နိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နုန်းတားဆည်ငယ်များ တည်ဆောက်သွားမည်၊

(၁၂) ကျေးလက်ပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်မည်၊

(၁၃) အပူပိုင်းဒေသအတွင်း အထူးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများအဖြစ် တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်လာစေရေး၊ လမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးရေးတို့ကို စီမံချက်ဖြင့် ဆောင်ရွက်မည်၊

(၁၄) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲမည်၊

(၁၅) ကျွန်းနှင့်သစ်မာများကို နှစ်စဉ်တောထွက်အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်မည်၊

(၁၆) ပြည်ပသို့ သစ်လုံးအလိုက် တင်ပို့ရောင်းချခြင်းကို ရပ်ဆိုင်း၍ ပြည်တွင်းတွင် တန်ဖိုးမြှင့်သစ်အချောထည် ထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်မည်၊

(၁၇) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်မည်၊

(၁၈) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမယ်သစ်များ ထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန် ဆောင်ရွက်မည်၊

(၁၉) တန်ဖိုးမြှင့်သစ်ကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချခြင်းကို တွန်းအားပေး ဆောင်ရွက်မည်၊

(၂၀) ပြည်သူ့လိုအပ်ချက် ဖြည့်ဆည်းရန်အတွက် ထုတ်လုပ်ထွက်ရှိသော ကျွန်းနှင့်သစ်မာများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုတ်လုပ်ရောင်းချ ခွဲစိတ်ဖြန့်ဖြူး

ခြင်းနှင့် နိုင်ငံပိုင်သစ်စက်များအား ပုဂ္ဂလိကသို့ ငှားရမ်းလုပ်ကိုင်ခွင့် ပြုမည်၊

(၂၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပုံမှန်လုပ်ငန်းခွင် သင်တန်းများအပြင် ဘာသာရပ်ဆိုင်ရာ သင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားပြီး ပြည်တွင်း/ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်မည်၊

(၂၂) နိုင်ငံနယ်နိမိတ် တိုင်းတာ သတ်မှတ်ခြင်း၊ နယ်နိမိတ် မှတ်တိုင်များ ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်၊

(၂၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံများ၊ ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၂၄) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ အကောင်အထည် ဖော်မည်၊

(၂၅) ဌာနအဖွဲ့အစည်းများ တောင့်တင်းခိုင်မာစေရန် ဆောင်ရွက်မည်၊

(၂၆) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မည်၊

(၂၇) ပြည်သူတို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့ဗဟိုပြု သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်မည်၊

(၂၈) ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်သူများ အကျိုး စီးပွားအတွက် ခေတ်စနစ်နှင့်အညီ လိုအပ်သလို ပြင်ဆင်မွမ်းမံပြဋ္ဌာန်းပြီး လိုက်နာဆောင်ရွက်မည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တွင်းထွက်နှင့်သတ္တုတူးဖော်ရေးလုပ်ငန်းများ**

ပုဂ္ဂလိကလုပ်ငန်း၊ ကုမ္ပဏီများနှင့် အကျိုးတူဖက်စပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဌာနမှတာဝန်ယူဆောင်ရွက်သော စီမံကိန်းလုပ်ငန်းကြီးများမရှိပါ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ကုမ္ပဏီနှင့် အဖွဲ့အစည်းများမှ ဓာတ်သတ္တုနှင့် ကျောက်မျက်လုပ်ကွက်များတွင် ရှာဖွေစမ်းသပ်ခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ရာ၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်တို့ကို ဆောင်ရွက်ခြင်း။

(ခ) **သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

(၁) ကျွန်းသင်းသတ်ခြင်း/ကျွန်းစိုရိုက်မှတ်ခြင်း၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း၊ ပဝတ္တိမျိုးဆက်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း၊ သစ်တောလမ်း ပြင်ဆင်ခြင်း၊ ကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ခြင်း၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း၊ မီးကာကွယ်ခြင်း၊ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော တိုးချဲ့ဖွဲ့စည်းခြင်း၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး လုပ်ငန်းဆောင်ရွက်ခြင်း၊

(၂) ကျွန်းနှင့်သစ်မာထုတ်လုပ်ခြင်း၊ ခွဲစိတ်ဖြန့်ဖြူးရောင်းချခြင်း၊ စက်ရုံများတွင် နဝလီစနစ်(သီးသန့်)၊ ဌာနအစီအစဉ် သို့မဟုတ် နဝလီ/ဌာန ပူးပေါင်းအစီအစဉ်တို့ဖြင့် ဆောင်ရွက်ခြင်း၊ စီးပွားရေးအရ တွက်ချေမကိုက်သော သစ်စက်များနှင့် ရပ်နားထားသော သစ်စက်များကို

ဖျက်သိမ်းခြင်း၊ ယာဉ်ယန္တရားများ ပြင်ဆင်ခြင်း၊ အရန်ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း၊

(၃) စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်အသုံးချရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများ၊ အထူးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၄) အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ မြန်မာနိုင်ငံအစိမ်းရောင်စီးပွားရေးနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒ၊ မူဘောင်၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့်ပတ်သက်၍ စည်းကမ်းချက်များနှင့် လမ်းညွှန်ချက်များထုတ်ပြန်ခြင်း၊ အစီရင်ခံစာများစိစစ်သုံးသပ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကော်မတီများ၏ တာဝန်များကို အကောင်အထည်ဖော်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်းများနှင့် လုပ်ငန်းများကို နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၅) UTM မြေပုံများရေးဆွဲခြင်း၊ ပုံနှိပ်ခြင်းနှင့် ကောင်းကင်ဓါတ်ပုံရိုက်ခြင်း၊ မြေထိန်းအမှတ်များ တည်ဆောက်ခြင်း၊ ရေချိန်နိမ့်မြင့်တိုင်းတာခြင်းနှင့် နိမ့်မြင့်မှတ်တိုင် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခြင်း။

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) နိုင်ငံတော်၏လက်ရှိအခြေအနေအရ စွမ်းအင်လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက်သဘာဝသယံဇာတအရင်းအမြစ်များမှ စွမ်းအင်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပြည်တွင်း/ ပြည်ပလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ဆောင်ရွက်ရေး၊

(ခ) သဘာဝသယံဇာတအရင်းအမြစ်များမှ စွမ်းအင်ထုတ်လုပ်ရာတွင် နောင်လာနောင်သားများအတွက် သယံဇာတပစ္စည်းများသုံးစွဲနိုင်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်သကဲ့သို့ သယံဇာတဝင်ငွေများဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် တိုးမြှင့်ရန်ဆောင်ရွက်ရေး၊

(ဂ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စွမ်းအင်ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက်လည်းကောင်း၊ စွမ်းအင်ထုတ်လုပ်သူနှင့် စွမ်းအင်သုံးစွဲသူ နှစ်ဦးနှစ်ဖက်စလုံးအတွက် စီးပွားရေးအာမခံချက်ရှိစေရေးအတွက်လည်းကောင်း၊ ပြည်သူများအတွက် သင့်တော်သောဈေးနှုန်းဖြင့် သုံးစွဲနိုင်ရေးအတွက်လည်းကောင်း၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာ စွမ်းအင်ဈေးနှုန်းမူဝါဒများကို လေ့လာပြီး ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်း၍ စွမ်းအင်ဆိုင်ရာ ဈေးနှုန်းမူဝါဒ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊

(ဃ) စွမ်းအင်ဈေးနှုန်းမတည်ငြိမ်မှုကို ကာကွယ်နိုင်ရန် စွမ်းအင်သုံးစွဲမှုမှ ကောက်ခံသည့် အခွန်အခများဖြင့် စွမ်းအင်ဆိုင်ရာ အထောက်အကူပြု ရန်ပုံငွေတစ်ရပ်ကို ထူထောင်နိုင်ရန် ဆောင်ရွက်ရေး၊

(င) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်လုပ်ငန်းအဖွဲ့အစည်းများကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများ၊ ဥပဒေ၊ နည်းဥဒေများ

နှင့်အညီ သုံးသပ်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးနှင့် စွမ်းရည် မြှင့်တင်ရေး ဦးတည်၍ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်လာနိုင်မှု မြှင့်တင်ဆောင်ရွက်ရေး၊

(စ) လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ပြည့်မြဲ စွမ်းအင်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် ပြန်ပြည့်မြဲစွမ်းအင်အရေးပါမှုနှင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်သွားခြင်းနှင့် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် မြှင့်တင်သွားရေး၊

(ဆ) အာဆီယံဒေသတွင်း နိုင်ငံများ၏ ရည်မှန်းချက်နှင့်အညီ ၂၀၂၀ ခုနှစ်တွင် ပြန်ပြည့်မြဲစွမ်းအင် ၂၃ ရာခိုင်နှုန်း အထိအသုံးချ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက်အလားအလာရှိသော နေရာဒေသများလေ့လာရှာဖွေကာ စူးစမ်း တိုင်းတာမှုပြုလုပ်ရန်၊ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းရှိသောနေရာများတွင် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ဇ) နိုင်ငံ၏စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မည့် အခြေအနေကို ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်မှုနှုန်းဖြင့် ခန့်မှန်းတွက်ချက်ပြီး လိုအပ်သော လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်နှင့် ရေအားလျှပ်စစ်စီမံကိန်းများသာမက အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများတွင် Liquefied Natural Gas (LNG) အသုံးပြုနိုင်ရေးအတွက် ကာလတို၊ ကာလရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရေး၊

(ဈ) အိမ်နီးချင်းနိုင်ငံများ၏ လျှပ်စစ်ဓာတ်အား စနစ်နှင့် ချိတ်ဆက်သည့် Interconnection ဓာတ်အားလိုင်းများတည်ဆောက်ပြီး အာဆီယံလျှပ်စစ်ဓာတ်အားချိတ်ဆက်မှုစနစ်မှ ဓာတ်အားဝယ်ယူဖြန့်ဖြူးရေး၊

(ည) ပြည့်ဝတည်ငြိမ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအတွက် ဓာတ်အားလိုင်းများ တိုးမြှင့်ခြင်း၊ ဓာတ်အားခွဲရုံများနှင့် ဟောင်းနွမ်းနေသော မြေအောက်ဓာတ်အားလိုင်းများ အစားထိုးပြုပြင်လဲလှယ်ခြင်းတို့ကို ကာလတို၊ ကာလရှည် စီမံကိန်းချမှတ်ဆောင်ရွက်ရေး၊

(ဍ) ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အားလုံးကို ဖြည့်ဆည်းနိုင်ရေး Off-Grid နှင့် On-Grid များဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု တိုးမြှင့်နိုင်ရေး ဆောင်ရွက်ရန်၊ Off-Grid လျှပ်စစ်ဓာတ်အားပေး စနစ် များတွင် နေရောင်ခြည်စွမ်းအင် Solar Photovoltaic (SPV) System သုံး Hybrid စနစ်များအသုံးပြု၍ ဒီဇယ်ဆီသုံးစွဲမှုလျှော့ချရေး တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ အစီအစဉ်များချမှတ် ဆောင်ရွက်ရေး၊

(ဎ) အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များနှင့် ဟိုတယ်၊ မိုတယ်၊ ဆေးရုံ၊ ဈေးများ (Super Market, Plaza) စသည့်စီးပွားရေး လုပ်ငန်းကြီးများ၏ တိုးတက်လာ သည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပမာဏကို တိကျစွာသိရှိနိုင်ရေးအတွက် နှစ်အလိုက်စစ်တမ်းကောက်ယူ ဖြည့်ဆည်းပေးရန် ဆောင်ရွက်ရေး၊

(ဏ) လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် Public Private Partnership (PPP) သို့မဟုတ် Joint Venture (JV)/BOT စနစ်ဖြင့် ဆောင်ရွက်ရေး၊ ပုဂ္ဂလိက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ် Independent Power Producer (IPP) ကျင့်သုံးဆောင်ရွက်ရေး၊

(တ) စွမ်းအင်သယံဇာတရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး လုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်နိုင်မည့် လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ (Corporate Social Responsibility) ဆောင်ရွက်ပြီး ထိုကဲ့သို့ ဆောင်ရွက်နေမှုများကိုလည်း ပြည်သူလူထုထံသို့ အစဉ် အမြဲ အသိပေးသွားရန် စီမံဆောင်ရွက်ရေး၊

(ထ) စွမ်းအင်စီမံခန့်ခွဲမှု နည်းပညာများအသုံးပြု၍ စွမ်းအင်အသုံးပြုမှု စွမ်းရည်တိုးမြှင့် လာစေရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေး အစီအမံများကို အာဆီယံ ရည်မှန်းချက် များနှင့်အညီ ဦးစားပေးဆောင်ရွက်ပြီး၊ ပြည်သူလူထုပါဝင် ဆောင်ရွက်ရေး ဦးတည်၍ စွမ်းအင်ထိရောက်စွာ သုံးစွဲရေးနှင့် ခြိုးခြံချွေတာရေး အသိပညာပေး လုပ်ငန်းများ (Awareness Raising) ကို ကျယ်ပြန့်စွာ ဆောင်ရွက်ရန်နှင့်

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ (Capacity Building) ဆောင်ရွက်ရေး၊

(တ) နိုင်ငံတကာစံချိန်စံညွှန်းများ၊ အာဆီယံစံချိန်စံညွှန်းများနှင့် ညီညွတ်ကိုက်ညီပြီး နိုင်ငံတော်အတွက် အကျိုးရှိမည့် စွမ်းအင်ဆိုင်ရာ စံချိန်စံညွှန်းများရေးဆွဲခြင်း လုပ်ငန်းကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေး ကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) နိုင်ငံတော်၏ စီးပွားရေးမူဝါဒသစ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို အထောက်အပံ့ဖြစ်စေမည့် စွမ်းအင်မူဝါဒအဖြစ် ကျင့်သုံးရန်၊

(ခ) စွမ်းအင်သယံဇာတအရင်းအမြစ် ထုတ်ယူရာဒေသအပါအဝင် တိုင်းဒေသကြီး နှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ခွဲဝေသုံးစွဲနိုင်စေသည့် အခွင့်အလမ်းများ ဖန်တီးပေး၍ လူ့စွမ်းအားအရင်းအမြစ် တိုးမြှင့်စေရေး ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေသည့် လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ ရရှိရေး ဦးတည်ဆောင်ရွက်ရန်၊

(ဃ) သဘာဝသယံဇာတအရင်းအမြစ်များကိုရေရှည်ထိန်းသိမ်းလျက် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေသော စွမ်းအင်ထုတ်လုပ်မှုနှင့် ပြည်သူအားလုံးပူးပေါင်း ပါဝင်သော စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲမှုများဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်နိုင်မည့် စွမ်းအင်စနစ်တစ်ခု ထူထောင်ရန်၊

(င) ရင်းနှီးမြှုပ်နှံရာတွင် စွမ်းအင်ထုတ်လုပ်သူနှင့် စွမ်းအင်သုံးစွဲသူတို့ နှစ်ဦးနှစ်ဖက် စီးပွားရေးအာမခံချက်ရှိစေမည့် စွမ်းအင်ဈေးနှုန်းကို ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရ အသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) တည်ဆောက်ပြီး ဓာတ်အားပေးစက်ရုံများအား စက်စွမ်းအားပြည့်မောင်းနှင် ဓာတ်အားထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားပါမည်၊

(ခ) ပင်မဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းများအား စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်မှုလုပ်ငန်းဆောင်ရွက်နိုင်ရေးစီစဉ်သွားပါမည်၊

(ဂ) ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို ပိုမိုတိုးချဲ့တည်ဆောက်၍ ဓာတ်အားစနစ်မှ ဓာတ်အားကို ဓာတ်အားမရသေးသောဒေသများသို့ ရောက်ရှိအောင် ဆောင်ရွက်သွားပါမည်၊

(ဃ) လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်မည့် ရေအားအရင်းအမြစ်များကို အသုံးပြု၍ နိုင်ငံပိုင်ဓာတ်အားပေးစက်ရုံများ နှစ်စဉ်တိုး၍ တည်ဆောက်သွားပါမည်၊

(င) စွမ်းအင်အရင်းအမြစ်မျိုးစုံကို အချိုးကျအသုံးပြု၍ ဓာတ်အားထုတ်လုပ် နိုင်သည့် (Appropriate Energy Mix) ဓာတ်အားထုတ်လုပ်မှုစနစ်ကို ဆောင်ရွက်ပါမည်၊

(စ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသော ကုန်းတွင်းနှင့်ကမ်းလွန်ရှိ ရေနံကုမ္ပဏီများအား ကြီးကြပ်ကွပ်ကဲခြင်း၊ တွန်းအားပေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပါမည်၊

(ဆ) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို အဓိက ဦးတည်ဆောင်ရွက်မည့်နည်းတူ လက်ရှိထုတ်လုပ်လျက်ရှိသော ရေနံတွင်းဟောင်းများ၏ ထုတ်လုပ်မှုကျဆင်းနှုန်း အနည်းဆုံးဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ပါမည်၊

(ဈ) သမာရိုးကျမဟုတ်သော နည်းစနစ်များဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု လုပ်ငန်းအား စူးစမ်းလေ့လာဆောင်ရွက်ပါမည်၊

(ဈ) သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းနှင့် သဘာဝ ဓာတ်ငွေ့ဖြန့်ဖြူးခြင်းလုပ်ငန်းများကို စွမ်းအင်ဖူလုံရေးနှင့် အမျိုးသား လုံခြုံရေး လိုအပ်ချက်အရ နိုင်ငံတော်၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပြီး၊ လိုအပ်ပါက နိုင်ငံခြားကျွမ်းကျင်အဖွဲ့အစည်းများနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ပါမည်၊

(ည) တွင်းတူးဖော်ခြင်း၊ ဆိုက်စမစ်တိုင်းတာခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ စွမ်းအင်ဖူလုံရေးနှင့် အမျိုးသားလုံခြုံရေးလိုအပ်ချက်အရ နိုင်ငံတော် ၏ကြီးကြပ်မှုဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် နိုင်ငံခြားကျွမ်းကျင် အဖွဲ့အစည်းများအား ဖိတ်ခေါ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပါမည်၊

(ဋ) ကမ်းလွန်ထောက်ပံ့ရေးဝန်ဆောင်မှုအခြေစိုက်စခန်း (Offshore Supply Base) နှင့် ပတ်သက်၍ စွမ်းအင်ဖူလုံရေးနှင့် အမျိုးသားလုံခြုံရေး လိုအပ်ချက်အရ နိုင်ငံတော်၏ ကြီးကြပ်မှုဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် နိုင်ငံခြား ကျွမ်းကျင်အဖွဲ့အစည်းများအား ဖိတ်ခေါ်၍ အကောင်အထည်ဖော် ဆောင်ရွက် ပါမည်၊

(ဌ) နိုင်ငံတော်အတွက် ပေးဆောင်ရမည့် အခွန်အခများပေးဆောင်ပြီး ကျန်ရှိသည့် အမြတ်အစွန်းမှ အချို့ကို စွမ်းအင်ကဏ္ဍနှင့်ပတ်သက်သော အကျိုးအမြတ်ရရှိမည့် လုပ်ငန်းများတွင် အစုရှယ်ယာထည့်ဝင်နိုင်ရေး စီမံဆောင်ရွက်သွားပါမည်၊

(ဍ) နိုင်ငံပိုင်ရေနံချက်စက်ရုံများ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံများ၊ စက်ဆီ/ချောဆီ ရောစပ်စက်ရုံ၊ ဓာတ်မြေသြဇာစက်ရုံများ၊ ရေနံနှင့်ရေနံထွက်ပစ္စည်း သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများအတွက် စီးပွားရေးတွက်ခြေကိုက်မှု၊ သဘာဝဓာတ်ငွေ့ နှင့် ရေနံစိမ်းရရှိနိုင်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ မဟာဗျူဟာမြောက် အရေးပါမှုတို့ကို ထည့်သွင်းစဉ်းစား၍ ပြည်တွင်း/ ပြည်ပလုပ်ငန်းရှင်များ၏ ပါဝင် ရင်းနှီးမြှုပ်နှံမှုဖြင့် အကျိုးတူ ပူးပေါင်းရန် စီမံဆောင်ရွက်ပါမည်၊

(ဃ) မြန်မာနိုင်ငံ၏ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့သုံးစွဲမှု ဖြည့်တင်းနိုင်ရေးအတွက် ရေနံဓာတ်ငွေ့ရည်နှင့် သဘာဝဓာတ်ငွေ့ရည် ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းများကို စူးစမ်းလေ့လာ အကောင်အထည်ဖော် ဆောင်ရွက်ပါမည်၊

(ဏ) ရေနံထွက်ပစ္စည်းများ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းနှင့် ပတ်သက်၍ စီးပွားရေး တွက်ခြေကိုက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ မဟာဗျူဟာမြောက် အရေး ပါမှုတို့ကို ထည့်သွင်းစဉ်းစားကာ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များ၏ ပါဝင် ရင်းနှီးမြှုပ်နှံမှုဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ပါမည်၊

(တ) ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများအား ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ကော်ပိုရေးရှင်း အသွင်ပြုပြင်ပြောင်းလဲ ဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကပါဝင်မှု၊ အများပိုင်အဖွဲ့အစည်း ဦးတည်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်အတွက် Public Private Partnership (PPP) ပုံစံ ပြောင်းလဲနိုင်ရေး စူးစမ်း လေ့လာ သွားပါမည်။

**၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နှစ်စဉ်တိုးတက်သုံးစွဲလာသော လျှပ်စစ် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်း အနေဖြင့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်း(၈)ခုနှင့် သဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံစီမံကိန်း (၂)ခု၊ လုပ်ငန်းစီမံကိန်းသစ် (၃)ခု အနေဖြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(၁)ခု၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း(၁)ခု၊ ၂၃၀/၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံတွင် Transformer တိုးချဲ့ခြင်း (၁)ခုတို့ကို အချိန်နှင့် တပြေးညီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(ခ) ၅၀၀ ကေဗွီ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဆောင်ရွက်ဆဲ စီမံကိန်း(၄)ခုကို တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် အောက်ပါအတိုင်း ဆောင်ရွက်မည်-

(၁) ပဲခူးတိုင်းဒေသကြီး (၁) ခု

(၂) မန္တလေးတိုင်းဒေသကြီး (၂) ခု

(၃) ရန်ကုန်တိုင်းဒေသကြီး (၁) ခု

(ဂ) ၂၃၀ ကေဗွီ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဆောင်ရွက်ဆဲ စီမံကိန်း (၁၈) ခု နှင့် ၁၃၂ ဓာတ်အားခွဲရုံ စီမံကိန်း (၁) ခု ကို တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် အောက်ပါအတိုင်း ဆောင်ရွက်မည်-

(၁) ကချင်ပြည်နယ် (၁) ခု

(၂) ကယားပြည်နယ် (၂) ခု

(၃) စစ်ကိုင်းတိုင်းဒေသကြီး (၁) ခု

(၄) ပဲခူးတိုင်းဒေသကြီး (၁) ခု

(၅) မန္တလေးတိုင်းဒေသကြီး (၁) ခု

(၆) မွန်ပြည်နယ် (၂) ခု

(၇) ရခိုင်ပြည်နယ် (၅) ခု

(၈) ရန်ကုန်တိုင်းဒေသကြီး (၄) ခု

(၉) ရှမ်းပြည်နယ် (၁) ခု

(၁၀) ဧရာဝတီတိုင်းဒေသကြီး (၁) ခု

(ဃ) ၆၆ ကေဗွီ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဆောင်ရွက်ဆဲ စီမံကိန်း (၄၅)ခုကို တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် အောက်ပါအတိုင်း ဆောင်ရွက်မည်-

(၁) ကချင်ပြည်နယ် (၂) ခု

(၂) ကယားပြည်နယ် (၂) ခု

(၃) ကရင်ပြည်နယ် (၂) ခု

(၄) ချင်းပြည်နယ် (၅) ခု

(၅) စစ်ကိုင်းတိုင်းဒေသကြီး (၃) ခု

(၆) မကွေးတိုင်းဒေသကြီး (၅) ခု

(၇) မန္တလေးတိုင်းဒေသကြီး (၂) ခု

(၈) မွန်ပြည်နယ် (၁) ခု

(၉) ရခိုင်ပြည်နယ် (၁၁) ခု

(၁၀) ရှမ်းပြည်နယ် (၉) ခု

(၁၁) ဧရာဝတီတိုင်းဒေသကြီး (၃) ခု

(င) လျှပ်စစ်ကဏ္ဍတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဓာတ်အားပို့လွှတ်ခြင်းနှင့် ဓာတ်အားစနစ်ထိန်းသိမ်းကွပ်ကဲခြင်း၊ ဓာတ်အားဖြန့်ဖြူးခြင်းဟူ၍အပိုင်းအားလုံးသည် တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် တည်ဆောက်ရန် လိုအပ်သဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရေအား၊ သဘာဝဓာတ်ငွေ့၊ ဒီဇယ်လောင်စာများ အသုံးပြုထုတ်လုပ်နေသည့်နည်းတူ Renewable Energy ဖြစ်သော နေစွမ်းအင်၊ လေစွမ်းအင်နှင့် ဘူမိအပူစွမ်းအင်စသည်တို့ဖြင့်လည်း ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တိုက်ရိုက် တာဝန်ယူဆောင်ရွက်နေသည့် ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်ရှိ အထက်နမ့်ထွမ်ရေအား လျှပ်စစ်စီမံကိန်း(၃.၂မဂ္ဂါဝပ်)ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်း ပြီးစီးပါက ပူတာအိုမြို့နယ်တစ်ဝိုက်ရှိ အများပြည်သူများ လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်မည် ဖြစ်ခြင်း၊

(ဆ) JICA ODA ချေးငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါအထူးစီးပွားရေးဇုန်တွင် သဘာဝဓာတ်ငွေ့စက်ရုံစီမံကိန်း (၅၀မဂ္ဂါဝပ်) ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါ စီမံကိန်း ပြီးစီးပါက သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ လျှပ်စစ် ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်မည်ဖြစ်ခြင်း၊

(ဇ) မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်ရှိ သဘာဝဓာတ်ငွေ့စက်ရုံစီမံကိန်း (၂၂၅ မဂ္ဂါဝပ်) ၏ ပထမအဆင့် (Simple Cycle) (၁၄၀မဂ္ဂါဝပ်) ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပြီးအကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်း ပြီးစီးပါက မြင်းခြံသံမဏိစက်ရုံနှင့် ၎င်းဒေသရှိ အများပြည်သူများ လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်မည် ဖြစ်ခြင်း၊

(ဈ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် National Grid မရရှိသေးသော ဒေသများသို့ တိုးချဲ့ပေးနိုင်ရန် ဓာတ်အားပို့လွှတ်ရေးလိုင်းများဖြစ်သော ၅၀၀ ကေဗွီ ဓာတ်အားလိုင်း (၄၄၅)မိုင်၊ ၂၃၀ ကေဗွီဓာတ်အားလိုင်း (၁,၃၂၆.၅)မိုင်၊ ၁၃၂ ကေဗွီ ဓာတ်အားလိုင်း(၂၂၀)မိုင်၊ ၆၆ကေဗွီဓာတ်အားလိုင်း(၁,၅၇၃.၅)မိုင် ကိုတိုးချဲ့ တည်ဆောက်သွားမည်ဖြစ်ခြင်း၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ ဖြစ်သော ၃၃ ကေဗွီ ဓာတ်အားလိုင်း (၇၇၉.၉၇)မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၂,၃၃၂.၆၅)မိုင်ကို တိုးချဲ့တည်ဆောက်ခြင်း၊

(ည) ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ဓာတ်အားခွဲရုံစီမံကိန်းများဖြစ်သော ၅၀၀ ကေဗွီ၊ ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံများကို တပ်ဆင်အင်အား (၆၂၆၅) အမ်ဗွီအေ တိုးချဲ့တည်ဆောက်ပြီး ၃၃ကေဗွီ၊ ၁၁ကေဗွီ ဓာတ်အားခွဲ ရုံများကို တပ်ဆင်အင်အား (၁၃၄၅)အမ်ဗွီအေ တိုးချဲ့တည်ဆောက်ခြင်း၊

(ဋ) ရေနံတွင်းသစ်များ တိုးချဲ့တူးဖော်ထုတ်လုပ်ရန် လုပ်ငန်းများဆောင်ရွက်သည့် နည်းတူ MOGE ပိုင်ရေနံမြေများတွင် အထွက်နှုန်းကျဆင်းနှုန်း အနည်းဆုံး ဖြစ်စေရေးအတွက် တွင်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) ကမ်းလွန်ထောက်ပံ့ရေး ဝန်ဆောင်မှုအခြေစိုက်စခန်း (Offshore Supply Base) နှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူပြီးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဍ) သံလျှင်ရေနံချက်စက်ရုံကို အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အပြည်ပြည် ဆိုင်ရာ တင်ဒါခေါ်ယူမှုများ ဆောင်ရွက်ခြင်း၊

(ဎ) မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ရေနံ ထွက်ပစ္စည်းများ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအား ပြင်ပလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူပြီး ဆောင်ရွက်ခြင်း။

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
# ပြည်သူ့အင်အားဝန်ကြီးဌာန

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သားအင်အားကို စနစ်တကျနှင့် အကျိုးရှိစွာ အသုံးချနိုင်ရေး၊

(ခ) အမှန်တကယ် အလုပ်လုပ်နိုင်သူများကို သင့်တော်ကောင်းမွန်သည့် လုပ်ငန်းခွင်များ၌ နေရာချထားပေးခြင်းဖြင့် အလုပ်သမားများအတွက် လုပ်ခဝင်ငွေများ ရရှိနိုင်ပြီး အလုပ်သမားများ၏ ဆင်းရဲမှုကို လျှော့ချပေးနိုင်ရေး၊

(ဂ) စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည် ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး၊

(ဃ) ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေး၊

(င) အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ဖန်တီးပေးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားထု၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေရေး၊

(စ) အလုပ်သမားများအတွက် လုပ်ငန်းခွင် အေးချမ်းသာယာ၍ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သင့်တော် ကောင်းမွန်သောလုပ်ငန်းခွင်များကို ဖန်တီးပေးရေး၊

(ဆ) အလုပ်သမားများအား အကာအကွယ်ပေးနိုင်မည့် ခိုင်မာသော ဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်ပေးရေး၊

(ဇ) အလုပ်သမားများအတွက် အမှန်တကယ်အကျိုး ဖြစ်ထွန်းစေမည့် လူမှုဖူလုံရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ရေး၊

(ဈ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာ ကိစ္စရပ်များတွင် ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(ည) မြန်မာအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရေး၊

(ဋ) နိုင်ငံတော်တည်တံ့ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် လူမျိုးမပျောက်စေရေးအတွက် အဓိကဆောင်ရွက်ရမည့် နိုင်ငံသားလုပ်ငန်း၊ နိုင်ငံခြားသားထိန်းသိမ်းမှုလုပ်ငန်းများကို ဝန်ကြီးဌာန ဝန်ထမ်းများမှ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရေး၊

(ဌ) နိုင်ငံတော်၏လုံခြုံရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် စီမံကိန်းများရေးဆွဲရာတွင်အထောက်အကူပြုစေမည့် ခိုင်မာတိကျသော လူဦးရေစာရင်းဇယားများရရှိရေး၊

(ဍ) နိုင်ငံတော်စီမံကိန်းများအတွက် အထောက်အကူပြုစေမည့် ခိုင်မာတိကျသော လူဦးရေ စာရင်းဇယားများနှင့် အညွှန်းကိန်းများရရှိရေး။

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေး ကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရန်၊

(ခ) အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရန် စည်းကြပ်ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင် ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရန်၊

(ဃ) ပြည်တွင်း၊ ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် ရရှိစေရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်၊

(င) လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရန်၊

(စ) လူမှုဖူလုံရေး အာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဆ) အလုပ်သမားရေးရာ အငြင်းပွားမှုများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ညှိနှိုင်း ဖြန်ဖြေ ဆောင်ရွက်ပေးရန်၊

(ဇ) အလုပ်သမားရေးရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရန်၊

(ဈ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာ ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်ရန်၊

(ည) လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်ရေးလုပ်ငန်း၊ ပြည်သူ့အင်အား စာရင်းကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်းများကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခေတ်မီစနစ်ကျသည့် အဆင့်မြင့်နည်းပညာအသုံးပြု၍ စွမ်းရည်ထက်မြက်သော လူ့စွမ်းအား အရင်းအမြစ်များအဖြစ် အသုံးချဆောင်ရွက်သွားရန်၊

(ဋ) နိုင်ငံတော်အစိုးရမှ ချမှတ်ပေးသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညှိ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း

- ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက် ရရှိရေးအတွက် မှတ်ပုံတင်သူ ၁,၁၂၀,၀၀၀ ဦး၊ အမှာစာ ၂၂၀,၀၀၀ ဦး အနက် အလုပ်ရရှိသူ ၂၂၀,၀၀၀ ဦး လျာထား ဆောင်ရွက်မည်၊

- ပြည်တွင်းအလုပ်အကိုင်အတွက် Online စနစ်ဖြင့် ဆောင်ရွက်၍ Website နှင့် Internet မှ ထုတ်လွှင့်ခြင်း၊ သွားလာရန် ခက်ခဲသည့် ဒေသများသို့ Mobile Team ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပအေဂျင်စီများနှင့် ပူးပေါင်း၍ (Job Fair) များ ကျင်းပပြုလုပ်၍ တစ်နေရာတည်းတွင် One Stop Service ဖြင့် ရွေးချယ် ခန့်ထားခြင်းတို့ကို ဆောင်ရွက်မည်၊
- တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများနှင့် အလုပ်သမားရေးရာ ကျွမ်းကျင်သူများပါဝင်သည့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပ၍ အသိပညာပေးခြင်းများ ဆောင်ရွက်မည်၊
- ပြည်ပအလုပ်အကိုင်အတွက် နယ်စပ်မြို့များတွင် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်ပအလုပ်အကိုင်ပြပွဲ (Job Fair) များ အခါအားလျော်စွာ ကျင်းပပြုလုပ်မည်၊
- ပြည်ပသို့ အလုပ်သမား စေလွှတ်လျက်ရှိသည့် ထိုင်း၊ မလေးရှား၊ ဂျပန်၊ စင်္ကာပူ၊ ကိုရီးယားနိုင်ငံများအလိုက် Pre - Departure သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Migrant Workers Reporting Counter ဖွင့်လှစ်နိုင်ရေး၊ အရှေ့အလယ်ပိုင်းဒေသ၊ ယူအေအီး၊ ကာတာနှင့် ထိုင်ဝမ်နိုင်ငံများသို့ အလုပ်သမား စေလွှတ်နိုင်ရေးတို့ကို လျာထားဆောင်ရွက်မည်၊

(ခ) အိုင်အယ်လ်အို ရေးရာကိစ္စရပ်များဆောင်ရွက်ခြင်း

- အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးသည့် နိုင်ငံဖြစ်သည်နှင့်အညီ အဓမ္မခိုင်းစေမှု ပပျောက်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းများကို ILO နှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်မည်၊
- မြန်မာနိုင်ငံ၌ Decent Work Programm များကို ကြေညာနိုင်ရေးအတွက် အဓမ္မခိုင်းစေမှုပပျောက်ရေး၊ လွတ်လပ်စွာ အသင်းအဖွဲ့များ

ဖွဲ့စည်းရေး၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ အလုပ်သမားဥပဒေများနှင့် အလုပ်သမားဈေးကွက် အုပ်ချုပ်မှု၊ ရွှေ့ပြောင်းအလုပ်သမား၊ အလုပ်အကိုင်ဖန်တီးသည့် ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးနှင့် လူမှုကာကွယ်ပေးရေး၊ ငြိမ်းချမ်းရေး ရရှိပြီးသည့် နယ်စပ်ဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် ဆင်းရဲမှု လျော့ချရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည်၊

- မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၈၇ ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ဆောင်ရွက်လျက်ရှိရာ အသိပညာ တိုးမြှင့်ရေး ဆွေးနွေးပွဲများ၊ သင်တန်းများကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်၊ အလုပ်ရှင်၊ အလုပ်သမားနှစ်ပွင့်ဆိုင်တို့ ပါဝင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ILO နှင့်ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်မည်၊

(ဂ) အာဆီယံအဆင့်မြင့် အလုပ်သမားအရာရှိကြီးများ အစည်းအဝေး ပြုလုပ်ခြင်း၊ အာဆီယံ အစည်းအဝေးပွဲများသို့ ကိုယ်စားလှယ်များ စေလွှတ်တက်ရောက်ခြင်း၊ အာဆီယံ အလုပ်သမားဝန်ကြီးများ လုပ်ငန်းအစီအစဉ်အရ အဖွဲ့ဝင်နိုင်ငံများမှ အဆိုပြုလာပါက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်၊

(ဃ) အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ မြို့နယ်ရုံး (၈၀) ရုံးမှ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ပြုနိုင်ရေးအတွက် ကွင်းဆင်း ဆောင်ရွက်ခြင်း၊ အသိအမှတ်ပြု လက်မှတ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ဖြန့်ဝေခြင်း၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့်ဆွေးနွေးပွဲများ၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်မည်၊

(င) အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းတွင် အမျိုးသားကော်မတီ အစည်းအဝေးများ ကျင်းပခြင်းနှင့် အလုပ်သမား ကိုယ်စားလှယ်များ၊ အလုပ်ရှင် ကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲ၊ သုံးပွင့်ဆိုင် ဆွေးနွေးပွဲတို့ကို ကျင်းပဆောင်ရွက်မည်၊

(စ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း

- ကျွမ်းကျင်လုပ်သားရရှိရန် NSSA Level – 1 , 2 အဆင့်များ စစ်ဆေးအကဲဖြတ်ရာတွင် အလုပ်အကိုင်တစ်ခုချင်းစီအတွက် လုပ်သားဈေးကွက်တွင်လိုအပ်သော Sector အလိုက် ကျွမ်းကျင်လုပ်သားပေါင်း (၅,၀၀၀) ခန့် မွေးထုတ်ပေးရန်အတွက် စစ်ဆေးသည့် စက်ကိရိယာများ ဝယ်ယူခြင်း၊ လိုအပ်သော လုပ်သားဈေးကွက်နှင့်အညီ လေ့ကျင့်သင်ကြားခြင်းတို့အတွက် အခြေခံကျွမ်းကျင်မှု သက်မွေးပညာ သင်တန်းများ လေ့ကျင့်ပို့ချပေးမည်၊
- ကျွမ်းကျင်လုပ်သားများရရှိစေရန် သင်တန်းကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်ခြင်း၊ ပုဂ္ဂလိကနှင့်အစိုးရ သင်တန်းကျောင်းများတွင် သက်မွေးပညာကျွမ်းကျင်မှု လေ့ကျင့်ရေးနည်းပြဆရာများ ရရှိရေး ဆောင်ရွက်မည်။

(ဆ) လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခြင်း

- လူမှုဖူလုံရေး ဆေးရုံကြီးများအား နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးများဖြစ်ပေါ်လာရန် ဆောင်ရွက်ခြင်း၊ ထိုင်ဝမ်နိုင်ငံ CHC Health Corporation နှင့် ပူးပေါင်း၍ အလုံစတိုဝင်းတွင် ကင်ဆာဆေးရုံကြီး ဆောက်လုပ်ခြင်း၊ မန္တလေးအလုပ်သမား ဆေးရုံဝင်းအတွင်း ဆေးရုံသစ်တည်ဆောက်ခြင်းကို ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်မည်၊
- ဆေးရုံ၊ ဆေးခန်းများ၏ အရည်အသွေး ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ၏နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် လူမှုဖူလုံရေးအဖွဲ့သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်၊
- လူမှုဖူလုံရေးအဖွဲ့မှ ဆေးဖိုးပြန်အမ်းမှု မူဝါဒပိုင်းဆိုင်ရာ ညွှန်ကြားချက်အား ခေတ်စနစ်နှင့်အညီ ပြန်လည်သုံးသပ်ရေးဆွဲခြင်း၊ လူမှုဖူလုံရေး အာမခံစနစ်နှင့်ကိုက်ညီမှုရှိသော Health Benefit Package များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရေးဆွဲမည့် Essential Health Package ပေါ်တွင် အခြေခံ၍ ရေးဆွဲနိုင်အောင် ဆောင်ရွက်မည်။ အာမခံ

အလုပ်သမားများ တိုးတက်လာသည်နှင့်အညီ မြို့နယ်ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးဌာနရှိဝန်ထမ်း ဖွဲ့စည်းပုံအား တိုးချဲ့ခြင်း၊ အလုပ်သမားဆေးရုံကြီးများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံကိုက်ဖွဲ့စည်းပုံနှင့်အညီ တိုးမြှင့်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်မည်။

(ဇ) ပြည်ပအကူအညီများဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

- မြန်မာအလုပ်သမားများနှင့် ပတ်သက်သည့် ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ National Skill Standard Authority (NSSA) ကို ဖွဲ့စည်းထားရှိပြီး၊ GIZ (Germany)၊ World ORT (UK)၊ CVT (Switzerland) ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Vocational Training Center သင်တန်းကျောင်းများ အသစ်ဆောက်လုပ်ပြီး မြန်မာအလုပ်သမားများအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်မည်။

(ဈ) အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းတွင် မျှတသော လုပ်ငန်းခွင်ဆက်ဆံရေးစနစ် ကျင့်သုံးတတ်စေရန် အလုပ်ရှင်၊ မန်နေဂျာ၊ Super ၊ All Super ၊ Leader များကို ခေါင်းဆောင်မှုနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်း၊ နိုင်ငံခြားသား စက်ရုံပိုင်ရှင်များနှင့် Buyer ၊ မန်နေဂျာ၊ ကြီးကြပ်ရေးမှူးများကို မြန်မာ့ယဉ်ကျေးမှု၊ အလုပ်သမားရေးရာများနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် အလုပ်ရှင်၊ အလုပ်သမား၊အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များချုပ်ဆိုခြင်း၊ အလုပ်သမားရေးရာ ဥပဒေနှင့် မူဝါဒသဘောထားအသိပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်မည်၊

(ည) အလုပ်သမားများ၏ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခြင်း

- မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုရုံးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုးချဲ့ဖွဲ့စည်းခြင်း၊ NSSA ရုံးဝန်ထမ်းများ၏ အရည်အသွေး တိုးတက်ရေးဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေး ကော်မတီနှင့် လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ (၁၄) ခုအား ပိုမို အားကောင်းစွာ ဆောင်ရွက်နိုင်ရန် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်း၊ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ" များနှင့်အညီ လေ့ကျင့် သင်ကြားပေးမည့် နည်းပညာနှင့် အသက်မွေးပညာ သင်တန်းကျောင်းများကို အသိအမှတ်ပြုနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ ရေးဆွဲသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်မည်၊
- အလုပ်အကိုင်ရွေးချယ်၍ အမျိုးသားအဆင့် ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းခြင်း၊ ရွေးချယ်ထားသော ဦးစားပေး အလုပ်အကိုင်များအတွက် ဒေသအလိုက် လက်ဆင့်ကမ်း သင်ကြားပေးနိုင်ရေးအတွက် (Training of Trainer-TOT) သင်တန်းများ စီစဉ်ပေးခြင်း၊ ပြည်တွင်းလုပ်သားဈေးကွက်လိုအပ်ချက်နှင့်အညီ လုပ်သားများအား ကျွမ်းကျင်မှု သင်တန်းများပေးနိုင်ရေးနှင့် အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ရေးတို့အတွက် (Public – Private – Partnership ) ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ရရှိပြီးပါက နိုင်ငံအတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းလုပ်ကိုင် နိုင်စေရေးအတွက် ဆောင်ရွက်ပေးမည်။

(ဠ) လုပ်သားအင်အားစာရင်းကောက်ယူခြင်း

- အလုပ်သမားရေးရာများနှင့် ပတ်သက်၍ လိုအပ်သော စာရင်းဇယားများ ရရှိစေရန် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် လုပ်သားဦးရေစာရင်း ကောက်ယူပြုစုခြင်း၊ အလုပ်ဌာနနှင့် အလုပ်သမား ဦးရေစာရင်းကောက်ယူပြုစုခြင်း၊ အလုပ်အကိုင်အခကြေးငွေနှင့် အလုပ်ချိန်

ဆိုင်ရာ စာရင်းကောက်ယူ ပြုစုခြင်းနှင့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ၊ လက်စွဲစာအုပ် ပြုစုထုတ်ဝေခြင်း လုပ်ငန်းများကို နှစ်စဉ်ပုံမှန် ဆောင်ရွက်မည်။

(၄) မြန်မာရွှေ့ပြောင်း လုပ်သားများနှင့် ပတ်သက်၍

- ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် မူတည်၍ ပြန်လည်သုံးသပ်ခြင်း၊ အလုပ်သမားသံအရာရှိများ ခန့်အပ်တာဝန် ပေးအပ်ခြင်း၊ အလုပ်သမားလက်ခံနိုင်ငံများနှင့်ပူးပေါင်းခြင်းတို့ကို ဆောင်ရွက်မည်၊
- ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များစုဆောင်းရယူခြင်း၊ သုတေသနနှင့် လေ့လာရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်မည်၊
- နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်း၊ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း၊ World Vision နှင့် Save the Children စသည့် အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရွှေ့ပြောင်းအလုပ်သမား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းတို့ကို ပူးပေါင်းဆောင်ရွက်မည်။

(၃) စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း

- စက်ရုံ၊အလုပ်ရုံများမှ အလုပ်ရှင်နှင့် အလုပ်သမားများသည် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အလေ့အထကျင့်သုံးစေရေး၊ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ရေးတို့ကို ဆောင်ရွက်မည်၊
- နိုင်ငံတကာတွင် ကျင့်သုံးနေသော လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ အသုံးချနိုင်စေရန်

ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ (ASEAN-OSHNET, KOSHA , Denmark, ILO) ဖြင့် ပူးပေါင်း ဆောင်ရွက်မည်၊

- စစ်ဆေးစည်းကြပ်ခြင်း၊ အသိပညာပေး သင်တန်းပို့ချခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များ ဆောင်ကြဉ်းပေးခြင်းတို့တွင် အလုပ်သမားဥပဒေစစ်ဆေးရေး အရာရှိများသည် စက်ရုံ၊ အလုပ်ရုံ (၁၄,၄၀၀) ရုံ၊ ဆိုင်နှင့် အလုပ်ဌာန (၁၁,၅၂၀) ဌာန၊ အလုပ်ရုံငယ်(၂,၈၈၀) ရုံတို့ကို စစ်ဆေးခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရုံစစ်ဆေးရေး အရာရှိများသည် စက်ရုံ၊ အလုပ်ရုံ (၂၀,၄၀၀) ရုံနှင့် အလုပ်ရုံငယ် (၂၀,၄၀၀) ရုံ တို့ကို စစ်ဆေးကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်မည်။

(ဃ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြို့နယ်ရုံးများနှင့် ကရင်ပြည်နယ်တွင် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတို့ကို ဆောက်လုပ်ခြင်း၊ မြဝတီ ရွှေ့ပြောင်းအလုပ်သမားများ ကြိုဆိုရေးစခန်းအား ပြန်လည်ပြင်ဆင်ခြင်း၊ မြို့နယ်ရုံးများမွမ်းမံခြင်း၊ ရုံးသစ်များ ဆောက်လုပ်ရန် မြေနေရာဝယ်ယူခြင်း တို့ကို ဆောင်ရွက်မည်၊

(ဏ) အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ရုံးများ အုတ်တံတိုင်း ခတ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ရုံးများဆောက်လုပ်ခြင်း၊ မြေထိန်းနံရံဆောက် လုပ်ခြင်းတို့ကို ဆောင်ရွက်မည်၊

(တ) အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ရုံးသစ်များ ဆောက်လုပ်မည်၊

(ထ) လူမှုဖူလုံရေးအဖွဲ့မှ ဝန်ထမ်းအိမ်ရာများ၊ ရုံးနှင့်ဆေးခန်းများ ဆောက်လုပ်ခြင်း၊ ရွှေပြည်သာစက်မှုဇုန်နှင့် ရွှေသံလွင်စက်မှုဇုန်တို့တွင် ဆေးခန်း ဖွင့်လှစ်ရန် တိုက်ခန်းများ ဝယ်ယူမည်၊

(ဒ) လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဝင်/ထွက်မှု ထိန်းသိမ်းရေးလုပ်ငန်း

- ပြည်ဝင်ဗီဇာ(၁၂)မျိုးနှင့် ပြည်ပြန်ဝင်ခွင့် ဗီဇာ(၃)မျိုးအား ယခင်ဆောင် ရွက်နေသည့် လုပ်ငန်းစဉ်များအား ပြည်သူလူထုအတွက် ဖြေလျှော့ဆောင် ရွက်မည်၊

- ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် APP (Advanced Passenger Processing) စနစ်နှင့် APIS (Advanced Passenger Information System)များအား လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် SITA ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတကာခရီးသွားများအား ကြိုတင်စစ်ဆေးနိုင်ရေး ဆက်လက်ဆောင်ရွက်မည်၊
- နိုင်ငံတကာ လေဆိပ်များတွင် IT စနစ်သုံး စစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဒေသ ဝင်/ထွက်စခန်းများတွင် ဝင်ရောက်၊ ထွက်ခွာသွားသူများအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ကွန်ယက်ချိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်မည်။

(ဓ) နိုင်ငံခြားသားများရေးရာလုပ်ငန်း

- နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်လက်မှတ်၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့် လုပ်ငန်းစဉ်များအတွက် ဖြေလျှော့ဆောင်ရွက်မည့် လုပ်ငန်းများကို စီမံဆောင်ရွက်မည်၊
- နိုင်ငံခြားသားများ ကိုင်ဆောင်ရမည့် မှတ်ပုံတင်လက်မှတ်များကို လွယ်လင့်တကူ သယ်ဆောင်နိုင်ရန်အတွက် Smart Card အဖြစ် စီမံဆောင်ရွက်မည်၊
- နိုင်ငံခြားသား ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်နွယ်နေသော ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ လမ်းကြောင်းအလိုက် Information Technology နည်းစနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်မည်။

(န) အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း

- နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့် လက်မှတ်များအား Smart Card စနစ်ဖြင့် ထုတ်ပေး အသုံးပြုနိုင်ရေးအတွက် ခေတ်မီစက်ကိရိယာများ၊ ကွန်ပျူတာများ တပ်ဆင်အသုံးပြု ဆောင်ရွက်မည်၊

- နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက် မှတ်တမ်းများအား အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ Computer Station နှစ်ခုခွဲ၍ မှတ်တမ်းတင်ခြင်းနှင့် Network ချိတ်ဆက်ခြင်းများ ဆောင်ရွက်မည်၊
- ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေး လုပ်ငန်းများကို စိစစ်ဆောင်ရွက်၍ နိုင်ငံသားတိုင်းအား ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့်လက်မှတ်များ ထုတ်ပေးမည်၊
- အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းတို့တွင် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို ပြည်သူဗဟိုပြုဝန်ဆောင်မှုစနစ်ဖြင့် ဆောင်ရွက်မည်။

(ပ) ပြည်သူ့အင်အားစာရင်း ကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်း

- လူဦးရေမူဝါဒ (Population Policy) ရေးဆွဲခြင်းအတွက် ဗဟိုကော်မတီနှင့် ကော်မတီ အဆင့်အဆင့်ဖွဲ့စည်းခြင်း၊ အချက်အလက်များ စုဆောင်းခြင်း၊ နိုင်ငံတကာမှ လူဦးရေမူဝါဒ၊ ဥပဒေများကို လေ့လာခြင်း၊ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်မည်၊
- အသေးစိတ် ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်း (အစီရင်ခံစာ)များ ရေးသားခြင်းနှင့် ပြုစုထုတ်ပြန်ခြင်း ဆောင်ရွက်မည်၊
- ပြောင်းရွှေ့သွားလာမှုစစ်တမ်း (Migration Survey) ကောက်ယူခြင်းအတွက် ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ နမူနာကောက်ကွက်များ ရွေးချယ်ခြင်းနှင့် မေးခွန်းပုံစံပြုစုခြင်း၊ စစ်တမ်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်းနှင့် အစီရင်ခံစာ ရေးသားခြင်းတို့ကို ဆောင်ရွက်မည်၊
- မြန်မာနိုင်ငံ၏ လူဦးရေကို ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ တွက်ချက်ထုတ်ပြန် ဆောင်ရွက်မည်၊
- လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ပြုစုထုတ်ပြန်ခြင်း လုပ်ငန်းအတွက် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များမှ မြို့နယ်အဆင့် (မြို့နယ်၂၅၀)

သန်းခေါင်စာရင်း အချက်အလက်များ ပြုစုထုတ်ပြန်ခြင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ထုတ်ပြန်ရန် ကျန်ရှိသည့် တိုင်းရင်းသား၊ လူမျိုးစာရင်းများ ထုတ်ပြန်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် စာရင်းဇယားပြုစုခြင်း၊ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အညွှန်းကိန်းများတွက်ချက်ခြင်း၊ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကျင်းပခြင်းတို့ကို ဆောင်ရွက်မည်၊

- Interactive Web Portal အား Update ပြုလုပ်ခြင်း၊ e-Library အား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်မည်။

**၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာအလုပ်သမားများအတွက် နိုင်ငံတကာစံချိန်၊ စံညွှန်းများနှင့်အညီ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊

(ခ) အလုပ်သမားများအတွက် အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရ သုံးပွင့်ဆိုင်အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်၍ အကျိုးခံစားခွင့်များ အပြည့်အဝရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ဂ) လုပ်သားအင်အားစာရင်းကောက်ယူခြင်းနှင့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ပြုစုထုတ်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း/ပြည်ပ လူမှု အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ရွှေ့ပြောင်းအလုပ်သမား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ရေးကို ဆောင်ရွက်ခြင်း၊

(စ) လူမှုဖူလုံရေးအဖွဲ့မှ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ခရိုင်ရုံးများ၊ မြို့နယ်ရုံးခွဲများ၊ ဆေးခန်းများဆောက်လုပ်ခြင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဆေးရုံးသစ်များကို စံကိုက်ဖွဲ့စည်းပုံနှင့်အညီ တိုးမြှင့်ဖွင့်လှစ်ခြင်း၊ အာမခံအလုပ်သမားများအတွက် အကျိုးခံစားခွင့်

များ အပြည့်အဝရရှိစေရန် ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ဆောင်ရွက်ခြင်း၊

(ဆ) အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဝင်/ထွက်ပေါက်များဖြစ်သော တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့တို့တွင် ခရီးသွားဆိုင်ရာ အထောက်အထားများကို စက်ဖြင့်ဖတ်ရှုစစ်ဆေးနိုင်သော နည်းပညာ Software များတပ်ဆင်ခြင်း၊

(ဇ) အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းတို့ကို ဖြေလျော့နည်းများဖြင့် ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဈ) လူဦးရေမူဝါဒ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်ခြင်း၊ ပြောင်းရွှေ့သွားလာမှု စစ်တမ်းကောက်ယူရန်အတွက် စီစဉ်ဆောင်ရွက်ခြင်းနှင့် သန်းခေါင်စာရင်း အစီရင်ခံစာများ ပြုစုထုတ်ပြန်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း။

စက်မှုဝန်ကြီးဌာန

# စက်မှုဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ် ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍများ ဘက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့် ထုတ်လုပ်သည့် လုပ်ငန်းများနှင့် စားသောက်ကုန်ထုတ် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်စေရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုး ထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်လာစေရေး၊

(ခ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံပိုင်စက်ရုံများ အောင်မြင်မှုရရှိစေရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ ပိုမိုမြှင့်တင်ရေးအတွက် နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေး၊

(ဂ) စက်မှုထုတ်ကုန်များ အရည်အသွေး တိုးတက်မြင့်မားလာစေရန်နှင့် ဆန်းသစ်တီထွင်နိုင်ရန်အတွက် သုတေသနနှင့် နည်းပညာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး နှင့် စက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊

(ဃ) ပြည်တွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းအား တိုးမြှင့်ဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် စက်မှုလုပ်ငန်းများ ဖြစ်စေရေးနှင့် စွမ်းအင်ကို အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရေး။

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေး ကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစားပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆက်လက် ဆောင်ရွက်သင့်သည့် နိုင်ငံပိုင် စက်ရုံအလုပ်များ အောင်မြင်မှုရရှိစေရန်၊ ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံပိုင် စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအား တိုးမြှင့်ဆောင်ရွက်ရန်နှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်၊

(ခ) လုပ်သားအခြေပြု စက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက်ပြီး ပြည်တွင်းဈေးကွက် ချဲ့ထွင်နိုင်ခြင်းမှတစ်ဆင့် ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ဖြစ်ပေါ်လာစေရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညှိ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) နိုင်ငံပိုင် စက်မှုလုပ်ငန်းများအား ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ မူဝါဒနှင့် လုပ်ငန်း ဆောင်ရွက်မှုများအား လိုအပ်သလို ပြောင်းလဲပြင်ဆင် ကျင့်သုံးဆောင်ရွက်ခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း၊ ထုတ်ကုန်များ အရည်အသွေး ကောင်းမွန်စေခြင်းနှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီစေရန် သုတေသနပြုလုပ်ခြင်း၊

ဆန်းသစ်တီထွင်ထုတ်လုပ်ခြင်း၊ အရောင်းမြှင့်တင်ရေး အစီအစဉ်များ ပြုလုပ်ခြင်း တို့ဖြင့် အောင်မြင်မှုရရှိစေရန် ဆောင်ရွက်မည်၊

(ခ) ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော နိုင်ငံပိုင် စက်ရုံအလုပ်ရုံများအား ပုဂ္ဂလိက နှင့် ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း၊ နည်းပညာအသစ်များ ထပ်တိုးခြင်း တို့ဖြင့် ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို အားပေးဆောင်ရွက်မည်၊

(ဂ) နိုင်ငံပိုင် စက်ရုံအလုပ်ရုံများအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် ခိုင်မာသောမူဝါဒချမှတ်၍ ဝန်ထမ်း များအား စနစ်တကျလွှဲပြောင်းပြီး သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်သွားမည်၊

(ဃ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဈေးကွက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးများကို နိုင်ငံတော်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ အကူအညီ အထောက်အပံ့ရရှိနိုင်ရန်နှင့် လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်၊

(င) စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိသူများ ဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင် ပေးနိုင်ရေးအတွက် စက်မှုသင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ ဖွင့်လှစ်ခြင်း၊ ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်များအား ဆောင်ရွက်မည်၊

(စ) စွမ်းအင်အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရေးဆိုင်ရာ ဥပဒေမူဘောင်များ ထွက်ပေါ်လာရေးနှင့် စွမ်းအင်ချွေတာရေး ရည်မှန်းချက်များ ပြည့်မီရေးအတွက် လိုအပ်သည့် အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

စက်မှုဝန်ကြီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ အောင်မြင်မှုရရှိစေရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန၏ လက်ရှိဖွဲ့စည်းပုံကို (Restructuring) ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊

(ခ) သံမဏိနှင့်ဆေးဝါးစက်ရုံ စီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် စက်မှုထုတ်ကုန်များအား လျာထားချက်နှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများတပ်ဆင်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အခြားလုပ်ငန်းများအား လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) စက်ရုံများမှ ဈေးကွက်ဝင်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် Research & Development Center ကို အဆင့်မြှင့်တင်ခြင်း၊

(ဃ) အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံးခွဲများ တိုးချဲ့တည်ဆောက်ခြင်း၊

(င) စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများ စနစ်တကျ လေ့ကျင့်ပျိုးထောင်နိုင်ရေးအတွက် Technical Vocational Education and Training (TVET) နှင့် စက်မှုသင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အားလုံးပါဝင်ခွင့်ရှိသော တီထွင်ဆန်းသစ်မှုရှိသည့် စဉ်ဆက်မပြတ် တိုးတက်မှု ရယူနိုင်စွမ်းရှိသည့် ကုန်သွယ်မှုစနစ်ဖြစ်စေရေး၊

(ခ) ပို့ကုန်တိုးချဲ့မြှင့်တင်ရေး ဆောင်ရွက်နိုင်ရန်နှင့် ကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ခေတ်မီသတင်း ဆက်သွယ်ရေးနည်းပညာ (ICT) အသုံးပြု၍ ဆောင်ရွက်သွားနိုင်ရေး၊

(ဂ) ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပူးပေါင်း၍ ကုန်သွယ်မှုတိုးချဲ့ရေး၊

(ဃ) ကုန်သွယ်မှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရန်နှင့် ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည်မြှင့်တင် ဆောင်ရွက်ရေး၊

(င) ပြည်တွင်းစားသုံးမှုနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော အရေးကြီးကုန်စည်များ ဖူလုံရေးအတွက် ကုန်သွယ်မှုရှုထောင့်ဖြင့် ထိန်းညှိဆောင်ရွက်ရေး၊

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ကုန်သွယ်မှုပမာဏ တိုးတက်ရေးဆောင်ရွက်ရန်၊

(ခ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေး မြှင့်တင်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ထွက်ကုန်များ ဈေးကွက်ဝေစုပိုမိုရရှိအောင် ဆောင်ရွက်ရန်၊

(ဃ) ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်၊

(င) စားသုံးသူအခွင့်အရေး ကာကွယ်ရေးနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေး ဆောင်ရွက်ပေးရန်။

## လုပ်ငန်းစဉ်

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) ပြည်သူ့ဘဏ္ဍာများအား ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျ စီမံခန့်ခွဲသုံးစွဲရေးနှင့် အခွန်ကောက်ခံမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ကုန်သွယ်မှုဆိုင်ရာရှုထောင့်မှ လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည်၊

(ခ) ပုဂ္ဂလိကကဏ္ဍ ကုန်သွယ်မှုဖွံ့ဖြိုးရေးဆောင်ရွက်မည်၊

(ဂ) အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်များ ဈေးကွက်ရရှိရေးကူညီ ပံ့ပိုးဆောင်ရွက်မည်၊

(ဃ) ကုန်သွယ်မှုလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့နိုင်မည့် အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်မည်၊

(င) ကုန်သွယ်မှုကဏ္ဍအတွက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ဆောင်ရွက်မည်၊

(စ) ကူးသန်းရောင်းဝယ်ရေးဆိုင်ရာပညာရပ်များ ဖွံ့ဖြိုးရေးဆောင်ရွက်မည်၊

(ဆ) ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးဆောင်ရွက်မည်၊

(ဓ) ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်သော အခြေခံအဆောက်အဦများ ဖွံ့ဖြိုး တိုးတက်ရေး ပူးပေါင်းစီမံဆောင်ရွက်မည်၊

(ဈ) e-Government စနစ်ဖွံ့ဖြိုးလာရေး ဆောင်ရွက်မည်၊

(ည) မြန်မာ့ပို့ကုန်ပစ္စည်းများအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တိုးမြှင့်တင်ပို့နိုင်ရေး အတွက် အားပေးကူညီ ဆောင်ရွက်မည်၊

(ဋ) လက်ရှိရရှိထားသော ဈေးကွက်တိုးတက်ရရှိရေးနှင့် ဈေးကွက်သစ်များ ရှာဖွေ ဆောင်ရွက်မည်၊

(ဌ) ပို့ကုန်တိုးတက်ရေးအတွက် ကန့်သတ်ချက်များ ဖြေလျှော့ရန်နှင့် အခက်အခဲများ ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်မည်၊

(ဍ) စားနပ်ရိက္ခာဖူလုံရေးအတွက် ပြည်တွင်းကုန်စည်စီးဆင်းမှု လျှင်မြန်ချောမွေ့စေရန်နှင့် လိုအပ်ပါက ပြည်ပမှ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်မည်၊

(ဎ) အထူးစီးပွားရေးဇုန်များနှင့် ပို့ကုန်အခြေပြု စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်မည်၊

(ဏ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍများ တန်းတူအခွင့်အရေးနှင့် လွတ်လပ်စွာ ယှဉ်ပြိုင်မှုကို အားပေးကူညီဆောင်ရွက်မည်၊

(တ) စားသုံးသူများတန်ဖိုးနှင့် ထိုက်တန်သော ဝန်ဆောင်မှုရရှိရေး၊ ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေး ဆောင်ရွက်မည်၊

(ထ) ပြည်တွင်းကုန်ထုတ်လုပ်ငန်းများအတွက် ကုန်သွယ်မှုဆိုင်ရာ ကုစားမှုပေးရေး (Trade Remedy) ကိစ္စရပ်များ ဆောင်ရွက်မည်၊

(ဒ) စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များကို လေးစားလိုက်နာသည့် အလေ့အကျင့်များ ဖြစ်ပေါ်လာရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်၊

(ဓ) ပြည်တွင်းကုန်သွယ်မှု ချောမွေ့စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မည်၊

(န) လယ်ယာစိုက်ပျိုးရေးနှင့် အသေးစားအလတ်စား စက်မှုလုပ်ငန်းများမှ ထုတ်ကုန် များ ပြည်တွင်းပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် Trade Financing အစီအစဉ် များ ရရှိရေး ပူးပေါင်းဆောင်ရွက်မည်၊

(ပ) ပြည်တွင်း/ ပြည်ပကုန်သွယ်မှုတွင် လွတ်လပ်စွာ ယှဉ်ပြိုင်ကူးသန်းရောင်းဝယ်မှုကို ဖြစ်ပေါ်စေရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ပို့ကုန်အမယ်သစ်များ တီထွင်ဆန်းသစ်မှုနှင့် အရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်များ ချမှတ်ကျင့်သုံး ဆောင်ရွက်မည်၊

(ဖ) ကုန်သွယ်မှုဆိုင်ရာ အသိပညာ ပိုင်ဆိုင်မှု တိုးတက်အောင် အားပေးဆောင်ရွက်မည်၊

(ဗ) အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင် ကြံဆနိုင်သောစွမ်းရည် အားပေးမြှင့်တင်ရေး ဆောင်ရွက်မည်၊

(ဘ) ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာဈေးကွက်သို့ ကုန်သွယ်မှုတိုးချဲ့နိုင်ရေး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ မဟာမဲခေါင် ဒေသခွဲနိုင်ငံများ၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မည်၊

(မ) အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဒေသကုန်သွယ်ရေးနှင့် စီးပွားရေးဇုန်များ ပူးပေါင်း ထူထောင်မည်၊

(ယ) စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အာဆီယံဒေသတွင်း နိုင်ငံများ အပါအဝင် နိုင်ငံတကာ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်မည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နေပြည်တော် ရုံးအမှတ်(၃)တွင် နှစ်ဟောင်းမှ စာရွက်စာတမ်းအဟောင်းများ ထားသိုရန် ပစ္စည်းသိုလှောင်ရုံ (၃၀'×၂၀') တည်ဆောက်ခြင်း၊

(ခ) EIF အကူအညီရငွေဖြင့် Aid for Coordination Unit ရုံးအဖွဲ့၏ ရုံးခန်းအား နိုင်ငံတကာ အဆင့်မီ ပြင်ဆင်ခြင်း၊

(ဂ) ပို့/သွင်းဌာနခွဲသို့ လိုင်စင်လာရောက် လျှောက်ထားသည့် ကုမ္ပဏီဝန်ထမ်းများ လုပ်ငန်းရှင်များ၊ ဌာနသို့လာရောက်သည့်ဧည့်သည်များ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အဆောက်အဦများ တည်ဆောက်ခြင်း၊

(ဃ) ဌာနတွင် အသုံးပြုနေသောယာဉ်များအတွက် လိုအပ်သည့် စက်သုံးဆီများ မီးဘေး အန္တရာယ် ကင်းရှင်းစေရန် ကားဂိုဒေါင်ဆောက်လုပ်ခြင်း၊ ယာဉ်များရပ်နား ထားရှိရာတွင် နေရာကျဉ်းပြီး အခက်အခဲရှိပါသဖြင့် ယာဉ်ရပ်နားကွင်း တိုးချဲ့ ဆောက်လုပ်၍ ကား Garage ပြုလုပ်ခြင်းနှင့် ယာဉ်ရပ်နားကွင်းသို့ အဝင်လမ်း ဆောက်လုပ်ခြင်း၊

(င) ရောမြေ (၃)ထပ် အဆောက်အဦ အမိုး၊ မျက်နှာကျက်၊ လျှပ်စစ်လိုင်း၊ ရေပိုက်လိုင်း များ ပြန်လည်ပြုပြင်ခြင်း၊ တတိယထပ်နံရံ၊ ပြတင်းပေါက် ၂၄ ခု ပြင်ဆင်ခြင်း၊ အဆောက်အဦကြမ်းခင်းအား ကွန်ကရစ်လောင်း၍ ပြုပြင်ခြင်း၊

(စ) မောရဝတီကုန်တိုက် အမိုး၊ မျက်နှာကျက်၊ လျှပ်စစ်လိုင်း၊ ရေပိုက်လိုင်းများ ပြန်လည် ပြုပြင်ခြင်း၊ အခန်းများပြန်လည်ကာရံခြင်း၊ ဆေးသုတ်ခြင်း၊ အဆောက်အဦကြမ်းခင်း အား ကွန်ကရစ်လောင်း၍ ပြုပြင်ခြင်း၊

(ဆ) ရန်ကုန်စက်ဆန်းဝင်းအတွင်းရှိ သိုလှောင်ရုံ(၃)လုံး အမိုး၊မျက်နှာကျက်များ ပြန်လည် ပြုပြင်ခြင်း၊ အခန်းများဖွဲ့စည်းခြင်း။

ပညာရေးဝန်ကြီးဌာန

## ပညာရေးဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံး ဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) နိုင်ငံတော်တွင် အမျိုးသားပညာရေးဥပဒေ၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ ပညာရေး လွတ်လပ်ခွင့်ရှိရေး၊

(ခ) ပညာရေးမူဝါဒများ၊ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများ ရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာများက ရွေးချယ်သော ကိုယ်စားလှယ်များနှင့် ကျောင်းသားများက ရွေးချယ်သော ကိုယ်စားလှယ်များ၏အကြံပြုချက်များကိုရယူရေး၊

(ဂ) အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာဖွဲ့စည်း တည်ထောင် လှုပ်ရှားခွင့်ရှိရေး၊

(ဃ) ပညာရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် နိုင်ငံသားတိုင်း ပူးပေါင်း ပါဝင်ဆောင်ရွက်စေရေး၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်း ပါဝင် ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး၊

(စ) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် မရရှိသူများကို ပညာရေးအဆင့်တိုင်းတွင် ပညာသင်ယူခွင့်ရရှိစေရန် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်များအပါအဝင် လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ် ထားရှိရေး၊

(ဆ) နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊

(ဇ) နိုင်ငံတကာပညာရေးအဆင့် ရှိစေရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြုဆောင်ရွက်ရေး၊

(ဈ) လူမှုစီးပွားရေးဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးဖြစ်စေရေး၊

(ည) တက္ကသိုလ်နှင့် ကောလိပ်များသည် လွတ်လပ်သော ကိုယ်ပိုင် စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေး၊

(ဋ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့်တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင် ရွေးချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းရမှတ်ဖြင့်သာ စိစစ်ဆုံးဖြတ်ရွေးချယ်ခြင်း မဟုတ်ဘဲ တက်ရောက်လိုသည့်တက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့်အညီ စိစစ်ရွေးချယ်သည့်စနစ် ထားရှိရေး၊

(ဌ) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ စွက်ဖက်မှုများမှ ကင်းလွတ်စေရေး၊

(ဍ) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး၊

(ဎ) ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာ ကျွမ်းကျင်သူများကို အဆင့်အလိုက် မွေးထုတ်ရေး၊

(ဏ) ပညာရေးအဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ပညာရေးအဆင့်အတန်း သတ်မှတ်ပြီး အရည်အသွေး အာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(တ) ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်ပညာရေးစနစ်ကိုကျင့်သုံးရေး။

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေး ကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊

(ခ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့် ပြုစုပျိုး ထောင်ပေးရန်၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝ ပတ်ဝန်းကျင်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့် ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်လာစေရန်၊

(ဃ) ပညာအခြေပြုလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအား အရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(င) နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန် နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ ၏အရည်အသွေးမြှင့်မားလာစေရန်၊

(စ) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာတတ်မြောက်သော ထူးချွန်ထက်မြက် သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(ဆ) အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ကို စနစ်တကျ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ဇ) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်းခံစားရရှိစေရန်၊

(ဈ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မှု၊ စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းများကိုလည်းကောင်း၊ ပညာရေးနှင့်သက်ဆိုင်သည့်ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများ နှင့် ပတ်သက်သော သတင်းအချက်အလက်များကိုလည်းကောင်းပြည်သူလူထုကသိရှိရယူနိုင်ရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) **မူကြိုပညာရေးလုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေးအခွင့်အလမ်း ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသက်(၅)နှစ်ပြည့်ပြီးကလေးအားလုံး ဖွံ့ဖြိုးမှု သာတူညီမျှ ဖြစ်စေရေးအတွက် သူငယ်တန်းပညာရေးကို တစ်ပြေးညီရရှိစေရန် ဆောင်ရွက်မည်၊

(၂) ရပ်ရွာမိဘဆရာများ ပူးပေါင်း၍ သူငယ်တန်းပညာရေးအတွက် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းဖြစ်စေရန် ဆောင်ရွက်မည်၊

(၃) ကျောင်းအခြေပြု မူကြိုတန်းများကို တိုးချဲ့ဖွင့်လှစ်ပြီး မူကြိုဆရာများ၏ ကျွမ်းကျင်မှုအဆင့်နှင့် လိုအပ်ချက်များကို လေ့လာဆန်းစစ်၍ နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်ထားရန် တင်ပြဆောင်ရွက်မည်၊

(၄) ကဏ္ဍပေါင်းစုံနှင့် ညှိနှိုင်းဆောင်ရွက်ရန် အမျိုးသားအဆင့် ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေးအရင်းအမြစ်ဗဟိုဌာန ထူထောင်ပြီး တာဝန်ဝတ္တရားများသတ်မှတ်ပြီး လုပ်ငန်းဆောင်ရွက်မည်၊

(၅) မူကြိုဆရာဖြစ်သင်တန်းကို ပညာရေးတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်အသီးသီးတွင် သီးခြားဆရာအတတ်သင် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများအဖြစ် ဖွင့်လှစ်မည်၊

(၆) ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အာဆီယံစံသတ်မှတ်ချက်များကို လေ့လာပြီး အနည်းဆုံးရှိသင့်သည့် စံများသတ်မှတ်နိုင်ရေး ပူးပေါင်းဆောင် ရွက်မည်၊

(၇) ရှေးဦးကလေး သူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မည်။

(ခ) **အခြေခံပညာရေးလုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အခမဲ့မသင်မနေရ မူလတန်းပညာရေး ဥပဒေရေးဆွဲနိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့်အခြေအနေများကို လေ့လာခြင်း၊ ဆရာ၊ ဆရာမများ၊ မိဘပြည်သူများနှင့် ပညာရေးကို စိတ်ဝင်စားသည့် လူမှုရေးအသင်းအဖွဲ့များနှင့်ညှိနှိုင်း၍ အကြံပြုတင်ပြခြင်းတို့ကို ဆောင်ရွက်မည်၊

(၂) အခမဲ့မသင်မနေရမူလတန်းပညာရေးနှင့် အခမဲ့အလယ်တန်း/အထက်တန်းပညာရေးကို အထောက်အကူပြုစေရန် ပြဋ္ဌာန်းစာအုပ်များ၊ လေ့ကျင့်ခန်းဗလာစာအုပ်များ၊ စာရေးကိရိယာနှင့် အထွေထွေ အသုံးအဆောင်ပစ္စည်းများ အခမဲ့ထောက်ပံ့ပေးမည်၊

(၃) အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် ကျောင်းအဆင့်မြှင့်တင်ခြင်းကို "မူ" တစ်ရပ် ရေးဆွဲ၍ ဆောင်ရွက်မည်။ ဝေးလံခက်ခဲဒေသများအတွက် ဒေသအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ သတ်မှတ်ထားသော "မူ" ကို လျှော့ပေါ့ပြီး တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်၊

(၄) ဝေးလံခက်ခဲသောဒေသနှင့် ကျေးလက်ဒေသရှိ ဆရာနည်းပါးသောကျောင်းများတွင် ကျောင်းအုပ်အပါအဝင် ဆရာ(၅)ဦး ခန့်ထားရေးနှင့် ကျောင်းသားဦးရေ၊ စာသင်ခန်းဦးရေအရ ဆရာ၊ ဆရာမများကို တိုးချဲ့ခန့်ထားပေးမည်။ သူငယ်တန်းသင်ရိုးသစ်ကို စတင် အကောင်အထည်

ဖော်နေပြီဖြစ်၍ မူလတန်းအဆင့်တွင် သူငယ်တန်းသင်ဆရာ၊ ဆရာမများ ခန့်ထားမှုကိုလည်း သတ်မှတ်စံနှုန်းနှင့်အညီ ဆောင်ရွက်မည်၊

(၅) အခြေခံပညာသင်ယူခွင့် ပိုမိုရရှိစေရန် ရွှေ့လျားကျောင်းများနှင့် အထူးအစီအစဉ်ဖြင့် စီစဉ်ပေးသောကျောင်းများ ထူထောင်ပေးပြီး ဆရာ၊ ဆရာမများကို ခန့်ထားမည်၊

(၆) ကျောင်းသား၊ကျောင်းသူများ သင်ယူမှုပြုရာတွင် လိုအပ်သော ရုပ်ဝန်းကျင်ကောင်းများနှင့် အရည်အသွေးဆိုင်ရာ ဝန်းကျင်ကောင်းများ ဖြစ်ထွန်းရေးအတွက် စီမံချက်ရေးဆွဲ၍ နှစ်စဉ် မျှတစွာ ထူထောင်ပေးမည်၊

(၇) နိုင်ငံတကာသင်ရိုးဖြင့် သင်ကြားနေသော ပုဂ္ဂလိကကျောင်းများကို ဥပဒေနှင့်အညီ သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်။ အဆိုပါကျောင်းများတွင် မြန်မာစာနှင့် မြန်မာ့ရိုးရာ ဓလေ့ထုံးထမ်းများကို သင်ကြားလေ့ကျင့်စေမည်၊

(၈) လက်ရှိ အခြေခံပညာရေးစနစ် ဖွဲ့စည်းပုံအစား နိုင်ငံတကာ အခြေခံပညာရေးစနစ် ဖွဲ့စည်းပုံဖြစ်သော KG+12(KG+5-4-3) စနစ်သို့ ညင်သာချောမွေ့စွာပြောင်းလဲနိုင်ရေးဆောင်ရွက်မည်။ ၂၀၁၆ခုနှစ်တွင် သူငယ်တန်းသစ်ကို စတင်အကောင်အထည်ဖော်လျက်ရှိပြီး အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်မှုကို JICA နှင့်ပူးပေါင်း၍လည်းကောင်း၊ အလယ်တန်း နှင့် အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်မှုကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် ပူးပေါင်း၍ EYE Project အဖြစ် အကောင်ထည်ဖော်၍လည်းကောင်း ဆောင်ရွက်မည်၊

(၉) အခြေခံပညာရေးစနစ် ဖွဲ့စည်းပုံပြောင်းလဲမှုအရ အတန်းများတိုးချဲ့သင်ကြားရန်ရှိသဖြင့် ဆရာ၊ ဆရာမများ ခန့်ထားရေး၊ သင်ရိုးညွှန်းတမ်း၊ ဆရာလက်စွဲများ ပြုစုရေး၊ သင်ထောက်ကူများ ဖြည့်ဆည်းပေးရေး၊ စာသင်ဆောင်၊ ပရိဘောဂများ လိုအပ်သည်များကို စနစ်တကျ စာရင်း

ကောက်ယူပြီး ကြိုတင်ပြင်ဆင်မည့် နှစ်အလိုက် အစီအစဉ် ချမှတ်ရေး တို့ကို ဆောင်ရွက်၍ ဖြည့်ဆည်းမည်၊

(၁၀) စစ်ဆေးအကဲဖြတ်မှု ရလဒ်အပေါ်မူတည်၍ ကျောင်းသား၊ ကျောင်းသူများ ကို A,B,C,D Grade အဆင့်ဖြင့်သတ်မှတ်၍ သင်ယူမှုအားနည်းသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းခေါ်ချိန် ၇၅% မပြည့်မီသည့် ကျောင်းသား၊ ကျောင်းသူများကို နိုဝင်ဘာလ၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလ တို့တွင် Learning Support Programme များဖြင့် ပြန်လည်ကုစား သင်ကြားပြီး အတန်းကူးပြောင်းနှုန်း မြင့်မားရေး/ ကျောင်းထွက်နှုန်း လျော့နည်းရေးတို့ကို အလေးပေး ဆောင်ရွက်မည်၊

(၁၁) ဆရာ၊ ဆရာမများ၏ သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားစေရန် အလုပ်ရုံဆွေးနွေးပွဲများ၊ ဘာသာရပ် မွမ်းမံသင်တန်းများကို ကျောင်း အုပ်စု၊ ပညာရေးနယ်မြေ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ဗဟိုအဆင့်တို့တွင် ပြုလုပ်ဆောင်ရွက်ပေးခြင်းဖြင့် သင်ကြားမှုစွမ်းရည်ကို မြှင့်တင်ပြီး သင်ယူသူကျောင်းသား၊ကျောင်းသူများအတွက် တတ်မြောက်မှု အရည်အသွေးကို မြှင့်တင်မည်၊

(၁၂) ချို့တဲ့သော ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးများ ကို နှစ်စဉ်တိုးမြှင့်ချီးမြှင့်ခြင်း၊ ကျောင်းထောက်ပံ့ကြေးများကို အခြေခံ ပညာကျောင်းအားလုံးသို့ နှစ်စဉ်ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် "ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ကျောင်းများသို့ ဘဏ္ဍာငွေကြေး ထောက်ပံ့သည့် စီမံကိန်း"ကို အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၁၃) ပညာရေးတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ် အသီးသီးက အထူးပြု အလိုက် လေ့ကျင့်သင်ယူပြီးသော ဆရာ၊ ဆရာမလောင်းများအား အခြေခံ ပညာကျောင်းအသီးသီးတွင် ၎င်းတို့ အထူးပြုသင်ယူခဲ့သော အခြေခံပညာ အဆင့်အလိုက် ခန့်အပ်တာဝန်ပေးမည်။ လုပ်ငန်းခွင်အတွင်း စဉ်ဆက် မပြတ် သင်ယူမှုကို အားပေးပျိုးထောင်သောအားဖြင့် ဆက်လက်သင်ယူ

ထူးချွန်မှုအရ အထူးပြုဘာသာရပ်အလိုက် အခြေခံပညာအဆင့် အသီးသီးတွင် ရာထူးတိုးမြှင့်ခြင်းကို ဆောင်ရွက်မည်၊

(၁၄) နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၏ နည်းပညာအကူအညီဖြင့် Web-based EMIS System အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ဆောင်ရွက်ပါ မည်။ (E-goverment) စနစ် ထူထောင်နိုင်ရေးကိုလည်း ဆောင်ရွက်မည်၊

(၁၅) အခြေခံပညာရေး အရည်အသွေး မြင့်မားစေရေးအတွက် Myanmar Education Quality Improvement - My-EQIP အစီအစဉ်အရ Monitoring & Evaluation System ကို တည်ထောင်၍ စီမံကိန်းများ အကောင်အထည်ဖော်မှုနှင့် ပညာရေး အရည်အသွေး မြင့်မားရေးအတွက် ကြပ်မတ်ဆောင်ရွက်မည်၊

(၁၆) အခြေခံပညာဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအတွက် ရာထူးတိုးမြှင့်ရာတွင် လုပ်သက်ရမှတ်အပြင် သက်ဆိုင်သူတို့၏ ပင်ကိုယ်အရည်အချင်း၊ ထူးချွန်ထက်မြက်မှုနှင့် ကြိုးပမ်းထမ်းဆောင်အောင်မြင်မှုများကို "မူ" အဖြစ် ထည့်သွင်းရေးဆွဲ၍ အဆင့်ဆင့် လိုက်နာဆောင်ရွက်မည်၊

(၁၇) လိုအပ်သည့် ဒေသများကို ဦးစာပေးရွေးချယ်၍ အခြေခံပညာ ကျောင်းများတွင် ဝန်ထမ်းအိမ်ယာများကို ရေရှည်တွင် စီမံချက်ရေးဆွဲ၍ ဆောက်လုပ်မည်၊

(၁၈) အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်နှင့် နီးကပ်စွာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မည်၊

(၁၉) အခြေခံပညာရေး အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်မည်။

(ဂ) **ဘုန်းတော်ကြီးသင်ပညာရေးနှင့် လူတိုင်းအကျုံးဝင်ပညာရေး လုပ်ငန်းစဉ်များမှာ** အောက်ပါ အတိုင်းဖြစ်ပါသည်-

(၁) ဘုန်းတော်ကြီးနှင့် ဘာသာရေး အသင်းအဖွဲ့များ၊ စေတနာရှင်များက ဖွင့်လှစ်သော ကျောင်းများနှင့် ကျောင်းပြင်ပပညာရေး အစီအစဉ်ဖြင့် ဖွင့်လှစ်သော ကျောင်းများကို အသိအမှတ်ပြုပံ့ပိုးမည်၊

(၂) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းသောမူအရ ညှိနှိုင်းဆောင်ရွက်မည်၊

(၃) လူတိုင်းအကျုံးဝင်ပညာရေးအရ သင်ယူလိုသူ ကျောင်းသား၊ ကျောင်းသူများအတွက် သီးခြားအခြေခံပညာကျောင်းများ ထူထောင်ပံ့ပိုးမည်။ ပုံမှန်အခြေခံပညာကျောင်းများတွင်လည်း လက်ခံသင်ကြားပေး၍ သင်ယူသူကျောင်းသား၊ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်း၊ ပရိဘောဂနှင့် နည်းပညာပံ့ပိုးမှုများ ဆောင်ရွက်မည်။

(ဃ) **ဆရာအတတ်ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များ** မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဆရာလိုအပ်ချက်နှင့်အညီ လုပ်ငန်းခွင်အကြို ဆရာအရည်အသွေး ပြုစုပျိုးထောင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်မည်။ လက်ရှိပညာရေးကောလိပ်များကို ပညာရေး ဒီဂရီကောလိပ်များအဖြစ် ဖွင့်လှစ်သွားမည်၊

(၂) အရည်အသွေးပြည့်ဝသည့် လုပ်ငန်းခွင်ကြို ဆရာအတတ် ပညာရေးအစီအစဉ်များနှင့်လုပ်ငန်းခွင် ဆရာအတတ်ပညာပေးရေး အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်မည်။ ဆရာလိုအပ်ချက်နှင့်အညီ ပညာရေးတက္ကသိုလ် နှင့် ပညာရေးဒီဂရီကောလိပ်များကို တိုးချဲ့ ဖွဲ့စည်းမည်၊

(၃) ဆရာအတတ်ပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆရာအတတ်ပညာရေးကောင်စီ (Teacher Education Council) ဖွဲ့စည်းဆောင်ရွက်မည်၊

(၄) ဆရာအတတ်ပညာရေးတတ်ကျွမ်းမှု “စံ”များကို တိတိကျကျ ရေးဆွဲချမှတ်ထားသည့် ဆရာအတတ်ပညာရေး အညွှန်းဘောင်ကို ပြုစုပြဋ္ဌာန်းပြီးအရည်အသွေးအာမခံချက်ရှိသည့် ဆရာအတတ်ပညာရေးကို အကောင်အထည်ဖော်မည်။ ဆရာလိုင်စင်စနစ်ကို ကျင့်သုံး ဆောင်ရွက်မည်၊

(၅) စတင်ခန့်ထားသည့် ဆရာ၊ဆရာမအသစ်များအား အနီးကပ်လေ့ကျင့်သင်ကြားပေးနိုင်ရန် Teacher Mentoring Programme ကို သတ်မှတ်စီမံကိန်းမြို့နယ်များတွင် ဆောင်ရွက်မည်၊

(၆) ဆရာအတတ် ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဖွံ့ဖြိုးမှုမိတ်ဖက်များ အကူအညီဖြင့် ပိုမိုမြှင့်တင်ဆောင်ရွက်မည်၊

(၇) ဆရာအတတ်ပညာရေး အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်မည်။

(င) **ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး လုပ်ငန်းစဉ်များ**မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကျောင်းပြင်ပရောက်ကလေးအရေအတွက်ကို လေ့လာဆန်းစစ်မှု ပြုလုပ်မည်။ Out of School Children Initiatives သုတေသနလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပြီး တွေ့ရှိချက်များအပေါ် အခြေခံ၍ စီမံချက်လုပ်ငန်းများကို ရေးဆွဲဆောင်ရွက်မည်၊

(၂) ပညာရေးအဆင့်အလိုက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(၃) အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်ပြီးသည့် ဒေသများတွင် စဉ်ဆက်ပညာရေးကို ဆက်လက် အကောင်အထည်ဖော်မည်၊

(၄) မသန်စွမ်းသောကလေးများ၊ ပညာသင်ယူမှု အခွင့်အလမ်း နည်းပါးသော ကလေးများ၊ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခသည်ဖြစ်သောကလေးများ နှင့် ရွှေ့လျားသို့မဟုတ် အိုးအိမ်နှင့် ရပ်ရွာအတည်တကျမရှိသော ကလေးများအတွက် ဆီလျော်သည့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး အစီအစဉ်ဖြင့် ဆောင်ရွက်မည်၊

(၅) အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးတို့ကို ပြည်တွင်း၊ပြည်ပ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ကူညီထောက်ပံ့မှုဖြင့် ပူးပေါင်း ဆောင်ရွက်မည်၊

(၆) ဆရာအတတ်ပညာရေး အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်မည်။

(စ) **ပညာရေးသုတေသနဆိုင်ရာ လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မူကြိုပညာရေး၊ အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် သင်တန်း၊ ကျောင်းပြင်ပ ပညာရေးကဏ္ဍဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည်၊

(၂) ရှေးဦးအတန်းများအတွက် စာဖတ်စွမ်းရည် အကဲဖြတ်ဆန်းစစ်ခြင်း (Early Grade Reading Assessment-EGRA)၊ ရှေးဦးအတန်းများအတွက် သင်္ချာစွမ်းရည် အကဲဖြတ်ဆန်းစစ်ခြင်း (Early Grade Maths Assessment- EGMA ) နှင့် Out of School Children Initiatives-OOSCI Study တို့ကို ဆောင်ရွက်မည်။ South East Asia Primary Learning Matrix –SEAPLM ကိုလည်း ဆက်လက်ဆောင်ရွက်မည်။

(ဆ) **သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ပြည်သူ ဗဟိုပြု၍ ရည်မှန်းချက်ထားပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေမှုများကို ပြည်သူများ သိရှိအောင် တင်ပြဆွေးနွေးခြင်း၊ သတင်းထုတ်ပြန်ခြင်းများကို ပညာရေးနည်းပညာနှင့် သတင်းဖြန့်ချိရေးဌာနဖြင့် ပညာပေးနှင့် သတင်း၊ လှုပ်ရှားမှုများ ထုတ်လွှင့်ခြင်း၊ Online လွှင့်တင်ခြင်း၊ ပညာရေး သတင်းလွှာ ထုတ်ဝေခြင်းနှင့် ပညာရေးအသံလွှင့် အစီအစဉ်များ ထုတ်လွှင့်ခြင်းတို့ကို ဆောင်ရွက်မည်။

(ဇ) **စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ** မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မူလတန်းအဆင့် (Grade-5) သင်ယူပြီးမြောက်မှုစာမေးပွဲကို ခရိုင်အဆင့်မှလည်းကောင်း၊ အလယ်တန်းအဆင့် (Grade-9) သင်ယူပြီးမြောက်မှု စာမေးပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်မှလည်းကောင်း တက္ကသိုလ်ဝင်စာမေးပွဲကို ဗဟိုအဆင့်မှလည်းကောင်း ကြီးကြပ်ဆောင်ရွက်မည်၊

(၂) အောင်စာရင်းပြုစုရာတွင် ကွန်ပျူတာ(Database)အခြေခံဖြင့် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်အဆင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူးများကို သင်ကြားပေးမည်၊

(၃) တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို သက်ဆိုင်သော စာစစ်ဌာန၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေထုတ်ပြန်ပေးသည့်အပြင် Website မှလည်း ကြော်ငြာပေးရန် ဆောင်ရွက်မည်။

(ဈ) **မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဆိုင်ရာ လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) မြန်မာနိုင်ငံတစ်ဝှမ်းတွင် စံအဖြစ်သုံးစွဲနိုင်မည့် မြန်မာအဘိဓာန်ကျမ်းအမျိုးမျိုးပြုစုထုတ်ဝေမည်။ မြန်မာဝေါဟာရပဒေသာကျမ်း (Thesaurus)၊ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားအဘိဓာန်များ၊ တိုင်းရင်းသား-မြန်မာ နှစ်ဘာသာအဘိဓာန်များနှင့် တိုင်းရင်းသား - မြန်မာ - အင်္ဂလိပ် အဘိဓာန်များ၊ မြန်မာ-အင်္ဂလိပ်၊ အင်္ဂလိပ်-မြန်မာ Online အဘိဓာန်များကို ပြုစုထုတ်ဝေမည်၊

(၂) နိုင်ငံခြားတိုင်းပြည်များတွင် မြန်မာစာသင်ကြားရေးကို ပံ့ပိုးကူညီမည်။ နိုင်ငံခြားတိုင်းပြည်များရှိ မြန်မာစာသင်ကြားရေး အဖွဲ့အစည်းများသို့ အသိအမှတ်ပြုလွှာ (Accreditation) စိစစ်ထုတ်ပေးမည်၊

(၃) မြန်မာဘာသာ၊ မြန်မာ-အင်္ဂလိပ် ရုပ်ပြဇာတ်လမ်း၊ ပုံပြင်၊ အလင်္ကာစာပေ၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံ မြှင့်တင်ရေး၊ စာဖတ်ရှိန် မြှင့်တင်ရေး စာအုပ်များ၊ တိုင်းရင်းသား ဘာသာစကား၊ တိုင်းရင်းသား-မြန်မာ၊ တိုင်းရင်းသား-မြန်မာ-အင်္ဂလိပ် ရုပ်ပြဇာတ်လမ်း၊ ပုံပြင်၊ အလင်္ကာစာပေ၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ ထုံးစံမြှင့်တင်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးစာအုပ်များထုတ်ဝေမည်၊

(၄) တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံ တည်တံ့ခိုင်မြဲ ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ၊ သုတေသနပြုခြင်း၊ စာအုပ်များထုတ်ဝေခြင်း၊ ရုပ်သံရိုက်ကူး ထုတ်လွှင့်ခြင်းတို့ကို ဆောင်ရွက်သွားမည်၊

(၅) ကွန်ပျူတာသုံး မြန်မာစာစံစနစ် (Unicode) ကို နိုင်ငံတစ်ဝှမ်း တစ်ပြေးညီ သုံးစွဲနိုင်ရေးအတွက် မြန်မာစာရေးထုံးများ သတ်မှတ်ရန်နှင့် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်မည်၊

(၆) ကွန်ပျူတာသုံး မြန်မာဝေါဟာရဘဏ် (Lexicon Database) ပြုစု တည်ဆောက်မည်။

(ည) **နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ လုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ အတည်ပြု ထုတ်ပြန်နိုင်ရန် ဆက်လက်ဆောင်ရွက်မည်။ ဥပဒေ၊ နည်းဥပဒေများ အတည်ပြု ထုတ်ပြန်ပြီးလျှင် ဥပဒေပါအဖွဲ့အစည်းများကို အဆင့်အလိုက် ဖွဲ့စည်းမည်၊

(၂) နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းများ၏ စီမံအုပ်ချုပ်သူ ဝန်ထမ်းများ၊ ဆရာ၊ဆရာမများအတွက် စွမ်းဆောင်ရည်မြှင့် သင်တန်းများပေးခြင်းနှင့် ဆရာ၊ ဆရာမ ဝန်ထမ်းအင်အား တိုးချဲ့ ဖြည့်ဆည်း ခန့်ထားပေးခြင်းတို့ကို ဆောင်ရွက်မည်၊

(၃) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ ပညာရပ်များ သင်ကြား၊ သင်ယူနိုင်မှုအခွင့်အလမ်းများတိုးမြှင့်ရေးနှင့် အလုပ်အကိုင်နှင့် အခွင့်အလမ်းများ တိုးတက်လာစေရေးအတွက် သက်ဆိုင်သူများ အားလုံးနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်မည်။ Equipping Youth for Employment Project (EYE Project)ကို အခြေခံပညာကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်မည်၊

(၄) ကျွမ်းကျင်မှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် သင်ရိုးများ ပြုပြင်ပြောင်းလဲနိုင်ရန် ဆောင်ရွက်မည်၊

(၅) နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင်တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့်အတူ ပုဂ္ဂလိကကဏ္ဍပါ ပါဝင်လာစေရန် (Private Public Partnership) ဆောင်ရွက်မည်၊

(၆) နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းကျောင်းများအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ(Lab and Equipment Facilities) နှင့် အခြေခံအဆောက်အဦများ (Infrastructure) ဖြစ်သည့် အလုပ်ရုံ၊ စာသင်ဆောင်၊ ကျောင်းသားဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်မည်၊

(၇) ဖွံ့ဖြိုးမှုမိတ်ဖက်များ အကူအညီဖြင့် နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး ဆိုင်ရာကဏ္ဍဖွံ့ဖြိုးရေး ကိစ္စရပ်များကို ပူးပေါင်း မြှင့်တင်ဆောင်ရွက်မည်၊

(၈) နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ အရည်အသွေးမြင့်မားရေးဆောင်ရွက်မည်။

(ဠ) **အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာလုပ်ငန်းစဉ်များမှာ** အောက်ပါအတိုင်းဖြစ်သည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သော အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနိုင်သော တက္ကသိုလ်များအဖြစ် တည်ထောင်မည်၊

(၂) တက္ကသိုလ်များတွင် သင်ကြားရေးအစီအစဉ် တစ်ခုချင်းအတွက် ပြည့်မီရမည့် ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအဆင့် သတ်မှတ်ခြင်း၊ ခေတ်မီသော သင်ကြားသင်ယူမှုစနစ်နှင့် အကဲဖြတ်စစ်ဆေးရေးစနစ် ကျင့်သုံးမည်၊

(၃) တက္ကသိုလ်များတွင် ရုပ်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးမည်။ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာဖြည့်ဆည်းခြင်းနှင့် ထိရောက်စွာ အသုံးပြုရေး ဆောင်ရွက်မည်၊

(၄) တက္ကသိုလ် ဆရာ၊ဆရာမနှင့် စီမံဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်မည်၊

(၅) သင်ကြားရေး၊ သင်ယူရေး၊ သုတေသနပြုရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ထိရောက်တွင်ကျယ်စွာ အသုံးပြုမည်၊

(၆) တက္ကသိုလ်များတွင် ပညာရပ်ဆိုင်ရာမျှော်မှန်းချက်အရသော်လည်းကောင်း၊ ဒေသဆိုင်ရာ လိုအပ်ချက်အရသော်လည်းကောင်း၊ လိုက်ဖက်သည့် ပညာရပ်ဆိုင်ရာဘွဲ့၊ သင်တန်းများ တိုးချဲ့ဖွင့်လှစ်မည်၊

(၇) ဒေသလိုအပ်ချက်ကို ဖြည့်ဆည်း အထောက်အကူပြုမည့် သင်တန်းများဖွင့်လှစ်ခြင်း၊ ပညာအခြေပြု စီးပွားရေးစနစ်ကို အထောက်အကူပြုသော သင်ကြားရေးအစီအစဉ်များ တိုးချဲ့ပို့ချပေးခြင်းတို့ကို ဆောင်ရွက်မည်၊

(၈) တက္ကသိုလ်များတည်ရှိရာ ဒေသအရဖြစ်စေ၊ သင်ကြားပို့ချသည့် ပညာရပ်အရဖြစ်စေ၊ လိုအပ်သည့် တက္ကသိုလ်များကို စုဖွဲ့ခြင်းကိုဆောင်ရွက်မည်၊

(၉) တက္ကသိုလ်များတွင် Charter ရေးဆွဲကျင့်သုံးနိုင်ရေး စီစဉ်ဆောင်ရွက်မည်၊

(၁၀) ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပညာတော်သင်စေလွှတ်ခြင်းများကို ဘွဲ့ဒီဂရီအပြင် လုပ်ငန်းစွမ်းဆောင်ရည်အပေါ်မူတည်၍ သတ်မှတ်မည်၊

(၁၁) သက်ဆိုင်ရာတက္ကသိုလ်အလိုက် ဝင်ခွင့်အရည်အချင်းနှင့် ကန့်သတ်ချက်များကို ထုတ်ပြန်၍ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ကျင်းပရွေးချယ်သည့်စနစ်ကို ကျင့်သုံးမည်၊

(၁၂) ဝေးလံခက်ခဲသော ဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကျောင်းသားများကို ဒေသလိုအပ်ချက်နှင့်အညီ တက္ကသိုလ်အလိုက် သီးခြားစဉ်းစား၍ ဝင်ခွင့်ပြုမည်၊

(၁၃) ပညာထူးချွန်သူများကို ပညာသင်ဆုများ၊ နိုင်ငံတော်ပညာသင်ဆုများ ချီးမြှင့်မည်၊

(၁၄) ဆင်းရဲနွမ်းပါး၍ ထူးချွန်သောကျောင်းသူ၊ ကျောင်းသားများကို ပညာသင်ထောက်ပံ့ကြေးပေးခြင်းကို ဆောင်ရွက်မည်၊

(၁၅) Student Service Center ထူထောင်၍ ကျောင်းသား၊ ကျောင်းသူများ၏ လူမှုစီးပွားအခက်အခဲများအတွက် အကြံဉာဏ်ပေးခြင်း၊ ပြည်ပပညာသင်

အခွင့်အလမ်း၊ အလုပ်အကိုင်အခွင့်လမ်းများ ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်မည်၊

(၁၆) တက္ကသိုလ်များသည် ပြည်တွင်းပြည်ပရှိ တက္ကသိုလ်များ၊ သုတေသန ဌာနများ စီးပွားရေးလုပ်ငန်းများ၊ အဖွဲ့အစည်းများနှင့် သုတေသန လုပ်ငန်းများ စနစ်တကျ ပူးပေါင်းဆောင်ရွက်မှုပြုနိုင်မည့် အစီအမံများ ကိုဆောင်ရွက်မည်၊

(၁၇) အဝေးသင်သင်ကြားရေး (Open and Distance Learning-ODL) အခြေပြု အရည်အသွေး အာမခံချက်စနစ်တစ်ခုထူထောင်မည်၊

(၁၈) University of Distance Education ကို Open University အဖြစ် အဆင့်တိုးမြှင့်နိုင်ရန် လေ့လာဆန်းစစ်ခြင်းကို ဆောင်ရွက်မည်၊

(၁၉) ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးမြှင့် တင်ပြီး ပြည်တွင်း၊ပြည်ပ ပုဂ္ဂလိကတက္ကသိုလ်များ မှတ်ပုံတင်ဥပဒေရေးဆွဲ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်မည်။ ပုဂ္ဂလိကတက္ကသိုလ်များကို ဥပဒေနှင့်အညီ ဖွင့်လှစ်ခွင့်ပြုနိုင်ရေးပံ့ပိုး ဆောင်ရွက်မည်၊

(၂၀) အဆင့်မြင့်ပညာရေး အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်မည်။

(၄) **နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍဆိုင်ရာလုပ်ငန်းစဉ်** များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) နိုင်ငံတွင်းနှင့် နိုင်ငံတကာရှိ နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းများ၊ သုတေသနနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ လုပ်ငန်းများအတွက် ဥပဒေများ၊ မူဝါဒရေးရာများ အပေါ်လေ့လာဆန်းစစ်၍ လိုအပ်သည့် အကြံပြုချက်များ တင်ပြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မည်၊

(၂) နိုင်ငံတွင်းနှင့် နိုင်ငံတကာရှိ ပူးပေါင်းဆောင်ရွက်နိုင်မည့် သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် စီမံကိန်းများ ရေးဆွဲတင်ပြနိုင်ရေး ပူးပေါင်း ဆောင်ရွက်မည်၊

(၃) ခေတ်မီနည်းပညာများ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသန ချိတ်ဆက်လုပ်ဆောင်ခြင်းများ ပူးပေါင်းဆောင်ရွက်မည်၊

(၄) နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု သုတေသနလုပ်ငန်းများ အမှန်တကယ်ပေါ်ထွန်းလာစေရန်နှင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အရည်အသွေး ပြည့်ဝသော သုတေသနစမ်းသပ်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်မည်၊

(၅) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ခေတ်မီ လူ့စွမ်းအားအရင်းအမြစ်များ နှင့် နည်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မည်၊

(၆) ပြည်တွင်းနှင့် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ ဖိတ်ခေါ်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ကျင်းပပြုလုပ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်မည်၊

(၇) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်နှင့် နိုင်ငံတော်၏ နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နည်းပညာဆိုင်ရာ ထောက်ပံ့ရေးဌာန (Technical Support Center) ထူထောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်မည်၊

(၈) နိုင်ငံတော် စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မရှိမဖြစ် လိုအပ်သော အီလက်ထရောနစ် အုပ်ချုပ်ရေးစနစ် ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ရေးအတွက် ICT နည်းပညာမြှင့်တင်ခြင်းနှင့် အသုံးချခြင်းတို့အား ပူးပေါင်းဆောင်ရွက်မည်၊

(၉) အစိုးရဌာနများအကြား၊ ပြည်သူလူထုနှင့်ဌာနများအကြား၊ ဌာနအတွင်း Online မှတစ်ဆင့် သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်

နိုင်ရေးအတွက် လိုအပ်သော Infrastructure များ တည်ဆောက်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်၊

(၁၀) အီလက်ထရောနစ်နည်းပညာ အသုံးချသိမ်းဆည်းထားသည့် သတင်းအချက်အလက်များ ပျက်စီးခြင်း၊ ပေါက်ကြားခြင်း၊ ပျောက်ဆုံးခြင်း မရှိစေရေးအတွက် လိုအပ်သောလုံခြုံရေး အစီအမံများ ပူးပေါင်းဆောင်ရွက်မည်၊

(၁၁) ဌာန၏ e-Government စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် အထောက်အကူပြု အီလက်ထရောနစ် နည်းပညာအသုံးချသင်တန်းများ ဖွင့်လှစ်ပို့ချရန် ပူးပေါင်းဆောင်ရွက်မည်။

(၃) **သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များမှာ** အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) ကျေးလက်ဒေသနေ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုပြု ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ အသုံးပြုမှုများကို တီထွင်ကြံဆ၍ ပြန်ပြည့်မြဲ စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Training Center ကိုလည်း နိုင်ငံတကာအဆင့်မီဖြစ်စေရန် Lab ပစ္စည်းများကို ထပ်မံတိုးချဲ့ ဆောင်ရွက်မည်၊

(၂) ပြန်ပြည့်မြဲစွမ်းအင် စံချိန်စံညွှန်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ဈေးကွက်အတွက် စမ်းသပ်မှုများ ဝန်ဆောင်မှုပေးရန်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၃) ပညာရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ ပြန်ပြည့်မြဲနှင့် ဆန်းသစ်သော စွမ်းအင် ဝန်ကြီးဌာနတို့အကြား ပြန်ပြည့်မြဲစွမ်းအင်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၄) အီလက်ထရောနစ် နည်းပညာဆိုင်ရာ သုတေသနနည်းပညာများ အပြန်အလှန် ပူးတွဲလေ့လာခြင်းအတွက် BIRM မှ ကျွမ်းကျင်ပညာရှင်များ လာရောက်၍ သင်တန်းပို့ချခြင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု

ဦးစီးဌာနမှ ရွေးချယ်စေလွှတ်သော သုတေသနပညာရှင်များ BIRMသို့ သွားရောက်လေ့လာခြင်း အစီအစဉ်များကို ဆက်လက်ဆောင်ရွက်မည်၊

(၅) နည်းပညာဖြန့်ဝေခြင်းနှင့် နည်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များပြုစု ပျိုးထောင်ရေး အတွက်လည်း Joint Laboratory ပူးပေါင်းဆောင်ရွက်မှုမှ ရရှိလာသော နည်းပညာများဖြန့်ဝေခြင်း၊ သုတေသနလုပ်ငန်းများမှ ရရှိလာသော အသိပညာများနှင့် လက်တွေ့အသုံးချနည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်မည်၊

(၆) အရည်အသွေးမြင့် နာနိုဒြပ်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပြန်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် Fabrication ပြုလုပ်၍ လက်တွေ့အသုံးပြုနိုင်သည်အထိ ဆောင်ရွက်မည်၊

(၇) အမျိုးသား လူမှုအကျိုးစီးပွားမြင့်မားတိုးတက်ရေးကို အထောက်အကူပြုနိုင်သော နိုင်ငံတကာအဆင့်မီ အစားအစာ၊ ဆေးဝါးနှင့် ဓာတုနည်းပညာ သုတေသနဌာနအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နှစ်စဉ်စီမံကိန်းများဖြင့် သုတေသနဓာတ်ခွဲခန်းများ တိုးချဲ့၍ အစီအမံများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၈) ဆီးချိုရောဂါကို ကုသနိုင်ရန် ပြည်တွင်းတွင် အလွယ်တကူ ရရှိနိုင်သည့် ဆေးပင်များ၏ ဆီးချိုကျ အာနိသင်ကိုစမ်းသပ်လေ့လာပြီး သွေးချို၊ ဆီးချိုကျဆေး ထုတ်ဖော်နိုင်ရန်နှင့် ဆေးနည်းသစ်ရရှိရန် သုတေသနနှင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ကျန်းမာရေး အထောက်အကူပြုပြီး Fatty Acid များစွာ ပါဝင်သည့်ကြယ်ပဲ (Plukenetia volubilis) အား သုတေသနပြု ဆောင်ရွက်မည်၊

(၉) ဓာတုဇီဝပစ္စည်း၊ ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ စက်မှုလုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် Greenhouse အဆင့် မိုက်ခရိုအယ်လ်ဂျေးမွေးမြူခြင်းမှ နည်းပညာ၊ ဒီဇိုင်းနှင့်

စီးပွားရေးရှုထောင့်များဖြင့် သဟဇာတဖြစ်သော နည်းစဉ်များအသုံးပြု၍ Biomass နှင့် lipid စမ်းသပ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်မည်၊

(၁၀) Nano structure Conducting Polymer Composites များ ပြုလုပ်အသုံးချခြင်း သုတေသနလုပ်ငန်းကို စမ်းသပ်ပြုလုပ်သွားမည်ဖြစ်ပြီး လျှပ်စစ်ပစ္စည်းများတွင် အသုံးပြုနိုင်သော Nano structure Conducting Polymer Composites များကို ကုန်ကြမ်းများစုဆောင်းခြင်း၊ ပေါ်လီမာပြုလုပ်ခြင်း၊ ပေါ်လီမာကွန်ပိုစစ်များ ပြုလုပ်ခြင်း၊ ဂုဏ်သတ္တိများကို တိုင်းတာခြင်းများ ဆောင်ရွက်မည်၊

(၁၁) မြန်မာနိုင်ငံအမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြား သွင်းကုန်/ ပို့ကုန် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ထားသော အရည်အသွေးပြည့်မီမှု ရှိ/မရှိ စစ်ဆေးပေးနိုင်သော အသိအမှတ်ပြုဓာတ်ခွဲခန်း (Reference Laboratory) အဖြစ် ဆောင်ရွက်မည်၊

(၁၂) ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် သုတေသနဌာနများမှ နိုင်ငံအကျိုးပြု သုတေသန ဆန်းသစ်တီထွင်မှုလုပ်ငန်းများ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၏ အရည်အသွေးပြည့်မီမှု ရှိ/မရှိ တိုင်းတာဆောင်ရွက်မည်၊

(၁၃) ပြည်သူလူထု တစ်ရပ်လုံး ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်နှင့် သောက်သုံးရေများ ရရှိနိုင်ရေးအတွက် ဘေးဥပါဒ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများအား ဓာတ်ခွဲတိုင်းတာခြင်း များကို အဆင့်လိုက် တိုးချဲ့ဆောင်ရွက်မည်၊

(၁၄) ဓါတုနည်းပညာ သုတေသနဗဟိုဌာနနှင့် ပူးပေါင်း၍ ဒလမြို့နယ်အတွင်းရှိ ရေအရင်းအမြစ်များ၏ ရေအရည်အသွေး တိုင်းတာစစ်ဆေးခြင်း လုပ်ငန်း

စီမံချက်တွင် ဒလမြို့နယ်အတွင်း ရရှိနိုင်သော ရေအရင်းအမြစ်များ၏ အရည်အသွေး ဓာတ်ခွဲတိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများတွင် ပူးပေါင်း ပါဝင် ဆောင်ရွက်မည်၊

(၁၅) နိုင်ငံတကာအသိအမှတ်ပြု ISO/ IEC 17025 လက်မှတ်ရရှိသော ဓာတ်ခွဲခန်း တစ်ခုဖြစ်လာစေရေးအတွက် စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဓာတ်ခွဲခန်း ပြင်ဆင်ထားမှုများနှင့် ဓာတ်ခွဲတိုင်းတာ ဆောင်ရွက်မှုများကို အရည်အသွေး ပြည့်မီရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ဓာတ်ခွဲ တိုင်းတာမှု စွမ်းဆောင်ရည်စစ်ဆေးခြင်း (Proficiency Testing)တွင် ပါဝင်ဆောင်ရွက်မည်၊

(၁၆) ပြည်တွင်းရှိ ဓာတ်ခွဲခန်းများနှင့် ကွန်ယက် (Laboratory Networking) ပြုလုပ်ထားပြီးဖြစ်၍ စားသောက်ကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေး ထွက်ကုန်များကို ဓာတ်ခွဲတိုင်းတာမှု အရည်အသွေး တိုးတက် မြင့်မားလာရေးနှင့် တိုင်းတာအသုံးပြုသော စက်ပစ္စည်း ကိရိယာများ ရေရှည်သုံးစွဲနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အတွက် နည်းပညာ ဆွေးနွေးခြင်း၊ ဓာတ်ခွဲ တိုင်းတာမှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်မည်၊

(၁၇) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် တည်ဆောက်မှုလုပ်ငန်းများ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းများ၊ ဘိလပ်မြေစက်ရုံများ၊ သယ်ယူပို့ဆောင် ရေး လုပ်ငန်းများတွင် (Non-Destructive Testing) မူရင်းမပျက် တိုင်းတာသော နည်းပညာကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေး ဆောင်ရွက်မည်၊

(၁၈) ပြည်သူလူထု၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် လူမှုဘဝဖူလုံရေး၊ စီးပွားရေးတို့တွင် အကျိုးအမြတ် ရရှိစေရန်အတွက် လိုအပ်သော မြန်မာနိုင်ငံ စံချိန်စံညွှန်းများကို လေ့လာ၍ သတ်မှတ်ခြင်းနှင့် စားသုံး သူများအား အထောက်အကူပြုရန်နှင့် အကာအကွယ်ပေးရန် ရည်ရွယ်၍ စံချိန်စံညွှန်းများကို ဦးစားပေးသတ်မှတ်ခြင်းနှင့် မြန်မာနိုင်ငံစံချိန်

စံညွှန်းများအား အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းနှင့် ဒေသဆိုင်ရာစံချိန်စံညွှန်းဆိုင်ရာများအား ကိုးကား၍ ချမှတ်ခြင်း၊ နည်းဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းများကို ပြုလုပ်မည်၊

(၁၉) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အမျိုးသား တိကျစွာတိုင်းတာခြင်း နည်းပညာ သိပ္ပံတည်ဆောက်ပြီးပါက သက်ဆိုင်ရာ ဓါတ်ခွဲခန်းများအတွက် လုပ်ငန်းခွင်သုံးစံများကို ထပ်မံဖြည့်ဆည်းပြီး စက်မှုလုပ်ငန်းဆိုင်ရာ တိကျစွာ တိုင်းတာခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ဥပဒေအရ တိကျစွာတိုင်းတာခြင်း နည်းပညာဆိုင်ရာ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ခြင်းနှင့် တိကျစွာတိုင်းတာခြင်း နည်းပညာဆိုင်ရာဒေသတွင်း သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများသို့ ဝင်ရောက်ခြင်းများကို ဆောင်ရွက်မည်၊

(၂၀) မြန်မာနိုင်ငံအတွင်း ကျန်းမာရေး၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ သုတေသနနှင့် ပညာရေးကဏ္ဍများ၌ အသုံးပြုလျက်ရှိသော ဓာတ်ရောင်ခြည်တိုင်းတာရေး ကိရိယာများအား ပြည်တွင်း၌ပင် Calibration ပြုလုပ်နိုင်ကြောင်း သိပ္ပံပြပွဲများတွင် ပါဝင်ပြသ၍လည်းကောင်း၊ သက်ဆိုင်ရာ Stakeholder များကို ဖိတ်ကြားရှင်းလင်း၍လည်းကောင်း awareness ပြုလုပ်ရန် ဆောင်ရွက်မည်၊

(၂၁) National Secondary Standard Dosimetry Laboratory (SSDL) တည်ထောင်ပြီးနောက် နည်းပညာဆိုင်ရာဝန်ဆောင်မှုများကို အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများသို့ သင့်တင့်သည့်အခကြေးငွေ (USD 100 ခန့်နှင့်ညီမျှသည့် မြန်မာကျပ်ငွေ တန်ဖိုး သတ်မှတ်ကာ နိုင်ငံတော်သို့ ပေးသွင်းစေ၍) ဖြင့် ဝန်ဆောင်မှုပေးရန် ဆောင်ရွက်မည်၊

(၂၂) ဇီဝမြေသြဇာထုတ်လုပ်ရန်အတွက် ဒေသတွင်း အဏုဇီဝပိုးများ အမြဲမပြတ်ရှာဖွေသုတေသနပြုလုပ်ခြင်း၊ ၎င်းအဏုဇီဝပိုးများ၏ စွမ်းရည်များတိုင်းတာခြင်း၊ ဓါတ်ခွဲခန်းအတွင်း အနည်းမွေးမြူခြင်း၊ အဏုဇီဝပိုးများ

အမြောက်အမြား မွေးမြူခြင်းနှင့် ဇီဝမြေသြဇာများ၏ အရည်အသွေးကို ကောက်ပဲသီးနှံများနှင့် စမ်းသပ်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်မည်၊

(၂၃) ရွှေဘိုဘေးကြားအားရောင်ခြည်ပေး၍ မျိုးထွန်းများ ရှာဖွေခြင်းလုပ်ငန်းနှင့် ရောင်ခြည်ပေး ဆင်းသွယ်လတ် သက်တမ်းတို စပါးသုတေသနလုပ်ငန်း တွင် စပါးစေ့များကို Gamma ရောင်ခြည်ပေးခြင်း၊ M1 Generation စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်း၊ M2 Generation စိုက်ပျိုးခြင်းနှင့် မျိုးထွန်းများ ရွေးချယ်ခြင်း၊ M3 နှင့် M4 Generation တွင် မျိုးထွန်း များ၏ တည်ငြိမ်မှုကို စမ်းသပ်ခြင်း၊ M5 Generation မှ စတင်၍ အထွက်နှုန်းစမ်းသပ်ခြင်းနှင့် မျိုးသစ်အဖြစ် ထုတ်လုပ်နိုင်ရန် မျိုးပွားခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်မည်။

(ဃ) **လေ့လာဆန်းစစ်အကဲဖြတ်ရေး(သုတေသန) ကဏ္ဍဆိုင်ရာလုပ်ငန်းစဉ်များမှာ** အောက်ပါ အတိုင်းဖြစ်သည်-

(၁) အခြေခံပညာအထက်တန်းအဆင့် ပညာရေး၊ နည်းပညာနှင့်သက်မွေး ပညာရေး၊ ဆရာအတတ်သင်ပညာရေး နှင့် အဆင့်မြင့်ပညာရေးတို့တွင် ပညာရပ်ပိုင်းဆိုင်ရာ သုတေသနများအား လေ့လာဆန်းစစ် အကဲဖြတ်ခြင်း ဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသန၊ စီမံခန့်ခွဲရေးနှင့် ဆရာ၊ ဆရာမများ အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ၏ အရည် အသွေးမြင့်မား လာစေရေးတွင် ထိရောက်စွာ ဆောင်ရွက်မည်၊

(၂) သိပ္ပံနည်းပညာနှင့် ပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများကို ဆောင်ရွက် ရာတွင် နိုင်ငံတော်အတွက် တိုက်ရိုက်အကျိုးပြုမည့် သုတေသနလုပ်ငန်း များကို ဦးစားပေးဆောင်ရွက်သွားနိုင်ရန် လေ့လာဆန်းစစ်အကဲဖြတ် ဆောင်ရွက်မည်၊

(၃) အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာ၊ စက်မှု၊ ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်မှု ရှိ/မရှိ လေ့လာဆန်းစစ် အကဲဖြတ်ဆောင်ရွက်မည်၊

(၄) စက်မှုဇုန်များရှိ SME စက်မှုလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်း ကုန်ချောများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ပေးခြင်း၊ ဂုဏ်သတ္တိများ တိုင်းတာပေးခြင်း၊ အရည်အသွေး ထိန်းသိမ်းခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်း လုပ်ငန်းများအား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လေ့လာ ဆန်းစစ် အကဲဖြတ် ဆောင်ရွက်မည်။

(ဏ) **လေ့လာဆန်းစစ်အကဲဖြတ်ရေး(ပညာရေး) ကဏ္ဍဆိုင်ရာလုပ်ငန်းစဉ်** များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(၁) ပညာရေးကဏ္ဍဆိုင်ရာ နှစ်တို၊ နှစ်ရှည်စီမံကိန်းလုပ်ငန်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ နှင့် ပူးပေါင်းဆောင်ရွက်သည့်စီမံကိန်းများ၊ စီမံချက်များ နှင့် အစီအစဉ်များနှင့် ပညာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို စဉ်ဆက် မပြတ် လေ့လာကြီးကြပ် အကဲဖြတ်ခြင်းဖြင့် လုပ်ငန်းများ ထိရောက်စွာ အကောင် အထည်ဖော်နိုင်စေပြီး ပညာရေးအရည်အသွေးကို မြင့်မားအောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပူးပေါင်း ချိတ်ဆက် ဆောင်ရွက်မည်၊

(၂) ပညာရေးကဏ္ဍဆိုင်ရာ လေ့လာကြီးကြပ်အကဲဖြတ်သည့် လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါလုပ်ငန်းများကို တာဝန် ယူသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင် ရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည်၊

(၃) နိုင်ငံတော်၏ အမျိုးသားပညာရေး မူဝါဒများနှင့် ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည် ဖော်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် မူတည်၍ မူဝါဒဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှုများ လုပ်ကာ မူဝါဒရေးရာ ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးကူညီပံ့ပိုးပေးမည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ**

ပညာရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် ပညာရေးဆိုင်ရာ အခြား ဥပဒေများနှင့်အညီ ပညာရေး လွတ်လပ်ခွင့်ရှိရေး ဆောင်ရွက်ခြင်း၊

(ခ) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် ပညာရေး အထူးဝန်ဆောင်မှုအစီအစဉ် (ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး)ကို ဆောင်ရွက်ခြင်း၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် မူကြိုပညာရေး၊ အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့် သင်တန်း၊ ကျောင်း ပြင်ပပညာရေးကဏ္ဍဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ပညာရေးဆိုင်ရာ အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကတက္ကသိုလ်များ မှတ်ပုံတင်ဥပဒေရေးဆွဲ အတည်ပြု ပြဋ္ဌာန်းနိုင်ရန်နှင့် ပုဂ္ဂလိကတက္ကသိုလ်များကို ဥပဒေနှင့်အညီ ဖွင့်လှစ်ခွင့်ပြု နိုင်ရေး ဆောင်ရွက်ခြင်း၊

(င) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆရာ၊ ဆရာမများ တိုးချဲ့ခန့်ထား ခြင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### မူဝါဒ

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) သက္ကရာဇ် (၂၀၃၀) တွင် မြန်မာနိုင်ငံ၌ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေး စောင့်ရှောက်မှုရရှိရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး။

### ရည်မှန်းချက်

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ကျန်းမာရေးစောင့်ရှောက်မှုများအား ဆင်းရဲချမ်းသာမရွေး ကျေးလက်ဒေသအောက်ခြေအထိ ပြည်သူလူထုအားလုံးအား လွှမ်းခြုံနိုင်ရန်၊

(ခ) ရောဂါကြိုတင် ကာကွယ်ရေး၊ ကျန်းမာရေး အဆင့်အတန်း မြှင့်တင်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အစရှိသော ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊

(ဂ) ပြည်သူအားလုံး ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည့်အချိန်တွင် ငွေကြေးတစ်စုံတစ်ရာ ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ စောင့်ရှောက်မှု ရရှိစေရန်၊

(ဃ) အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာ ပါဝင်လှုပ်ရှားလာစေရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) ကျန်းမာရေးစနစ် အဆင့်ဆင့်အလိုက် ကျွမ်းကျင်ဝန်ထမ်း လူအင်အားကို လိုအပ်ချက်နှင့်အညီ မွေးထုတ်ဖြည့်တင်းပေးရန်နှင့် အားကစားသမားဦးရေ၊ အားကစားနည်းတိုးချဲ့လေ့ကျင့်ပေးမည်၊

(ခ) ကျန်းမာရေးစနစ်အတွင်း အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းပေးမည်၊

(ဂ) အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် ဆောင်ရွက်မည်၊

(ဃ) ကျန်းမာရေးဘဏ္ဍာငွေ ရှာဖွေဖြည့်တင်းရေး နည်းလမ်းသစ်များ အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(င) တည်ဆောက်ထားရှိသော အားကစားကွင်း၊ အားကစားရုံများ ရေရှည်တည်တံ့စေရေးဆောင်ရွက်မည်။

**၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကျန်းမာရေးစောင့်ရှောက်မှုများ ပြည်သူလူထုအားလုံးကို လွှမ်းခြုံနိုင်စေရန် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်ခြင်း၊

(ခ) အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ဆေးကုဌာနများနှင့် ဒေသန္တရကျန်းမာရေးဌာနများ တိုးချဲ့ဆောက်လုပ်ခြင်း၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် အားကစားတက္ကသိုလ်၊ အားကစားသိပ္ပံတို့ ဖွင့်လှစ်ရန်နှင့် အားကစားကွင်း၊ အားကစားရုံများ ရေရှည်တည်တံ့စေရန်တို့ကို ဦးစားပေး ဆောင်ရွက်ခြင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ထိရောက်စွာ အထောက်အကူပြုရေး၊

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတိုးမြင့်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊

(ဃ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် နိုင်ငံတစ်ဝှမ်းလုံး ရရှိပါဝင်နိုင်ပြီး ရေရှည်တည်တံ့ခိုင်မာသော စီးပွားရေးအဆောက်အအုံ ပေါ်ထွန်းစေမှုကို အထောက်အကူပြုသည့် ဘဏ္ဍာရေးမူဝါဒများ ချမှတ်ဖော်ဆောင်ရေး၊

(င) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရည်မှန်းချက်များနှင့် ကိုက်ညီသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်၊ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုစနစ်တို့ကို နိုင်ငံတကာအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့်ဖော်ဆောင်ရေး၊

(စ) နိုင်ငံတော်၏ရငွေကို နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ မြင့်တင်နိုင်ရန်အတွက် အခွန်အကောက်ရငွေများ တိုးတက်မြင့်မားစေရေး၊

(ဆ) နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးစားပေး လုပ်ငန်းစဉ်များနှင့် ကိုက်ညီသော အသုံးစရိတ်မူဝါဒများ ချမှတ်ဖော်ဆောင်ရေး၊

(ဇ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းကျဆင်းရေးအတွက် အားလုံးပါဝင်သော ငွေရေးကြေးရေး စီမံခန့်ခွဲမှုစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(ဈ) နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်းစနစ်၊ အာမခံလုပ်ငန်းစနစ်နှင့် ပြည်တွင်းအရင်းအနှီးဈေးကွက်များ ဖန်တီးဖော်ဆောင်ပေးရေး။

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) နိုင်ငံတော်၏လူမှုစီးပွား စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ ပြည်သူဗဟိုပြု၍ အမျိုးသားစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန်၊

(ခ) နိုင်ငံတကာအဆင့်မီ စာရင်းအင်းစနစ် တည်ဆောက်ရန်နှင့် အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများ ရရှိအသုံးပြုနိုင်ရန်၊

(ဂ) နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် ပြည်ပငွေကြေးနှင့် နည်းပညာအကူအညီ အထောက်အပံ့များရရှိရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စေရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(င) နိုင်ငံပိုင်စက်ပစ္စည်းများ၊ မော်တော်ယာဉ်များ စွမ်းအားပြည့် အသုံးပြုနိုင်ရန်၊

(စ) နိုင်ငံတော်မှ ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ မှတ်တမ်းများ၊ သမိုင်းဝင်မှတ်တမ်းများ၊ မော်ကွန်းများကို လက်ခံစုဆောင်းခြင်းဖြင့် ပြည်သူတစ်ရပ်လုံး အားထားရသည့် မော်ကွန်းတိုက်အဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရန်၊

(ဆ) ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် (Public Finance Management) ခေတ်မီဖွံ့ဖြိုးရေးစီမံကိန်းနှစ်အလိုက် ရည်မှန်းချက်များကို အောင်မြင်အောင်ဆောင်ရွက်ရန်၊

(ဇ) ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူဖြစ်စေသည့် ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းများကို တိုးချဲ့၍ ဘဏ္ဍာငွေရရှိနိုင်မှု ပိုမိုတိုးတက်လာစေရန်၊

(ဈ) နိုင်ငံပိုင်ဘဏ်များတွင် Core Banking စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လျင်မြန်သွက်လက်သော ဘဏ်လုပ်ငန်းစနစ်များ ဖြစ်ပေါ်စေရန်၊

(ည) အခွန်အခြေ (Tax Base) ကို ချဲ့ထွင်ဆောင်ရွက်ခြင်း၊ အခွန်တိမ်းရှောင်မှုများကို ဖော်ထုတ်ခြင်း၊ အခွန်ကင်းလွတ်ခွင့်ပေးမှုများကို စိစစ်ခွင့်ပြုခြင်းတို့ဖြင့် အခွန်အကောက်ရငွေ တိုးတက်လာစေရေးဆောင်ရွက်ရန်၊

(ဋ) အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းစနစ်အား ရန်ကုန်ရုံးချုပ်နှင့် နယ်စပ်ဒေသအကောက်ခွန်စခန်းများအားလုံးတွင် အပြည့်အဝကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်း၊ MACCS မြန်မာအလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် အကောက်ခွန်စနစ် တိုးတက်စေရေးဆောင်ရွက်ရန်၊

(ဌ) ဘဏ္ဍာရေးပွင့်လင်းမြင်သာမှု (Fiscal Transparency) ပိုမိုအားကောင်းစေရန်အတွက် လိုအပ်သော စာအုပ်စာတမ်း စာစောင်များ ဖြန့်ဝေခြင်း၊ အင်တာနက် Website တွင် ထည့်သွင်းဖော်ပြခြင်းတို့ ဆက်လက်ဆောင်ရွက်ရန်၊

(ဍ) မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ (Financial Inclusion) ဖော်ဆောင်ခြင်းအား ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဃ) အာမခံဈေးကွက် ကျယ်ကျယ်ပြန့်ပြန့်ရှိလာစေရန်နှင့် အာမခံစနစ်အပေါ် ပြည်သူအများ ယုံကြည်ကိုးစားမှု ရှိလာစေပြီး ပြည်သူအတွက် အာမခံအကာအကွယ် ဝန်ဆောင်မှုများ တိုးမြင့်လာစေရေးဆောင်ရွက်ရန်၊

(ဏ) အစုရှယ်ယာဈေးကွက်နှင့် ပြည်တွင်းငွေချေးစာချုပ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုကျယ်ပြန့်ရေး ဆောင်ရွက်ပြီး ပြည်တွင်းအရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှား ပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

(က) ပြည်ပမှ ငွေကြေးအကူအညီနှင့် ကျွမ်းကျင်မှု အကူအညီများရယူရေးနှင့် ပြည်ပသို့ပညာသင်များ စေလွှတ်ရေး စသည်တို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နှစ်နိုင်ငံသဘောတူညီချက်အရ နိုင်ငံအချင်းချင်းမှ ရယူရာတွင် Focal ဌာနအဖြစ် ဆောင်ရွက်မည်၊

(ခ) ပြည်နယ်/တိုင်းဒေသကြီးများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ချေးငွေနှင့် အကူအညီရရှိရန်တင်ပြလာသော လုပ်ငန်းစီမံချက်များကို စီးပွားရေးရာ ကော်မတီသို့ ဆက်လက်တင်ပြဆောင်ရွက်မည်၊

(ဂ) ပြည်ပမှငွေကြေးအကူအညီ အထောက်အပံ့၊ ချေးငွေရယူမှု ကိစ္စရပ်များတွင် နိုင်ငံတော်အကျိုးစီးပွား ထိခိုက်နစ်နာမှု မရှိစေရန်နှင့် တည်ဆဲဥပဒေများ၊ နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒစည်းမျဉ်းများနှင့် ကိုက်ညီစေရန် စိစစ်မည်၊

(ဃ) ထိရောက်သော နိုင်ငံခြား အကူအညီ အထောက်အပံ့များ ဖြစ်ပေါ်စေရေး အတွက် နိုင်ငံခြား အကူအညီအထောက်အပံ့ သတင်းအချက်အလက်စနစ် (Aid Information Management System - AIMS) အား ထူထောင်ရန် မိတ်ဖက်

အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အကောင်အထည်ဖော်သည့် ဝန်ကြီးဌာနများ အကြား ညှိနှိုင်း ချိတ်ဆက် ဆောင်ရွက်မည်၊

(င) ခွင့်ပြုချက်ရရှိသော လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရေး အတွက်သော်လည်းကောင်း၊ သက်ဆိုင်ရာ ကဏ္ဍစီမံချက်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရများမှ တင်ပြလာသည့် စီမံချက်များကို ဘဏ္ဍာငွေရှာဖွေရေးအတွက် သက်ဆိုင်ရာ အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်မည်၊

(စ) ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် Focal ဌာနအဖြစ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊ မိမိ၏ Counterpart ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ပြည်တွင်းခရီးသွားလာခွင့်နှင့် ပြည်တွင်း နေထိုင်ခွင့်ဗီဇာများအတွက် ဆောင်ရွက်ပေးမည်၊

(ဆ) INGO၊ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများ အပေါ် ကြီးကြပ်မည်၊

(ဇ) အာဆီယံစီးပွားရေးကဏ္ဍတွင် အာဆီယံအချင်းချင်း ပေါင်းစည်းရေးသာမက အာဆီယံ၏ ပြင်ပဒေသများနှင့် စီးပွားရေးပေါင်းစည်းရေး "အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ ဖြစ်ပေါ်ရေး" နှင့် အခြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်၊

(ဈ) အရှေ့အာရှဒေသ စီးပွားရေး ပေါင်းစည်းရေးနှင့် ဒေသအချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများအား ညှိနှိုင်းမည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

(က) **ဌာနနှင့် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ**

(၁) **ပထမ (၃) လပတ်**

- Responsible Business Conduct ဆိုင်ရာ ကြေညာချက် ထုတ်ပြန်နိုင်ရန် ဆောင်ရွက်မည်၊

(၂) **ဒုတိယ (၃) လပတ်**

- နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များအား ပြန်လည် သုံးသပ်မည်၊

(၃) **တတိယ (၃) လပတ်**

- အစုစပ်လုပ်ငန်းအက်ဥပဒေ ပြင်ဆင်နိုင်ရေး ဆောင်ရွက်မည်၊

(၄) **စတုတ္ထ (၃) လပတ်**

- အစုစပ်လုပ်ငန်းအက်ဥပဒေ ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင် ရွက်မည်။

(ခ) **နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ**

(၁) **ပထမ (၃) လပတ်**

- အာဆီယံဆိုင်ရာ အစည်းအဝေးများသို့ ပါဝင်တက်ရောက် ဆွေးနွေး ခြင်းနှင့် ဌာနမှ ဆောင်ရွက်ရန်ရှိသည်များကို ဆောင် ရွက်မည်၊
- ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့်ပတ်သက်၍ GIZ နှင့် ပူးပေါင်း၍ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမည်၊
- OECD နှင့် ပူးပေါင်း၍ ဒုတိယအကြိမ် Investment Policy Review အတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည်။

(၂) **ဒုတိယ (၃) လပတ်**

- ကနေဒါနိုင်ငံနှင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် ချုပ်ဆိုနိုင် ရန် ညှိနှိုင်းဆောင်ရွက်မည်၊
- အမေရိကန်ပြည်ထောင်စုနှင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ် ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်မည်၊
- OECD နှင့်ပူးပေါင်း၍ ဒုတိယအကြိမ် Investment Policy Review အတွက် ဆက်လက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည်။

(၃) **တတိယ (၃) လပတ်**

- ကနေဒါနိုင်ငံနှင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် ချုပ်ဆို နိုင်ရန် ညှိနှိုင်းဆောင်ရွက်မည်၊

- အမေရိကန်ပြည်ထောင်စုနှင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်မည်၊
- GIZ ၏အထောက်အပံ့ဖြင့် Myanmar Investment Guidebook ထုတ်ဝေမည်၊
- OECD နှင့်ပူးပေါင်း၍ ဒုတိယအကြိမ် Investment Policy Review အတွက် ဆက်လက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည်။

(၄) **စတုတ္ထ (၃) လပတ်**

- Oxford Business Group ၏အထောက်အပံ့ဖြင့် Report Myanmar စာအုပ်အား ထုတ်ဝေမည်၊
- OECD နှင့်ပူးပေါင်း၍ ဒုတိယအကြိမ် Investment Policy Review အတွက် ဆက်လက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည်၊
- ကနေဒါနိုင်ငံနှင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်မည်၊
- အမေရိကန်ပြည်ထောင်စုနှင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်မည်။

(ဂ) **ဌာန၏ ပင်မလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ**

(၁) **ပထမ (၃) လပတ်**

- တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ သိရှိနိုင်ရန်အတွက် ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချမည်၊
- အများနှင့် သက်ဆိုင်သောကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ မြှင့်တင်မည်၊
- နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စာရင်းဇယားများ ပြုစုဆောင်ရွက်ခြင်းအား နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့်စနစ်များနှင့် ကိုက်ညီအောင် ဆက်လက် ပြုပြင်ပြောင်းလဲဆောင်ရွက်မည်၊

- ဂျပန်နိုင်ငံတွင် Investment Road Show ကျင်းပမည်၊
- Annual Report ထုတ်ဝေမည်။

(၂) **ဒုတိယ (၃) လပတ်**

- ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အဆင်ပြေ ချောမွေ့စေရန်အတွက် နယူးယောက်မြို့တွင် ရုံးခွဲ ဖွင့်လှစ်မည်၊
- စီးပွားရေးလုပ်ငန်းရှင်များကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ မှတ်ပုံတင်လုပ်ငန်းများကို ဝန်ဆောင်မှုပေးနေသည့် အေဂျင်စီများမှ ဝန်ထမ်းများအား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ နှင့် စပ်လျဉ်း၍ သိရှိနားလည်စေရန် ရက်တိုသင်တန်း ဖွင့်လှစ်မည်။

(၃) **တတိယ (၃) လပတ်**

- ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်ကမ်းစာစောင်များ၊ စာအုပ်များ ထုတ်ဝေ မည်၊
- Investment Promotion Fair ကို ပဲခူးမြို့တွင် နိုင်ငံတကာအဆင့် ကျင်းပမည်။

(၄) **စတုတ္ထ (၃) လပတ်**

- အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု များ မြှင့်တင်မည်၊
- ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပွားမှ အရေးပေါ်ဖွဲ့စည်း ဖြေရှင်းခြင်းမျိုး မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများအား တရားရုံး (သို့မဟုတ်) အနုညာတခုံရုံးသို့မရောက်မီ စေ့စပ်ညှိနှိုင်း ပေးသည့် ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ကြီးဌာနကိုယ်စား ဆုံးဖြတ်ချက် ပေးနိုင်မည့် အဆင့်မြင့်အရာရှိကြီးများ၊ ပညာရှင်များပါဝင်သည့် အဖွဲ့ တစ်ခု ဖွဲ့စည်းထားရှိမည်၊
- နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သုတေသနစာတမ်း ပြုစုတင်ပြမည်။
- စီးပွားရေးလုပ်ငန်းရှင်များကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီမှတ်ပုံ တင်လုပ်ငန်းများကို ဝန်ဆောင်မှုပေးနေသည့် အေဂျင်စီများမှ ဝန်ထမ်း

များအား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့် စပ်လျဉ်း၍ သိရှိနားလည်စေရန် ရက်တိုသင်တန်း ဖွင့်လှစ်မည်။

(ဃ) **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ**

(၁) **ပထမ (၃) လပတ်**

- ဝန်ထမ်းသစ်များ ထပ်မံဖြည့်တင်းခန့်ထားမည်၊
- ဌာနတွင်း လုပ်ငန်းကျွမ်းကျင်မှု ရက်တို မွမ်းမံသင်တန်း ဖွင့်လှစ်မည်၊
- ဌာနတွင်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမည်၊
- ဌာနတွင်း အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်း ဖွင့်လှစ်မည်၊
- ရင်းနှီးမြှုပ်နှံမှု စာရင်းဇယားများ ကောက်ယူခြင်းဆိုင်ရာ သင်တန်း ဖွင့်လှစ်မည်။

(၂) **ဒုတိယ (၃) လပတ်**

- အရည်အချင်းပြည့်မီသူ ဝန်ထမ်းများအား ပြည်တွင်း/ပြည်ပ ဘွဲ့လွန် သင်တန်းများ စေလွှတ်မည်၊
- အရည်အချင်းပြည့်မီသူ ဝန်ထမ်းများအား ဘာသာရပ်ဆိုင်ရာ ပြည်ပ သင်တန်းများ စေလွှတ်မည်၊
- ဝန်ထမ်းများအား Public နှင့် ဆက်ဆံရေး ပိုမိုအဆင်ပြေစေရေး အတွက် Customer Care သင်တန်းများပေးမည်၊
- ဝန်ထမ်းများ အရည်အချင်းစစ်စာမေးပွဲ ကျင်းပမည်။

(၃) **တတိယ (၃) လပတ်**

- ဌာနတွင်းလုပ်ငန်းကျွမ်းကျင်မှု ရက်တိုမွမ်းမံသင်တန်း ဖွင့်လှစ်မည်၊
- ဌာနတွင်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမည်၊
- ဌာနတွင်း အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်လှစ်မည်။

(၄) **စတုတ္ထ (၃) လပတ်**

- အရည်အချင်း ပြည့်မီသူ ဝန်ထမ်းများအား ပြည်တွင်း/ပြည်ပ ဘွဲ့လွန် သင်တန်းများ စေလွှတ်မည်၊
- အရည်အချင်းပြည့်မီသူ ဝန်ထမ်းများအား ဘာသာရပ်ဆိုင်ရာ ပြည်ပ သင်တန်းများ စေလွှတ်မည်။

(င) **သတင်း အချက်အလက် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ**

(၁) **ပထမ (၃) လပတ်**

- ကွန်ပျူတာများ တိုးချဲ့တပ်ဆင်မည်၊
- ကုမ္ပဏီများ မှတ်ပုံတင်ရန်အတွက် e-registration စနစ်အား ဆက်လက် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်မည်၊
- Integrated Digital Government စနစ်အား အခြားသော အစိုးရ အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည်၊
- ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ ရုံးခွဲများအကြား အစည်း အဝေး ပြုလုပ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်များ ပြုလုပ်ခြင်းတို့အား Video Conferencing System ဖြင့် ဆောင်ရွက် သွားနိုင်ရေး ဆောင်ရွက်မည်၊
- ရုံးလုပ်ငန်းများအား Paperless စနစ်ဖြင့် အသုံးပြုနိုင်သည့် e-office system တစ်ခု ဖြစ်ပေါ်လာရေးနှင့် Mail Server ပြုလုပ်ပြီး ဌာနပိုင် Official Mail Account များ သုံးစွဲနိုင်ရေး ဆက်လက် ဆောင်ရွက်မည်၊
- မော်လမြိုင်မြို့နှင့် တောင်ကြီးမြို့တို့တွင် Public Access Centre များ ဖွင့်လှစ်မည်။

(၂) ဒုတိယ (၃) လပတ်

- ဌာနနှင့်ပတ်သက်၍ ပြည်သူလူထု၏ သဘောထားများကို Questionnaires များမှတစ်ဆင့် Online စစ်တမ်း ကောက်ယူမည်၊
- ဌာန၏ Website အား e-Business Website အဖြစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်မှု ဆက်လက်ဆောင်ရွက်မည်၊
- ဌာန၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဆိုင်ရာ အချက်အလက်များအား Database Software ဖြင့် ထိန်းသိမ်းနိုင်ရေး ဆက်လက် ဆောင်ရွက်မည်၊
- ကုမ္ပဏီများမှတ်ပုံတင်ရန်အတွက် e-registration စနစ်အား ဆက်လက်တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်မည်၊
- Integrated Digital Government စနစ်အား အခြားသော အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်းလျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်၊
- ရုံးလုပ်ငန်းများအား Paperless စနစ်ဖြင့် အသုံးပြုနိုင်သည့် e-office system တစ်ခု ဖြစ်ပေါ်လာရေးနှင့် Mail Server ပြုလုပ်ပြီး ဌာနပိုင် Official Mail Account များ သုံးစွဲနိုင်ရေး ဆက်လက်ဆောင်ရွက်မည်၊
- မုံရွာမြို့၊ ထားဝယ်မြို့နှင့် ပုသိမ်မြို့တို့တွင် Public Access Centre များ ဖွင့်လှစ်မည်။

(၃) တတိယ (၃) လပတ်

- ကုမ္ပဏီများမှတ်ပုံတင်ရန်အတွက် e-registration စနစ်အား ဆက်လက်တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်မည်၊
- DICA ရုံးချုပ်နှင့် ရုံးခွဲများအကြား Cloud Server ထားရှိ၍ ချိတ်ဆက်ဆောက်ရွက်မှုများ ပြုလုပ်မည်၊
- ပဲခူးမြို့၊ မကွေးမြို့နှင့် စစ်တွေမြို့တို့တွင် Public Access Centre များ ဖွင့်လှစ်မည်။

(၄) **စတုတ္ထ (၃) လပတ်**

- ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုခြင်းနှင့် ဆက်စပ်လုပ်ငန်းများအား Online မှတစ်ဆင့် ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်မည်၊
- မြစ်ကြီးနားမြို့၊ လွိုင်ကော်မြို့၊ ဘားအံမြို့တို့တွင် Public Access Centre များ ဖွင့်လှစ်မည်။

(စ) **ဌာန၏ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ**

(၁) **ပထမ (၃) လပတ်**

- ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် နေရာထိုင်ခင်း အဆင်ပြေစေရန် စီမံပေးမည်၊
- ဝန်ထမ်းများအတွက် နှစ်ကုန်ဆုံးသည့်အခါ နှစ်သစ်ဆုကြေးငွေပေးအပ် နိုင်ရေး စီမံဆောင်ရွက်ပေးမည်၊
- မြစ်ကြီးနားမြို့တွင် DICA ရုံးခွဲသစ် ဖွင့်လှစ်မည်။

(၂) **ဒုတိယ (၃) လပတ်**

- ဌာနပိုင် အဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်မည်၊
- ဝန်ထမ်းများ စားဝတ်နေရေး သက်သာချောင်ချိရေးအတွက် စီမံဆောင်ရွက်မည်၊
- ရုံးချုပ်ရှိဌာနခွဲများ အပါ အဝင် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ ရုံးခွဲများတွင် ကွန်ပျူတာ၊ မိတ္တူကူးစက်စသည့် ရုံးသုံးပစ္စည်းများလုံလောက်စွာ တပ်ဆင်ပေးမည်၊
- လွိုင်ကော်မြို့တွင် DICA ရုံးခွဲသစ် ဖွင့်လှစ်မည်၊
- တောင်ကြီးမြို့တွင် ရုံးအဆောက်အဦ တည်ဆောက်မည်၊
- ဝန်ထမ်းသစ်များအတွက် နေရာထိုင်ခင်းများ စီစဉ်မည်။

(၃) **တတိယ (၃) လပတ်**

- မော်တော်ယာဉ်များ စစ်ဆေးမှုနှင့် အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်မည်၊
- ဝန်ထမ်းများ ရာထူးအဆင့်တိုးမြှင့်ပေးရေး ဆောင်ရွက်မည်၊
- DICA ၏ နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်၊
- ဘားအံမြို့တွင် DICA ရုံးခွဲသစ် ဖွင့်လှစ်မည်။

(၄) **စတုတ္ထ (၃) လပတ်**

- ရုံးချုပ်ရှိ ဝန်ထမ်းများနှင့် နယ်ရုံးခွဲများရှိ ဝန်ထမ်းများ လဲလှယ်တာဝန် ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်မည်၊
- ဟားခါးမြို့တွင် DICA ရုံးခွဲသစ် ဖွင့်လှစ်မည်၊
- ထားဝယ်မြို့တွင် ရုံးအဆောက်အဦ တည်ဆောက်မည်။

**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

(က) ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို နိုင်ငံတော်၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ ပြည်သူဗဟိုပြု အစီအစဉ်ဖြင့် စီမံကိန်းများ ရေးဆွဲ၍ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်မည်၊

(ခ) ဖွံ့ဖြိုးမှုစီမံကိန်းများတွင် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်တို့ကို ထည့်သွင်းဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်မည့် ဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မည်။

(ဂ) နှစ်အလိုက် နိုင်ငံပိုင်အခန်း ငွေလုံးငွေရင်းအသုံးစရိတ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ ရေးဆွဲဆောင်ရွက်မည်၊

(ဃ) နိုင်ငံတော်၏ လုပ်ငန်းစီမံကိန်းများကို စိစစ်သုံးသပ်၍ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြမည်၊

(င) အမျိုးသားစာရင်းအင်းစနစ် ပြောင်းလဲရေးအတွက် ကုလသမဂ္ဂမှ ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ လိုက်လျောညီထွေမှု ရှိစေရေး ဆောင်ရွက်မည်။

(စ) လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများ၏ အရည်အသွေးတိုးမြှင့်ရေး ဆောင်ရွက်မည်၊

(ဆ) ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂ၊ ရုံးအဆောက်အဦနှင့် အိမ်ရာများ ရရှိနိုင်ရေး ဆောင်ရွက်မည်။

**စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန**

(က) နိုင်ငံတော်၏ လုပ်ငန်းစီမံကိန်းအသစ်များနှင့် တိုးချဲ့လုပ်ငန်း စီမံကိန်းများကို စိစစ်သုံးသပ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်ပြီး စီမံကိန်းစိစစ်ခြင်း လုပ်ငန်းလမ်းညွှန် (Project Appraisal Guideline) ထွက်ရှိရေး ဆောင်ရွက်မည်၊

(ခ) နှစ်အလိုက်နိုင်ငံပိုင်အခန်း ငွေလုံးငွေရင်းအသုံးစရိတ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ ရေးဆွဲခြင်းနှင့် နိုင်ငံပိုင်ကဏ္ဍရှိ ဝန်ထမ်းအင်အား၊ လစာစရိတ်အခြေအနေနှင့် ဖွဲ့စည်းပုံများကို စိစစ်ခြင်း ဆောင်ရွက်မည်၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှု/ ရောင်းချမှုနှင့် ကုန်ချောလက်ကျန်အခြေအနေ တင်ပြခြင်းနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေ တင်ပြဆောင်ရွက်မည်၊

(ဃ) ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့၏ ငွေကြေးသုံးစွဲနိုင်မှုနှင့် ဝင်ငွေရရှိမှုအခြေအနေ တင်ပြဆောင်ရွက်မည်၊

(င) ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ရုံးလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊ မြေ၊ အဆောက်အဦ တိုင်းတာစိစစ်ရေးလုပ်ငန်းစဉ်များနှင့် တန်ဖိုးတွက်ချက်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကော်မတီများအလိုက်ဆောင်ရွက်မည်၊

(စ) အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု Public-Private Partnership (PPP) နှင့် စပ်လျဉ်းသည့် မူဘောင်များ ရေးဆွဲ နိုင်ရေးအတွက်ဆောင်ရွက်မည်၊

(ဆ) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးဆောင်ရွက်မည်၊

(ဇ) စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၏ ဖွဲ့စည်းပုံအား ပြင်ဆင်ဖွဲ့စည်း၍ လိုအပ်သော ဝန်ထမ်းများအား ဖြည့်တင်းခန့်အပ်သွားမည်။

**အမျိုးသားမှတ်တမ်းမှတ်ရာမော်ကွန်းတိုက်ဦးစီးဌာန**

(က) အစိုးရဌာနများ/ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီမှ အုပ်ချုပ်ရေးတန်ဖိုး၊ သတင်းအချက်အလက်တန်ဖိုး၊ အထောက်အထားတန်ဖိုးများ ပါဝင်သည့် မော်ကွန်း/ မှတ်တမ်းများ ရယူစုဆောင်းမည်၊

(ခ) နယ်ပယ်အသီးသီးတွင် ထင်ရှားသည့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ နှုတ်ပြောသမိုင်း (Oral History) ရယူစုဆောင်းမည်၊

(ဂ) စုဆောင်းထားသော မှတ်တမ်း/မော်ကွန်းများကို မပျက်စီးစေရန်နှင့် ရေရှည် တည်တံ့စေရန် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲမှု ပြုလုပ်မည်၊

(ဃ) နိုင်ငံတော်နှင့် အများပြည်သူများ ရည်ညွှန်းကိုးကား အသုံးချနိုင်ရန် အထောက် အကူပြုပေးမည်၊

(င) နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားစေ၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး စေရေးအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်။

**ဗဟိုစာရင်းအင်းအဖွဲ့**

(က) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသော အခြေခံစည်းမျဉ်းများနှင့် အညီ စာရင်းအင်းဆိုင်ရာ စံနှုန်းများ သတ်မှတ်နိုင်စေရေးနှင့် အဆိုပါစံနှုန်းများ ကိုက်ညီစေရေး အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပါမည်၊

(ခ) တရားဝင် စာရင်းအင်းများနှင့် သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များနှင့်အညီ မူလစာရင်းအင်း အချက်အလက်များ ကောက်ယူပါမည်၊

(ဂ) လူမှုစီးပွားဆိုင်ရာ စစ်တမ်းများနှင့် သန်းခေါင်စာရင်းများ ကောက်ယူပါမည်၊

(ဃ) Statistical Concepts ၊ Definitions နှင့် Methodology Guidebook ဖြန့်ဖြူးပါမည်၊

(င) Myanmar Standard Industrial Classification – MSIC အတွက် Publication များ ဆောင်ရွက်ပြီး လိုက်နာကျင့်သုံးစေပါမည်၊

(စ) ဗဟိုစာရင်းအင်းအဖွဲ့၏ ရုံးခွဲများဖွင့်လှစ်ရန် ကျန်ရှိနေသေးသည့် မြို့နယ်များသို့ ဆက်လက် တိုးချဲ့ဖွင့်လှစ်ပါမည်၊

(ဆ) ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ဝန်ထမ်းအသစ် တိုးချဲ့ခန့်ထားပါမည်၊

(ဇ) တိုးချဲ့ခန့်ထားသည့် ဝန်ထမ်းများအတွက်သာမက လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအားလုံး၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပြည်တွင်း၊ ပြည်ပသင်တန်းများသို့ စေလွှတ်ပါမည်၊

(ဈ) အပြည်ပြည်ဆိုင်ရာ အမျိုးသားစာရင်းအင်းအဖွဲ့များသို့ လေ့လာရေးအဖွဲ့များ စေလွှတ်နိုင်ရေးနှင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းနှင့် ပညာသင်ရွေးချယ်စိစစ်ရေး စာမေးပွဲများကျင်းပ၍ ပြည်ပသို့ စေလွှတ်ပါမည်၊

(ည) အခြားသော ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ စာရင်းအင်းယူနစ်များအတွက် သင်တန်းပို့ချပါမည်၊

(ဋ) Graduate School of Administrative and Development (GSAD) ဘွဲ့လွန်သင်တန်းကျောင်းတွင် စာရင်းအင်းပညာ ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Statistics- PGDS) သင်တန်း ဖွင့်လှစ်သင်ကြားပါမည်၊

(ဌ) မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး ငွေကြေးရန်ပုံငွေ အစီအစဉ် (Mekhong – Republic of Korea Cooperation Fund - MRCF) Project ဖြင့် စာရင်းအင်းအရည်အသွေး မြှင့်တင်ရန်အတွက် ဗဟိုစာရင်းအင်းအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ စာရင်းအင်း ဝန်ထမ်းများ၏ စာရင်းအင်းဆိုင်ရာ လုပ်ငန်း စွမ်းဆောင်ရည် တိုးမြှင့်ရန် လိုအပ်သည့် အကဲဖြတ် သုံးသပ်မှုများ ဆောင်ရွက်ရန် စစ်တမ်းကောက်ယူခြင်း၊ သုတေသနပြုခြင်းနှင့် စာရင်းအင်းပညာရပ်ဆိုင်ရာ ပြည်တွင်း/ ပြည်ပသင်တန်းများ စီစဉ်ဆောင်ရွက်ပါမည်၊

(ဍ) Australian Volunteer International (AVI) မှ အဆိုပြုထားသည့် စာရင်းအင်း ဆိုင်ရာ ကျွမ်းကျင်သူ စေတနာ့ဝန်ထမ်းတစ်ဦးကို ဗဟိုစာရင်းအင်းအဖွဲ့တွင် Statistics Mentor အဖြစ် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ (၁)နှစ်တိတိ တွဲဖက်တာဝန် ထမ်းဆောင်စေခြင်းဖြင့် ဝန်ထမ်း

များ၏ စာရင်းအင်းဆိုင်ရာ ကျွမ်းကျင်မှု၊ ကိန်းဂဏန်း အချက်အလက်များအပေါ် စိစစ်သုံးသပ်နိုင်မှု (Analytical Skill)၊ အစီရင်ခံစာ ရေးသား တင်ပြမှု (Report Writing)၊ ခေတ်မီ ကွန်ပျူတာနည်းပညာသုံး စာရင်းအင်းဆိုင်ရာ စိစစ်သုံးသပ်မှု ဆော့ဖ်ဝဲ (Advanced Statistical Analysis Software) များ အသုံးပြုနိုင်မှု၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်လိမ္မာမှု၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပြောဆို ဆက်သွယ်နိုင်မှု စသည်ဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ မြှင့်တင်ပေး နိုင်ရန် ဆောင်ရွက်ပါမည်၊

(ဎ) မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၆-၂၀၁၇) Myanmar Living Conditions Survey-MLCS ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ တစ်နိုင်ငံလုံး ကောက်ယူခြင်းနှင့် ၂၀၁၈ ခုနှစ်တွင် စစ်တမ်းအစီရင်ခံစာ ထုတ်ပြန်ပါမည်၊

(ဏ) Statistical Yearbook 2016 ၊ Quarterly Statistics Bulletin (Quarterly Time Series, 2015 -2017 နှင့် Quarter on Quarter, Q1 FY 2015-2017) ၊ Agricultural Statistics နှင့် Selected Monthly Economic Indicators စသည့် စာရင်းအင်းဆိုင်ရာ စာစောင်များအား ပုံမှန်ထုတ်ဝေပါမည်၊

(တ) ASEAN Plus 6 ၊ Facts & Figures about Myanmar ၊ Socio-economic Indicators စသည့် လက်စွဲစာစောင်များအတွက် စာရင်းများကို ပုံမှန် Update ပြုလုပ်ပါမည်၊

(ထ) MMSIS Website တွင် ကဏ္ဍစုံ စာရင်းအင်းများကို လစဉ် ထည့်သွင်းခြင်းနှင့် Update ပြုလုပ်ပါမည်၊

(ဒ) Data Communication Network ချိတ်ဆက်ဆောင်ရွက်ပါမည်၊

(ဓ) တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးခွဲများသို့ သွားရောက်၍ လုပ်ငန်းတိုးတက်မှု အခြေအနေများ စစ်ဆေးခြင်းနှင့် လိုအပ်သည့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးပါမည်၊

(န) သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ကနဦးစစ်တမ်း ကောက်ယူခြင်းနှင့် အစီရင်ခံစာ ရေးသား ပြုစုတင်ပြနိုင်ရန် ဆောင်ရွက်ပါမည်၊

(ပ) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ သဘာဝဘေးအန္တရာယ် စာရင်းများ အား တောင်းခံစုစည်း စိစစ်ခြင်းများအား ဆောင်ရွက်ပါမည်၊

(ဖ) တိုင်းဒေသကြီး/ပြည်နယ် လူမှုစီးပွား ညွှန်ကိန်းများ စုစည်း၊ စိစစ်ခြင်း၊ ထုတ်ဝေနိုင်ရန်အတွက် ဆောင်ရွက်ပါမည်၊

(ဗ) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ၏ Template စာရင်းများ စုစည်း၊ စိစစ်ခြင်းများအား ဆောင်ရွက်ပါမည်၊

(ဘ) စာရင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ၊ ကနဦးစစ်တမ်း ကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ် ဖော်ထုတ်ရေးကော်မတီနှင့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့တွင် အတွင်းရေးမှူးအနေဖြင့် ဆောင်ရွက်၍ စာရင်းအင်းဆိုင်ရာ မူဝါဒများအတွက် အထောက်အပံ့ ဖြစ်စေရန် အစည်းအဝေးများကို ကျင်းပဆောင်ရွက်ပါမည်၊

(မ) သက်ဆိုင်ရာ စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူများ၊ စာရင်းအင်းဆိုင်ရာ အချက်အလက် သုံးစွဲသူများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက် ပါမည်၊

(ယ) SWGs များနှင့်အတူ ကဏ္ဍဆိုင်ရာ စာရင်းအင်းများ ပူးပေါင်း ဆောင်ရွက် ပါမည်၊

(ရ) နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်း အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် ကွန်ဖရင့်များကို ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍ အခါအားလျော်စွာ ကျင်းပ ဆောင်ရွက်ပါမည်၊

(လ) အသစ်ပြဋ္ဌာန်းမည့် စာရင်းအင်းဥပဒေနှင့်အညီ စာရင်းအင်း ကောက်ယူစုစည်းမှုဆိုင်ရာ အခွင့်အာဏာ သက်ရောက်မှု(Law Enforcement) ရှိစေရေး ဆောင်ရွက်ပါမည်၊

(ဝ) UNDP ၏ နည်းပညာ ကူညီပံ့ပိုးမှုဖြင့် စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ စာရင်းအင်းလုပ်ငန်းအတွက် သက်ဆိုင်ရာဌာနများမှ မှတ်ပုံတင်ထားသော လုပ်ငန်းများ စာရင်းကို စုစည်းဆောင်ရွက်ပါမည်၊

(သ) MEMS ထူထောင်နိုင်ရေးအတွက် SMEs များ၏ အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ စစ်တမ်း(၄)ခုကို ကောက်ယူရန်ရှိရာ လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ နမူနာဒီဇိုင်းပုံစံ ရွေးချယ်ခြင်း၊ နမူနာစာရင်း ပြုစုခြင်းများကို ဆောင်ရွက်၍ အရေအတွက်ဆိုင်ရာ စစ်တမ်း(၁)ခုကို စတင်ကောက်ယူနိုင်ရန် ဆောင်ရွက်ပါမည်၊

(ဟ) စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့ (Survey Coordination and Statistical Standard Cluster) ညှိနှိုင်းအစည်းအဝေးများကို နှစ်လ (၁) ကြိမ် ကျင်းပဆောင်ရွက်ပါမည်၊

(ဠ) NSDS လုပ်ငန်းအဖွဲ့များမှ မိမိတို့နှင့် သက်ဆိုင်သည့် နှစ်လတ်စီမံကိန်း၊ နှစ်စဉ်စီမံကိန်း အပြင် Survey Calendar နှင့် Release Calendar ပါဝင်သည့် လုပ်ငန်းအစီအစဉ်များ ပြုစု ဆောင်ရွက်ပါမည်၊

(အ) အပြည်ပြည်ဆိုင်ရာ စာရင်းအင်းစာစောင်များတွင် နိုင်ငံတကာအဖွဲ့အစည်းများ (FAO, UNICEF, UNIDO, UNSD, UNTAC စသည်) မှ တောင်းခံလာသည့် စာရင်းအချက်အလက်များအား ပံ့ပိုးခြင်းနှင့် Questionnaire များအား ဖြည့်စွက်၍ အချက်များ မှန်ကန်မှု ရှိ-မရှိ စိစစ် (Data Validation) ၍ ပြန်လည်ပေးပို့နိုင်ရန် ဆောင်ရွက်ပါမည်၊

- စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ညွှန်ကိန်းများ တွက်ချက် တိုင်းတာနိုင်ရေးအတွက် စာရင်းအင်း တွက်ချက်ထုတ်ပြန်သူများ၊ အသုံးပြုသူများနှင့် အားလုံးသော ပါဝင်ပတ်သက်သူများ အကြား ဆွေးနွေးညှိနှိုင်းပွဲများ ကျင်းပဆောင်ရွက်ပါမည်၊
- UNDP နှင့် ပူးပေါင်း၍ SDGs Baseline Data Report ထုတ်ဝေနိုင်ရန် ဆောင်ရွက် ပါမည်၊
- မြန်မာနိုင်ငံ စာရင်းအင်းစနစ်အတွင်း စီမံအုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ အရည်အသွေး ပြည့်ဝ၍ စစ်တမ်းကောက်ယူမှုဆိုင်ရာ နည်းစနစ်များကို အထောက်အပံ့ဖြစ်စေရေးအတွက် Knowledge Sharing Program အဖြစ် ကိုရီးယား သုတေသန ပညာရှင်များနှင့် ပူးပေါင်း၍ "Improving Survey Methodology

in Myanmar" စီမံချက်အတွက် ရှေ့ပြေး လေ့လာမှုလုပ်ငန်း ၂ ကြိမ် ပြုလုပ်ခြင်း၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် Interim Reporting & Policy Practitioners' Workshop ၌ ဗဟိုစာရင်းအင်းအဖွဲ့နှင့် Researcher from KSP တို့အကြား ပူးတွဲ သုတေသန လုပ်ငန်းရပ်များ၏ တိုးတက်မှု အခြေအနေကို ရှင်းလင်းတင်ပြ ဆွေးနွေးခြင်း၊ ၂၀၁၇ ခုနှစ်၊ မေလအတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်မည့် Senior Policy Dialogue & Final Reporting Workshop တွင် သုတေသန လုပ်ငန်းရပ်၏ ရလဒ်အဖြေများကို ထုတ်ပြန် ဆွေးနွေးတင်ပြခြင်းနှင့် မူဝါဒ ဆိုင်ရာ အကြံပြုချက်များပေးခြင်းနှင့် ပူးတွဲ သုတေသနစာတမ်း ထုတ်ဝေနိုင်ရန် ဆောင်ရွက်ပါမည်၊

- Myanmar Automatic Cargo Clearance System (MACCS) စနစ်ဖြင့် အသုံးပြု နိုင်သည့် Eurotrace software ကို EU-ASEAN Compass အကူအညီဖြင့် Update ပြုလုပ် ဆောင်ရွက်ပါမည်၊
- သွင်းကုန်ကို FOB တန်ဖိုး တွက်ချက်နိုင်ရန်အတွက် EU-ASEAN Compass အကူအညီဖြင့် သင်တန်းပို့ချခြင်း၊ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူ ဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း တင်ပြဆောင်ရွက်ပါမည်၊
- PPP တွက်ချက်နိုင်ရန် သင်တန်းများ ပေးနိုင်ရန် ဆောင်ရွက်ပါမည်၊
- International Comparison Programme (ICP) ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် များရှိ ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်းများမှ ICP Price Collection ကို ဆောင်ရွက်ပါမည်၊
- NSDP တွင် ပါဝင်သော စာရင်းအင်းများကို Update ပြုလုပ်ရန်အတွက် သက်ဆိုင်ရာ စာရင်းအင်းဌာနများမှ ရယူစုစည်း၍ MMSIS Website တွင် တင်ပြ ဆောင်ရွက်ပါမည်၊
- မြန်မာနိုင်ငံတွင် ဖွားသေမှတ်ပုံတင်စနစ် ပိုမိုအားကောင်းလာစေရန်အတွက် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ

ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၃)လလျှင် တစ်ကြိမ် ကျင်းပဆောင်ရွက်ပါမည်၊

- မွေးဖွားမှု မှတ်ပုံတင်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုကို ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဆက်လက် ဆောင်ရွက်ပါမည်၊
- UNICEF နှင့်ပူးပေါင်း၍ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းကို e-platform စနစ်ဖြင့် ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းလာစေရန်အတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သင်တန်းများ ဆက်လက်ပို့ချနိုင်ရန် ဆောင်ရွက်ပါမည်၊
- Bloomberg အဖွဲ့နှင့် ပူးပေါင်း၍ Verbal Autopsy နည်းလမ်းဖြင့် သေဆုံးရသည့် ရောဂါ အကြောင်းရင်းကို သိရှိနိုင်ရန်အတွက် မြို့နယ် (၁၄) မြို့နယ်နှင့် Birth Registration Campaign များတွင် ဆက်လက် ဆောင်ရွက်ပါမည်၊
- NSDS 10 Years Long Term Implementation Plan (2017-2027) အား World Bank နှင့် ပူးပေါင်းရေးဆွဲ ဆောင်ရွက်ပါမည်၊
- NSDS အကောင်အထည်ဖော်ဆောင်နိုင်ရန် ဖွဲ့စည်းထားသည့် လုပ်ငန်းအစုအဖွဲ့ (၈) ၏ စာရင်းအင်းဆိုင်ရာ လုပ်ငန်းများအရည်အသွေး ပြည့်ဝစေရန် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များပေးခြင်းနှင့် တွက်ချက်မှု နည်းလမ်းများ ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်ပါမည်၊
- လုပ်ငန်းအစုအဖွဲ့များမှ အဖွဲ့ဝင်များအား စာရင်းအင်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ဗဟိုစာရင်းအင်းအဖွဲ့ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ် ပို့ချရန် ဆောင်ရွက်ပါမည်။

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

(က) ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ ယာဉ်၊ မီးရထား၊ ရေယာဉ်၊ လေယာဉ်၊ စက်ကြီးယန္တရား၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများအား စနစ်တကျ စာရင်း ကောက်

ယူမှတ်တမ်းပြုစုထားရှိခြင်းနှင့် နိုင်ငံပိုင်စာရင်းမှ ပယ်ဖျက်နိုင်ရေး ဆောင်ရွက်ပေးမည်၊

(ခ) ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ စက်ပစ္စည်း/ယန္တရား၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စွမ်းအားပြည့် အသုံးချနိုင်ရေး စက်ပစ္စည်းပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ စာရင်းအင်းများ မှန်ကန်မှုနှင့် စက်ပစ္စည်းအခြေအနေများ သိရှိနိုင်ရေးအတွက် နှစ်ပတ်လည်စိစစ်ခြင်း စစ်ဆေးမည်၊

(ဂ) ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ မော်တော်ယာဉ်၊ မော်တော် ဆိုင်ကယ်၊ ရုံးသုံးစက်ပစ္စည်းများ၏ ပြုပြင်ထိန်းသိမ်းစရိတ်များအား စိစစ်ခြင်း၊ ပြည်သူ့ဘဏ္ဍာသိမ်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား သုံးစွဲနိုင်အဆင့်၊ သံရည်ကျိုအဆင့်သတ်မှတ်ပေးခြင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ရုပ်ရှင်ရုံ စသည်တို့၏ စက်ပစ္စည်းများကို ပုဂ္ဂလိကပိုင် ပြုလုပ်နိုင်ရေးအတွက် မြေပြင်စစ်ဆေး တန်ဖိုးသတ်မှတ်ပေးမည်၊

(ဃ) ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများ၊ နိုင်ငံတော်အတွက် ကြီးမားတာဝန်ထမ်းဆောင်ခဲ့သူများသို့ အဆောင်အယောင်ယာဉ်များ ထုတ်ပေးခြင်း၊ ယာဉ်မောင်းလစာများနှင့် စက်ဆီ၊ ချောဆီဖိုးများအား စိစစ် ထုတ်ပေးခြင်း၊ နိုင်ငံတော် ဧည့်ယာဉ်များအား ထိန်းသိမ်းပြင်ဆင်ခြင်း၊ ဘဏ္ဍာသိမ်း မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ပြုပြင် ထိန်းသိမ်းခြင်းနှင့် ခွဲဝေထုတ်ပေးမည်၊

(င) ဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ စက်ပစ္စည်းကဏ္ဍနှင့် ပတ်သက်၍ ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်များအား စိစစ်ခြင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ခွင့်ပြုပြီးဖြစ်သော စက်ပစ္စည်းကဏ္ဍတွင် ခေါင်းစဉ်ပြောင်းလဲ ဝယ်ယူလိုသည့် ကိစ္စရပ်များနှင့် ဖြည့်စွက်ရန်ပုံငွေဖြင့် ဝယ်ယူလိုသည့် စက်ပစ္စည်းများကို စိစစ်ပေးခြင်း၊ ဝန်ကြီးဌာန/အဖွဲ့အစည်း အသီးသီးမှ စက်ပစ္စည်းများ ဝယ်ယူရာတွင် စက်ပစ္စည်းအမျိုးအစား၊ စံချိန်စံညွှန်းမှန်ကန်ရေးနှင့် ပြည်တွင်း/ပြည်ပမှ ဝယ်ယူရေးတို့ကို ကြီးကြပ်လမ်းညွှန်ပေးခြင်းနှင့် လိုအပ်ပါက ဝယ်ယူမှုကို ဆောင်ရွက်ပေးမည်၊

(စ) နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ သွားလာရေးအတွက် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးမည်၊

(ဆ) e-Government စနစ်ကို အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆက်သွယ် ဆောင်ရွက်မှုစနစ် (Communication System) ကောင်းမွန်စေရေးအတွက် အခြားဦးစီးဌာနများနှင့် နည်းပညာပိုင်းဆိုင်ရာ ဆက်စပ်၍ Infrastructure ပိုင်းဆိုင်ရာ လိုအပ်သည်များ အဆင့်ဆင့် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများကို လူ့စွမ်းအားအရင်းအမြစ် (HR) မြှင့်တင်ရေး ဆောင်ရွက်မည်။

**မြန်မာ့စီးပွားရေးဘဏ်**

(က) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း Core Banking စနစ်ကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း Core Banking ဘဏ်ခွဲပေါင်း (၃၄) ဘဏ်တွင် ဆောင်ရွက်ရန် လျာထားမည်၊

(ခ) e-Remittance System ကို ဘဏ်ခွဲ (၂၅) ဘဏ်တွင် တိုးချဲ့ဆောင်ရွက်ရန် လျာထားမည်၊

(ဂ) ငွေလုံးငွေရင်းအသုံးစရိတ်တွင် အဆောက်အဦးအသစ် (၃၁) ခု ဆောက်လုပ်ရန်နှင့် PFM အတွက် စက်ပစ္စည်းများဝယ်ယူရန် ရည်မှန်းကုန်ကျစရိတ်များ လျာထားမည်။

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**

(က) Bad Customer များ၏စာရင်းကို နိုင်ငံပိုင်ဘဏ်များအချင်းချင်း အချိန်နှင့်တပြေးညီ သိရှိနိုင်ရန်ပေးပို့မည်၊

Exchanging the information of bad customers between the state owned banks.

(ခ) ဘဏ်တွင် Domestic Banking လုပ်ငန်းကို ဆောင်ရွက်ခွင့်ရရှိရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်မည်၊

Submitting the application to Ministry of Planning and Finance to get the approval for conducting of domestic banking in our Bank.

(ဂ) မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် နိုင်ငံခြားငွေဖြင့်လက်ရှိဆောင်ရွက်သော ဘဏ်လုပ်ငန်းများအပြင် ဘဏ်တွင် Kyat စာရင်းများ လက်ခံဖွင့်လှစ် ဆောင်ရွက်ခြင်း၊ အဆိုပါ Kyat စာရင်းများကို အချင်းချင်း စာရင်းပြောင်းခြင်း၊Top up ပြုလုပ်ခြင်း၊ ဘီလ်ပေးဆောင်ခြင်းစသည့် Kyat Transaction များ ဆောင်ရွက်နိုင်ရေးအတွက် Mobile Banking System ကို အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည်၊

Apart from existing daily works concerning with the Foreign Currencies transactions, managing opening MMK A/C to be transferable, able to do top up and bill paid services easily done by mobile banking service.

(ဃ) MPU Card System ကို သီးခြား A/C ဖွင့်၍ ဆောင်ရွက်နေခြင်းအစား ဘဏ်တွင်အသုံးပြုလျက်ရှိသော Online Banking System နှင့် တိုက်ရိုက် ချိတ်ဆက်၍ ဘဏ်ရှိ မူလစာရင်းများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်အောင် ဆောင်ရွက်မည်။

Doing separate account for MPU Card is going to be connected with core banking system.

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**

(က) ဘဏ်၏ ဝင်ငွေတိုးမြှင့်ရရှိရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်မည်၊

(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ ပြည်ပအဆက်အသွယ်ဘဏ်များနှင့် ကာလတို နိုင်ငံခြားဈေးငွေ (Money Market) လုပ်ငန်းများ၊ နိုင်ငံခြားငွေကြေးလဲလှယ်ရောင်းဝယ်ရေး (FX Market) လုပ်ငန်းများ၊ အစိုးရငွေတိုက်စာချုပ် လေလံ (Government Security Auction) လုပ်ငန်းများ၊ နိုင်ငံခြားငွေဈေးပြိုင်လေလံရောင်းဝယ်ခြင်း (FX Auction) လုပ်ငန်းများ၊ မြန်မာကျပ်ငွေဖြင့် ကာလတိုအပ်ငွေလေလံ (Deposit Auction) လုပ်ငန်းများတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံမည်၊

(၂) မြန်မာကျပ်ငွေဖြင့် ချေးငွေထုတ်ချေးခြင်း (Loans to Deposits Ratio) အား လက်ရှိအခြေအနေထက် (5%) တိုးမြှင့်ထုတ်ချေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်၊

(၃) ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ (Transactional Banking) မှ ကော်မရှင်နှင့် ဆောင်ရွက်ခရငွေများ တိုးတက်ရရှိအောင် ဆောင်ရွက်မည်။

(ခ) ဘဏ်လုပ်ငန်းများအား ခေတ်မီ IT နည်းပညာဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်မည်၊

(၁) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်၏ ငွေစုဘဏ်အပ်ငွေ နှင့် စာရင်းရှင်အပ်ငွေ စာရင်းပိုင်ရှင်များအတွက် ATM Account မှ ATM Card များဖြင့် ငွေထုတ်ယူနိုင်ရန်လည်းကောင်း၊ MPU နှင့် ချိတ်ဆက်၍ အခြားဘဏ်များတွင်လည်း ငွေထုတ်ယူနိုင်ရန်လည်းကောင်း ဆောင်ရွက်မည်၊

(၂) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသည့် စာရင်းပိုင်ရှင်များမှ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာထုတ်ယူလိုပါက ယခင်ကဘဏ်၏ ငွေထုတ်ကောင်တာတွင် ချက်လက်မှတ်တင်ပြ၍ "ငွေသား" အမေရိကန်ဒေါ်လာအား ထုတ်ယူရခြင်းအစား အမေရိကန်ဒေါ်လာ ၂၀၀၀ အထိအား ATM စက်မှ ထုတ်ပေးနိုင်ရန် ATM စက်မှ ATM Card စနစ်ဖြင့် ထုတ်ပေးနိုင်ရန် ဆောင်ရွက်မည်၊

(၃) ပြည်တွင်းပြည်ပ အရင်းအနှီး ဈေးကွက်များတွင် နိုင်ငံတကာငွေရေးကြေးရေး ဈေးကွက်ဆိုင်ရာ အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်နှင့် နိုင်ငံခြားငွေရောင်းဝယ်ခြင်း (FX Dealing) တို့ကို Online မှတစ်ဆင့် အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်မည့် နိုင်ငံတကာအဆင့်မီ IT စနစ်ဖြစ်သော Bloomberg LP Dealing Platform အသုံးပြုနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်မည်။

(ဂ) ဘဏ်၏ မတည်ရင်းနှီးငွေအား တိုးမြှင့်ထားရှိရန်ဆောင်ရွက်မည်၊

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်း ဥပဒေ (၂၀၁၆) ခုနှစ်၏ ပုဒ်မ(၃၄) (က)အရ နိုင်ငံတော်အတွင်း ဖွဲ့စည်းတည်ထောင်ထားသည့်ဘဏ်၏ ထည့်ဝင်ပြီး မတည်ငွေရင်းမှာ ကျပ် ၂၀ ဘီလီယံအောက်မနည်းရှိရမည်ဖြစ်ပြီး၊ ပုဒ်မ (၃၅)(က)အရ ဘဏ်၏နှစ်စဉ်အမြတ်ငွေ၏(၂၅%)ကို အထွေထွေသီးသန့် ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းထည့်သွင်းရန်နှင့် ထိုသို့လွှဲပြောင်းထည့်သွင်း ခြင်းကိုထည့်ဝင်ပြီး မတည်ငွေရင်း၏(၁၀၀%)နှင့်ညီသည်အထိဆောင်ရွက် ရန် သတ်မှတ်ချက်များနှင့်အညီ ဘဏ်၏မတည်ရင်းနှီးငွေကို အထွေထွေ သီးသန့်ရန်ပုံငွေစာရင်း လက်ကျန်များမှ တိုးမြှင့်ဖြည့်တင်း ဆောင်ရွက် မည်။

(ဃ) နိုင်ငံသားပိုင်လုပ်ငန်း ကုမ္ပဏီများအား အပေါင်အာမခံဖြင့် နိုင်ငံခြားသုံးငွေ များထုတ်ချေးမည်။

**မြန်မာ့အာမခံလုပ်ငန်း**

(က) အာမခံလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံလုပ်ငန်းဆိုင်ရာ ကြားခံ ပုဂ္ဂိုလ်/လုပ်ငန်း/အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်း (Insurance Intermediation)၊ တစ်ဆင့်အာမခံနှင့် ပြန်လည်အာမခံလုပ်ငန်း (Reinsurance and Retrocession) တို့ကို ဆောင်ရွက်ရန် Myanmar Reinsurance တစ်ဆင့် အာမခံလုပ်ငန်း ထူထောင်ဆောင်ရွက်သွားမည်၊

(ခ) သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံနှုန်းထားများ တိုးမြှင့်ခြင်းနှင့် အကျိုး ခံစားခွင့်များတိုးမြှင့် ပေးလျော်ခြင်းအား ၁.၈.၂၀၁၆ နေ့မှ စတင်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခင်စက်တပ်ယာဉ်ထိခိုက်မှုကြောင့် သေဆုံး ခြင်းအတွက် နစ်နာကြေးကျပ် ၅ သိန်းမှ ကျပ် ၁၀ သိန်း သို့ တိုးမြှင့်ပြီး စမ်းသပ် ကာလ တစ်နှစ်ပြည့်လျှင် ပြန်လည်သုံးသပ်၍ နစ်နာ ကြေးအား ကျပ် ၁၅ သိန်းမှ ကျပ် ၂၀ သိန်းခန့်အထိ တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံ ကောက်ခံရန် One Stop Services ရုံးအနေဖြင့် ထပ်မံတိုးချဲ့၍ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရုံး (တောင်ဒဂုံ) တွင် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ကလေးမြို့တွင် သူတစ်ပါး

ထိခိုက်မှု အာမခံကြေးကောက်ခံခြင်း လုပ်ငန်းအား ၃၁.၅.၂၀၁၆ နေ့မှ စတင်ဆောင်ရွက်လျက်ရှိပြီး ရုံးပိုင်အဆောက်အအုံရရှိရန် စီစဉ်ဆောင်ရွက်မည်။

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

(က) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(ခ) စီမံကိန်းနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်များ ချိတ်ဆက်၍ Botton Up Planning နှင့် Top Down Budgeting စနစ်အား ပိုမိုပီပြင်လာအောင် ဆက်လက် ဆောင်ရွက်မည်၊

(ဂ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား ဘဏ္ဍာငွေ ခွဲဝေမှုစနစ်အား ပိုမို ထိရောက်မှုရှိစေရေးအတွက် ဘဏ္ဍာရေးဗဟိုဦးစီးစနစ်ဖြေလျှော့ရေး (Fiscal Decentralization) ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေခွဲဝေမှုစနစ်အား ပိုမိုကောင်းမွန် စေရန်သုံးသပ်ပြင်ဆင် ဆောင်ရွက်သွားမည်၊

(ဃ) ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို ခေတ်ကာလနှင့်အညီ ဆက်လက် သုံးသပ်ပြင်ဆင်မည်၊

(င) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်၍ Corporatization ၊ Privatization များအဖြစ် ပြုပြင်ပြောင်းလဲခြင်း ဆက်လက်ဆောင်ရွက်မည်၊

(စ) မြန်မာနိုင်ငံ သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲမှုလုပ်ငန်း ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industry Transparency Initiative) လုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်မည်၊

(ဆ) ပြည်သူများအား ဘဏ္ဍာရေးဆိုင်ရာ အသိပညာပေးရန်နှင့် ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှု (Fiscal Transparency) ပိုမိုအားကောင်းစေရန်အတွက် Citizen Budget အား ဆက်လက်ထုတ်ဝေရေး ဆောင်ရွက်မည်၊

(ဇ) ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက် စုစည်းမှု၊ သုံးသပ်မှုနှင့် အစီရင်ခံစာများကို အချိန်နှင့်တစ်ပြေးညီ စုစည်းကောက်ယူနိုင်ရန်အတွက် Mini Data Center အားထူထောင်မည်။

**ငွေတိုက်ဦးစီးဌာန**

(က) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား ဆက်လက် ဆောင်ရွက်မည်၊

(ခ) အစိုးရ၏ ပြည်တွင်းပြည်ပကြွေးမြီဆိုင်ရာမဟာဗျူဟာ (Public Debt Strategy) အား အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(ဂ) ကြွေးမြီခံနိုင်ရည်ရှိမှုလေ့လာဆန်းစစ်ခြင်း (Debt Sustainability Analysis) စွမ်းဆောင်ရည်များ တိုးတက်မြင့်မားစေရန် ADB အကြံပေးပညာရှင် အကူအညီဖြင့် ဆောင်ရွက်မည်၊

(ဃ) ငွေကြေးစီမံခန့်ခွဲမှုနှင့် ကြွေးမြီစီမံခန့်ခွဲမှုများ အားကောင်းရန် ဆက်လက်ဆောင်ရွက်မည်၊

(င) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ငွေကြေးစီမံချက် ရေးဆွဲအကောင်အထည်ဖော်မည်၊

(စ) အစိုးရပစ္စည်းဝယ်ယူမှုစည်းမျဉ်းများ သုံးသပ်ပြင်ဆင်ခြင်းနှင့် ပစ္စည်းဝယ်ယူမှု ဥပဒေရေးဆွဲမည်၊

(ဆ) အစိုးရ၏ဘတ်ဂျက်သုံးစွဲမှု အစီရင်ခံတင်ပြသည့်စနစ် တိုးတက်အောင် ဆောင်ရွက်မည်၊

(ဇ) အစိုးရငွေချေးသက်သေခံလက်မှတ်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းအား ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

(က) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)တွင် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် SAS ကို စတင်အကောင်အထည်ဖော်မည်၊

(ခ) လက်ရှိမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများကို အငယ်တန်းအခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံးများအဖြစ်သို့ စတင်အသွင်ကူးပြောင်းဖွဲ့စည်းမည်၊

(ဂ) Value Added Tax စနစ်ကျင့်သုံးနိုင်ရေး လိုအပ်သည့် ဥပဒေရေးရာပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်မည်၊

(ဃ) ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်မည်၊

(င) ပြင်ဆင်ဖွဲ့စည်းမည့် ဖွဲ့စည်းပုံအသစ်နှင့်အညီ ဝန်ထမ်းအင်အားဖြည့်တင်းမည်၊

(စ) ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Modernization of Public Finance Management Project) အရ အခွန် ဆိုင်ရာ စီမံခန့်ခွဲမှု တိုးတက်စေရန်အတွက် USD 8895035 (ကျပ်သန်း ၁၀,၅၄၀.၆၁၆) ဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည်။

**အကောက်ခွန်ဦးစီးဌာန**

(က) အကောက်ခွန်ဦးစီးဌာနတွင် ကုန်ပစ္စည်း အလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ်(MACCS) အား ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန် ဧရိယာအတွင်းရှိ ဆိပ်ကမ်းများ၊ လေဆိပ်ကုန်လှောင်ရုံ (Export/Import)၊ သီလဝါအထူးစီးပွားရေးဇုန်တို့တွင် စတင်အသုံးပြုသွားမည်ဖြစ်ပြီး၊ အဆိုပါ လုပ်ငန်းအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်မှုများ ပြီးစီးပါက ၂၀၁၈ ခုနှစ် နောက်ပိုင်းတွင် နယ်စပ်ဧရိယာရှိ အကောက်ခွန်စခန်းများတွင် ထပ်မံတိုးချဲ့ ၍ အကောင်အထည်ဖော် ဆောင်ရွက်ပါမည်၊

(ခ) အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းစနစ်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အကောက်ခွန် ဆိုင်ရာ တန်ဖိုးသတ်မှတ်ရေး သဘောတူညီချက် (WTO- Customs Valuation Agreement) နှင့်အညီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ကုန်ရုံးချုပ်နှင့်

နယ်စပ်ဒေသ အကောက်ခွန်စခန်းများအားလုံးတွင် အပြည့်အဝကျင့်သုံးနိုင်ရေး ဆောင်ရွက်ပါမည်၊

(ဂ) အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းစနစ်အား WTO-Customs Valuation Agreement နှင့်အညီ စတင်ကျင့်သုံးသည့် အချိန်မှစ၍ နှောင်းစာရင်း စစ်ဆေးခြင်းစနစ် (Post Clearance Audit-PCA) အား စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နှောင်းစာရင်း စစ်ဆေးခြင်းစနစ် (PCA) အား နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်အညီ အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်၊

(ဃ) ကုန်ပစ္စည်းအမျိုးအစား ကြိုတင်သတ်မှတ်ခြင်းနှင့် အကောက်ခွန်တန်ဖိုး ကြိုတင်သတ်မှတ်ခြင်းတို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အကောက်ခွန် ဦးစီးဌာန ရုံးချုပ်နှင့် နယ်မြေအကောက်ခွန်ရုံးများတွင် အပြည့်အဝဆောင်ရွက် သွားမည်၊

(င) အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက် (ATIGA) နှင့်အညီ ကုန်သွယ်မှုလွယ်ကူစေရေးကို အခြေခံပြီး အကောက်ခွန်နှင့်ကုန်သည်များ လက်တွဲ ဆောင်ရွက်မှုဖြစ်သည့် အခွင့်ရ စီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အစီအစဉ် (Authorized Economic Operator-AEO Program) အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စတင်ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်၊

(စ) အာဆီယံအကောက်ခွန်ဆိုင်ရာ အစည်းအဝေးများအား နှစ်စဉ်(၂၀)ခု ကျင်းပရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် နှစ်စဉ်အစည်းအဝေး (၁)ကြိမ် (သို့မဟုတ်) (၂)ကြိမ်လက်ခံကျင်းပရမည် ဖြစ်ပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အာဆီယံအကောက်ခွန်ဆိုင်ရာ အစည်းအဝေး (၂)ကြိမ် လက်ခံကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားမည်၊

(ဆ) အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လုပ်ငန်းစီမံကိန်း တည်ဆောက်မှုကဏ္ဍတွင် မြို့နယ်ရုံးများအတွက် ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်း (၈)ခု လျာထား ဆောင်ရွက်မည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

(က) မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်ဆောင်ရွက်မည့် အစီအစဉ် Action Plan ရေးဆွဲမည်၊

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းမူဘောင်များ ပိုမိုကောင်းမွန်စေရန် ပြင်ဆင်ဆောင်ရွက်မည်၊

(ဂ) အာမခံလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်မည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များအား ကြီးကြပ်စစ်ဆေးခြင်းနှင့် အောင်ဘာလေထီလုပ်ငန်းများ ကြီးကြပ်စစ်ဆေးခြင်းအတွက် အရည်အသွေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်၊

(င) ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် ငွေရေးကြေးရေးကဏ္ဍ၊ အာမခံလုပ်ငန်းကဏ္ဍကြီးကြပ်ကွပ်ကဲခြင်းအတွက် လိုအပ်သောအရည်အသွေး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည်၊

(စ) ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ၊ အာမခံလုပ်ငန်းကဏ္ဍ၊ နိုင်ငံပိုင်ဘဏ်များ ကြီးကြပ်စစ်ဆေးရေးနှင့် အောင်ဘာလေထီလုပ်ငန်း ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(ဆ) UNDP Normal Country Program ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မည်၊

(ဇ) Financial Inclusion Roadmap Action Plan ပါလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(ဈ) ပြည်သူများအကြား ငွေကြေးအသိပညာ ပြန့်ပွားစေရေးအတွက် Financial Literacy Strategy ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်မည်၊

(ည) အောင်ဘာလေထီလုပ်ငန်းများ ကြီးကြပ်စစ်ဆေးခြင်းအတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန်၊ စာရင်းဇယားများ ပြည့်စုံမှန်ကန်စေရန်၊

ထီဝါသနာရှင်ပြည်သူများ သတ်မှတ်ဈေးနှုန်းများအတိုင်း ထီကံစမ်းနိုင်ခြင်း ရှိ/မရှိ စိစစ်ကြီးကြပ်မည်၊

(ဍ) ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအတွက် အရည်အသွေး တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် IT စနစ် ထိရောက်စွာအသုံးပြုကွပ်ကဲနိုင်ရန် ဆောင်ရွက်မည်၊

(ဎ) Financial Inclusion Roadmap Action Plan ပါလုပ်ငန်းစဉ်များအား အပြီးသတ် ဆောင်ရွက်မည်၊

(ဏ) အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍတွင် Mobile Banking ၊ Branchless Banking၊ e-Payment စနစ်များ အသုံးပြုနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(ဎ) ခေတ်မီ Core Banking System စနစ်ဖြင့် ပြောင်းလဲအသုံးပြုမှုနှင့် ATM ကွန်ယက်များဖြင့် ချိတ်ဆက်ဆောင်ရွက်သည့် နိုင်ငံပိုင်ဘဏ်ခွဲများအား ကြီးကြပ်ကွပ်ကဲမည်၊

(ဏ) Financial Services များအားနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်နေသော Ecosystem နှင့် လိုက်လျောညီထွေပြီး ဈေးကွက်အစိတ်အပိုင်းအားလုံးအတွက် ငွေကြေးဝန်ဆောင်မှုပေးခြင်းဖြင့် ကွန်ယက်တွင် ကျယ်ပြန့်စွာပါဝင်နိုင်ရန် ဆောင်ရွက်မည်၊

(တ) ဌာန၏ငွေစာရင်းများ မှန်ကန်ရေး၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး၊ စာရင်းစစ် အစစ်ဆေးခံနိုင်ရေးအတွက် ဘဏ္ဍာရေးမှူးများနှင့်အညီ တာဝန် တိကျစွာပေးအပ်၍ လိုက်နာဆောင်ရွက်စေမည်၊

(ထ) ဝန်ကြီးဌာန၏ လိုလားချက်အရ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဝန်ထမ်းအားလုံးမှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မည်။

**ပင်စင်ဦးစီးဌာန**

(က) ပင်စင်ဦးစီးဌာနသည် ပင်စင်အကျိုးခံစားခွင့်များကို အောက်ဖော်ပြပါ ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်များနှင့်အညီ စိစစ်ပြီး ပင်စင်လစာငွေများ ခံစားခွင့်ပြုသည့် ငွေပေးမိန့်များအား

ထုတ်ပြန်ဆောင်ရွက်ရသော ဌာနဖြစ်သည့်အတွက် ပင်စင်ဆိုင်ရာ ဥပဒေများ၊ ပြဋ္ဌာန်းခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်-

(၁) နိုင်ငံ့ဝန်ထမ်းဥပဒေ၊

(၂) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊

(၃) မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေ၊

(၄) မြန်မာပြည်ထပ်ဆင့်ထုတ်မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေ၊

(၅) မြန်မာပြည်အထူးပင်စင်ပေးရေးနည်းဥပဒေများ၊

(၆) ပင်စင်နည်းဥပဒေသစ်များ၊

(၇) မူလအခြေခံနည်းဥပဒေနှင့် နောက်ဆက်တွဲနည်းဥပဒေများ။

(ခ) ပင်စင်ဦးစီးဌာနသည် မူလအခြေခံဥပဒေများ၊ မြို့ပြဝန်ထမ်းစည်းမျဉ်း ဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စိစစ်ပြီး ဦးစီးဌာနများမှ အငြိမ်းစားယူသွားသော ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များ ခံစားနိုင်ရေးအတွက် ပင်စင်ငွေပေးမိန့်များ ထုတ်ပြန်ပေးခြင်း၊ လုပ်ငန်းအဖွဲ့အစည်းများမှ အငြိမ်းစားယူသွားသော ဝန်ထမ်းများအတွက် အစီရင်ခံစာများ ထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့် အငြင်းပွားဖွယ်ရာကိစ္စများအား သက်ဆိုင်ရာဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ငွေစာရင်းဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည်၊

(ဂ) လုပ်ငန်းစဉ် အောင်မြင်ရန်အတွက် ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများသည် အောက်ပါအတိုင်း ဆောင်ရွက်မည် -

(၁) ဦးစီးဌာနဝန်ထမ်းများ၏ ပင်စင်နှင့် လုပ်သက်ဆုငွေတို့ကို တွက်ချက်၍ မြန်မာ့စီးပွားရေးဘဏ်များသို့ ငွေပေးမိန့် ထုတ်ပြန်မည်၊

(၂) စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၊ စည်ပင်သာယာကဲ့သို့သော အဖွဲ့အစည်းများမှ အငြိမ်းစားယူကြသော ဝန်ထမ်းများရခွင့်ရှိသည့် ပင်စင်နှင့် လုပ်သက်ဆုငွေများကို စိစစ်၍ အစီရင်ခံစာ ထုတ်ပြန်မည်၊

(၃) ပြည်သူ့လွှတ်တော် အဆင့်ဆင့်နှင့် အာဏာပိုင်အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များ၏ နိုင်ငံရေးပင်စင်ကိစ္စများအတွက် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ခွင့်ပြုမိန့်ရရှိသောအခါ မြန်မာ့စီးပွားရေးဘဏ်များသို့ ငွေပေးမိန့် ထုတ်ပြန်ပေးမည်၊

(၄) ဦးစီးဌာနအငြိမ်းစားများ၊ ကာကွယ်ရေးအငြိမ်းစားများနှင့် နိုင်ငံရေးပင်စင်စားများ၏ အသုံးစရိတ်များကို စာရင်းပြုစုခြင်းနှင့် အသုံးစရိတ်ခန့်မှန်းခြေစာရင်းရေးဆွဲမည်၊

(၅) ပင်စင်စနစ်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဆက်လက် အကောင်အထည်ဖော်ရေးအတွက် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ ပင်စင်စီမံခန့်ခွဲရေး နည်းပညာအကြံပေးရရှိရေး ဆောင်ရွက်မည်။

(ဃ) လက်ရှိနိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံ၍ ပင်စင်အကျိုးခံစားခွင့် ထုတ်ပေးသည့်စနစ် (Unfunded Defined Benefit System) မှ နိုင်ငံတော်မှ လစဉ်ထည့်ဝင်၍ ပင်စင်ရန်ပုံငွေ ထူထောင်သည့်စနစ် (Funded Defined Contribution) သို့ ပြောင်းလဲဆောင်ရွက်မည်၊

(င) ပင်စင်ရန်ပုံငွေ ထူထောင်၍ ပင်စင်အကျိုးခံစားခွင့် ပေးနိုင်ရေးအတွက် ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခြင်း၊ တိုးချဲ့ခန့်ထားမည့် ဝန်ထမ်းများအတွက် ရုံးအသုံးအဆောင်၊ စက်ပစ္စည်းကိရိယာများ၊ ယာဉ်များဝယ်ယူခြင်း၊ ပြင်ဆင်မည်၊

(စ) စီမံကိန်း မျှော်မှန်းချက်များအနေဖြင့် ဌာနအမည်ပေါက် ဆောင်ရွက်ပြီး မြေ (၃.၅၀၂) ဧက၊ အဆောက်အဦ (၁၅) လုံး ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အောက်ပါအတိုင်း ဆောင်ရွက်မည်-

(၁) ရုံးချုပ်၊ ရုံးအမှတ်(၃၄)ရှိ ဌာနပိုင်အဆောက်အဦအပိုင်းတွင် တိုးချဲ့ဆောက်လုပ်ရန် လုပ်ငန်းများ ဆောင်ရွက်မည်၊

(၂) ချင်းပြည်နယ်ဦးစီးမှူးရုံး ရုံးသစ် ဆောက်လုပ်နိုင်ရန်အတွက် မြေသား ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်၊

(၃) ရခိုင်ပြည်နယ်ဦးစီးမှူးရုံး အောက်ခံအုတ်မြစ် မြှင့်တင်ခြင်း၊ ရုံးသစ် ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်မည်။

(ဆ) Pension Record Management Solution Program ဖြင့် ပင်စင် တွက်ချက်ခြင်းဆိုင်ရာစီမံခန့်ခွဲမှုစနစ်

(၁) လုပ်ငန်းဆောင်ရွက်ချက်များ

- အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်ဆိုင်ရာ အချက်အလက်များအား ဝင်စာမှတ်တမ်းထားရှိခြင်း၊ ပင်စင်လစာနှင့် ပင်စင်ဆုငွေများ တွက်ချက်ခြင်း၊ PPA (ပင်စင်ငွေပေးမိန့်) စာရင်းသွင်းခြင်း၊ ဘဏ် ပို့လွှာများ ထုတ်ပေးခြင်း၊ သတ်မှတ်ထားသော ပုံစံများအတိုင်း မှတ်တမ်းများ ထုတ်ယူပေးခြင်း တို့ကိုလုပ်ဆောင်နိုင်မည်၊
- ပြည်တွင်းကုမ္ပဏီ (Index Net Solution) နှင့် စာချုပ်ချုပ်ဆို ရေးသား ဆောင်ရွက်ခဲ့ပါသည်။ Program အားရုံးချုပ် (နေပြည်တော်) တွင် Program အသုံးပြု သင်တန်းပေးခြင်းနှင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မည်၊
- တိုင်းဒေသကြီး/ပြည်နယ်ရှိရုံးများသို့ ဆက်လက်၍ အသုံးပြုနိုင်ရေး အတွက် ရှေ့ဆက်လက် ဆောင်ရွက်မည်၊
- ယခင်က ဤ Program အသုံးပြုနိုင်ရေးအတွက် ရုံးချုပ် (နေပြည်တော်) ရှိ ဝန်ထမ်း(၅၀)ဦးအား သင်တန်း သင်ကြား ပေးပြီး ယခုအခါ Server (၁)လုံး၊ ကွန်ပျူတာ (၁၀)လုံးတို့ဖြင့် Program အား စတင်အသုံးပြုမည်၊
- ယခုရက် (၁၀၀) အတွင်းတွင် ရုံးချုပ်(နေပြည်တော်)ရှိ ကွန်ပျူတာ မတတ်ကျွမ်းသေးသည့် ဦးစီးမှူး (၁၀) ဦးအား i. office course သင်တန်း(၁)လနှင့် Program အသုံးပြုသင်တန်း (၁)လ၊ စုစုပေါင်း (၂)လ သင်တန်းပေးမည်။

(ဈ) **သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ်။** အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပင်စင်ရန်ပုံငွေစနစ်စတင်ရန် အစိုးရ၏ အစီအစဉ်အားတွေးရှု လုပ်ဆောင်ခြင်းအပြင်၊ ပင်စင်စနစ်တွင် IT နည်းဗျူဟာအား နှစ်တို၊ နှစ်လတ် စီမံကိန်းများဖြင့် လုပ်ဆောင်ရန် လိုအပ်ကြောင်း ကမ္ဘာ့ဘဏ်၏ လူမှုကာကွယ် စောင့်ရှောက်ရေးအဖွဲ့မှ ပညာရှင်များက အကြံပြု ထောက်ခံခဲ့ပါသည်။

(၂) IT နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် အောက်ပါအတိုင်း အဆင့် (၂) ဆင့်ရှိပါသည်-

(ကက)**အဆင့်(၁)။** ရှိပြီးသား ပင်စင်စီမံခန့်ခွဲမှုစနစ်ကို ပြည့်ဝသော အစိတ်အပိုင်းတစ်ခု ဖြစ်စေရန် ပေါင်းစပ်ခြင်းကို ရည်ရွယ် လုပ်ဆောင်ရပါမည်။ လက်ရှိပင်စင်စနစ်ကို ပြင်ဆင်၍ e-pension card ဖြင့် ထုတ်ပေးခြင်းအထိ လုပ်ငန်းစဉ် တစ်ခုလုံးကို လမ်းကြောင်းများနှင့် ချိတ်ဆက်ပြီးပြည့်စုံသောစနစ်တစ်ခု ဖြစ်ပေါ် လာစေရန် ပုံစံချခြင်းတို့ လုပ်ဆောင်ရပါမည်၊

(ခခ) **အဆင့်(၂)။** မြန်မာနိုင်ငံ၏အစိုးရမှ လစာပေးထားသော လက်ရှိ မြို့ပြဝန်ထမ်းများအတွက် ဝန်ထမ်း database ကို ရရှိလာစေရန်နှင့် ပိုမိုကောင်းမွန်သောပုံစံ ရရှိလာစေရန် အာရုံထား၍ ဂရုတစိုက် လုပ်ဆောင်မည်။ ဤအဆင့်၏ အဓိကရည်ရွယ်ချက်မှာ အနာဂါတ်တွင် ပင်စင်ရန်ပုံငွေစနစ် လုပ်ဆောင်ရန်အတွက် သေချာခိုင်မာသော အခြေခံအုတ်မြစ်တစ်ခု တည်ဆောက်ရန်ပင် ဖြစ်သည်။ စနစ်သည် ဝန်ထမ်းတစ်ဦးချင်းစီအတွက် တူညီသော အခွင့်အလမ်းများ ဖန်တီးပေးခြင်း လိုအပ်မည်။

(၃) သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်မည်-

(ကက)မှတ်တမ်း ထိန်းသိမ်းမှုစနစ်နှင့် ပင်စင်လုပ်ငန်းစဉ် အားလုံးကို လူအစားစက်ဖြင့် အစားထိုးလုပ်ငန်းစဉ်အဖြစ် ရောက်ရှိရေး အတွက် ရေးဆွဲအကောင်အထည်ဖော်မည်၊

(ခခ) သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ ပင်စင်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများ လုပ်ဆောင်မည်၊

(ဂဂ) သတင်းအချက်အလက်များနှင့် ဝန်ထမ်းများဆိုင်ရာအချက်အလက်များအား Website ၌ လွှင့်တင်၍ ပင်စင်နှင့် ပတ်သက်သည့် ဝန်ဆောင်မှုများပေးမည်၊

(ဃဃ) MIS (Management Information System) စနစ်ကို ထိန်းသိမ်းအသုံးပြုနိုင်ရေး မိမိဌာနရှိ ဝန်ထမ်းများနှင့် အခြားသောဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများအားနည်းပညာကဏ္ဍအရ အသုံးပြုနိုင်ရေး သင်တန်းများပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ပြုလုပ်မည်။

(ဈ) **ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေး။** အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) **မြန်မာနိုင်ငံ၏လူမှုကာကွယ်ရေးစနစ်** အတွင်းတွင် နိုင်ငံ့ဝန်ထမ်း ပင်စင်၊ အလုပ်သမား လူမှုဖူလုံရေးစနစ်၊ သက်ကြီးရွယ်အို၊ မိဘမဲ့ကလေး၊ မသန်မစွမ်းစောင့်ရှောက်မှုစနစ်တို့ကို ဝန်ကြီးဌာန (၃) ခုမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လွှမ်းခြုံနိုင်မှု နိမ့်နေသေးကြောင်း တွေ့ရှိရပါသည်။

(၂) **နိုင်ငံ့ဝန်ထမ်းပင်စင်စနစ်** တွင်လည်း ပင်စင်အသုံးစရိတ်များကို နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးစွဲလျှက်ရှိရာ ပင်စင်လစာအတွက် ဖြစ်ပေါ်နေသည့် ဝန်ထုပ်ဝန်ပိုး လျှော့ကျစေရန်နှင့် နှစ်စဉ် တိုးတက်မြင့်မားလာသည့် ပင်စင်စားအင်အားနှင့် ပင်စင်အသုံးစရိတ်များကြောင့် လက်ရှိပင်စင်စနစ်ကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ပင်စင်ရန်ပုံငွေ ထူထောင်၍ ရေရှည်ရန်ပုံငွေ လုံလောက်ပြီး တည်တံ့မျှတသော ပင်စင်စနစ်တစ်ရပ် ထူထောင်ရန် လိုအပ်ကြောင်း တင်ပြအပ်ပါသည်။ အစိုးရမှ စီမံခန့်ခွဲသော ပြည့်စုံသော လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် တစ်ရပ်ကို လက်ရှိ ဆောင်ရွက်လျက်ရှိသော အစီအမံများအပေါ် အခြေပြု ချိတ်ဆက်ထားသော ပင်စင်စနစ်တစ်ရပ်ကို ဖော်ဆောင်ပေးရန် လိုအပ်ပါသည်။

အလုပ်လုပ်နိုင်သောအရွယ်ကို ကျော်လွန်၍ သက်ကြီးရွယ်အို ဘဝတွင် စိတ်အေးချမ်းသာစွာဖြင့် နေထိုင်နိုင်ရေး၊ စားဝတ်နေရေး ဖူလုံရေးအတွက် မျှတသည့် ပင်စင်ခံစားခွင့်များ ရရှိအောင် နိုင်ငံ့ဝန်ထမ်း ပင်စင်စနစ်ကို ရန်ပုံငွေစနစ်သို့ စတင်ပြောင်းလဲပြီး အဆင့်ဆင့် ပြောင်းလဲသွားခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများသာမက လူမှုရေး ပင်စင်၊ ပုဂ္ဂလိက ဝန်ထမ်းပင်စင်စနစ်၊ လူမှုဖူလုံရေးစနစ်များ ခိုင်မာအားကောင်းအောင် ဆက်လက်ဆောင်ရွက်သွားပါမည်။

(၃) **နည်းလမ်းအနေဖြင့်** အောက်ပါအတိုင်း ဆောင်ရွက်မည်-

(ကက) ရန်ပုံငွေစနစ် စတင်သည့်နေ့တွင် ဝန်ထမ်းဟောင်းများအား ဘတ်ဂျက်မှ ကျခံပြီး၊ စနစ်စတင်သည့် နောက်ပိုင်းခန့်သည့် ဝန်ထမ်းများအား ရန်ပုံငွေစနစ်ဖြင့် ကျခံပါမည်။ ဝန်ထမ်းများ ရရှိလစာ၏ ၁၀% အား ဝန်ထမ်းမှ ပေးသွင်းရန်မလိုဘဲ နိုင်ငံတော်ထည့်ဝင်ပေးသည့်စနစ်ကို အကောင်အထည်ဖော်ရန် အဆိုပြုဆောင်ရွက်ဆဲ ဖြစ်ပါသည်။ နှစ်စဉ်တိုးလာမည့် ဝန်ထမ်း အင်အား ၆၀၀၀၀ (ခန့်မှန်း) အတွက် ထည့်ဝင်ရမည့် စုဆောင်းငွေ (၁၅.၄၈) ဘီလီယံခန့်ရှိပြီး နှစ် (၃၀) စုဆောင်းပါက နိုင်ငံတော်ဘတ်ဂျက်မှ ကျခံရန်မလိုဘဲ စုဆောင်းငွေမှ ထောက်ပံ့ပေးနိုင်ပါသည်။ PFM အစီအစဉ်မှ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ငွေကြေး ရရှိရေး ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါသည်။

( ခခ ) စနစ်ပြောင်းလဲမှုတိုင်းတွင် နေရာမှန်ကန်စွာ အသုံးပြုရန် မှတ်တမ်းထိန်းသိမ်းမှုစနစ် လိုအပ်ပါသည်။ လက်ရှိ မှတ်တမ်းထိန်းသိမ်းမှုစနစ်သည် ဝန်ထမ်းနှင့်ပင်စင်စား အချက်အလက်များကို စာရွက်စာတမ်းဖြင့် အခြေခံထားသဖြင့် ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်ရန်နှင့် ဒီဇိုင်းရေးဆွဲရန် ခက်ခဲကြောင်း ကောင်းမွန်သော သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် ဖော်ဆောင်ရေးသည် အရေးပါသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်၊

(ဂဂ) လက်ရှိပင်စင်စနစ် အကောင်အထည်ဖော်ရာတွင် သမရိုးကျစနစ်ဖြင့်သာ အကောင်အထည်ဖော်လျက်ရှိခြင်းကြောင့် လက်ရှိအခြေအနေထက် လုပ်ငန်းတွင်ကျယ်မှုရှိစေရန် ကွန်ပျူတာဖြင့် လုပ်ငန်းစဉ်အားလုံးကို ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ဦးစားပေးဆောင်ရွက်သွားမည်၊

(ဃဃ) ပင်စင်နှင့်ပတ်သက်သော လူ့စွမ်းအား စီမံခန့်ခွဲရေးဆိုင်ရာ သတင်းအချက်အလက်စနစ်များကို အဆင့်မြှင့်တင်သွားမည် ဖြစ်ပါသည်။ (ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ရေရှည်စဉ်ဆက်မပြတ် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးငှာ Pension Administration Technical Advisor ဦးစွာ ငှားရမ်းပြီး ဆောင်ရွက်မှသာလျှင် အစီအစဉ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်၍ ငှားရမ်း အသုံးပြုခွင့်ရရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန် တင်ပြအပ်ပါသည်။) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ပါတို့ကို ဆောင်ရွက်မည်-

- လုပ်ငန်းခွင်စွမ်းဆောင်ရည်များမြှင့်တင်မည်၊
- ကျွမ်းကျင်သူ (ပြည်တွင်း၊ပြည်ပ) ခန့်အပ်အသုံးပြုမည်၊
- ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွင် အဓိကနေရာများမှ တာဝန်ထမ်းဆောင်မည့်သူများအား သတ်မှတ်၍ ၎င်းတို့ကို လေ့ကျင့်ပေးမည်၊
- နိုင်ငံတကာ ပင်စင်စနစ်များ လေ့လာတင်ပြမည်၊
- ဝန်ထမ်းများအရည်အသွေး မြှင့်မားရေးအတွက် လေ့ကျင့်ပေးမည်၊
- ရုံးလုပ်ငန်းများကို ခေတ်မီ IT စနစ် အသုံးပြု ဆောင်ရွက်မည်။

(ငင) လုပ်ငန်းခွင် စွမ်းဆောင်ရည် မြှင့်တင်ခြင်းအတွက် အရည်အချင်းပြည့်ဝသူများ ရွေးချယ်တာဝန်ပေးအပ်ခြင်း၊ ဘာသာရပ်ဆိုင်ရာ

ကျွမ်းကျင်မှု သင်တန်းများစေလွှတ်ပြီး ဌာနအတွင်း ဖွဲ့စည်းမှု ပုံစံများကို လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်သွားပါမည်။

**အခွန်အယူခံခုံအဖွဲ့ရုံး**

(က) အခွန်အယူခံခုံအဖွဲ့ ဥပဒေကို ရေးဆွဲပြဋ္ဌာန်း၍ ဥပဒေဖြင့် ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်၊

(ခ) တင်သွင်းလျှောက်ထားလာမည့် အခွန်အကောက်ဆိုင်ရာ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ လွှဲအပ်မှုများအား ဥပဒေနှင့်အညီ ပြီးပြတ်အောင်စစ်ဆေး ဆောင်ရွက်မည်၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၆) ဖြင့် ခွင့်ပြုခဲ့သည့် အခွန်အယူခံခုံအဖွဲ့ရုံးဖွဲ့စည်းပုံအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ စီမံအုပ်ချုပ်သူနှင့် စီမံခန့်ခွဲသူ လုပ်သားများ (၁၄)ဦး၊ စာရေးစာချီနှင့် အလားတူလုပ်သားများ(၂၁)ဦး၊ ဝန်ဆောင်မှု လုပ်သားများ (၃)ဦး၊ ကုန်ထုတ်လုပ်သားများ၊ ၎င်းတို့နှင့် ဆက်စပ်နေသူများ၊ ပို့ဆောင်ရေး၊ စက်ကိရိယာပစ္စည်း ကိုင်တွယ်မောင်းနှင်သူများ(၃)ဦးနှင့် အခြား အထွေထွေလုပ်သားများ(၃)ဦး၊ စုစုပေါင်း(၄၄)ဦးအား ဆက်လက်ခန့်ထားနိုင်ရေး ဆောင်ရွက်သွားမည်၊

(ဃ) ဖွဲ့စည်းပုံသစ်အရ ဝန်ထမ်းများခန့်ထားရာတွင် လိုအပ်လာမည့် ရုံးလုပ်ငန်းသုံး အသုံးအဆောင်ပစ္စည်းများကိုလည်း ငွေလုံးငွေရင်းအသုံးစရိတ်များ လျာထား၍ ဝယ်ယူဖြည့်တင်းနိုင်ရေး ဆောင်ရွက်သွားပါမည်၊

(င) ဌာန၏ လုပ်ဆောင်ချက်များအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်မြန်ဆန်သွက်လက်စွာ တိုးတက်လာစေရန်အတွက် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပသင်တန်းများသို့ စေလွှတ်ခြင်း၊ ဌာနတွင်း လုပ်ငန်းခွင်မပျက် သင်တန်းများ ဖွင့်လှစ် ပို့ချပေးခြင်းတို့ ဆောင်ရွက်သွားမည်။

**ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**

(က) ရန်ကုန်စတော့အိတ်ချိန်း၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများကို ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများအား အရောင်းအဝယ်ပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ စာရင်းဝင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ ထပ်မံခွင့်ပြုနိုင်ရန် ဆောင်ရွက်မည်၊

(ခ) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူလူထုအတွင်း ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းနှင့် စတော့အိတ်ချိန်းဆိုင်ရာ အသိပညာ ဗဟုသုတများ ပြန့်ပွားစေရေးအတွက် ဟောပြောပွဲများ ကျင်းပမည်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား ဝန်ထမ်းခန့်ထားခြင်း၊ ရုံးခန်းနေရာ ရရှိရန်ဆောင်ရွက်ခြင်း၊ ကွန်ပျူတာစနစ်တပ်ဆင်ခြင်း၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် connectivity test ဆောင်ရွက်ခြင်း၊ ကုမ္ပဏီအတွင်း လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်းစသည်တို့ကို ဆောင်ရွက်ပြီးစီးပါက ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်မှ စစ်ဆေးအတည်ပြု၍ လုပ်ငန်းလိုင်စင်များ ထုတ်ပေးမည်၊

(ဃ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ အသိအမှတ်ပြု Acknowledgement Certificate ရရှိပြီးသော စတော့ရှယ်ယာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြည်တွင်းသင်တန်းကျောင်းများသို့ ဝန်ထမ်းများအား အလှည့်ကျသင်တန်း တက်ရောက်စေမည်၊

(င) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံချင်းလည်းကောင်း၊ နားလည်မှုစာချွန်လွှာများ၊ သဘောတူစာချုပ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခြင်း နှင့်စာချုပ်ချုပ်ဆိုမည်၊

(စ) ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူများတိုးပွားလာစေရေးဆောင်ရွက်မည်၊

(ဆ) အများနှင့်သက်ဆိုင်သော ကုမ္ပဏီများမှ အစုရှယ်ယာများ ထုတ်ဝေရောင်းချနိုင်ရေးအတွက် အလားအလာညွှန်းတမ်း (Prospectus)များ စစ်ဆေးအတည်ပြုပေးမည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

(က) အာဆီယံအစည်းအဝေးများအတွက် တောင်းခံလာသော Talking Points များကို အချိန်နှင့်တစ်ပြေးညီ ပြုစုပေးပို့ခြင်း၊

(ခ) အာဆီယံအစည်းအဝေးများတွင် ဆွေးနွေးနိုင်ရေးအတွက် အချက်အလက်များ Update ပြုလုပ်ခြင်း၊

(ဂ) အာဆီယံအစည်းအဝေးများ ဖိတ်ကြားလာပါက စေလွှတ်မည့်ကိုယ်စားလှယ်များအား ပြည်ထောင်စုဝန်ကြီးထံ လမ်းညွှန်မှုခံယူခြင်း၊

(ဃ) AEC 2025 အား အကောင်အထည်ဖော် လိုက်ပါဆောင်ရွက်ခြင်း၊

(င) ၂၀၁၇ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် ဖိလစ်ပိုင်နိုင်ငံ၏ deliverables များအား လိုက်ပါဆောင်ရွက်ခြင်း၊

(စ) AEC 2025 အရ အာဆီယံဒေသတွင်းထုတ်လုပ်မှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေး လုပ်ငန်းစီမံချက် ပြန်လည်ရေးဆွဲ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပါဝင်သော လုပ်ငန်းကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်း၊

(ဆ) Aid Information Management System - AIMS သင်တန်းများ ဆောင်ရွက်ခြင်း၊

(ဇ) Aid Information Management System - AIMS တွင် အချက်အလက်များ ထည့်သွင်းရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဈ) Aid Information Management System - AIMS ၏ Function များကို အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း၊

(ည) ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) ၏ အစည်းအဝေးများ ဆောင်ရွက်ခြင်း၊

(ဋ) Development Effectiveness Roundtable – DER အစည်းအဝေး ကျင်းပ ဆောင်ရွက်ခြင်း၊

(ဌ) FERD - CPG အစည်းအဝေးများ ဆောင်ရွက်ခြင်း၊

(ဍ) နိုင်ငံတကာ အကူအညီ ပွင့်လင်းမြင်သာမှုရှိစေရေး အစီအစဉ် (IATI) ၏ Steering Committee Meeting တွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် အဖွဲ့ဝင်ကြေး ပေးသွင်းခြင်း၊

(ဎ) ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ (SWGs) ၏အစည်းအဝေးများသို့ ပါဝင်တက် ရောက်ခြင်းနှင့် SWGs Dashboard တွင် အချက်အလက်များ စုစည်း ဆောင်ရွက်ခြင်း၊

(ဏ) မြန်မာနိုင်ငံတွင် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)နှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့၏ နိုင်ငံဆိုင်ရာ လုပ်ငန်း အစီအစဉ်များသည် ၂၀၁၇ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသဖြင့် အဆိုပြုနိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်အသစ် (၂၀၁၈-၂၀၂၂)များကို ၂၀၁၇ ခုနှစ် မှစ၍ ရေးဆွဲရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ Focus Area များနှင့် နိုင်ငံ၏ဦးစားပေးများ (priorities) နှင့် ကိုက်ညီစေရေးအတွက် နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်များနှင့်ကုလသမဂ္ဂအဖွဲ့အစည်းတို့ ပူးပေါင်းရေးဆွဲရာတွင် စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား focal department အဖြစ် တာဝန်ယူ၍ ရေးဆွဲခြင်း၊

(တ) Sustainable Development Goal (SDG-2) ဖြစ်သည့် Zero Hunger Challenges ပြည့်မီရေးအတွက် Food and Nutrition Security စီမံချက်အား အမျိုးသားအဆင့် အကောင်အထည်ဖော်ရာတွင် Multi Sector ဖြစ်ပါ၍ focal department အဖြစ် ဆောင်ရွက်ခြင်း၊

(ထ) INGO များအား ပြည်ထဲရေးဝန်ကြီးဌာနတွင် အဖွဲ့အစည်းမှတ်ပုံတင်ရာ၌ ဤဝန်ကြီးဌာနမှ Economic View အရ ထောက်ခံချက်ပေးရာတွင် focal အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ UN/INGO များ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဒ) ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း ကျင်းပပြုလုပ်ရန်ရှိသည့် မဲခေါင်သိပ္ပံအုပ်ချုပ်မှုဘုတ်အဖွဲ့ အစည်းအဝေး (၁/၂၀၁၇) သို့ ပါဝင်တက်ရောက်ရန် ဖိတ်ကြားလာပါက မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(ဓ) ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၉) ကြိမ်မြောက် စီးပွားရေးဝန်ကြီးများဖိုရမ်နှင့် (၂၂) ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် ဖိတ်ကြားလာပါက မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအား အတည်ပြုထုတ်ပြန်နိုင်ရန် လိုအပ်သည့် အထက်ဌာနများသို့တင်ပြ၍ အတည်ပြုထုတ်ပြန်ခြင်းနှင့် အမိန့်နှင့်ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်နှင့် ကုမ္ပဏီအက်ဥပဒေသစ်တို့နှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာသိရှိစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရန် ရည်ရွယ်လျက် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာ၊ တောင်ကြီး၊ ပုသိမ် စသည့်မြို့များတွင် အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဃ) တိုင်းဒေသကြီး/ပြည်နယ်များတွင် ကော်မရှင်၏ လုပ်ငန်းတာဝန် ခွဲဝေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊

(င) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အလားအလာရှိမည့် နိုင်ငံများ ရွေးချယ်၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ရေး ညှိနှိုင်းခြင်း၊ ချုပ်ဆိုပြီးစာချုပ်များအား ပြန်လည်သုံးသပ်ခြင်းနှင့် ချုပ်ဆိုပြီးသည့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ၊ MOU များ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချုပ်များပါအချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) ဌာန၏ဖွဲ့စည်းပုံပြင်ဆင်ရေး ဆောင်ရွက်ခြင်းနှင့် ဝန်ထမ်းများ ခန့်အပ်ခြင်း၊

(ဆ) ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းများအား နေရာချထားပေးခြင်း၊

(ဇ) ဌာနပိုင်အဆောက်အဦ/မော်တော်ယာဉ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ လိုအပ်သောရုံးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူတပ်ဆင်ဆောင်ရွက်ခြင်းနှင့် ဝန်ထမ်းများသက်သာချောင်ချိရေး အစီအစဉ်များဆောင်ရွက်ပေးခြင်း၊

(ဈ) မြစ်ကြီးနား၊ ဟားခါး၊ စစ်တွေနှင့် လွိုင်ကော်မြို့များတွင် ရုံးခွဲသစ်များ ထပ်မံဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ည) ထားဝယ်၊ တောင်ကြီး၊ ပုသိမ်မြို့များတွင် ရုံးအဆောက်အဦ တည်ဆောက်ခြင်း၊

(ဋ) ဌာနတွင်းဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ဌာနတွင်းလုပ်ငန်းကျွမ်းကျင်မှု ရက်တိုမွမ်းမံသင်တန်းနှင့် ရင်းနှီးမြှုပ်နှံမှုစာရင်းဇယားများ ကောက်ယူခြင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ဌာနတွင်းဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဌ) Responsible Business Conduct ဆိုင်ရာ ကြေညာချက်ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဍ) OECD နှင့်ပူးပေါင်း၍ ဒုတိယအကြိမ် Investment Policy Review အတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) GIZ နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ၏ တည်နေရာပြမြေပုံ (Location Atlas) စာအုပ်ထုတ်ဝေခြင်း၊ Myanmar Investment Guidebook ၂၀၁၄ အား ပြင်ဆင်ထုတ်ဝေခြင်း၊ မြန်မာနိုင်ငံ၏ Agricultural Value Chain Promotion အတွက် စီမံချက်ရေးဆွဲရန် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် Annual Report ထုတ်ဝေခြင်း၊

(ဏ) JICA နှင့်ပူးပေါင်း၍ Long Term FDI Promotion Plan ဆိုင်ရာ Task Force ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊

(တ) Oxford Business Group ၏ အထောက်အပံ့ဖြင့် Report Myanmar စာအုပ်အားထုတ်ဝေခြင်း၊

(ထ) Inward and Outward Investment Data များ မှန်မှန်ကန်ကန် ကောက်ယူနိုင်ရေး နည်းပညာရရှိရန် EU-ASEAN COMPASS Program နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဒ) ရင်းနှီးမြှုပ်နှံသူများအား ကော်မရှင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ဆောင်ရွက်ချက်များအားသိရှိနိုင်ရန် Public Awareness အစီအစဉ်များ ပြုလုပ်ခြင်း၊

(ဓ) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများဖြစ်ပွားမှ အရေးပေါ် ဖွဲ့စည်းဖြေရှင်းခြင်း မျိုးမဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများအား တရားရုံး(သို့မဟုတ်) အနုညာတခုံရုံးသို့ မရောက်မီစေ့စပ်ညှိနှိုင်းပေးသည့် ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ကြီးဌာနကိုယ်စား ဆုံးဖြတ်ချက်ပေးနိုင်မည့် အဆင့်မြင့်အရာရှိကြီးများ၊ ပညာရှင်များ ပါဝင်သည့်အဖွဲ့တစ်ခု ဖွဲ့စည်းထားရှိခြင်း၊

(န) Investment Promotion Fair ကို ပဲခူးမြို့တွင် နိုင်ငံတကာအဆင့် ကျင်းပခြင်း၊

(ပ) အစုစပ်လုပ်ငန်းအက်ဥပဒေ ပြင်ဆင်နိုင်ရေးဆောင်ရွက်ခြင်း၊

(ဖ) ဌာနနှင့်ပတ်သက်၍ ပြည်သူလူထု၏ သဘောထားများကို Questionnaires များမှတစ်ဆင့် Online စစ်တမ်း ကောက်ယူခြင်း။

**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

(က) ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဒုတိယ(၆)လပတ်အစီရင်ခံစာပြုစုခြင်း၊

(ခ) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာပြုစုခြင်း၊

(ဂ) ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းပထမ(၆)လပတ် အစီရင်ခံစာပြုစုခြင်း၊

(ဃ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သုံးလပတ်အလိုက် GDP ပြုစုခြင်း၊

(င) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဝန်ကြီးဌာနများမှ ငွေလုံးငွေရင်း အသုံးစရိတ်များ လွှဲပြောင်း သုံးစွဲခွင့် တင်ပြချက်များအား စိစစ်ခြင်း၊

(စ) ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေပြုစုခြင်း၊

(ဆ) ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ ဆောင်ရွက်ခြင်း၊

(ဇ) System of National Accounts အဆင့်မြှင့်တင်ခြင်း၊

(ဈ) ဝန်ထမ်းအင်အား ဖြည့်ဆည်းရေး နှင့် ဝန်ထမ်းစွမ်းဆောင်ရည် တိုးမြှင့်ခြင်း၊

(ည) ရုံးအဆောက်အဦနှင့် သင်တန်းကျောင်းများဆောက်လုပ်ခြင်း၊ ရုံးသုံးပရိဘောဂနှင့် စက်ကရိယာများဖြည့်ဆည်းခြင်း၊ ရုံးသုံးမော်တော်ယာဉ်များပြုပြင်ထိန်းသိမ်းခြင်း၊

(ဋ) ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုဆိုင်ရာစစ်တမ်းများ၊CaseStudy များ ကောက်ယူခြင်း။

**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန**

(က) မော်ကွန်း/မှတ်တမ်းများရယူရေးအတွက် ဦးစီးဌာန/အဖွဲ့များသို့ ကွင်းဆင်းဆောင်ရွက်ရန်၊ ထင်ရှားသော ပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ နှုတ်ပြောသမိုင်းရယူစုဆောင်းရန်နှင့် ပေပုရပိုက်များအား Digitization ဆောင်ရွက်သိမ်းဆည်းရန်အတွက် ဘုန်းတော်ကြီးကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ခြင်း၊

(ခ) အစိုးရဌာနများ/ အဖွဲ့အစည်းများ၌ မှတ်တမ်းထားသိုထိန်းသိမ်းမှုနည်းစနစ် ပိုမိုကောင်းမွန်ရေးအတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊

(ဂ) အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေသစ်အား လွှတ်တော်သို့ တင်ပြနိုင်ရန်ဆောင်ရွက်ပြီးဖြစ်ပါ၍ဥပဒေသစ်ပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ခြင်း။

**ဗဟိုစာရင်းအင်းအဖွဲ့**

(က) စာရင်းအင်းဥပဒေသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ထားခြင်းနှင့် အသစ်ပြဋ္ဌာန်းမည့် စာရင်းအင်းဥပဒေနှင့်အညီ စာရင်းအင်းကောက်ယူ စုစည်းမှုဆိုင်ရာ အခွင့်အာဏာသက်ရောက်မှု (Law Enforcement) ရှိစေရေး ဆောင်ရွက်ခြင်း၊

(ခ) စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ အတွင်းရေးမှူးရုံးအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေးနှင့် အစီရင်ခံစာ ရေးသားပြုစုခြင်းပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးကော်မတီ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်းဆောင်ရွက်ခြင်း၊

(ဃ) မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့တွင် အတွင်းရေးမှူးရုံးအနေဖြင့် ဆောင်ရွက်၍ လူမှုစီးပွားဆိုင်ရာ မူဝါဒများအတွက် အထောက်အပံ့ဖြစ်စေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(င) National Strategy for Development of Statistics 10 Years Long Term Implementation Plan (2017-2027) အား World Bank နှင့် ပူးပေါင်းရေးဆွဲခြင်း၊

(စ) National Strategy for Development of Statistics အကောင်အထည်ဖော်ဆောင်နိုင်ရန် ဖွဲ့စည်းထားသည့် လုပ်ငန်းအစုအဖွဲ့များ၏ စာရင်းအင်းဆိုင်ရာ လုပ်ငန်းများ အရည်အသွေးပြည့်ဝစေရန် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များပေးခြင်းနှင့် တွက်ချက်မှုနည်းလမ်းများပံ့ပိုးပေးခြင်း၊

(ဆ) မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၆-၂၀၁၇) Myanmar Living Conditions Survey - MLCS ကို တစ်နှစ်အတွင်း အပြီးသတ်ကောက်ယူ၍ ၂၀၁၈ ခုနှစ်တွင် စစ်တမ်းအစီရင်ခံစာ ထုတ်ပြန်ခြင်း၊

(ဇ) Myanmar Enterprise Monitoring System လုပ်ငန်းအစီအစဉ်၊ DANMARK နိုင်ငံအကူအညီဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ စစ်တမ်းများအတွက် ပြင်ဆင်ခြင်းနှင့် စစ်တမ်းကောက်ယူခြင်း၊

(ဈ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်ညွှန်ကိန်းများ တွက်ချက်တိုင်းတာနိုင်ရေးအတွက် စာရင်းအင်းတွက်ချက် ထုတ်ပြန်သူများ၊ အသုံးပြုသူများနှင့် အားလုံးသော ပါဝင်ပတ်သက်သူများအကြား ဆွေးနွေးညှိနှိုင်းပွဲများကျင်းပ၍ SDGs Baseline Data Report ထုတ်ဝေခြင်း၊

(ည) Statistical Yearbook 2016 ၊ Quarterly Statistics Bulletin (Quarterly Time Series,2015 -2017 နှင့် Quarter on Quarter,Q1 FY 2015-2017)၊ Agricultural Statistics နှင့် Selected Monthly Economic Indicators စသည့် စာရင်းအင်းဆိုင်ရာ စာစောင်များအား ပုံမှန်ထုတ်ဝေခြင်းနှင့်

တိုင်းဒေသကြီး/ပြည်နယ် လူမှုစီးပွားညွှန်ကိန်းများ စုစည်းစိစစ်ခြင်း၊ ထုတ်ဝေနိုင်ရန်အတွက် ဆောင်ရွက်ခြင်း၊

(ဎ) ASEAN Plus 6 ၊ Facts & Figures about Myanmar ၊ Socio-economic Indicators စသည့် လက်စွဲစာစောင်များအတွက် စာရင်းများကို ပုံမှန် Update ပြုလုပ်ခြင်းနှင့် MMSIS Websiteတွင် ကဏ္ဍစုံစာရင်းအင်းများကို လစဉ်ထည့်သွင်းခြင်းနှင့် Update ပြုလုပ်ခြင်းနှင့် Data Communication Network ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဏ) အပြည်ပြည်ဆိုင်ရာ နှိုင်းယှဉ်မှုအစီအစဉ်အရ International Comparison Programme (ICP) ကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ်များတွင် ICP Price Collection ကို ဆောင်ရွက်ခြင်း၊

(ဍ) မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ရှားမှုကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆက်လက်ဆောင်ရွက်ခြင်းနှင့် UNICEF နှင့် ပူးပေါင်း၍မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းကို e-platform စနစ်ဖြင့် ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းလာစေရန်အတွက် သင်တန်းများ ဆက်လက်ပို့ချခြင်း၊

(ဎ) Bloomberg အဖွဲ့နှင့် ပူးပေါင်း၍ VerbalAutopsy နည်းလမ်းဖြင့် သေဆုံးရသည့် ရောဂါအကြောင်းရင်းကို သိရှိနိုင်ရန်အတွက် မြို့နယ်(၁၄)မြို့နယ်နှင့် Birth Registration Campaign များတွင် ဆက်လက်ဆောင်ရွက်ခြင်း၊

(ဏ) Myanmar Automatic Cargo Clearance System (MACCS) မြန်မာအလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ်ဖြင့် အသုံးပြုနိုင်သည့် Eurotrace software ကို EU-ASEAN Compass အကူအညီဖြင့် Update ပြုလုပ်ခြင်းနှင့် သွင်းကုန်ကို FOB တန်ဖိုး တွက်ချက်နိုင်ရန်အတွက် EU-ASEAN Compass အကူအညီဖြင့် သင်တန်းပို့ချခြင်း၊

(တ) Graduate School of Administrative and Development (GSAD) ဘွဲ့လွန်သင်တန်းကျောင်းတွင် စာရင်းအင်းပညာဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Statistics- PGDS) သင်တန်းဖွင့်လှစ်သင်ကြားခြင်း၊

(ထ) မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေးငွေကြေးရန်ပုံငွေအစီအစဉ် Mekhong-Republic of Korea Cooperation Fund -MRCF) Project ဖြင့် စာရင်းအင်းအရည်အသွေးမြှင့်တင်ရန်အတွက် ဗဟိုစာရင်းအင်းအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စာရင်းအင်းဝန်ထမ်းများ၏ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြှင့်ရန်လိုအပ်သည့် အကဲဖြတ်သုံးသပ်မှုများ ဆောင်ရွက်ရန် စစ်တမ်းကောက်ယူခြင်း၊ သုတေသနပြုခြင်းနှင့် စာရင်းအင်းပညာရပ်ဆိုင်ရာ ပြည်တွင်း/ပြည်ပသင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း၊

(ဒ) Australian Volunteer International (AVI) မှ စာရင်းအင်းဆိုင်ရာကျွမ်းကျင်သူတစ်ဦးကို ဗဟိုစာရင်းအင်းအဖွဲ့တွင် Statistics Mentor အဖြစ်တွဲဖက်တာဝန်ထမ်းဆောင်စေခြင်းဖြင့် ဝန်ထမ်းများ၏ စာရင်းအင်းဆိုင်ရာကျွမ်းကျင်မှု၊ ကိန်းဂဏန်းအချက်အလက်များအပေါ် စိစစ်သုံးသပ်နိုင်မှု ၊ ခေတ်မီကွန်ပျူတာနည်းပညာသုံး စာရင်းအင်းဆိုင်ရာ စိစစ်သုံးသပ်မှုဆော့ဖ်ဝဲများအသုံးပြုနိုင်မှု၏ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု စသည်ဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်း၊

(ဓ) Statistics Sector Working Groups (SSWGs) မှ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့်ပူးပေါင်း ၍ ကဏ္ဍဆိုင်ရာစာရင်းအင်းများ ဆောင်ရွက်ခြင်း၊

(န) ဗဟိုစာရင်းအင်းအဖွဲ့၏ မြို့နယ်ရုံးခွဲများ ထပ်မံတိုးချဲ့ဖွင့်လှစ်ခြင်း၊ ဝန်ထမ်းအင်အားဖွဲ့စည်းပုံတိုးချဲ့ခြင်းနှင့် ဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းအသစ် တိုးချဲ့ခန့်ထားခြင်းနှင့်လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအားလုံး၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပြည်တွင်း၊ ပြည်ပသင်တန်းများသို့ စေလွှတ်ခြင်း၊

(ပ) သင်တန်းခန်းမဆောင် အထောက်အကူပြု နှစ်ထပ်အဆောက်အဦနှင့် သံကူကွန်ကရစ် တံတားတည်ဆောက်ခြင်းတို့ဆောင်ရွက်ခြင်း။

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

(က) ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းစီမံကိန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်း (၈)ခု၊ ရုံးအမှတ်(၃၂) ပတ်ဝန်းကျင်လုံခြုံရေးအတွက်

CCTV Camera တပ်ဆင်ခြင်းနှင့် e-Government အတွက် Server နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းတို့ဆောင်ရွက်ခြင်း၊

(ခ ) အရေးကြီးပုဂ္ဂိုလ်များ၏ ခရီးစဉ်များတွင် အသုံးပြုရန်အတွက် Toyota Fortuner (၁၀) စီး ဝယ်ယူရေးဆောင်ရွက်ခြင်း၊

(ဂ ) ဝန်ထမ်းရေးရာ ကိစ္စရပ်များ၊ ဝန်ထမ်းလုံခြုံရေး၊ စာရွက်စာတမ်းလုံခြုံရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ အသုံးစရိတ်များစိစစ်သုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်း။

**စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန**

(က) နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုများ အမှန်တကယ် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံချက်(PFM Project) အရ ကမ္ဘာ့ဘဏ်မှအကူအညီဖြင့် ကျွမ်းကျင်သူပညာရှင်များနှင့် စီမံကိန်းစိစစ်ခြင်းလုပ်ငန်း၊ စီမံကိန်းနှင့်လုပ်ငန်းများ၏ အကောင်အထည်ဖော်နိုင်မှုအခြေအနေ စောင့်ကြပ်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်း တို့ကိုဆောင်ရွက်လျက်ရှိပြီး စီမံကိန်းစိစစ်ခြင်း လုပ်ငန်းလမ်းညွှန် (Project Appraisal Guideline) ထွက်ရှိရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်၏ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီးတိုးတက်ဖွံ့ဖြိုးစေရန် တာဝန်ယူရသည့် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများအောက်ရှိ အဖွဲ့အစည်းများ၏ ဝန်ထမ်းဖွဲ့စည်းပုံများတွင်ဖွဲ့စည်းမှု မှန်-မမှန်၊ လုပ်ငန်းပမာဏနှင့် ဝန်ထမ်းအင်အား မျှတမှုရှိ-မရှိတို့ကို စိစစ်ခြင်း၊ အသစ်ရေးဆွဲတင်ပြလာသည့် ဖွဲ့စည်းပုံများစိစစ်တင်ပြခြင်း၊ လက်ရှိဖွဲ့စည်းပုံများအား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရန် တင်ပြသည့် ဖွဲ့စည်းပုံများကို စိစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် ပါဝင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲစေခြင်းမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ထမ်းအင်အားနှင့် လစာစရိတ်အခြေအနေအား ပြုစုတင်ပြခြင်း၊

(င) နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှု အခြေအနေ စိစစ်တင်ပြခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အကောင်အထည်ဖော်နိုင်မှု အခြေအနေအား အစီရင်ခံတင်ပြခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

**မြန်မာ့စီးပွားရေးဘဏ်**

(က) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာ့စီးပွားရေးဘဏ်များတွင် PFM အစီအစဉ်ဖြင့် ဆောင်ရွက်သော Core Banking Solution ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) e- Remittance System ကို ဘဏ်ခွဲများတွင် တိုးချဲ့ဆောင်ရွက်ခြင်း။

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**

(က) Bad Customar များ၏စာရင်းကို နိုင်ငံပိုင်ဘဏ်များအချင်းချင်း အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန်ပေးပို့ခြင်း၊

(ခ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် နိုင်ငံခြားငွေဖြင့် လက်ရှိဆောင်ရွက်သော ဘဏ်လုပ်ငန်းများအပြင် ဘဏ်တွင် Kyat စာရင်းများ လက်ခံဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အဆိုပါ Kyat စာရင်းများကို အချင်းချင်းစာရင်းပြောင်းခြင်း၊ Top up ပြုလုပ်ခြင်း၊ဘီလ်ပေးဆောင်ခြင်းစသည့် Kyat Transaction များ ဆောင်ရွက်နိုင်ရေးအတွက် Mobile Banking System ကိုအသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ ပြည်ပအဆက်အသွယ်ဘဏ်များနှင့် ကာလတိုနိုင်ငံခြားချေးငွေ (MoneyMarket) လုပ်ငန်းများ၊ နိုင်ငံခြားငွေကြေးလဲလှယ်ရောင်းဝယ်ရေး (FXMarket) လုပ်ငန်းများ၊ အစိုးရငွေတိုက်စာချုပ်လေလံ (Government Security Auction) လုပ်ငန်းများ၊ နိုင်ငံခြားငွေ ဈေးပြိုင်လေလံရောင်းဝယ်ခြင်း (FX Auction) လုပ်ငန်းများ၊ မြန်မာကျပ်ငွေဖြင့် ကာလတိုအပ်ငွေလေလံ (DepositAuction) လုပ်ငန်းများတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံခြင်း၊

(ခ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ ငွေစုဘဏ်အပ်ငွေနှင့် စာရင်းရှင်အပ်ငွေစာရင်းပိုင်ရှင်များအတွက် ATM Account မှ ATM Card များဖြင့် ငွေထုတ်ယူနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားသည့်စာရင်းပိုင်ရှင်များမှ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ထုတ်ယူလိုပါက ယခင်ကဘဏ်၏ ငွေထုတ်ကောင်တာတွင် ချက်လက်မှတ်တင်ပြ၍ အမေရိကန် ဒေါ်လာအား ထုတ်ယူရခြင်းအစား အမေရိကန်ဒေါ်လာ ၂၀၀၀ အထိအား စက်မှ ထုတ်ပေးနိုင်ရန် ATM စက်မှ ATM Card စနစ်ဖြင့် ထုတ်ယူပေးနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပ အရင်းအနှီးဈေးကွက်များတွင် နိုင်ငံတကာငွေရေးကြေးရေး ဈေးကွက်ဆိုင်ရာ အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်နှင့် နိုင်ငံခြားငွေရောင်းဝယ်ခြင်း (FX Dealing) တို့ကို Online မှတဆင့် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်မည့် နိုင်ငံတကာအဆင့်မီ IT စနစ်ဖြစ်သော Bloomberg LP Dealing Platform အသုံးပြုနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ ၂၀၁၆ ခုနှစ်၏ ပုဒ်မ(၃၄)(က) အရ နိုင်ငံတော်အတွင်း ဖွဲ့စည်းတည်ထောင်ထားသည့်ဘဏ်၏ ထည့်ဝင်ပြီး မတည် ငွေရင်းမှာကျပ်(၂၀) ဘီလီယံအောက် ရှိရမည်ဖြစ်ပြီး၊ ပုဒ်မ(၃၅)(က)အရ ဘဏ်၏ နှစ်စဉ်အမြတ်ငွေ၏ (၂၅%)ကို အထွေထွေသီးသန့် ရန်ပုံငွေစာရင်းသို့ လွှဲပြောင်း ထည့်သွင်းရန်နှင့် ထိုသို့လွှဲပြောင်းထည့်သွင်းခြင်းကို ထည့်ဝင်ပြီး မတည်ငွေရင်း ၏ (၁၀၀%)နှင့် ညီသည်အထိဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့်အညီ ဘဏ်၏ မတည်ရင်းနှီးငွေကို အထွေထွေသီးသန့်ရန်ပုံငွေ စာရင်းလက်ကျန်များမှ တိုးမြှင့် ဖြည့်တင်းဆောင်ရွက်ခြင်း၊

(စ) နိုင်ငံသားပိုင် လုပ်ငန်းကုမ္ပဏီများအား အပေါင်အာမခံဖြင့် နိုင်ငံခြားသုံးငွေများ ထုတ်ချေးခြင်း။

**မြန်မာ့အာမခံလုပ်ငန်း**

(က) အသက်အာမခံလုပ်ငန်းအနေဖြင့် ကျန်းမာရေးအာမခံလုပ်ငန်းအား New Version ဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဦးစားပေးဆောင်ရွက်ခြင်း၊

(ခ) သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်းအနေဖြင့် ၁-၈-၂၀၁၆ ရက်နေ့မှစတင်၍ သူတစ်ပါးထိခိုက်မှုအာမခံကြေးများကို ၂ဆခန့် တိုးမြှင့်ကောက်ခံပြီး နစ်နာကြေးများကိုလည်း လူ ၁ ဦးသေဆုံးမှုအတွက် ကျပ် ၁၀ သိန်း၊ ဒဏ်ရာရရှိမှုအတွက် အများဆုံး ကျပ် ၈ သိန်း တိုးမြှင့်ပေးချေခဲ့ပြီး နှစ်ကုန်ဆုံးချိန်၌ ရရှိသည့် ဝင်ငွေများကို သုံးသပ်၍ နစ်နာကြေးများကို တိုးမြှင့်ပေးချေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) မီးအင်ဂျင်နီယာနှင့် အမျိုးမျိုးအာမခံလုပ်ငန်းအနေဖြင့် မီးအာမခံလုပ်ငန်း၊ အမျိုးမျိုးအာမခံလုပ်ငန်း၊ အင်ဂျင်နီယာအာမခံလုပ်ငန်း၊ တစ်ဆင့်အာမခံလုပ်ငန်း စသည့် အာမခံလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် New Product အနေဖြင့် အပ်ငွေအာမခံ (Deposit Insurance) နှင့် ချေးငွေအာမခံ (Credit Guarantee Insurance) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်အနေဖြင့် ဝင်ငွေလျာထားချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်နေသည့်အပြင် လုပ်ငန်းမြန်ဆန် သွက်လက်စေရန်အတွက် ဖြေလျှော့မှုများ ဆောင်ရွက်လျက်ရှိပြီး အဆောက်အဦးများ၊ စက်ပစ္စည်း၊ ပရိဘောဂပစ္စည်းများ၊ မီးအာမခံသက်တမ်း ထားရှိရာတွင် ယခင်(၂)နှစ်တစ်ကြိမ် မျက်မြင်စစ်ဆေးခဲ့ရာမှ ယခုအခါ(၃)နှစ် တစ်ကြိမ်သာ စစ်ဆေးရန်၊ အဆောက်အဦး၏ တန်ဖိုးကို ယခင် ကျပ်သိန်း ၃၀၀ မှ ယခုကျပ်သိန်း ၅၀၀ မှ သာ ရာဖြတ်ကိစ္စဆောင်ရွက်ရန် စသည့် ဖြေလျှော့မှုများဖြင့် ရှေ့လုပ်ငန်းစဉ် ပိုမိုကောင်းမွန်အောင် ဦးစားပေးဆောင်ရွက်ခြင်း။

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

(က) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) စီမံကိန်းနှင့်ဘတ်ဂျက်လုပ်ငန်းစဉ်များ ချိတ်ဆက်၍ Bottom Up Planning နှင့် Top Down Budgeting စနစ်အား ပိုမိုပီပြင်လာအောင် ဆက်လက်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ဘဏ္ဍာငွေခွဲဝေမှုစနစ်အား ပိုမိုထိရောက်မှုရှိစေရေးအတွက် ဘဏ္ဍာရေးဗဟိုဦးစီး စနစ်ဖြေလျှော့ရေး (Fiscal Decentralization) ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေခွဲဝေမှုစနစ်အား ပိုမိုကောင်းမွန်စေရန် သုံးသပ်ပြင်ဆင် ဆောင်ရွက်ခြင်း၊

(ဃ) ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို ခေတ်ကာလနှင့်အညီ ဆက်လက် သုံးသပ်ပြင်ဆင်ခြင်း၊

(င) နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်၍ Corporatization Privatization များအဖြစ် ပြုပြင်ပြောင်းလဲခြင်း ဆက်လက်ဆောင်ရွက်ခြင်း၊

(စ) မြန်မာနိုင်ငံသဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲမှုလုပ်ငန်း ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး(Extractive Industry Transparency Initiative) လုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်ခြင်း၊

(ဆ) ပြည်သူများအား ဘဏ္ဍာရေးဆိုင်ရာ အသိပညာပေးရန်နှင့် ဘဏ္ဍာရေးပွင့်လင်းမြင်သာမှု (Fiscal Transparency) ပိုမိုအားကောင်းစေရန်အတွက် Citizen Budget အား ဆက်လက် ထုတ်ဝေရေးဆောင်ရွက်ခြင်း၊

(ဇ) ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်စုစည်းမှု၊ သုံးသပ်မှုနှင့် အစီရင်ခံစာများကို အချိန်နှင့် တစ်ပြေးညီ စုစည်းကောက်ယူနိုင်ရန်အတွက် Mini Data Center အား ထူထောင်ခြင်း။

**ငွေတိုက်ဦးစီးဌာန**

(က) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား ဆက်လက်ဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးစီမံခန့်ခွဲမှုနှင့်ကြွေးမြီစီမံခန့်ခွဲမှုများ အားကောင်းရန် ဆက်လက်ဆောင်ရွက်ခြင်း၊

(ဂ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ငွေကြေးစီမံချက်ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊

(ဃ) အစိုးရပစ္စည်းဝယ်ယူမှု စည်းမျဉ်းများ သုံးသပ်ပြင်ဆင်ခြင်းနှင့် ပစ္စည်းဝယ်ယူမှု ဥပဒေရေးဆွဲခြင်း၊

(င) အစိုးရ၏ဘတ်ဂျက်သုံးစွဲမှု အစီရင်ခံတင်ပြသည့်စနစ် တိုးတက်အောင်ဆောင်ရွက်ခြင်း၊

(စ) အစိုးရငွေချေးသက်သေခံ လက်မှတ်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းအား ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း။

**ပြည်တွင်းအခွန်များဦးစီးဌာန**

(က) ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း Modernization of Public Finance Management Project အရ အခွန်ဆိုင်ရာ စီမံခန့်ခွဲမှု တိုးတက်စေရန်အတွက် USD 8,895,035 ကျပ်သန်း (၁၀,၅၄၀,၆၁၆) ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် အဆိုပြုရည်မှန်းထားခြင်း။

**အကောက်ခွန်ဦးစီးဌာန**

(က) အကောက်ခွန်ဦးစီးဌာနတွင် ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ်(MACCS)အား ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်ဧရိယာအတွင်းရှိဆိပ်ကမ်းများ၊ လေဆိပ်ကုန်လှောင်ရုံ (Export/Import)၊ သီလဝါ အထူးစီးပွားရေးဇုန်တို့တွင် စတင်အသုံးပြုသွားမည်ဖြစ်ပြီး၊ အဆိုပါလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ ပြီးစီးပါက ၂၀၁၈ ခုနှစ် နောက်ပိုင်းတွင် နယ်စပ်ဧရိယာရှိ အကောက်ခွန်စခန်းများတွင် ထပ်မံတိုးချဲ့၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းစနစ်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အကောက်ခွန်ဆိုင်ရာ တန်ဖိုးသတ်မှတ်ရေး သဘောတူညီချက် (WTO- Customs Valuation Agreement) နှင့်အညီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ကုန်ရုံးချုပ်နှင့် နယ်စပ်ဒေသ အကောက်ခွန်စခန်းများအားလုံးတွင် အပြည့်အဝကျင့်သုံးနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) အကောက်ခွန်တန်ဖိုး သတ်မှတ်ခြင်းစနစ်အား (WTO-Customs Valuation Agreement) နှင့်အညီ စတင်ကျင့်သုံးသည့်အချိန်မှစ၍ နောင်းစာရင်းစစ်ဆေးခြင်းစနစ် (Post Clearance Audit-PCA) အား စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နောင်းစာရင်း စစ်ဆေးခြင်းစနစ် (PCA) အား နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်အညီ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) ကုန်ပစ္စည်းအမျိုးအစား ကြိုတင်သတ်မှတ်ခြင်းနှင့် အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်ခြင်းတို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အကောက်ခွန်ဦးစီးဌာနရုံးချုပ်နှင့် နယ်မြေအကောက်ခွန်ရုံးများတွင် အပြည့်အဝဆောင်ရွက်ခြင်း၊

(င) အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက် (ATIGA) နှင့်အညီ ကုန်သွယ်မှုလွယ်ကူစေရေးကို အခြေခံပြီး အကောက်ခွန်နှင့်ကုန်သည်များ လက်တွဲဆောင်ရွက်မှုဖြစ်သည့် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ အစီအစဉ် (Authorized Economic Operator-AEO Program) အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စတင်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) အာဆီယံအကောက်ခွန်ဆိုင်ရာ အစည်းအဝေးများအား နှစ်စဉ်(၂၀)ခု ကျင်းပရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် နှစ်စဉ်အစည်းအဝေး (၁) ကြိမ် (သို့မဟုတ်) (၂)ကြိမ် လက်ခံကျင်းပရမည်ဖြစ်ပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အာဆီယံအကောက်ခွန်ဆိုင်ရာ အစည်းအဝေး (၂) ကြိမ် လက်ခံကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဆ) အကောက်ခွန်ဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လုပ်ငန်းစီမံကိန်းတည်ဆောက်မှုကဏ္ဍတွင် မြို့နယ်ရုံးများအတွက် ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်း (၈)ခု လျာထားဆောင်ရွက်ခြင်း၊

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

(က) မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ် ဆောင်ရွက်ရမည့် အစီအစဉ် Action Plan ရေးဆွဲခြင်း၊

(ခ) အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းမူဘောင်များ ပိုမိုကောင်းမွန်စေရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဂ) အာမခံလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) မြန်မာနိုင်ငံအာမခံလုပ်ငန်းကဏ္ဍအတွင်း အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအာမခံအသင်း (Myanmar Insurance Association-MIA) ဖွဲ့စည်းတည်ထောင်သွားနိုင်ရေး ဆောင်ရွက်ခြင်း၊

(င) မြန်မာနိုင်ငံအာမခံလုပ်ငန်းကဏ္ဍအတွင်း နိုင်ငံသားပိုင် အာမခံကုမ္ပဏီများနှင့် နိုင်ငံခြားအာမခံကုမ္ပဏီများ တန်းတူညီမျှ အခွင့်အရေးရရှိစေမည့် နိုင်ငံတကာစံနှုန်းများနှင့်အညီ အာမခံလုပ်ငန်းကဏ္ဍ လွတ်လပ်ခွင့်ပြုရေး စီမံချက်ရေးဆွဲဆောင်ရွက်ခြင်း၊

(စ) မြန်မာနိုင်ငံအာမခံလုပ်ငန်းကဏ္ဍအား ထိန်းကျောင်းကြပ်မတ် စစ်ဆေးသွားရန် IAIS-Internation Association of Insurance Supervisors မှ ထုတ်ပြန်ထားသည့်စံချိန်စံညွှန်းများ Core Principleနှင့်အညီ Off-site Mornitoring Guidelinesနှင့် On-site Inspection Manual အားကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် ရေးဆွဲပြဋ္ဌာန်းရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးမြှင့်လာစေရေး ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံပိုင်ဘဏ်များအား ကြပ်မတ်ကွပ်ကဲခြင်းနှင့် အောင်ဘာလေထီလုပ်ငန်းများကြီးကြပ်စစ်ဆေးခြင်းအတွက် အရည်အသွေးတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဇ) ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် ငွေရေးကြေးရေးကဏ္ဍ၊ အာမခံလုပ်ငန်းကဏ္ဍကြီးကြပ်ကွပ်ကဲခြင်းအတွက် လိုအပ်သော အရည်အသွေးတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဈ) ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ၊ အာမခံလုပ်ငန်းကဏ္ဍ၊ နိုင်ငံပိုင်ဘဏ်

များကြီးကြပ်စစ်ဆေးရေးနှင့် အောင်ဘာလေထီလုပ်ငန်း ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ UNDP Normal Country Program ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်း၊

(ည) Financial Inclusion Roadmap Action Plan ပါလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဋ) ပြည်သူများအကြား ငွေကြေးအသိပညာပြန့်ပွားစေရေးအတွက် Financial Literacy Strategy ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဌ) အောင်ဘာလေထီလုပ်ငန်းများ ကြီးကြပ်စစ်ဆေးခြင်းအတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန်၊ စာရင်းဇယားများပြည့်စုံမှန်ကန်စေရန်၊ ထီဝါသနာရှင်ပြည်သူများ သတ်မှတ်ဈေးနှုန်းများအတိုင်း ထီကဲစမ်းနိုင်ခြင်းရှိ /မရှိ စိစစ်ကြီးကြပ်ခြင်း၊

(ဍ) အစိုးရအောင်ဘာလေထီဥပဒေကြမ်းတွင် ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာနမှ ကြီးကြပ်စစ်ဆေးနိုင်ရေးအတွက် ဥပဒေကြမ်းတွင် အောင်ဘာလေထီလုပ်ငန်းကြီးကြပ်မှု ကော်မတီဖွဲ့စည်းနိုင်ရန်နှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအား ကြီးကြပ်စစ်ဆေးရေး လုပ်ကိုင်ခွင့်ပြုခြင်းအား ထည့်သွင်းဖြည့်စွက်နိုင်ပါရန် ဝန်ကြီးဌာနသို့ တင်ပြထားခြင်းအား လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဎ) ထီဈေးကွက် တည်ငြိမ်စေရေးအတွက် ထီဈေးကွက်၏ သဘောသဘာဝကို အသေးစိတ်လေ့လာဆောင်ရွက်ခြင်း၊ e-Lottery အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတကာမှ ဆောင်ရွက်သောနည်းစနစ်များအား လေ့လာသုံးသပ်ပြီး ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် နည်းပညာများနှင့် ပညာရှင်များရယူချိတ်ဆက်၍ အကြံပြုနိုင်ရန် ဆောင်ရွက်ခြင်းစသည့် နည်းလမ်းများဖြင့် ပြည်တွင်းအောင်ဘာလေထီလုပ်ငန်းနှင့် e-Lotteryလုပ်ငန်းများအား စနစ်တကျဖြင့် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ခြင်း၊

(ဏ) ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ အတွက် အရည်အသွေးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် IT စနစ် ထိရောက်စွာအသုံးပြုကွပ်ကဲနိုင်ရန် ဆောင်ရွက်ခြင်း၊

(တ) Financial Inclusion Roadmap Action Plan ပါလုပ်ငန်းစဉ်များအား အပြီးသတ်ဆောင်ရွက်ခြင်း၊

(ထ) အသေးစားငွေရေးကြေးရေးလုပ်ငန်း Mobile Banking ၊ Branchless Banking ၊ e-Payment စနစ်များ အသုံးပြုနိုင်ရန် အကောင်အထည်ဖော် ဆောင် ရွက်ခြင်း၊

(ဒ) နိုင်ငံပိုင်ဘဏ်များတွင် ခေတ်မီ Core Banking System ပြောင်းလဲအသုံးပြုမှုနှင့် ATM ကွန်ယက်များဖြင့် ချိတ်ဆက်ဆောင်ရွက်သည့် နိုင်ငံပိုင်ဘဏ်ခွဲများအား ကြီးကြပ်ကွပ်ကဲခြင်း၊

(ဓ) Financial Services များအား နိုင်ငံတွင်ပြောင်းလဲဖြစ်ပေါ်နေသော Ecosystem နှင့် လိုက်လျောညီထွေပြီး၊ ဈေးကွက်အစိတ်အပိုင်းအားလုံးအတွက် ငွေကြေး ဝန်ဆောင်မှုပေးခြင်း၊ ကွန်ယက်တွင်ကျယ်ပြန့်စွာ ပါဝင်နိုင်ရန် ဆောင်ရွက်ခြင်း၊

(န) ဌာန၏ငွေစာရင်းများမှန်ကန်ရေး၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး၊ စာရင်းစစ်အစစ်ဆေးခံနိုင်ရေးအတွက် ဘဏ္ဍာရေးမှူးများနှင့်အညီ တာဝန်တိကျစွာ ပေးအပ်၍ လိုက်နာဆောင်ရွက်စေခြင်း၊

(ပ) ဝန်ကြီးဌာန၏လိုလားချက်အရ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် ရေးအတွက် ဝန်ထမ်းအားလုံးမှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်း။

**ပင်စင်ဦးစီးဌာန**

(က) ဦးစီးဌာနဝန်ထမ်းများ၏ ပင်စင်နှင့် လုပ်သက်ဆုငွေတို့ကို တွက်ချက်၍ မြန်မာ့ စီးပွားရေးဘဏ်များသို့ ငွေပေးမိန့်ထုတ်ပြန်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၊ စည်ပင်သာယာကဲ့သို့သော အဖွဲ့အစည်းများမှ အငြိမ်းစားယူကြသော ဝန်ထမ်းများရခွင့်ရှိသည့် ပင်စင်နှင့် လုပ်သက်ဆုငွေများကို စိစစ်၍ အစီရင်ခံစာ ထုတ်ပြန်ခြင်း၊

(ဂ) ပြည်သူ့လွှတ်တော်အဆင့်ဆင့်နှင့် အာဏာပိုင်အဖွဲ့အစည်းများတွင် တာဝန်ထမ်း ဆောင်ခဲ့သော ပုဂ္ဂိုလ်များ၏ နိုင်ငံရေးပင်စင်ကိစ္စများအတွက် နိုင်ငံတော်သမ္မတရုံး

နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ခွင့်ပြုမိန့်ရရှိသောအခါ မြန်မာ့စီးပွားရေးဘဏ်များသို့ငွေပေးမိန့်ထုတ်ပြန်ပေးခြင်း၊

(ဃ) ဦးစီးဌာနအငြိမ်းစားများ၊ကာကွယ်ရေးအငြိမ်းစားများနှင့် နိုင်ငံရေးပင်စင်စားများ၏အသုံးစရိတ်များကို စာရင်းပြုစုခြင်းနှင့် အသုံးစရိတ်ခန့်မှန်းခြေစာရင်း ရေးဆွဲခြင်း၊

(င) အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်ဆိုင်ရာအချက်အလက်များအား ဝင်စာမှတ်တမ်းထားရှိခြင်း၊ ပင်စင်လစာနှင့်ပင်စင်ဆုငွေများတွက်ချက်ခြင်း၊ PPA (ပင်စင်ငွေပေးမိန့်) စာရင်းသွင်းခြင်း၊ ဘဏ်ပို့လွှာများထုတ်ပေးခြင်း၊ သတ်မှတ်ထားသောပုံစံများအတိုင်း မှတ်တမ်းများထုတ်ယူပေးခြင်းတို့ကို လုပ်ဆောင်နိုင်ခြင်း၊

(စ) ပြည်တွင်းကုမ္ပဏီ( Index Net Solution ) နှင့် စာချုပ်ချုပ်ဆို ရေးသားဆောင်ရွက်ခြင်း၊ နေပြည်တော်တွင် Program အသုံးပြုသင်တန်းပေးခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်ရှိ ရုံးများသို့ ဆက်လက်၍အသုံးပြုနိုင်ရေးအတွက်ဆက်လက်ဆောင်ရွက်ခြင်း၊

(ဆ) ရုံးချုပ်(နေပြည်တော်)ရှိ ကွန်ပျူတာမတတ်ကျွမ်းသေးသည့် ဝန်ထမ်းများအား(၁) ကြိမ်လျှင်( ၁၀ )ဦးဖြင့် i.office course သင်တန်းပို့ချပေးခြင်း၊ သတင်းအချက်အလက်များနှင့် ဝန်ထမ်းများဆိုင်ရာ အချက်အလက်များအား Website ၌ လွှင့်တင်၍ပင်စင်နှင့် ပက်သက်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊

(ဇ) ပင်စင်စနစ်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အသေးစိတ် အစီရင်ခံစာများရေးဆွဲခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်းများအတွက် လိုအပ်သည့်အကြံဉာဏ်များ ရရှိစေရန် ပင်စင်စနစ် စီမံခန့်ခွဲရေးနည်းပညာအကြံပေးပုဂ္ဂိုလ် ရယူဆောင်ရွက်ခြင်း၊

(ဈ) မှတ်တမ်းထိန်းသိမ်းမှု ပင်စင်ဆိုင်ရာလုပ်ငန်းစဉ်များ စီမံခန့်ခွဲမှု သတင်းအချက်အလက်များတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် Management Information System သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ် တည်ဆောက်ခြင်း၊

(ည) လူ့စွမ်းအားအရင်းအမြစ် တိုးတက်မြင့်မားလာရေးအတွက် ဝန်ထမ်းများအရည်အသွေးမြှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဋ) အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်မည့် စရိတ်များအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ်လျာထားရေးဆွဲတင်ပြခြင်း။

**အခွန်အယူခံခုံအဖွဲ့ရုံး**

(က) လက်ရှိရေးဆွဲလျက်ရှိသည့် အခွန်အယူခံခုံအဖွဲ့ဥပဒေအား ပြည်ထောင်စု လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခြင်း၊

(ခ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အခွန်အယူခံခုံအဖွဲ့ရုံးအနေဖြင့် အခွန်အကောက် ဆိုင်ရာဥပဒေများအရ တက်ရောက်လာမည့်အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည် သုံးသပ်မှုနှင့် လွှဲအပ်မှုများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) ဖွဲ့စည်းပုံသစ်အရ ဦးစီးရုံးနှင့်ဌာနခွဲ(၆)ခုအား ပီပီပြင်ပြင် ဖွဲ့စည်းဆောင်ရွက်နိုင် ရေးနှင့် ပတ်သက်၍ အခွန်အယူခံခုံအဖွဲ့ရုံးဖွဲ့စည်းပုံအရ အရာထမ်း(၆၀)ဦး၊ အမှုထမ်း(၁၃၅)ဦး၊ စုစုပေါင်း(၁၉၅)ဦး ခန့်အပ်ခွင့် ခွင့်ပြုထားသည့်အနက် လက်ရှိတွင် အရာထမ်း (၆)ဦး၊ အမှုထမ်း(၁၆)ဦး ၊ စုစုပေါင်း(၂၂)ဦး ခန့်အပ်ပြီး ဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အရာထမ်း(၁၀)ဦး၊ အမှုထမ်း(၉)ဦး၊ စုစုပေါင်း(၁၉)ဦးအား ထပ်မံခန့်အပ်နိုင်ရေး ဝန်ကြီးဌာနမှတဆင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိ နားလည်စေရန်အတွက် ဝန်ကြီးဌာန Website နှင့်တကွ သတင်းမီဒီယာများတွင် ဖော်ပြနိုင်ရေး ဆောင်ရွက်ခြင်း။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**

(က) ရန်ကုန်စတော့ အိတ်ချိန်း၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်အများနှင့် သက် ဆိုင်သော ကုမ္ပဏီများကို ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများအား အရောင်းအဝယ်ပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ စာရင်းဝင်ကုမ္ပဏီများ အား သတ်မှတ်ချက်များနှင့်အညီ ထပ်မံခွင့်ပြုနိုင်ရန် ဆောင်ရွက်ခြင်း၊

(ခ) စျေးကွက်တွင် ရင်းနှီးမြှုပ်နှံသူများ တိုးပွားလာစေရေး ဆောင်ရွက်ခြင်း။

# ဆောက်လုပ်ရေးဝန်ကြီးဌာန

## ဆောက်လုပ်ရေးဝန်ကြီးဌာန

### မူဝါဒ

ဝန်ကြီးဌာန၏မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်းရေးဆွဲဖော်ပြအပ်ပါသည်-

(က) မြန်မာနိုင်ငံ၏ ဆောက်လုပ်မှုကဏ္ဍကို စနစ်ကျနစွာ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(ခ) မြန်မာနိုင်ငံ၏ လမ်း/တံတားများကို အဆင့်မီဖွံ့ဖြိုးတိုးတက်စေရေး၊

(ဂ) မြန်မာနိုင်ငံ၏ မြို့ပြနှင့်အိမ်ရာကဏ္ဍကိုဟန်ချက်ညီညီ၊ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေး၊

(ဃ) ပြည်သူလူထုအတွက် သင့်လျော်ကောင်းမွန်သည့် အိမ်ရာများ စဉ်ဆက်မပြတ်ဖြည့်ဆည်းနိုင်ရေး။

### ရည်မှန်းချက်

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက်ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစားပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက်ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကိုအောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ ဥပဒေရေးဆွဲပြဋ္ဌာန်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံသက်ရောက်မှုရှိစေရေး ဆောင်ရွက်ရန်၊

(ခ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ ဥပဒေအောက်တွင် လိုအပ်သည့် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများထုတ်ပြန်၍ သင့်လျော်သော ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဂ) မြန်မာနိုင်ငံ၏ လမ်း/တံတားများကို အာဆီယံအဆင့်(၃) အဆင့်အနိမ့်ဆုံး ကျန်ရှိအောင်ဆောင်ရွက်ရန်နှင့် ထိုမှတစ်ဆင့် အာဆီယံအဆင့်(၂)၊ အဆင့်(၁)သို့ ဆက်လက်အကောင်အထည်ဖော်ရန်၊

(ဃ) လမ်းနှင့်တံတားဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ရောက် လွှမ်းခြုံမှုရှိရန်၊

(င) မြို့ပြနှင့်အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည့်မြို့ပြကွန်ယက်စနစ် ထူထောင်နိုင်ရေးတို့အတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းအကောင်အထည်ဖော်ကြပ်မတ်ရန်၊

(စ) မြို့ရွာများအားလုံးကို မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် မြို့ပြပို့ဆောင်ရေးစီမံကိန်းများကို ပင်မစီမံကိန်းနှင့်အညီ တစ်ဆင့်ချင်း အကောင်အထည်ဖော်ရန်၊

(ဆ) အမျိုးသားအိမ်ရာ မူဝါဒရေးဆွဲပြုစုနိုင်ရေးနှင့် မူဝါဒနှင့်အညီ အကောင်အထည်ဖော်နိုင်ရေးစီမံဆောင်ရွက်ရန်၊

(ဇ) ဝန်ထမ်းအိမ်ရာ၊ ပြည်သူ့အိမ်ရာ၊ အငှားအိမ်ရာများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်၍ ပြည်သူလူထု၏အိုးအိမ် လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ရန်။

## လုပ်ငန်းစဉ်

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ်ဖြစ်ပေါ်နိုင်ပြီး အချို့သောလုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) **နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းတွင် ပါဝင်ဆောင်ရွက်ခြင်း**

(၁) ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)၏ လုပ်ငန်းတာဝန်ဝတ္တရားများကိုဆောင်ရွက်ပါမည်၊

(၂) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန် ဝတ္တရားများကို ဆောင်ရွက်ပါမည်၊

(၃) အဆောက်အဦဦးစီးဌာနသို့ အပ်နှံသော တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပါမည်၊

(၄) နှစ်ရှည်ပင်မစီမံကိန်းတွင်ပါဝင်သော အဓိကနိုင်ငံတကာနှင့် ဆက်သွယ်သည့် လမ်းများ၊ ပြည်ထောင်စုလမ်းများအား မြေလမ်း/အမာခံလမ်း/ ကျောက်လမ်း/ (၃.၅)မီတာ၊ (၅.၅)မီတာအကျယ် ကတ္တရာလမ်းမှ (၇)မီတာ အကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေ ပေါ်မူတည်၍ အဆင့်ဆင့်တိုးမြှင့် ဖောက်လုပ်မည်၊

(၅) ဆောင်ရွက်ဆဲ ကျန်ပြည်ထောင်စုလမ်းများအား မြေလမ်း/ အမာခံလမ်း/ ကျောက်လမ်း/ (၃.၅)မီတာ၊ (၅.၅)မီတာအကျယ် ကတ္တရာလမ်းမှ (၇)မီတာ အကျယ် ကတ္တရာလမ်းအဖြစ် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အဆင့်ဆင့် တိုးမြှင့် ဖောက်လုပ်မည်၊

(၆) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတကာဆက်သွယ်မှုလမ်းပေါ်ရှိ တံတား (၂) စင်း ဆောက်လုပ်မည်၊

(၇) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အဓိကပြည်ထောင်စုလမ်းမကြီးများပေါ်ရှိ တံတား (၁၁)စင်းဆောက်လုပ်မည်၊

(၈) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျန်ပြည်ထောင်စုလမ်းများပေါ်ရှိ တံတား (၅၁)စင်း၊ စုစုပေါင်း (၆၄)စင်းအား (၇)မီတာအကျယ် သံကူကွန်ကရစ် တံတားများအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်မည်၊

(၉) အမျိုးသားအဆင့် မြို့ပြနှင့်ဒေသမူဝါဒများ၊ မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာများ၊ အမျိုးသားအဆင့်အိမ်ရာမူဝါဒများ၊ အိမ်ရာဖွံ့ဖြိုးရေးမဟာဗျူဟာများနှင့် အိမ်ရာငွေကြေးစနစ်ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာများ ပြုစုရေးဆွဲ

ဆောင်ရွက်မည်၊ (နိုင်ငံခြားအကူအညီအထောက်အပံ့နှင့် ပြည်ထောင်စုဘတ်ဂျက်)

(၁၀) အမျိုးသားအဆင့် မြို့ပြနှင့်အိမ်ရာ စစ်တမ်းကောက်ယူခြင်းများကို နိုင်ငံတစ်ဝန်း ဦးစားပေးအစီအစဉ်အလိုက် စဉ်ဆက်မပြတ် သုတေသန ပြုလုပ်ဆောင်ရွက်မည်၊ (နိုင်ငံခြားအကူအညီအထောက်အပံ့နှင့် ပြည်ထောင်စုဘတ်ဂျက်)

(၁၁) ကုလသမဂ္ဂလူနေမြို့ရွာများ ဖွံ့ဖြိုးမှုအစီအစဉ်၏ အထောက်အပံ့ဖြင့် ထူထောင်ထားသော မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနသိပ္ပံကို ပြည်တွင်းပြည်ပမှပညာရှင်များ၏ အကူအညီဖြင့် မြို့ပြစီမံကိန်း၊ အခြေခံအဆောက်အအုံဆိုင်ရာ၊ သဘာဝဘေးအန္တရာယ် တားဆီးရေးဆိုင်ရာ၊ မြေအသုံးချမှုဆိုင်ရာ မူဝါဒစီမံကိန်းရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားမည်၊ (နိုင်ငံခြားအကူအညီအထောက်အပံ့နှင့် ပြည်ထောင်စုဘတ်ဂျက်)

(၁၂) အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့ဖြင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်တွင် ပူးပေါင်းပါဝင်မည့် လုပ်ငန်းများမှာ-

- ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင် ဆင်းရဲနိမ့်ကျနေသည့် မြို့ပြလူနေရပ်ကွက်များတွင် လူထုပါဝင်သည့် အခြေခံအဆောက်အဦအဆင့်မြှင့်တင် ဖွံ့ဖြိုးရေးစီမံကိန်း၊
- မြို့ပြစီမံခန့်ခွဲရေးကဏ္ဍနှင့် သဘာဝဘေးဒဏ်ခံ လူနေမြို့/ရွာများစီမံကိန်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး သင်တန်းများပေးခြင်း၊
- မန္တလေးမြို့တွင် အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်ခြင်း၊ (အထူးသဖြင့် ရေပေးရေး၊ ရေဆိုးသန့်စင်ရေး၊ မိလ္လာစနစ်၊ အမှိုက်စွန့်ပစ် စနစ်)၊ (နိုင်ငံခြားအကူအညီအထောက်အပံ့/ နိုင်ငံခြားချေးငွေ)
- လူမှု၊ စီးပွား၊ ပတ်ဝန်းကျင် ဘက်ပေါင်းစုံမှ မြို့ပြနေသူတို့၏ နေထိုင်မှုဘဝ မြှင့်တင်ပေးရေး မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအမံများဆန်းစစ်ရေးဆွဲခြင်း၊

- မဲခေါင်ဒေသ လမ်းကြောင်းပေါ်ရှိ(မော်လမြိုင်၊ ဘားအံ၊ မြဝတီ) မြို့များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံအဆင့်မြှင့်ရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အာရှဖွံ့ဖြိုးရေးဘဏ်မှ နည်းပညာအထောက်အပံ့ချေးငွေ) (ပြည်ထောင်စုဘတ်ဂျက်)

(၁၃) တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ကျွမ်းကျင်မှုအကူအညီ တောင်းခံလာသည့် မြို့များ၏ မြို့ပြစီမံကိန်းရေးဆွဲရေး လုပ်ငန်းများကို စီမံချက်များ ရေးဆွဲ၍ဆောင်ရွက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်)

(၁၄) တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် မြို့သစ်စည်ပင်ရေး လမ်းများဖောက်လုပ်ခြင်း လုပ်ငန်းများနှင့် မြို့ပြရေဖြန့်ဖြူး ပေးဝေရေး လုပ်ငန်း၊ အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်)

(၁၅) တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ထုတ်ပေးနိုင်မည့် စက်မှုဇုန်များ စနစ်တကျပေါ်ပေါက်ရေး စီမံကိန်းများ ပေါင်းစပ်ရေးဆွဲမည်၊ (ပြည်ထောင်စုဘတ်ဂျက်)

(၁၆) ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဝယ်ယူနိုင်စွမ်းရှိသော ရွှေ့ပြောင်း စမ်းသပ်အိမ်ရာစီမံကိန်းဖြစ်သည့် ရောဂဏ်-ရတနာအိမ်ရာ စီမံကိန်းပါ (၁၈)ထပ်အဆောက်အဦးများအနက် အဆောက်အဦ (၁၁) လုံးကို ပြည်ထောင်စုဘတ်ဂျက် လှည့်ပတ်ရန်ပုံငွေများမှ ကျခံဆောင်ရွက်ပြီး ကျန်အဆောက်အဦ (၁၈) လုံးကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းအကောင်အထည်ဖော်ရာတွင် လိုအပ်သော အခြေခံအဆောက်အအုံများကို ဖြည့်တင်းတည်ဆောက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်/ ချေးငွေ)

(၁၇) တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း မြေနေရာရရှိမှုအပေါ် မူတည်၍ တန်ဖိုးလတ်နှင့် တန်ဖိုးနည်းအိမ်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘတ်ဂျက်နှင့် ပြည်တွင်းပြည်ပချေးငွေများ)

(၁၈) တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ အတွက် လမ်း၊ ရေ၊ လျှပ်စစ်မီး ....စသည့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော် တည်ဆောက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ဘတ်ဂျက်)

(၁၉) အခြားတိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့များ၊ ခရိုင်မြို့များတွင် ဒေသရုံးခွဲများ တည်ဆောက်ခြင်း၊ ဝန်ထမ်းများနှင့် ပြည်သူများအတွက် အငှားချအိမ်ရာ စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်မည်၊ (ပြည်ထောင်စု ဘတ်ဂျက်/ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘတ်ဂျက်၊ ပြည်တွင်းပြည်ပချေးငွေ )

(၂၀) သက်တမ်းလွန်ပြည်သူ့အိမ်ရာများ ပြန်လည်စည်ပင်ရေး စီမံကိန်းရေးဆွဲ ခြင်းနှင့် စီမံကိန်း စတင်အကောင်အထည်ဖော်ခြင်း အစီအစဉ်များအဖြစ် ရန်ကုန်မြို့တွင် သုဝဏ္ဏအိမ်ရာ၊ ကန်တော်လေးအိမ်ရာ၊ ပျဉ်းမပင်အိမ်ရာ၊ လမ်းသစ်အိမ်ရာ၊ မိတ္ထီလာ၊ မကွေး၊ မော်လမြိုင်၊ ပဲခူး၊ စစ်ကိုင်း၊ ပုသိမ်မြို့များရှိ အိမ်ရာစခန်းများ ပြန်လည်စည်ပင်ရေး စီမံကိန်းတို့ကို စနစ်တကျ စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စီမံကိန်းလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ များနှင့် ညှိနှိုင်းဆောင်ရွက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း)

(၂၁) ရန်ကုန်မြို့ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အဆောက်အဦများ ရေရှည်တည်တံ့ခိုင်ခံ့စေရန်အတွက် မွမ်းမံပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်နှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း)

(၂၂) နယ်စပ်ဒေသ ကုန်သွယ်မှုမြို့များနှင့်နိုင်ငံတစ်ဝန်း ဒေသအနှံ့အပြားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အချက်အချာမြို့များနှင့် အာဆီယံဒေသအတွင်း ချိတ်ဆက်လမ်းမကြီးများပေါ်ရှိ မြို့ကြီးများ၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ပင်မစီမံကိန်းပုံစံများ ရေးဆွဲခြင်းကို ဆောင်ရွက်မည်၊ (ပြည်ထောင်စု ဘတ်ဂျက်) (နိုင်ငံခြားအကူအညီ)

(၂၃) နေပြည်တော်လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများ အထူး ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများနှင့် မူဝါဒအရလိုအပ်သော အဆောက်အဦများ ထပ်တိုးဆောင်ရွက်ခြင်း၊ ခေတ်မီနည်းစနစ်ဖွံ့ဖြိုးမှုအရ လုံခြုံရေးစနစ်များကို တိုးချဲ့ဆောင်ရွက်ခြင်း၊ ရွှေးကောက်တင်မြှောက်ခြင်း၊ မဲပေးခြင်းစနစ် နည်းပညာအရ လိုအပ်သော ထပ်တိုးလုပ်ငန်းများ ဆောင်ရွက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်)

(၂၄) ဝန်ကြီးဌာနက စီမံခန့်ခွဲရသော အခြားအဆောက်အဦများ ပြင်ဆင် မွမ်းမံခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်၊ (ပြည်ထောင်စု ဘတ်ဂျက်)

(၂၅) အစိုးရဌာနအချင်းချင်း လုပ်ငန်းကိစ္စရပ်များကို အွန်လိုင်းမှတစ်ဆင့် အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်၊ (ပြည်ထောင်စု ဘတ်ဂျက်)

(၂၆) အဆင့်မြင့်နည်းပညာသုံး ပထဝီဝင် သတင်းအချက်အလက်စနစ်ဖြင့် မြေပုံထုတ်လုပ်ခြင်း၊ စပေရှယ်သတင်းအချက်အလက် အခြေခံအဆောက်အအုံ ထူထောင်ခြင်း၊ ဆက်နွှယ်နေသည့်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်၊ နိုင်ငံခြား အကူအညီ)

(၂၇) မြို့ပြမြေစီမံခန့်ခွဲမှု၊ အိမ်ရာစီမံခန့်ခွဲအုပ်ချုပ်မှု၊ အိမ်ရာဈေးကွေ စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ကွန်ပျူတာသတင်းအချက်အလက် စနစ်များဖြင့် ချိတ်ဆက် ထူထောင်ဆောင်ရွက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်၊ နိုင်ငံခြား အကူအညီ)

(၂၈) ပြည်ထောင်စုအစိုးရ၏ သီးခြားတာဝန်ပေးအပ်သည့် အောက်ဖော်ပြပါ အထူးဖွံ့ဖြိုးရေးစီမံကိန်းများကိုဆောင်ရွက်မည်၊ (ပြည်ထောင်စုဘတ်ဂျက်)

- နေပြည်တော် အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် လိုအပ်သည့် အိမ်ရာစီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ဆက်လက်ဆောင်ရွက်မည်၊
- ရတနာပုံနည်းပညာ မြို့သစ်စီမံကိန်းရေးဆွဲခြင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် သီလဝါအထူးစက်မှုဇုန်စီမံကိန်း အထောက်အကူပြု လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ ဆောင်ရွက်မည်၊
- အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းပေါ်တွင် အခြေခံ၍ အမျိုးသားနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်ကို သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ဆောင်ရွက်မည်၊ (နိုင်ငံတကာ အကူအညီ)
- ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အချက်အချာကျသည့် မြို့များနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသည့် စက်မှုဇုန်တည်ရှိသောမြို့များစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ ရေးဆွဲမည်၊

(၂၉) စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသည့် စက်မှုဇုန်တည်ရှိသောမြို့များ (၉)ဇုန် စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဘက်ပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးစီမံကိန်းကို ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ ရေးဆွဲမည်။

**(ခ) ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပြုစု၊ ပြဋ္ဌာန်းခြင်း**

(၁) မြန်မာနိုင်ငံအဆောက်အအုံ စည်းမျဉ်းများဥပဒေ ပေါ်ထွက်ရေး ဆောင်ရွက်ပါမည်၊

(၂) ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပေါ်ထွက်လာရေး ဆောင်ရွက်ပါမည်၊

(၃) အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများအတွက် အကြံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမည်၊

(၄) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ရေးဆွဲ ထုတ်ပြန်ထားသည့် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည်၊

(၅) တည်ဆောက်ရေးလုပ်ငန်းများအတွက် ပုဂ္ဂလိကများကိုတင်ဒါစနစ်ဖြင့် ဆောင်ရွက်စေမည်၊

(၆) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ၊ အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေ၊ အဆောက်အအုံစံချိန်စံညွှန်း၊ ၁၉၅၁ ခုနှစ် နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေများ လုပ်ထုံးလုပ်နည်းများနှင့် စီမံကိန်းဆိုင်ရာ လမ်းညွှန်ချက်များကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်မည်၊ (နိုင်ငံခြားအကူအညီ အထောက်အပံ့)

(၇) မြို့ပြနှင့်အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် အောက်ပါဥပဒေနှင့် ဆက်နွယ်သည့် လုပ်ထုံးလုပ်နည်းများကို မူကြမ်းအဆင့်မှ အတည်ပြုပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်မည်၊ (နိုင်ငံခြားအကူအညီ အထောက်အပံ့နှင့် ပြည်ထောင်စု ဘတ်ဂျက်)

- မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ (မူကြမ်း)
- အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း)
- ၁၉၅၁ ခုနှစ် နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
- အဆောက်အအုံဆိုင်ရာ သတ်မှတ်ချက်များ၊ အဆောက်အအုံ စံချိန်စံညွှန်း၊

- စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ ပြဋ္ဌာန်းပြီးဖြစ်၍ နည်းဥပဒေကို ဆက်လက်ရေးဆွဲနေပါမည်။

(ဂ) **မြို့ပြဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း**

(၁) မြန်မာနိုင်ငံ၏ ပြည်နယ်၊တိုင်းဒေသကြီး မြို့တော်များ၊ လူဦးရေ (၅)သောင်းအထက် မြို့ကြီးများနှင့်မြို့များ၏ လက်ရှိလူမှုစီးပွားရေးနှင့် မြို့ပြလုပ်ငန်းဆောင်တာများ အခြေအနေ၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို လေ့လာဆန်းစစ်ပြီး မြို့ပြကွန်ရက်စနစ် ထူထောင်ရန် နားလည်မှုစာချွန်လွှာ ရေးထိုးပြီးဖြစ်သည့် ဂျာမဏီနိုင်ငံ ကိုလုံးတက္ကသိုလ်၏ နည်းပညာအကူအညီဖြင့် လေ့လာပြီး (၃)နှစ်အတွင်း မြို့ပေါင်း (၈၁) မြို့ကို လေ့လာဆန်းစစ်မည်၊

(၂) ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၇-၂၀၁၈ ခုနှစ် စုစုပေါင်းဘဏ္ဍာရေးနှစ် (၂)နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် တန်ဖိုးနည်းအိမ်ရာစုစုပေါင်း (၈၀၀၀)ခန့်ကို ဆောက်လုပ်၍ ဝင်ငွေနည်းပြည်သူများကို ဖြန့်ဖြူးရောင်းချပေးသွားမည်၊

(၃) မြို့ကြီးများတွင် အိမ်ရာမဲ့များ၊ ကျူးကျော်များ ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်ရန် နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့ဒေသဆိုင်ရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ချမှတ်ရေးဆွဲဆောင်ရွက်မည်၊

(၄) လူနေမှုအဆင့်နိမ့်ကျနေသည့် ရပ်ကွက်များစနစ်တကျ အဆင့်မြှင့်တင်ပေးရေးနှင့် ကျူးကျော်များပြန်လည်နေရာချထားရေးအစီအမံများအတွက် လိုအပ်သည့် စည်ကမ်းချက်များချမှတ်ခြင်း၊ စီမံကိန်းများ ပေါင်းစပ်ရေးဆွဲခြင်းနှင့် အခြေခံလိုအပ်ချက် (လမ်း၊ရေမြောင်း၊ ရေပေးရေး၊ မီး စသည့်) များကို ဖြည့်ဆည်းနိုင်မည့် အဓိကလိုအပ်ချက်များ ချမှတ်ဆောင်ရွက်မည်၊

(၅) နိုင်ငံတော်မှ ထိန်းသိမ်းထားသည့် မြို့များ၊ လခရမြို့ပြအိမ်ရာများကို လိုအပ်ချက်နှင့်အညီ အထူးပြင်ဆင်ထိန်းသိမ်းခြင်း၊ အသစ်တည်ဆောက်

ခြင်းများ ဆောင်ရွက်နိုင်ရန် စစ်တမ်းကောက်ယူခြင်း၊ စီမံကိန်းများ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(၆) ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရန် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်၍ အိမ်ရာတည်ဆောက်မှု ချေးငွေများ နှင့် အိမ်ရာဝယ်ယူသူများ၏ အပေါင်ခံချေးငွေများ ထုတ်ပေးခြင်းစသည့် အိမ်ရာငွေကြေးစနစ် ပီပြင်အောင်ဆောင်ရွက်မည်၊ (နိုင်ငံတော်အစိုးရ၏ ထည့်ဝင်ငွေနှင့် ပုဂ္ဂလိက အများပြည်သူ ထည့်ဝင်ငွေ)

(၇) နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေအထောက်အပံ့နှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၏ ချိတ်ဆက်ပံ့ပိုးမှု အစီအစဉ်တို့ဖြင့် ပြည်သူတို့ အတွက် တန်ဖိုးသင့်လျော်၍ ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာများကို စနစ်တကျ အကောင်အထည်ဖော် တည်ဆောက်ဖြန့်ဖြူးသွားနိုင်ရန်နှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် အိမ်ရာဖြည့်ဆည်းပေးခြင်းလုပ်ငန်းတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို မြှင့်တင်ပေးမည်၊

(၈) တန်ဖိုးနည်း၊ တန်ဖိုးလတ်အိမ်ရာများ ရည်မှန်းချက်အတိုင်း ထုတ်လုပ်နိုင် ရေး၊ ထွက်ရှိလာသော အိမ်ရာယူနစ်များကို ပြည်သူတို့ ပိုင်ဆိုင်နိုင်ရေး အတွက် သက်သာသောအတိုးနှုန်းဖြင့် နှစ်ရှည် အရစ်ကျ ထုတ်ချေးပေး နိုင်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ဘဏ္ဍာငွေကြေး အထောက်အပံ့ပေးနိုင်ရေးအတွက် (CHDB) တွင် နိုင်ငံတော်၏ မတည်ရင်းနှီးငွေ တိုးမြှင့် ထည့်ဝင်မည်။

(ဃ) **နည်းပညာဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း**

(၁) အသက်မွေးဝမ်းကျောင်းဘာသာရပ်အလိုက် ကျွမ်းကျင်လုပ်သားများကို လေ့ကျင့်သင်ကြားပေးပြီး (NSSA) အဖွဲ့နှင့် ပူးပေါင်း၍ အာဆီယံ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးမည်၊ အင်ဂျင်နီယာဘာသာရပ်များ၊ ဘဏ္ဍာရေးဘာသာရပ်များ၊ စီမံခန့်ခွဲမှုဘာသာရပ်များကိုလည်း အဆင့် အလိုက် လေ့ကျင့်သင်ကြားပေးမည်၊

(၂) ဆောက်လုပ်ရေးကဏ္ဍတွင် ပါဝင်သော တင်ဒါလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ကျွမ်းကျင်လုပ်သားများအကဲဖြတ် အသိမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ စီမံကိန်းတန်ဖိုးများနှင့် စီမံကိန်းလုပ်ငန်းတန်ဖိုးများကို GRS စနစ်ဖြင့် ချိတ်ဆက်ပြီး Data Base မှတ်တမ်းများဆောင်ရွက်မည်၊

(၃) သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး (Energy Efficient) ဖြစ်မည့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးခြင်းမရှိစေသော Green Building နည်းပညာများကိုအသုံးပြုဆောင်ရွက်သွားမည်၊

(၄) မြို့များရှိ ထိန်းသိမ်းစောင့်ရှောက်သင့်သော မြို့ပြယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများအား စနစ်တကျမှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းမှုနည်းလမ်းများလေ့လာခြင်း၊ သုတေသနစာတမ်းများပြုစုခြင်း ဆောင်ရွက်မည်၊

(၅) ကိုရီးယားနိုင်ငံ KOICA အကူအညီဖြင့် ရန်ကုန်-ဟံသာဝတီ-ပဲခူးစင်္ကြံဖွံ့ဖြိုးရေးနှင့် ရန်ကုန်အနောက်တောင်ပိုင်းခရိုင်ဒေသဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၅-၂၀၁၇) ကို ပူးပေါင်းရေးဆွဲ ဆောင်ရွက်မည်၊

(၆) နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ကိုရီးယားနိုင်ငံ Land and Housing Corporation နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည့် ဂျပန်နိုင်ငံ MLIT ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် မြို့ပြကဏ္ဍနှင့်အိမ်ရာကဏ္ဍဆိုင်ရာ ဗဟုသုတမျှဝေခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မည်၊

(၇) ကိုရီးယားနိုင်ငံ LH Corporation နှင့် အကျိုးတူပူးပေါင်း၍ ကိုရီးယား-မြန်မာ ပူးပေါင်းစက်မှုဇုန် ဖွံ့ဖြိုးရေးနှင့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများကို ရေးဆွဲ ဆောင်ရွက်မည်၊

(၈) ဂျပန်နိုင်ငံ JBIC, J-CODE အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြို့ပြဖွံ့ဖြိုးရေး အကျိုးတူလုပ်ငန်းများ ဆောင်ရွက်မည်၊

(၉) ဂျပန်နိုင်ငံJHF,KBကိုရီးယားနိုင်ငံKookmin Bank, KHF တို့ ပူးပေါင်း၍ အိမ်ရာဘဏ္ဍာငွေကြေးဆိုင်ရာ နည်းပညာများ ပူးပေါင်းဆောင်ရွက်မည်၊

(၁၀) ဂျပန်နိုင်ငံ JICA အကူအညီဖြင့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် စသည့် မြို့ကြီးများ၏ မြို့ပြနှင့်ဒေသစီမံကိန်းများကို ပူးပေါင်းရေးဆွဲခြင်း၊ မြို့ပြနှင့် ဒေသစီမံကိန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း စည်းကမ်းများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ပူးပေါင်းဆောင်ရွက်မည်၊

(၁၁) ဂျပန်နိုင်ငံ JICA အကူအညီဖြင့် ရန်ကုန်၊ ပဲခူး၊ နေပြည်တော်၊ မန္တလေး၊ တိုင်းဒေသကြီး (၄) ခု ပါဝင်သည့် မြန်မာနိုင်ငံအလယ်ဗဟိုဝင်ရိုး ဖွံ့ဖြိုးမှုဆိုင်ရာမြို့ပြနှင့် ဒေသစီမံကိန်းကို ပူးပေါင်းရေးဆွဲခြင်း၊ မြို့ပြနှင့် ဒေသစီမံကိန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ပူးပေါင်းဆောင်ရွက်မည်၊

(၁၂) ဂျာမနီနိုင်ငံကိုလုံးတက္ကသိုလ်၊ အမေရိကန်နိုင်ငံ နယူးယောက်စတင်း တက္ကသိုလ်တို့နှင့်ပူးပေါင်း၍ မြို့ပြသုတေသနနှင့် မြို့ပြစနစ်တကျ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများကို နည်းပညာ ပူးပေါင်းခြင်း၊ အစီအစဉ်ဖြင့် ဆောင်ရွက်မည်၊

(၁၃) သဘာဝဘေးဒဏ်ခံ မြို့ပြ၊ ကျေးလက်များ ပြန်လည်ထူထောင်ရေးနှင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံအဝှမ်း လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးအတွက် နိုင်ငံတကာနှင့် ဆက်သွယ်သောလမ်းများ၊ ပြည်ထောင်စုလမ်းများ၊ အဓိကပြည်ထောင်စုလမ်းများ၊ ကျန်ပြည်ထောင်စုလမ်းများအား မြေလမ်းမှ အမာခံလမ်း၊ အမာခံလမ်းမှ

ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်စေရန် ဖောက်လုပ်ခြင်း၊

(ခ) JICA ချေးငွေဖြင့် (၁၄) လမ်း၊ ADB ချေးငွေဖြင့် (၂) လမ်း၊ အိန္ဒိယချေးငွေဖြင့် (၂) လမ်း၊ World Bank ချေးငွေဖြင့်လမ်း (၁) လမ်းဖောက်လုပ်ခြင်း၊

(ဂ) မြန်မာနိုင်ငံ၏ လမ်း/တံတားများကို အာဆီယံအဆင့်(၃) အဆင့် အနိမ့်ဆုံး ကျန်ရှိအောင်ဆောင်ရွက်ရန်နှင့် ထိုမှတဆင့် အာဆီယံအဆင့်(၂)၊ အဆင့်(၁)သို့ ဆက်လက်အကောင်အထည်ဖော်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တံတားများဆောက်လုပ်ခြင်း၊

(ဃ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် တည်ဆောက်ပေးနိုင်ပါရန် ဒေသခံများမှ မေးမြန်းတောင်းခံထားသော တံတားများဆောက်လုပ်ခြင်း၊

(င) နှစ်ရှည်စီမံကိန်းအရ၊ Master Plan အရ ဦးစားပေးဆောက်လုပ်ရမည့် တံတားများဆောက်လုပ်ခြင်း၊

(စ) ပြည်သူများအတွက် သင့်လျော်ကောင်းမွန်သည့် အိမ်ရာများဖြည့်ဆည်းပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် တန်ဖိုးနည်းအိမ်ရာများ၊ တန်ဖိုးသင့်အိမ်ရာ များအတွက် Infrastructure လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဆ) ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ရောဝဏ်-ရတနာအိမ်ရာ စီမံကိန်းအတွက် အခြေခံအဆောက်အဦ Infrastructure လုပ်ငန်းများ ဆောင်ရွက်ခြင်း။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**မူဝါဒ**

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) လူမှုရေးပြဿနာများကို ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့ နေထိုင်နိုင်စေခြင်းများ ဆောင်ရွက်ရေး၊

(ခ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးတွင် လူမှုရေးချို့တဲ့သူများ ပါဝင်စွမ်းဆောင်နိုင်စေရေး၊

(ဂ) နိုင်ငံသားတိုင်းမြန်မာ့ရိုးရာ လူမှုရေးအစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် နှစ်ဆယ့်တစ်ရာစုတွင် ဒေသတွင်းလူမှုရေးစနစ် စံနမူနာအဖြစ်ရောက်ရှိစေရေး၊

(ဃ) လူမှုဝန်ထမ်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လူမှုရေးတာဝန် ထမ်းဆောင်နိုင်မည့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုဖြင့် ရယူဆောင်ရွက်နိုင်စေရေး၊

(င) သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခိုင် ရင်ဆိုင်နိုင်စွမ်းရှိသော လူမှုအသိုက်အဝန်းဖြစ်ပေါ်လာစေရေးအတွက် သဘာဝဘေးမဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်၊ ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ သဘာဝဘေးဒဏ် ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိရေး စီမံဆောင်ရွက်ရေး။

**ရည်မှန်းချက်**

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစားပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက်

ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဦးစီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းအခြေပြုလုပ်ငန်းများသာမက ရပ်ရွာအခြေပြု လုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက် လာစေရေးနှင့် မိဘရပ်ရွာအသိပညာပေး လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊

(ခ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် ကလေးသူငယ်ဥပဒေ၊ နည်းဥပဒေပါကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား သင်တန်းကျောင်းအခြေပြုမှ ရပ်ရွာအခြေပြုသို့ တိုးမြှင့်ဆောင်ရွက်ရန်၊

(ဂ) လူငယ်ရေးရာမူဝါဒ ပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဃ) အမျိုးသမီးအခွင့်အရေးများဆိုင်ရာ ကျား/မခွဲခြားမှု အခြေခံသော အကြမ်းဖက်မှုပပျောက်ရေးနှင့် အမျိုးသမီးစောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

(င) ရပ်ရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

(စ) မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုမြှင့်တင် ဆောင်ရွက်ရန်၊

(ဆ) လူမှုဝန်ထမ်းလုပ်ငန်းများအား အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဇ) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆန့် ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊

(ဈ) သဘာဝဘေးဒဏ်သင့်ဒေသများအပါအဝင် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်အား ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ည) သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက်၊ အိုးအိမ်ပစ္စည်းများ ဆုံးရှုံးမှု လျော့နည်းအောင် ကြိုတင်စီမံဆောင်ရွက်ရန်၊

(ဠ) သဘာဝ ဘေးအန္တရာယ်များကြောင့် အတိဒုက္ခကြုံတွေ့နေရသော ဘေးသင့် ပြည်သူများအား လတ်တလော သက်သာချောင်ချိမှု ရရှိစေရေးအတွက် အထောက် အပံ့ပေးရန်၊

(ဋ) သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခကြုံတွေ့နေရသော ဘေးသင့်ပြည်သူ များအား ကောင်းမွန်သည့် လူနေမှုဘဝ ပြန်လည်ရရှိစေရေးအတွက် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရန်၊

(ဍ) ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ (NGOs)၊ ပြည်ပလူမှုရေး အဖွဲ့အစည်း များ(INGOs)၊ ကုလသမဂ္ဂအဖွဲ့အစည်းများ (UN Agencies)၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဎ) အဆင့်ဆင့်သော သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်း များဖွဲ့စည်း ဆောင်ရွက်ရန်၊

(ဏ) ရပ်ရွာအခြေပြု သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(တ) လုပ်ငန်းများကိုဖော်ဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ သဘာဝ ဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ် (၂၀၁၀-၂၀၁၅) (AADMER Work Programme 2010-2015) နှင့် မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေး လုပ်ငန်း စီမံချက် (MAPDRR) နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရ အသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညှိ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါ သည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ် ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှား ပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း

- ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ ခရိုင်၊ မြို့နယ်များတွင် မိခင်ဝိုင်းများ တိုးချဲ့ဆောင်ရွက်မည်၊
- ကော့သောင်း၊ နတ်မောက်၊ မိုးညှင်း၊ ချောင်းဆုံ၊ သံတောင်ကြီး၊ ဒီမောဆိုး၊ ဥတ္တရသီရိမြို့နယ်များတွင် မူလတန်းကြိုကျောင်းများ အသစ်ဆောက်လုပ်ဖွင့်လှစ်မည်၊
- အသက်(၆)လမှ (၃)နှစ်အရွယ် ကလေးပြုစု စောင့်ရှောက်သူများအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်း (၁၅)ကြိမ်နှင့် နည်းပြသင်တန်း(၁)ကြိမ် တို့ကို ဖွင့်လှစ်မည်၊
- ရန်ကုန်တိုင်းဒေသကြီး၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး ပင်မအထောက်အကူပြု ဗဟိုဌာနတွင် ဌာနတွင်းစာသင်ဆရာမများအတွက် အခြေခံသင်တန်း၊ ကလေးပြုစုရေးဌာနများရှိ ဝန်ထမ်းများနှင့် မူလတန်းကြိုကျောင်းများရှိ ကျောင်းအုပ်များအတွက် စွမ်းရည်မြှင့်တင်မှု သင်တန်းတို့ကို (၁)ကြိမ်စီ ဖွင့်လှစ်ဆောင်ရွက်မည်၊
- မိခင်ဝိုင်း(၁၅၈)ဝိုင်းရှိ ခေါင်းဆောင်များအား ထောက်ပံ့ငွေနှင့် ကလေးများ အာဟာရအတွက် ငွေထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်မည်၊
- ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒရှင်းလင်းပွဲများကျင်းပခြင်း၊ အညွှန်းကိန်းများ ပြန်လည်သုံးသပ်ခြင်း၊ အညွှန်းကိန်းစာအုပ် ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်မည်။

(ခ) ကလေးနှင့်လူငယ်စောင့်ရှောက်ရေးလုပ်ငန်း

- လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်ကို လက်ရှိမြို့နယ်(၃၇)မြို့နယ်၏ လုပ်ငန်းများအား ကြီးကြပ်ခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် တိုးချဲ့ဆောင်ရွက်မည်၊
- လူငယ်သင်တန်းကျောင်းများ (ဇှက်အော်စမ်း၊ သန်လျင်၊ မော်လမြိုင်၊ ကျိုက်ဝိုင်း၊ မန္တလေး၊ လပွတ္တာ၊ ထောက်ကြန့်အမျိုးသမီးကလေး) တို့တွင် အသက်မွေးဝမ်းကျောင်း သင်တန်းများကို တစ်နှစ်လျှင်(၁၄)ကြိမ် ဖွင့်လှစ်မည်၊

- သင်တန်းကျောင်းစားစရိတ် ကလေးတစ်ဦး တစ်နေ့အတွက် တိုးမြှင့်ကျွေးမွေး နိုင်ရေး ဆောင်ရွက်မည်၊
- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးနှင့် လုပ်ငန်းကော်မတီ အစည်းအဝေးတို့အား နှစ်စဉ်(၁)နှစ်လျှင် (၂)ကြိမ် နေပြည်တော်တွင် ကျင်းပပြီး၊ တိုင်းဒေသကြီး/ပြည်နယ် ကလေးသူငယ် အခွင့် အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးအား နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်(၁၅)ခုတွင် နှစ်စဉ်(၁)နှစ်လျှင်(၁)ကြိမ်စီ ကျင်းပမည်၊
- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေစာအုပ်(၁,၀၀၀) ပုံနှိပ် ထုတ်ဝေ မည်၊
- ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေရေးဆွဲမည်၊
- အပြည်ပြည်ဆိုင်ရာ ကလေးများနေ့အခမ်းအနားအား နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်(၁၅)ခုတွင် နှစ်စဉ် ကျင်းပမည်၊
- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင် အထည်ဖော်မှု ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် ပူးတွဲအစီရင်ခံစာအား UNCRC သို့ပေးပို့ခြင်း၊ ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်မည်၊
- ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင် အထည်ဖော်မှု ပဉ္စမအကြိမ်နှင့်ဆဋ္ဌမအကြိမ် ပူးတွဲအစီရင်ခံစာစာအုပ် (၅,၀၀၀) ပုံနှိပ်ထုတ်ဝေမည်၊
- သဘာဝဘေးသင့်ဒေသများရှိ ကလေးသူငယ်များအား Psycho social support and care ဆောင်ရွက်မည်၊
- မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲရေး ဆောင်ရွက်မည်။

(ဂ) အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း

- အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂) အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့်စီးပွားရေး၊ အမျိုးသမီး

များနှင့် ပညာရေးစသည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အစည်းအဝေးကို နေပြည်တော်တွင် (၂)ကြိမ် ကျင်းပမည်၊

- ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို နေပြည်တော်၌ ကျင်းပဆောင်ရွက်မည်၊
- သဘာဝဘေး ဖြစ်ပွားနေသော ဒေသများသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ Psycho Social Care and Support Teams များ (၁) လကြာ စေလွှတ်မည်၊
- အမျိုးသမီးများအတွက် ပြဿနာများ တစ်နေရာတည်းတွင် ကူညီဖြေရှင်း ပေးနိုင်မည့်စင်တာ (One Stop Service Center - OSSC) များအား ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်ထူထောင်မည်။

(ဃ) လူကုန်ကူးခံရသူများပြန်လည်ထူထောင်ရေးလုပ်ငန်း

(၁)ထိုင်း၊ တရုတ်နှင့် အခြားနိုင်ငံများမှ ပြန်လည်ရောက်ရှိ လာသူများအား တစ်ဦးချင်း လိုအပ်ချက်များအား အကဲဖြတ်ပြီး ပြန်လည်ထူထောင်ရေး အထောက်အပံ့များ ထောက်ပံ့မည်၊

(၂)လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်း၊ မိဘရပ်ထံပြန်လည် အပ်နှံ ခြင်း၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ မြန်မာ-ထိုင်းလုပ်ငန်း ညှိနှိုင်း အစည်းအဝေး (Case Management Meeting)များ ကျင်းပဆောင်ရွက်မည်၊

(၃)လူကုန်ကူးခံရသူများအား နောက်ဆက်တွဲ စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း -

- (၁)နှစ်လျှင် လူကုန်ကူးခံရသူ(၁၀၀)ဦးအား နောက်ဆက်တွဲ စောင့်ရှောက် ခြင်း ဆောင်ရွက်မည်၊
- အထူးအခြေအနေတွင်ရှိသည့် လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင် ရေးဆိုင်ရာ အထောက်အပံ့ပေးခြင်း ဆောင်ရွက်မည်၊
- ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့် လူကုန်ကူးခံရသူများအား ဆန်းစစ် ဖော်ထုတ်ခြင်း၊ ဖော်ထုတ်ရရှိသည့် လူကုန်ကူးခံရသူများအား လိုအပ်သည့် နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ နောက်ဆက်တွဲ စောင့်ရှောက်မှု သွားရောက်ရန်ခက်ခဲသည့် ဝေးလံခေါင်ပါး ဒေသများတွင်

နေထိုင်သော လူကုန်ကူးခံရသူများအား မိဘရပ်ထံ ပြန်လည်အပ်နှံခြင်း မပြုမီ ထောက်ပံ့မှုပေးခြင်းတို့ကို ဆောင်ရွက်မည်၊

- ဝေးလံခေါင်းပါးသည့် လူကုန်ကူးခံရသူများအား ဆန်းစစ်ဖော်ထုတ်၍ ထောက်ပံ့ပေးခြင်း ဆောင်ရွက်မည်၊

(၄)မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ရေး၊ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ စံလုပ်ငန်းအစီအစဉ်နှင့် နောက်ဆက်တွဲ (၁၀)ခု အား ဘာသာပြန်ဆိုခြင်းနှင့် (အင်္ဂလိပ်၊ မြန်မာ) ပုံနှိပ်ထုတ်ဝေခြင်း တို့ကို ဆောင်ရွက်မည်၊

(၅)ထိုင်းနိုင်ငံဂေဟာများတွင် ထိန်းသိမ်းခံထားရသည့် လူကုန်ကူးခံရသူများနှင့် စပ်လျဉ်း၍ Case Worker Visit များ ပုံမှန်လေ့လာရေး သွားရောက်ခြင်း၊ Case Worker Visit အတွက် နှစ်နိုင်ငံညှိနှိုင်းခြင်း၊ Case Worker Visit သွားရောက်မည့်သူအား ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်မည်။

(င) သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း

- အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားအား နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပဆောင်ရွက်မည်၊
- သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ ဆက်လက်ရေးဆွဲ ဆောင်ရွက်မည်၊
- သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ Care Giver သင်တန်း (အခပေးသင်တန်း) များ ဖွင့်လှစ်ဆောင်ရွက်မည်၊
- သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းအတွက် ကျေးရွာအဆင့်ရှိ သက်ကြီး သူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့များအား ပံ့ပိုးပေးခြင်းကို အပြည်ပြည် ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့(မြန်မာ)မှ ဆောင် ရွက်မည်၊
- သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေစာအုပ်(၁၀,၀၀၀)အုပ် ပုံနှိပ်ထုတ်ဝေမည်၊
- သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီးပါက နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်။

(စ) မသန်စွမ်းသူများပြန်လည်ထူထောင်ရေးလုပ်ငန်း

- နိုင်ငံတော်အဆင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ကျင်းပပြုလုပ်မည်၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မသန်စွမ်းသူများဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ရန် စစ်တမ်းကောက်ယူခြင်းဆိုင်ရာ အစည်းအဝေးများ ကျင်းပပြုလုပ်မည်၊
- မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်မည်၊
- မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့်အညီ ကဏ္ဍအလိုက် မူဝါဒများ ရေးဆွဲချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေရေးဆွဲခြင်းအတွက် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်မည်၊
- မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အရေးများဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာလုပ်ငန်းစဉ်အတွက် Action Plan ရေးဆွဲဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲများကို နေပြည်တော်တွင်ဆောင်ရွက်မည်၊
- မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ UNCRPD ဆိုင်ရာ အသိပညာပေးအစီအစဉ်များကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်မည်၊
- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးပွဲများကို နေပြည်တော်တွင် ပြုလုပ်မည်။

(ဆ) မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးလုပ်ငန်း

- စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရွှေ့ပြောင်းစီမံချက်အနေဖြင့် မန္တလေးပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား (၂၀)ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်မည်၊

- စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းများကို ပြန်လည်ထူထောင်ရေးစခန်းများ(ရန်ကုန်၊ မန္တလေး၊ တာချီလိတ်၊ ကျိုင်းတုံ၊ လားရှိုး၊ မြစ်ကြီးနား) နှင့်လူငယ်များပြုစုပျိုးထောင်ရေးစခန်း(ရွှေပြည်သာ နှင့် ရွှေပြည်အေး) တို့တွင် ဖွင့်လှစ်ဆောင်ရွက်မည်၊
- စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း) တို့တွင် သင်တန်း(၁)ကြိမ်စီ ဖွင့်လှစ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်၊
- မူးယစ်ပြန်လည်ထူထောင်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ပြည်သူလူထုသို့ ဖြန့်ဝေမည်၊
- နိုင်ငံတော်အဆင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓါတ်ပုံများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၁၅)ခုတွင် ပြသမည်။

(ဈ) အာဆီယံဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း

- အာဆီယံအမျိုးသမီးရေးရာကော်မတီ(ACW) နှင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ+ ၃ အစည်းအဝေးများ တက်ရောက်ခြင်းနှင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည်၊
- အာဆီယံအမျိုးသမီးရေးရာ ကော်မတီလုပ်ငန်းစီမံချက် (ACW Work plan) (၂၀၁၆-၂၀၂၀) လုပ်ငန်းဆောင်ရွက်ချက်များအား ပြန်လည် သုံးသပ်ခြင်း၊ လုပ်ငန်းစီမံချက် အသစ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း တို့ကို ဆောင်ရွက်မည်၊
- အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်(ACWC) အစည်းအဝေးများ တက်ရောက်ခြင်းနှင့် အစည်းအဝေး၏ လုပ်ငန်းအစီအစဉ်များအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည်၊

- (၁၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်။

(ဈ) လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း

- ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက် ကလေးများအား ထောက်ပံ့ငွေ ပေးအပ်ခြင်းဆောင်ရွက်မည်၊
- အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွားများကို လူမှုရေးပင်စင် ထောက်ပံ့ငွေ ပေးအပ်ခြင်း ဆောင်ရွက်မည်။

(ည) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

- ပြည်တွင်း၊ ပြည်ပသို့လူမှုဝန်ထမ်းပညာရပ်ဆိုင်ရာ ဘာသာရပ်များ လေ့လာ သင်ယူရန် ပညာတော်သင်များ စေလွှတ်မည်၊
- လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းတွင် သင်တန်း(၁၅)ကြိမ် ဖွင့်လှစ် ဆောင်ရွက်မည်၊
- တိုင်းဒေသကြီး၊ ပြည်နယ်လူမှုဝန်ထမ်းရုံးများတွင် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးသင်တန်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေး နှင့်ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်း၊ အခြေခံလူမှုဝန်ထမ်းလုပ်ငန်း သင်တန်း၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ အရည်အသွေးမြှင့်တင်ရေး သင်တန်းတို့ကို သင်တန်းသား(၃၀)ဦးစီဖြင့် တစ်နှစ်လျှင်(၁)ကြိမ်စီ ဖွင့်လှစ်ဆောင်ရွက်မည်။

(ဋ) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လူမှုကာကွယ်စောင့် ရှောက်ရေးအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးရုံးများတွင် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုး၊ သတ်မှတ်အိမ်ထောင်စာ ပြည့်မီရေးအတွက် အိမ်ထောင်စု (၅၀,၀၀၀)စာ၊ ထပ်မံတိုးမြှင့်မည့် ကယ်ဆယ်ရေးပစ္စည်း(၂၂)မျိုး တို့ကိုဝယ်ယူခြင်း၊ အရေးပေါ် ယာယီအခိုအကာအတွက် မိုးကာလိပ်များ၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အမိုးသွပ်များ ဝယ်ယူခြင်း၊ ရန်ကုန်တိုင်းနှင့်မန္တလေးတိုင်း (ဗဟိုလှောင်ရုံ)များတွင် ပစ္စည်းများ လွယ်ကူစွာ သယ်ယူတင်ချခြင်း ပြုလုပ်နိုင်ရန် လက်တွန်းလှည်း(၆)စီး ဝယ်ယူခြင်း၊ ကွင်းဆင်း

ဆောင်ရွက်မည့် ဝန်ထမ်းများအတွက် အသက်ကယ်အင်္ကျီ (၁၃၀) ထည် ဝယ်ယူခြင်းတို့ကို ဆောင်ရွက်မည်၊

(ဌ) အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို နေပြည်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် ကျင်းပဆောင်ရွက်မည်၊

(ဍ) အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (ACDM) နှင့် ဆက်စပ်အစည်းအဝေးများသို့ ကိုယ်စားလှယ်(၃)ဦးခန့် နှစ်စဉ်စေလွှတ်မည်၊

(ဎ) Sandai မူဘောင်နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ Community Resilience Framework အတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်မည်၊

(ဏ) AHA Centre ထူထောင်နိုင်ရေးရန်ပုံငွေ နှစ်စဉ်အမေရိကန်ဒေါ်လာ (၃၀,၀၀၀) ပေးသွင်းခြင်း၊ AADMER Fund နှစ်စဉ်အမေရိကန်ဒေါ်လာ (၂၀,၀၀၀) ပေးသွင်းခြင်း၊ အာရှဒေသ သဘာဝဘေးလျော့ပါးရေးဌာနသို့ အဖွဲ့ဝင်ကြေး အမေရိကန်ဒေါ်လာ (၅,၃၀၀) နှစ်စဉ် ပေးသွင်းခြင်း ဆောင်ရွက်မည်၊

(တ) မြန်မာနိုင်ငံသဘာဝဘေးလျော့ပါးရေး လုပ်ငန်းစီမံချက် MAPDRR ပြန်လည်ပြင်ဆင်နိုင်ရေး အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ဘဏ္ဍာရေးစည်းမျဉ်းထုတ်ဝေခြင်းတို့ ဆောင်ရွက်မည်၊

(ထ) သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို UNs, INGOs , NGOs အဖွဲ့အစည်းများနှင့် MOU ၊ LOA လက်မှတ်ရေးထိုးခြင်း ဆောင်ရွက်မည်၊

(ဒ) တိုင်းဒေသကြီး/ ပြည်နယ်များတွင် Mobile Application သုံးစွဲနည်းနှင့် စပ်လျဉ်း၍ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မည်၊

(ဓ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု သင်တန်း(၂၄)ကြိမ်ခန့် ဖွင့်လှစ်ပို့ချခြင်း၊ သဘာဝဘေး အသိပညာပေးလုပ်ငန်းများ ပိုမိုကျယ်ပြန့် ထိရောက်စေရန်အတွက် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်နည်းပြ သင်တန်း(၁၅)ကြိမ်၊ လူငယ်(ဆင့်ပွား) သင်တန်း(၆၀)ကြိမ်၊ လူငယ်(မွမ်းမံ)သင်တန်း (၁၅)ကြိမ်၊ အသိပညာပေးဆွေးနွေးဟောပြောပွဲများ (၇၂၀)ကြိမ်၊ ပြည်သူလူထု ကိုယ်တိုင်ပါဝင်သော

ဇာတ်တိုက် လေ့ကျင့်ခန်း(၆၀)ကြိမ်တို့ကို ဆောင်ရွက်ခြင်း၊ ဘေး(၈) မျိုး လက်ကမ်းစာစောင်များနှင့် နံရံကပ်ပိုစတာများကို ထုတ်ဝေနိုင်ရေး ဆောင်ရွက်ခြင်း၊ သင်တန်းများတွင်သတ်မှတ်ထားသည့်အတိုင်း သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်မည်၊

(န) ဘေးသင့်အိမ်ခြေ(၅၀)၊ အိမ်ထောင်စု(၅၀)၊ လူဦးရေ(၂၀၀)ထက် မပိုသောဘေးများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ၎င်းထက်ပိုသော ထောက်ပံ့မှုများကို ပြည်ထောင်စုဝန်ကြီးဌာန၏ အစီအစဉ်ဖြင့်လည်းကောင်းပစ္စည်းနှင့် ငွေကြေးထောက်ပံ့မှုများ စီမံဆောင်ရွက်မည်၊

(ပ) လူမှုကာကွယ်စောင့်ရှောက်ရေး လိုအပ်လျှက်ရှိသည့် ပြည်သူများအတွက် ထောက်ပံ့ပေးနိုင်ရေး၊ ပြည်တွင်းထောက်ပံ့ငွေခေါင်းစဉ်မှ နှစ်စဉ်ထောက်ပံ့ပေးနိုင်ရေး တင်ပြဆောင်ရွက်မည်၊

(ဖ) ဦးစီးဌာနဝန်ထမ်းများ၏ လစာစရိတ်နှင့် အထွေထွေအသုံးစရိတ်များ အပါအဝင် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မည်၊

(ဗ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်မည်၊

(ဘ) ဟသ်ာတမြို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းကျောင်းအတွင်း ထပ်မံဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာ၊ အခြားရုံးသုံးပစ္စည်း၊ ပရိဘောဂနှင့်ယာဉ်များ ဖြည့်ဆည်းခြင်းတို့ကို ဆောင်ရွက်မည်၊

(မ) အရေးပေါ် စီမံခန့်ခွဲမှုဗဟိုဌာန (EOC) နှင့် ပတ်သက်သည့် ဆက်စပ်အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်မည်၊

(ယ) သဘာဝဘေးစီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ၏ ဦးတည်ချက်များကို တိတိကျကျ ချမှတ်ရေးဆွဲထားပြီး၊ လူမှုကာကွယ်စောင့်ရှောက်မှု ပေးရန်လိုအပ်နေသော ပြည်သူများအတွက် ဘေးဒဏ်ခံနိုင်သည့် နေအိမ်များပြုပြင်ခြင်း၊ ဘေးလွတ်ရာ ရှောင်တိမ်းနိုင်သည့် ကျေးရွာလမ်းများ၊ ကွန်ကရစ်လမ်းငယ်များ၊ ချောင်းကူး/မြောင်းကူး တံတားငယ်များ

တည်ဆောက်ခြင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတွင်း၊ ရေကန်၊ အဝိစိတွင်း၊ ဘက်စုံသုံးဘေးဒဏ်ခံ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ မီးလင်းရေးဆိုင်ရာကိရိယာများ၊ အပေါ့စားမီးသတ်စက်များ၊ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုအတွက် လိုအပ်သည့် စက်ယန္တရားများ၊ နည်းပညာပိုင်းဆိုင်ရာ စက်ပစ္စည်းကိရိယာများ စသည့်တို့ကို ဒေသရှိပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်အရ ထောက်ပံ့ပေးနိုင်ရန်အတွက် စီမံဆောင်ရွက်မည်၊

(ရ) သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ဘေးသင့်ပြည်သူများအတွက် နေထိုင်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လူမှုရေးလိုအပ်ချက်ဆိုင်ရာ ထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးသင့် ခိုကိုးရာမဲ့ ဘိုးဘွားများ၊ သဘာဝဘေးသင့် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများ၊ သဘာဝဘေးသင့် လူမှုရေးပြဿနာ တစ်ရပ်ရပ်ကြုံတွေ့နေရသော မိသားစုများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးတွင် လူမှုကာကွယ် စောင့်ရှောက်မှုပေးရန် လိုအပ်နေသော ပြည်သူများအား ထောက်ပံ့နိုင်ရန် စီမံဆောင်ရွက်မည်၊

(လ) ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဦးစီးဌာနပိုင်နှစ်ကြာ အဆောက်အဦများနှင့် အခြားရုံးသုံးပစ္စည်းများ ပြုပြင်မွမ်းမံခြင်း၊ ဖွဲ့စည်းပုံအရ လိုအပ်သည့် ရုံးသုံးပစ္စည်း၊ စက်ကိရိယာ၊ ပရိဘောဂ၊ မော်တော်ယာဉ်များ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်မည်၊

(ဝ) ခရိုင်ဦးစီးမှူးရုံး (၆)ရုံး၊ သိုလှောင်ရုံ (၁၇) လုံး၊ ဝန်ထမ်းအိမ်ရာ (၁)လုံးနှင့် ဖြည့်စွက်လုပ်ငန်း (၂၁)ခုတို့ ကို ဆောင်ရွက်မည်။

**၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကော့သောင်း၊ နတ်မောက်၊ မိုးညှင်း၊ ချောင်းဆုံ၊ သံတောင်ကြီး၊ ဒီမောဆိုး၊ ဥတ္တရသီရိမြို့နယ်များတွင် မူလတန်းကြိုကျောင်းများ အသစ်ဆောက်လုပ် ဖွင့်လှစ်ခြင်း၊

(ခ) မိခင်ဝိုင်း(၁၅၀)ဝိုင်းရှိ ခေါင်းဆောင်များအား ထောက်ပံ့ငွေနှင့် ကလေးများ အာဟာရ အတွက် ငွေထောက်ပံ့ခြင်း၊

(ဂ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေစာအုပ်(၁,၀၀၀) ပုံနှိပ် ထုတ်ဝေ၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေ ရေးဆွဲခြင်း၊

(ဃ) မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲရေး ဆောင်ရွက်ခြင်း၊

(င) အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂) အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု၊အမျိုးသမီးများနှင့်စီးပွားရေး၊ အမျိုးသမီး များနှင့်ပညာရေး စသည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အစည်းအဝေးကို နေပြည်တော်တွင် (၂)ကြိမ် ကျင်းပခြင်း၊

(စ) အမျိုးသမီးများအတွက် ပြဿနာများ တစ်နေရာတည်းတွင် ကူညီဖြေရှင်း ပေးနိုင်မည့်စင်တာ (One Stop Service Center-OSSC) များအား ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်ထူထောင်ခြင်း၊

(ဆ) ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့် လူကုန်ကူးခံရသူများအား ဆန်းစစ် ဖော်ထုတ်ခြင်း၊ ဖော်ထုတ်ရရှိသည့် လူကုန်ကူးခံရသူများအား လိုအပ်သည့် နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ နောက်ဆက်တွဲ စောင့်ရှောက်မှု သွားရောက်ရန်ခက်ခဲသည့် ဝေးလံခေါင်ပါးဒေသများတွင် နေထိုင်သော လူကုန်ကူး ခံရသူများအား မိဘရပ်ထံ ပြန်လည်အပ်နှံခြင်း မပြမီထောက်ပံ့မှုပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ဇ) သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ ဆက်လက်ရေးဆွဲရန် ဆောင်ရွက်၍ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီးပါက နေပြည်တော်ကောင်စီ အပါ အဝင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက် ခြင်း၊

(ဈ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့်အညီ ကဏ္ဍအလိုက် မူဝါဒများရေးဆွဲ ချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်

အရေး နည်းဥပဒေရေးဆွဲခြင်းအတွက် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ခြင်း၊

(ည) လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက် ကလေးများအား ထောက်ပံ့ငွေ ပေးအပ်ခြင်း၊ အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွားများကို လူမှုရေးပင်စင် ထောက်ပံ့ငွေပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ဋ) Sandai မူဘောင်နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ Community Resilience Framework အတွက် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊

(ဌ) မြန်မာနိုင်ငံသဘာဝဘေးလျှော့ပါးရေး လုပ်ငန်းစီမံချက် MAPDRR ပြန်လည်ပြင်ဆင်နိုင်ရေး အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ဘဏ္ဍာရေးစည်းမျဉ်းထုတ်ဝေခြင်းတို့ကို ဆောင်ရွက်ခြင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

### မူဝါဒ

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ ဆက်စပ်ဆောင်ရွက်နေသောဝန်ကြီးဌာနများ၏ မူဝါဒများ နှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) ခရီးသွားလုပ်ငန်းသည် အမျိုးသားအဆင့် ဦးစားပေးကဏ္ဍတစ်ခု ဖြစ်စေရေး၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) ပြည်တွင်းလူမှုစီးပွားရေး ဖွံ့ဖြိုးမှုအပေါ် ကျယ်ပြန့်စွာ အခြေခံ စေရေး၊

(ဃ) ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(င) အာဆီယံ စီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး။

### ရည်မှန်းချက်

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစားပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးအခွင့်အလမ်းများ စီမံပံ့ပိုးပေးရန်၊ မြန်မာနိုင်ငံ၏ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အပေါ် ဖြည့်ဆည်းပေးရန်နှင့် အမျိုးသားစီမံကိန်းအရ မြန်မာနိုင်ငံသို့ နိုင်ငံခြား

(ပြည်ပ) ခရီးသည်များ ပိုမိုရောက်ရှိနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ခရီးသည်ဦးရေ စုစုပေါင်း (၅.၃၀) သန်းခန့် ရောက်ရှိနိုင်ရန် မျှော်မှန်းဆောင်ရွက်သွားရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှားပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပါမည်၊

(ခ) ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်ခြင်းများ ဆောင်ရွက်ပါမည်၊

(ဂ) ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပါမည်၊

(ဃ) ခရီးသွားလာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ၊ ယင်းလုပ်ငန်းရှင်များ ကိုယ်စားတာဝန်ယူစီမံခန့်ခွဲဆောင်ရွက်နေသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဖွဲ့စည်းဆောင်ရွက်ပါမည်၊

(င) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် ပညာရပ်များ စနစ်တကျ တိုးတက်ပြန့်ပွားစေရေးတို့အတွက် ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ သင်တန်းများ၊ ပြပွဲများကျင်းပခြင်းနှင့် သုတေသန ပြုမှုလုပ်ငန်းများ ဆောင်ရွက်ပါမည်၊

(စ) ခရီးသွားလာရေးလုပ်ငန်းများ အကြားပြိုင်ဆိုင်မှုဖြင့် အရည်အသွေး တိုးတက်မြင့်မားစေရန် သတ်မှတ်ကာလအတွင်း စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးစေခြင်း၊

အဆင့်အတန်းသတ်မှတ်ပေးခြင်း၊ အရည်အသွေးကောင်းမွန်သူများကို ချီးမြှင့်ခြင်း၊ သတ်မှတ် အရည်အချင်းမပြည့်မီသူများကို ပညာပေးခြင်းနှင့် အရည်အသွေးပြည့်မီလာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်ပါမည်၊

(ဆ) နိုင်ငံခြားခရီးသည်များက မြန်မာနိုင်ငံအကြောင်းကို ပိုမိုစိတ်ဝင်စားလာပြီး လာရောက်လေ့လာလိုစိတ်များ ဖြစ်ပေါ်လာစေရန် လိုအပ်သည့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အစီအစဉ်နှင့် အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် သက်ဆိုင်သော ဝန်ကြီးဌာနများနှင့် ညှိနှိုင်းချမှတ် ဆောင်ရွက်ပါမည်၊

(ဇ) အများပြည်သူ သွားလာလည်ပတ်နိုင်သော ခရီးစဉ်များ သတ်မှတ်ပါမည်၊

(ဈ) မြန်မာနိုင်ငံ၏ရေ၊ မြေ၊ သဘာဝအလှအပများ ရေရှည်တည်တံ့ရေးအတွက် ခရီးသွားလုပ်ငန်းနှင့်အတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်၊

(ည) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၏ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်၊

(ဋ) ခရီးသည်များအား ပြည်ဝင်ခွင့်ဗီဇာရရှိရေးနှင့် သက်တမ်းတိုးမြှင့်ပေးရေးအတွက် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်၊

(ဌ) ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်ချက် တိုးတက်မှု အခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြပါမည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းမှာ ရှမ်းပြည်နယ်တွင် ညောင်ရွှေရုံး အဆောက်အဦ အကြီးစားမွမ်းမံခြင်း ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

### မူဝါဒ

ဝန်ကြီးဌာန၏ မူဝါဒများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မူဝါဒများနှင့် ပေါင်းစပ်၍လည်းကောင်း၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည်-

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါအခွင့်အရေးများကိုအပြည့်အဝရရှိရေး၊

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းရေးနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓါတ် အခြေခံ၍ ထာဝစဉ်အတူတကွလက်တွဲနေထိုင်ရေး၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏စကား၊ စာပေ၊အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေး လက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး၊

(ဃ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်တို့ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး။

### ရည်မှန်းချက်

ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များ ချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏ နှစ်အလိုက် ဦးစားပေးကဏ္ဍများ၊ ဦးစားပေးဒေသများ၊ ဦးစာပေးအကြောင်းအရာများနှင့် ချိန်ညှိ၍ နှစ်အလိုက် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဤဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးစသည့် ပြည်ထောင်စုစိတ်ဓါတ်များ တိုးတက်ရှင်သန်စေရေး ဆောင်ရွက်ရန်၊

(ခ) တိုင်းရင်းသားများ၏ အခွင့်အရေးကိုဥပဒေပါသတ်မှတ်ချက်များအတိုင်း အပြည့်အဝ ခံစားရရှိရေး ဆောင်ရွက်ရန်၊

(ဂ) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ သမိုင်း၊ အနုပညာ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့်ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊

(ဃ) တိုင်းရင်းသားများ၏ မူလဝိသေသလက္ခဏာများ မပျောက်ပျက်စေရေးအတွက် ပတ်ဝန်းကျင်ကောင်းများဖန်တီးဆောင်ရွက်ရန်၊

(င) တိုင်းရင်းသား လူမျိုးများ၏ ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေး ဆောင်ရွက်ရန်။

**လုပ်ငန်းစဉ်**

ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးမှန်းခြေငွေစာရင်းနှင့် ကိုက်ညီ၍ plan to budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ သို့ရာတွင် အချို့လုပ်ငန်းစဉ်များမှာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အကျိုးအမြတ် ဖြစ်ပေါ်နိုင်ပြီး၊ အချို့သော လုပ်ငန်းစဉ်များမှာ ကာလတိုနှင့် ကာလရှည်များ၌သာ သိသာထင်ရှား ပေါ်လွင်နိုင်ပါသည်။ လုပ်ငန်းစဉ်များမှာ-

(က) ဦးစီးဌာန ၂ ခု၏ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများတည်ဆောက်မည်၊

(ခ) ဦးစီးဌာန ၂ ခု၏ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများအား ခွင့်ပြုဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းများ ဖြည့်တင်းခန့်ထား တာဝန်ပေးခြင်းဆောင်ရွက်မည်၊

(ဂ) ဦးစီးဌာန ၂ ခု၏ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများတွင် လိုအပ်မည့် ရုံးသုံးပစ္စည်းများ ဖြည့်တင်းခြင်းဆောင်ရွက်မည်၊

(ဃ) အလုပ်ရုံဆွေးနွေးပွဲများကျင်းပဆောင်ရွက်မည်၊

(င) တိုင်းရင်းသားဘာသာဖြင့်စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေခြင်း ဆောင်ရွက်မည်၊

(စ) ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေး ဌာနတွင်းသင်တန်းများ ဖွင့်လှစ်မည်၊

(ဆ) လုပ်ငန်းနယ်ပယ်အလိုက် သုတေသနလုပ်ငန်းများဆောင်ရွက်မည်၊

(ဇ) e-Government ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေပါ သတ်မှတ်ချက်များ အတိုင်း အပြည့်အဝ ခံစားရရှိရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် ဦးစီးဌာန ရုံးများဆောက်လုပ်ခြင်း၊

(ခ) တိုင်းရင်းသား လူမျိုးများ၏ ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေး အတွက် ဝန်ထမ်းများခန့်ထားရန် နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း။